ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

# ဗုဒ္ဓဘာသာ ယဉ်ကျေးမှု စာမေးပွဲ
# သင်ခန်းစာ


သာသနာရေးဝန်ကြီးဌာန

သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန

သာသနာ-၂၅၃၇ ကောဇာ-၁၃၅၅ ၁၉၉၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

# ဗုဒ္ဓဘာသာ ယဉ်ကျေးမှု စာမေးပွဲ
# သင်ခန်းစာ

သာသနာရေးဝန်ကြီးဌာန

သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန

သာသနာ-၂၅၃၇ ကောဇာ-၁၃၅၅၊ ၁၉၉၃

# ယဉ်ကျေးမှုကျင့်ဝတ်

| အကြိမ် | အုပ်ရေ | ခုနှစ် |
|---|---|---|
| ပထမ | ၁၀၀၀၀ | ၁၉၉၄ |

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်း
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

## မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | (က) |
| | အမှာ | (င) |


## ယဉ်ကျေးမှု ကျင့်ဝတ်ဘာသာ


| | | |
|---|---|---|
| | ဗုဒ္ဓဝင်အကျဉ်း | ၁ |
| | လယ်တီဆရာတော် ခုနစ်နေ့ ဘုရားရှိခိုး | ၄ |
| | ဩကာသ ကန်တော့ချိုးနှင့်တကွ ငါးပါးသီလ ခံယူဆောက်တည်ပုံ | ၆ |
| (၁) | ရှိခိုးဦးချပုံ | ၆ |
| (၂) | ဩကာသကန်တော့ချိုး | ၆ |
| (၃) | သရဏဂုံ သီလ တောင်းခံပုံပါဠိ | ၇ |
| (၄) | ဘုရား ရှိခိုးပုံပါဠိ | ၇ |
| (၅) | သရဏဂုံ ဆောက်တည်ပုံပါဠိ | ၇ |
| (၆) | ငါးပါးသီလ ခံယူဆောက်တည်ပုံပါဠိ | ၈ |
| (၇) | ရှစ်ပါးသီလ တောင်းခံပုံပါဠိ | ၉ |
| (၈) | ရှစ်ပါးသီလ ခံယူဆောက်တည်ပုံပါဠိ | ၉ |
| | ရတနာမြတ်သုံးပါး ပါဠိအနက်အဓိပ္ပာယ် | ၁၁ |
| | (က) ဘုရား ဂုဏ်တော်ကိုးပါး ပါဠိ | ၁၁ |
| | - ဘုရား ဂုဏ်တော်ကိုးပါးအနက် | ၁၁ |
| | - ဘုရား ဂုဏ်တော်ကိုးပါး အဓိပ္ပာယ် | ၁၂ |
| | (ခ) တရား ဂုဏ်တော်ခြောက်ပါး ပါဠိ | ၁၄ |
| | - တရား ဂုဏ်တော်ခြောက်ပါး အနက် | ၁၄ |
| | - တရား ဂုဏ်တော်ခြောက်ပါး အဓိပ္ပာယ် | ၁၅ |
| | (ဂ) သံဃာ ဂုဏ်တော်ကိုးပါး ပါဠိ | ၁၆ |
| | - သံဃာ ဂုဏ်တော်ကိုးပါး အနက် | ၁၇ |
| | - သံဃာ ဂုဏ်တော်ကိုးပါး အဓိပ္ပာယ် | ၁၈ |

| မာတိကာ | စာမျက်နှာ |
|---|---|

ဆွမ်းတော်,ပန်းတော်,ရေတော်,ဆီမီးတော်ကပ် အမျှဝေ ၂၀
၁။ ဆွမ်းတော်ကပ်နှင့် ဆုတောင်း ၂၀
၂။ ပန်းတော်ကပ်နှင့် ဆုတောင်း ၂၁
၃။ ရေတော်ကပ်နှင့် ဆုတောင်း ၂၁
၄။ ဆီမီးတော်ကပ်နှင့် ဆုတောင်း ၂၁
၅။ အမျှဝေ ၂၂
၆။ သူတော်ကောင်းတို့ ကုသိုလ်ကောင်းမှု ပြုကျင့်ရာ ဖြစ်သော ပုညကြိယဝတ္ထု (၁၀)ပါး ၂၃
၇။ အလောင်းတော်တို့ ဖြည့်ကျင့် ဆည်းပူးအပ်သော ပါရမီ (၁၀)ပါး ၂၃
မင်္ဂလသုတ် ပါဠိအနက် အဓိပ္ပာယ်ကဗျာ ၂၄
မင်္ဂလသုတ် ပါဠိ ၂၄
မင်္ဂလသုတ် ပါဠိနှင့် အဓိပ္ပာယ်, ကဗျာ ၂၆

## ဗုဒ္ဓဘာသာ မြန်မာစာဘာသာ

(၁) သုစိပုဘာ ဆုံးမစာလင်္ကာ ၃၅
(၂) လောကသာရပျို့ (ဆုံးမစာ)နိဒါန်း ၃၈
(၃) လောကသာရပျို့ (အမျိုးလေးပါး ဆုံးမခန်း) ၃၉
(၄) သိင်္ဂါလောဝါဒ ဆုံးမစာ နိဒါန်း ၄၅
(၅) သိင်္ဂါလောဝါဒ ဆုံးမစာ ၄၇
(၆) ဝိဟိဝိနယ ဆုံးမစာ ၄၉
(၇) လောကနိတိ သံပေါက်ကဗျာနှင့် အဓိပ္ပာယ် နိဒါန်း ၅၃
(၈) လောကနိတိ သံပေါက်ကဗျာနှင့် အဓိပ္ပာယ် ၅၄
(က) ပဏာမနှင့် ပယောဇဉ် ၅၄
(ခ) ပဏ္ဍိတ ကဏ္ဍ ၅၄
(ဂ) သုဇန ကဏ္ဍ ၆၇
(ဃ) ဗာလဒုဇ္ဇန ကဏ္ဍ ၇၆

| မာတိကာ | | စာမျက်နှာ |
|---|---|---|
| | (င) မိတ္တ ကဏ္ဍ | ၇၉ |
| | (စ) ဣတ္ထိ ကဏ္ဍ | ၈၁ |
| | (ဆ) ရာဇ ကဏ္ဍ | ၈၃ |
| | (ဇ) ပကိဏ္ဏက ကဏ္ဍ | ၉၇ |
| (၉) | မဟောသဓ ပြဿနာခန်း နိဒါန်း | ၁၁၇ |
| (၁၁) | မဟောသဓ ပြဿနာခန်း (က) | ၁၁၈ |
| | (က) အမဲသားတစ် ချစေခန်း | ၁၁၈ |
| | (ခ) နွားတရား စီရင်ခန်း | ၁၁၉ |
| | (ဂ) လည်ရွဲတရား စီရင်ခန်း | ၁၁၃ |
| | (ဃ) ချည်ထွေးတရား စီရင်ခန်း | ၁၁၆ |
| | (င) သားတရား စီရင်ခန်း | ၁၁၇ |
| | (စ) မယားတရား စီရင်ခန်း | ၁၂၀ |
| | (ဆ) ရထားတရား စီရင်ခန်း | ၁၂၇ |
| (၁၁) | မဟောသဓ ပြဿနာခန်း (ခ) | ၁၃၁ |
| | (၁) ရှားလုံးတံဖြင့် ပညာစမ်းခန်း | ၁၃၁ |
| | (၂) ဦးခေါင်းခွံပြဿနာဖြင့် ပညာစမ်းခန်း | ၁၃၃ |
| | (၃) မြွေပြဿနာဖြင့် ပညာစမ်းခန်း | ၁၃၄ |
| | (၄) ကြက်ပြဿနာဖြင့် ပညာစမ်းခန်း | ၁၃၅ |
| | (၅) ပတ္တမြားပြဿနာဖြင့် ပညာစမ်းခန်း | ၁၃၆ |
| | (၆) သားဖွားပြဿနာဖြင့် ပညာစမ်းခန်း | ၁၃၈ |
| | (၇) ထမင်းပြဿနာဖြင့် ပညာစမ်းခန်း | ၁၄၁ |
| | (၈) သဲလွန်ပြဿနာဖြင့် ပညာစမ်းခန်း | ၁၄၁ |
| | (၉) ရေကန်ပြဿနာဖြင့် ပညာစမ်းခန်း | ၁၄၂ |
| | (၁၀) ဥယျာဉ်ပြဿနာဖြင့် ပညာစမ်းခန်း | ၁၄၄ |
| | (၁၁) ဘုရားလောင်းထံ ခင်းကြီးထွက်သွားခန်း | ၁၄၅ |
| | (၁၂) မြပြဿနာဖြင့် ပညာစမ်းခန်း | ၁၄၇ |

## မာတိကာ စာမျက်နှာ

## အဘိဓမ္မာဘာသာ

ခန္ဓာအာယတနဓာတ် သစ္စာလင်္ကာ နိဒါန်း ၁၅၅

## ခန္ဓာအာယတနဓာတ် သစ္စာလင်္ကာကျမ်း

(က) ရူပက္ခန္ဓာ - လင်္ကာ ၁ ၁၅၆
- အဓိပ္ပာယ်သရုပ် ၁၅၇
- လင်္ကာ ၂ ၁၅၇
- အဓိပ္ပာယ်သရုပ် ၁၅၈
(ခ) ဝေဒနာက္ခန္ဓာနှင့် သညာက္ခန္ဓာ - လင်္ကာ ၃ ၁၅၉
- အဓိပ္ပာယ်သရုပ် ၁၆၀
(ဂ) သင်္ခါရက္ခန္ဓာ - လင်္ကာ ၄ ၁၆၁
- အဓိပ္ပာယ်သရုပ် ၁၆၂
(ဃ) ဝိညာဏက္ခန္ဓာ - လင်္ကာ ၅ ၁၆၂
- လင်္ကာ ၆ ၁၆၃
- အဓိပ္ပာယ်သရုပ် ၁၆၄
(င) ခန္ဓာငါးပါး - လင်္ကာ ၇ ၁၆၅
- အဓိပ္ပာယ်သရုပ် ၁၆၆
(စ) အာယတနခန်း - လင်္ကာ ၈ ၁၆၉
- အဓိပ္ပာယ်သရုပ် ၁၆၉
(ဆ) ဓာတ်ခန်း - လင်္ကာ ၉ ၁၇၁
- အဓိပ္ပာယ်သရုပ် ၁၇၂
(ဇ) သစ္စာခန်း - လင်္ကာ ၁၀ ၁၇၃
- အဓိပ္ပာယ်သရုပ် ၁၇၄

# နိဒါန်း

၁။ ကမ္ဘာပေါ်ရှိ လူသားများသည် ကျောက်ခေတ်မှစ၍ မျက်မှောက် အနုမြူ ဂြိုဟ်တု ဒုံးပျံခေတ်အထိ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာခဲ့ရာ ဤသို့ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာရခြင်း၏ အကြောင်းရင်း အဓိကသည် ယဉ်ကျေးမှုဟူသော သဘာဝတရားပင် ဖြစ်သည်။ လူမျိုးတစ်မျိုး၏ အဆင့် အတန်း မြင့်မားမှုအတိုင်းအရှည် ပမာဏကို တွက်ဆရာ၌ ယဉ်ကျေးမှုဟူသော မှတ်ကျောက်တွင် တင်လျက် တွက်ဆ ဆုံးဖြတ်ကြရမြဲ ဖြစ်သည်။ထို့ကြောင့် အဆင့်အတန်း မြင့်မားမှုကို လိုလားကြကုန်သော လူမျိုးအသီးသီးတို့သည် အဓိကအကြောင်းရင်းဖြစ်သော ယဉ်ကျေးမှုအဆင့်အတန်း တိုးတက်မြင့်မားရန် ကြိုးပမ်းလျက် နေကြရသည်။

၂။ မြန်မာနိုင်ငံသမိုင်းကို လေ့လာလျှင် သထုံခေတ် ပုဂံခေတ်မှ စ၍ ဗုဒ္ဓဘာသာနှင့် စပ်လျဉ်းသော ကိုးကွယ်ဆည်းကပ်မှု၊ ကျင့်သုံးဆောက်တည်မှု စသော လောကီ လောကုတ္တရာ နှစ်ဖြာသော ယဉ်ကျေးမှု ရှိခဲ့သည်ကို တွေ့မြင်နိုင်ပါသည်။ ရှေးမြန်မာနွယ်ဖွား တိုင်းရင်းသားများသည် ဘုန်းတော် ကြီးကျောင်း ပညာရေးကိုသာ သင်ကြားခဲ့ရသည့်အားလျော်စွာ အဆိုပါ လောကီ လောကုတ္တရာယဉ်ကျေးမှု နှစ်ဖြာနှင့်အညီ ဓလေ့ထုံးတမ်း အစဉ်အလာ အရ အစဉ်အဆက် ကျင့်သုံးနေထိုင်လာခဲ့ကြသည်။

၃။ ယဉ်ကျေးသောတိုင်းပြည်တိုင်း၌ ကိုးကွယ်သောဘာသာ အယူဝါဒကို အကြောင်းပြု၍ စာပေနှင့် ယဉ်ကျေးမှု ပြန့်ပွားတိုးတက်လာမြဲ ဖြစ်ရာ မြန်မာနွယ်ဖွား တိုင်းရင်းသားများသည်လည်း ဗုဒ္ဓဘာသာ အယူဝါဒနှင့် ဗုဒ္ဓစာပေများကို ဘုန်းတော်ကြီးကျောင်းများတွင် မိဘဘိုးဘေးဘီဘင်ကစပြီး လေ့လာသင်ကြားခဲ့ကြရသဖြင့် ယဉ်ကျေးသောမြန်မာ့လူ့ဘောင်ကို ထူထောင် နိုင်ခဲ့ကြသည်။ အမှန်မှာ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသည်ပင် မြန်မာ ယဉ်ကျေးမှု အဖြစ် ရပ်တည်ခဲ့သည်ဟု ဆိုနိုင်သည်။ ထိုခေတ် ထိုအခါက ဘုန်းတော်ကြီး ကျောင်းများသည်သာလျှင် မြန်မာ့ ယဉ်ကျေးမှုအမွေကို ပေးဆောင်နိုင်သော စာပေများ စုဆောင်းထားရာ စာပေဘဏ်တိုက်ကြီးများအဖြစ် မြန်မာ့နွယ်ဖွား

တိုင်းရင်းသားများတို့ အတတ်ပညာရာမိုးရာ တက္ကသိုလ်ကြီးများအဖြစ် တည်ရှိခဲ့သည်။

၄။ သို့ရာတွင် မြန်မာနိုင်ငံ လွတ်လပ်ရေး ဆုံးရှုံးရပြီးနောက် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး တစ်စတစ်စ မှေးမှိန်လာပြီး လောကဓာတ်ပညာသင်ကြားရေး တစ်ဟုန်ထိုး တိုးတက်လာသည်။ ၎င်းအပြင် အယူဝါဒအမျိုးမျိုးလည်း ထိုးဖောက် ဝင်ရောက်လာသည်။ ထို့ကြောင့် ရှေးယခင်က ယဉ်ကျေးခဲ့သော မြန်မာ့လူ့ဘောင်တွင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု တဖြည်းဖြည်း တိမ်ကောလာရသည်။ ဤသို့ ယဉ်ကျေးမှု ညှိုးမှိန်လာသောကြောင့် မျက်မှောက်ခေတ် လူငယ်လူရွယ်များတွင် ဂါရဝနိဝါတ သောဝစဿတာ စသော ကောင်းမြတ်သော မင်္ဂလာတရားများ ဟိရိဩတ္တပ္ပဟူသော လောကပါလတရားများ ခေါင်းပါးလာကြရုံမျှမက အမျိုးဘာသာ သာသနာစိတ်ဓာတ်ပါ ခေါင်းပါးလာကြသည်ကို တွေ့ရှိနေရသည်။

၅။ ဤသို့သော အခြေအနေများကို သုံးသပ်မိသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ညွှန်ကြားလွှာအမှတ်(၄၅)ဖြင့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု စီမံချက် စည်းမျဉ်းနှင့်အညီ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲကို တစ်နိုင်ငံလုံး၌ မြို့နယ် သံဃနာယကအဖွဲ့က တာဝန်ယူ ကျင်းပသွားရန် ညွှန်ကြားခဲ့သည်။ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲအတွက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု ကျင့်ဝတ်ဘာသာ၊ ဗုဒ္ဓဘာသာ မြန်မာစာဘာသာနှင့် အဘိဓမ္မာဘာသာဟူ၍ ဘာသာရပ် သုံးမျိုး ပါဝင်သော ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်ခန်းစာကိုလည်း ပြဋ္ဌာန်းပေးခဲ့ပါသည်။ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု စာမေးပွဲ ကျင်းပပေးခြင်း၏ ရည်ရွယ်ချက်မှာ ဗုဒ္ဓဘာသာ ရင်သွေး ရင်နှစ်တို့အား အခြေခံကိုယ်ကျင့်တရား တည်ဆောက်မိစေရန် ဖြစ်သော်လည်း သင်ခန်းစာ စာအုပ်တွင် အဘိဓမ္မာဘာသာရပ်အတွက် ပရမတ္ထသံခိပ် စိတ် စေတသိက် ပကိဏ်း ရုပ်သမုစ္စည်းအပိုင်း(၅)ပိုင်းကို ပြဋ္ဌာန်းထားသဖြင့် ရင်သွေး ရင်နှစ်ငယ်များအတွက် ဉာဏ်မမီဘဲ အသိဉာဏ် ရင့်ကျက်သော လူကြီးများအတွက်သာ ဖြစ်နေသည်ကို တွေ့ရသည်။

၆။ မည်သို့ပင်ဖြစ်စေ မြို့နယ်သံဃ နာယကအဖွဲ့များ၏ အားထုတ်မှုဖြင့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုစာမေးပွဲကို ၁၉၈၄–ခုနှစ်၊ မေလမှစ၍ နှစ်စဉ် ကျင်းပခဲ့ရာတွင် လူကြီးများရော ကလေးများပါ ဝင်ရောက်ဖြေဆိုခဲ့ကြသည်ကို တွေ့ရှိရသည်။ ကျင်းပပြီးစီးခဲ့သော ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲ နောက်ဆုံး (၅)နှစ် အခြေအနေမှာ အောက်ဖော်ပြပါအတိုင်း ဝမ်းမြောက်အားတက်ဖွယ် တွေ့ရှိရသည်။

| ခုနှစ် | စာရင်းသွင်း | ဖြေဆို | အောင်မြင် |
|---|---|---|---|
| ၁၉၈၈ | ၂၀၇၁၄၃ | ၁၅၅၅၃၈ | ၂၃၁၃၀ |
| ၁၉၈၉ | ၁၁၂၃၅၆၅ | ၁၆၄၅၂၇ | ၆၁၇၄၀ |
| ၁၉၉၀ | ၁၈၂၇၃၆ | ၁၄၅၇၂၉ | ၉၀၀၁၆ |
| ၁၉၉၁ | ၈၉၉၈၆ | ၇၃၆၅၁ | ၅၆၇၄၁ |
| ၁၉၉၂ | ၁၀၄၃၁၇ | ၈၃၈၉၃ | ၅၁၆၉၆ |
| စုစုပေါင်း | ၁၇၀၇၇၄၇ | ၆၂၃၃၃၈ | ၂၈၃၃၂၃ |

၇။ သို့ရာတွင် ယခုအခါ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး စနစ် ပေါ်ပေါက်လာပြီးဖြစ်၍ ရှိရင်း ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာကို ဘုန်းတော်ကြီးကျောင်း ကလေးသူငယ်များ သင်ကြားနိုင်ရေးအတွက် ပြင်ဆင်ရန် လိုအပ်လာသည်။ အထူးသဖြင့် အတွေးအခေါ် မြင့်မားကျယ်ပြန့်သော အဘိဓမ္မာဘာသာကို ကလေးများ သဘောပေါက်လွယ်နိုင်ရေးနှင့် အဘိဓမ္မာ စာမေးပွဲနှင့် မရောထွေးမိစေရေးအတွက် စဉ်းစားရန် လိုအပ်လာသည်။ ဗုဒ္ဓ ဘာသာများ အဘိဓမ္မာသဘောတရားများကို တီးခေါက်မိစေရန် ရည်သန်ချက် ဖြင့် အဘိဓမ္မာ ပရမတ္ထ သံခိပ် ၅–ပိုင်းကို ဆက်လက် ပြဋ္ဌာန်းထားခြင်းဖြင့် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး၊ ကျောင်းသူ ကျောင်းသား များအား အခက်အခဲများစွာ ကြုံတွေ့စေနိုင်သည်။ ထို့ကြောင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇–ပါးစုံညီ နဝမအစည်းအဝေးက ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်ခန်းစာကို ပြင်ဆင် ရေးဆွဲတင်ပြရန် တတိယအဖြေ့မ်

နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ဝင် ဆရာတော် (၃)ပါး အပါအဝင် ဆရာတော်(၅)ပါး ဥပဏ္ဍမှာက(၄)ဦး ပါဝင်သော ပြင်ဆင်ရေးဆွဲရေး ကော်မတီကို ဖွဲ့စည်းပေးခဲ့ခြင်း ဖြစ်သည်။

၈။ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာ ပြင်ဆင်ရေးဆွဲရေး ကော်မတီသည် လက်ရှိ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်ခန်းစာမှ ဗုဒ္ဓဘာသာယဉ်ကျေးမှု ကျင့်ဝတ်ဘာသာအတွက် မူလပြဌာန်းချက်ပါ-

(က) ဗုဒ္ဓဝင်အကျဉ်းနောက်တွင် လယ်တီဆရာတော်ဘုရား၏ ခုနစ်နေ့ ဘုရားရှိခိုးကဗျာကို ဖြည့်စွက် ဖော်ပြထားပါသည်။

(ခ) ဘုရားလောင်း သူတော်ကောင်းတို့ တောင်းသော ဆုတောင်းကို ဖြုတ်ပယ်ထားပါသည်။

(ဂ) ဆွမ်းတော်၊ ပန်းတော်၊ ရေတော်၊ ဆီမီးတော်ကပ်၊ အမျှဝေနောက်တွင် ပုညကြိယာဝတ္ထု (၁၀)ပါးနှင့် ပါရမီ (၁၀)ပါးကို ဖြည့်စွက်ဖော်ပြထားပါသည်။

(ဃ) မင်္ဂလသုတ်ပါဠိ/ပါဠိအနက်အဓိပ္ပာယ် ရေးနည်းအစား မင်္ဂလသုတ်ပါဠိ/ပါဠိအဓိပ္ပာယ်နည်းဖြင့် ပြင်ဆင်ရေးသားပြီး ယင်းနောက်တွင် ဒဂုံဦးထွန်းမြင့်၏ မင်္ဂလာကဗျာကို ဖြည့်စွက်ဖော်ပြထားပါသည်။

ဗုဒ္ဓဘာသာ မြန်မာစာဘာသာအတွက်

မူလပြဌာန်းချက်ပါ-

(က) ရှင်မဟာသီလဝံသ ဆုံးမစာလင်္ကာကို ဖြုတ်ပယ်၍ လောကသာရပျို့ အမျိုးလေးပါး ဆုံးမခန်းကို အစားထိုး ဖော်ပြထားပါသည်။

(ခ) လောကနီတိ ကောက်နုတ်ချက် (၃)ကဏ္ဍ ပါဠိအနက် ဖော်ပြထားချက်ကို ဖြုတ်ပယ်၍ ကဏ္ဍအားလုံးကို သံပေါက်ကဗျာအဓိပ္ပာယ်ဖြင့် အစားထိုး ဖော်ပြထားပါသည်။

(ဂ) မဟာဇနက ဇာတ်တော်ကြီးကို ဖြုတ်ပယ်၍ မဟောသဓ ပြဿနာခန်းကို အစားထိုး ဖော်ပြထားပါသည်။

**အဘိဓမ္မာဘာသာအတွက်**

မူလပြဋ္ဌာန်းချက်ပါ ပရမတ္ထသံခိပ် (စိတ်စေတသိက်ပကိဏ်းရုပ် သမုစ္စည်း) ပြဋ္ဌာန်းချက်အားလုံးကို ဖြုတ်ပယ်၍ အဘိဓမ္မာစာမေးပွဲ ပြဋ္ဌာန်းချက်နှင့် ကွဲပြားစေရန်လည်းကောင်း၊ အဘိဓမ္မာသဘော အဂျဉ်းကို တီးခေါက်မိစေရန် လည်းကောင်း လယ်တီဆရာတော်၏ လင်္ကာကို မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ဖွင့်ဆို ရေးသားသော "ခန္ဓာ အာယတန ဓာတ်သစ္စာ လင်္ကာ"ကို အစားထိုး ဖော်ပြထားပါသည်။

၈။ ဗုဒ္ဓဘာသာ ယဥ်ကျေးမှုသင်ခန်းစာ ပြင်ဆင်ရေးဆွဲရေး ကော်မတီသည် လက်ရှိ ဗုဒ္ဓဘာသာယဥ်ကျေးမှု သင်ခန်းစာဟောင်းကို အထက် ဖော်ပြပါအတိုင်း ပြင်ဆင်ရေးဆွဲပြီးနောက် ၁၃၅၄-ခုနှစ်၊ တပေါင်းလဆန်း (၇)ရက်၊ ၁၉၉၃-ခုနှစ်၊ ဖေဖော်ဝါရီလ(၂၇)ရက်နေ့တွင် ကျင်းပသော တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇-ပါးစုံညီ ဒသမ အစည်းအဝေးသို့လည်းကောင်း၊ ၁၃၅၄-ခုနှစ်၊ တပေါင်းလဆန်း (၁၁)ရက် ၁၉၉၃-ခုနှစ်၊ မတ်လ(၃)ရက်နေ့တွင် ကျင်းပသော တတိယအကြိမ် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးသို့လည်းကောင်း တင်ပြခဲ့ရာ အစည်းအဝေးနှစ်ရပ်လုံးက အတည်ပြုခဲ့သဖြင့် စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေ လိုက်ပါသည်။

**အမှာ**

၁။ ယခုပြဋ္ဌာန်းလိုက်သော ဗုဒ္ဓဘာသာယဥ်ကျေးမှု သင်ခန်းစာများမှ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေး ကျောင်းသူ/ကျောင်းသားများအနက်-

(က) မူလတန်း၊ ပထမတန်း ကျောင်းသားများကို ဗုဒ္ဓဘာသာ ယဥ်ကျေးမှု ကျင့်ဝတ်ဘာသာသင်ခန်းစာ ကုန်သည်အထိ သင်ကြားပေးရန် ဖြစ်ပါသည်။

(ခ) ဒုတိယတန်း၊ တတိယတန်း၊ ကျောင်းသူ ကျောင်းသားများကို ဗုဒ္ဓဘာသာယဉ်ကျေးမှု ကျင့်ဝတ်ဘာသာအပြင် ဗုဒ္ဓဘာသာ မြန်မာစာသင်ခန်းစာ ကုန်သည်အထိ သင်ကြားပေးရန် ဖြစ်ပါသည်။

(ဂ) စတုတ္ထတန်းကျောင်းသူ/ကျောင်းသားများကို သုံးဘာသာ ကုန်သည်အထိ သင်ကြားပေးရန် ဖြစ်ပါသည်။

၂။ နှစ်စဉ် ကျင်းပမြဲဖြစ်သော ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲကို ဝင်ရောက် ဖြေဆိုလိုသူများသည် သုံးဘာသာစလုံးကို ဝင်ရောက် ဖြေဆိုနိုင်ပါသည်။ တစ်ဘာသာ၊ နှစ်ဘာသာ ပိုင်းခြား၍လည်း ဝင်ရောက်ဖြေဆိုနိုင်ပါသည်။ တစ်ဘာသာအောင်၊ နှစ်ဘာသာအောင်၊ သုံးဘာသာအောင်သူများ အနက် သုံးဘာသာအောင်သူများကို သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ အောင်လက်မှတ် ထုတ်ပေးမည် ဖြစ်ပါသည်။

# ပြည်ထောင်စု မြန်မာနိုင်ငံတော်

## နိုင်ငံတော် သံဃမဟာနာယက အဖွဲ့

## ဗုဒ္ဓဘာသာ ယဉ်ကျေးမှု စာမေးပွဲ
## ယဉ်ကျေးမှုကျင့်ဝတ်ဘာသာ
# ဗုဒ္ဓဝင်နှင့် ဗုဒ္ဓယဉ်ကျေးမှု လက်ရွေးစဉ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဗုဒ္ဓဝင်အကျဉ်း

၁။ ဂေါတမဘုရားအလောင်းတော်သည် ဤဘဒ္ဒကမ္ဘာမှ ပြန်၍ ရေတွက်သည် ရှိသော် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ သုမေဓာ ရသေ့ ဖြစ်ခဲ့လေသည်။

၂။ သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်း၌ ကိုယ်တော်တစ်ဦးတည်း နိဗ္ဗာန်ချမ်းသာကို ရနိုင်သော်လည်း ဩဃလေးဖြာ သံသရာ၌ နစ်မွန်း ပျော်ပါးကုန်သော ဝေနေယျ သတ္တဝါအပေါင်းတို့ကို သနားကြင်နာ တော်မူလှသဖြင့် ယူတော်မမူခဲ့ပေ။

၃။ သုမေဓာရှင်ရသေ့ဘဝမှ ဝေဿန္တရာမင်းဘဝတိုင်အောင် မရေမတွက်နိုင် များစွာသောဘဝတို့၌–

(က) ရွှေ,ငွေ,ဆင်,မြင်း အစရှိသည်ကို လှူခြင်း – ဒါနပါရမီ၊

(ခ) ခြေ, လက်, နား, နှာခေါင်း အစရှိသည်ကိုလှူခြင်း – ဒါနဥပပါရမီ၊

(ဂ) ကိုယ်, အသက်ကို လှူခြင်း - ဒါနပရမတ္ထ ပါရမီ၊ ရှိသော ပါရမီ သုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူခဲ့လေသည်။

ထို့ပြင် အလှူ့စွန့်နိုင်ခဲ့စွာသော -

(က) ပဒေသရာဇ်, စကြာ, စကြာမင်းတို့၏စည်းစိမ်၊ ဥစ္စာ၊ ရတနာကိုစွန့်ခြင်း - ဓနပရိစ္စာဂ၊

(ခ) သားသမီးကိုစွန့်ခြင်း - ပုတ္တပရိစ္စာဂ၊

(ဂ) မယားကို စွန့်ခြင်း - ဘရိယ ပရိစ္စာဂ၊

(ဃ) ခြေ,လက်,နား,နှာခေါင်း အစရှိသည့် အင်္ဂါကြီးငယ်ကို စွန့်ခြင်း - အင်္ဂပရိစ္စာဂ၊

(င) ကိုယ်,အသက်ကိုစွန့်ခြင်း - ဇီဝိတ ပရိစ္စာဂ

ဤဆိုအပ်သော စွန့်ခြင်းကြီး ငါးပါးကို ဖြည့်စွန့်တော်မူခဲ့လေသည်။

၅။ ဤသို့ ဘဝများစွာ သံသရာကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ပြီးနောက် ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်၌ သေတကေတုမည်သော နတ်သား ဖြစ်ခဲ့လေသည်။ နတ်သားဖြစ်စဉ် စကြဝဠာ တိုက်တစ်သောင်းမှ နတ်,ဗြဟ္မာ, အပေါင်းတို့က "ဘုရားဖြစ်ချိန်တန်ပါပြီ၊ လူ့ပြည်သို့ဆင်း၍ ဘုရားဖြစ်တော်မူပါ"ဟု ဘုရားအလောင်းတော်ကို တောင်းပန်ခဲ့လေသည်။

၆။ သို့ဖြစ်၍ ဘုရားအလောင်းတော် သေတကေတု နတ်သားသည်-

(က) ကာလ = ဘုရားဖြစ်ရာ အချိန်ကာလ၊

(ခ) ဒီပ = ဘုရားဖြစ်ရာ ကျွန်းအရပ်၊

(ဂ) ဒေသ = ဘုရားဖြစ်ရာ အရပ်ဒေသ၊

(ဃ) ကုလ = ဘုရားဖြစ်ရာ အမျိုးအနွယ်၊

(င) မာတုအာယု ပရိစ္ဆေဒ = ဘုရားအလောင်းတော်၏ မယ်တော်ဖြစ်မည့်သူ၏ သက်တမ်းအပိုင်းအခြား ဟူသော ကြည့်ခြင်းကြီး ငါးပါးတို့ကို ကြည့်ရှုတော်မူလေသည်၊

၇။ ယင်းသို့ကြည့်ရှုတော်မူပြီး နတ်အဖြစ်မှ စုတေကာ မဟာသက္ကရာဇ် ၆၇–ခု ဝါဆိုလပြည့် ကြာသပတေးနေ့၌ ကပိလဝတ်ပြည့်ရှင်ဘုရင် သုဒ္ဓေါဒနမင်းကြီး၏ တောင်ညာဒေဝီ မိဖုရားကြီး မယ်တော်မာယာဝမ်း၌ ပဋိသန္ဓေ တည်နေလေသည်။

၈။ ဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် ၆၈–ခု၊ ကဆုန်လပြည့် သောကြာနေ့ဝယ် ဒေဝဒဟပြည်နှင့် ကပိလဝတ်ပြည်၏အကြားရှိ လုမ္ဗိနီသာမော အင်ကြင်းတော၌ မယ်တော်မာယာဝမ်းမှ မီးရှူးသန့်စင် ဖွားမြင်တော်မူလေသည်။

၉။ ဘုရားအလောင်းတော်သည် ၁၆–နှစ်အရွယ် ရောက်သောအခါ ယသောရောမင်းသမီးနှင့် ထိမ်းမြားလက်ထပ်၍ မင်းစည်းစိမ်ကို ခံစားလေသည်။

၁၀။ ၂၉–နှစ်အရွယ်ရောက်သောအခါ သူအို,သူနာ,သူသေ,ရဟန်းဟူသော နိမိတ်ကြီးလေးပါးကို မြင်တော်မူသဖြင့် တောထွက်၍ ရဟန်းပြုလေသည်။

၁၁။ ဘုရားအလောင်းတော်သည် အလွန်ပြုနိုင်ခဲသော ဒုက္ကရစရိယာ အကျင့်ကို ရဟန်းအဖြစ်နှင့် ၆–နှစ်ပတ်လုံး ကျင့်တော်မူခဲ့လေသည်။

၁၂။ ထို့နောက် ဘုရားအလောင်းတော်သည် သုဇာတာမည်သော သူဌေးသမီး လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို အဇပါလညောင်ပင်ရင်း၌ ... ဘုဉ်းပေးပြီး မဟာဗောဓိပင်သို့ ကြွသွားတော်မူလေသည်။

၁၃။ သောတ္ထိယပုဏ္ဏား မြက်ထမ်းသမား(မြက်ရိတ်သူလုလင်)သည် မဟာ ဗောဓိပင်သို့ ကြွလာသော ဘုရားအလောင်းတော်အား ... လှူဒါန်းလေသည်။

၁၄။ ဘုရားအလောင်းတော်သည် သောတ္ထိယပုဏ္ဏား လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ကြဲဖြန့်လိုက်သောအခါ ထိုခဏဝယ် မြက်ရှစ်ဆုပ်သည် မဟာဗောဓိပင်ရင်း၌ အပရာဇိတပလ္လင် ဖြစ်လာလေသည်။(ထိုမြက်ကိုသည် မြက်ရိပ်အသွင်သဏ္ဌာန်ဖြင့် မတည်ကုန်)။

၁၅။ ဘုရားအလောင်းတော်သည် ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူစဉ် နေမဝင်မီ ဒေဝပုတ္တမာရ်(မာရ်နတ်ရန်)ကို အောင်မြင်တော်မူ၍ ညဉ့်ဦးယာမ်တွင် ရှေး၌နေခဲ့(ဖြစ်ခဲ့)ဖူးသော ခန္ဓာစဉ်ကို အောက်မေ့ရာ သိတက်သော ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်ကို ရတော်မူလေသည်။ သန်းခေါင်

ယာမ်၌ နတ်တို့၏မျက်စိနှင့်တူသော ဉာဏ်မျက်စိဖြင့် စုတေခါနီးသော သတ္တဝါ စသည်တို့ကို မြင်တတ်သော ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူလေသည်။ မိုးသောက်ယာမ်၌ အာသဝေါတရား လေးပါးတို့၏ကုန်ခြင်းကို ပြုတတ်သော အာသဝက္ခယဉာဏ်ကို ရတော်မူ၍ အသက်(၃၅)နှစ်အရွယ် မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ မိုးသောက်ယာမ်ဝယ် လောကသုံးပါးတွင် အတုမရှိသော၊ သဗ္ဗညူဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။
၁၆။ သုံးလူ့သခင် သဗ္ဗညုတဘုရားရှင်သည် ၄၅-ဝါ ကာလပတ်လုံး ဝေနေယျတို့အား မေ့စကြာ စသည့်တရားဓမ္မတို့ကို ဟောပြတော်မူကာ လူ့နတ်ဗြဟ္မာ့သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူခဲ့လေသည်။
၁၇။ ၄၅-ဝါ ကာလပတ်လုံး သတ္တဝါတို့၏ အကျိုးစီးပွားကို မနားမနေ ဆောင်ရွက်တော်မူခဲ့သော သဗ္ဗညုတဘုရားရှင်သည် သက်တော်(၈၀) အရွယ် ရောက်တော်မူသောအခါ မဟာသက္ကရာဇ် ၁၄၈-ခု၊ ကဆုန်လပြည့် အင်္ဂါနေ့ဝယ် ကုသိနာရုံပြည် မလ္လာမင်းတို့၏ဥယျာဉ်၌ ပရိနိဗ္ဗာန် ဝင်စံတော်မူလေသည်။

## ပထမပိုင်း အမေးအဖြေ - နှစ်ဆယ့်ရှစ်ဆူ ဘုရားရှိခိုး

၁။ ခုံးလွှရှင်ပေါ်၊ ရွှေနှံ့ထိပ်ကင်း၊ သောင်းနှင်းကြဝ္ဍာ၊ နတ်ဗြဟ္မာတို့ ညီညာ ပုံးရှု ကောင်းပန်မှုကြောင့်၊ ရှုတုနက်၊ ရွှမ်းရွှမ်းစိုသည်၊ ဝါဆိုလပြည့်၊ ကြက်မင်းနေ့ဝယ်၊ ရှုပ်မြေကြည်ဖြူ၊ သခွေ့ယှူသည်၊ နတ်လူ့ငြိမ်းဘို့ ကိန်းပါကို။
၂။ သနွေ့ပျူခါ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ကြောက်ဆယ့် ရှစ်ကြိမ်၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့ဖုံစီ၊ လုမ္ဗိနီ၌ မယ်ဒေဝီမှူး၊ ဖွားတော်မူသည်၊ နတ်လူ့ အောင်မြို့ ပေမ်းပါကို။
၃။ ဖွားမြင်ပြီးနောက်၊ ဆယ့်ကြောက်နှစ်ရွယ်၊ ပျိုနုနယ်၌၊ သုံးသွယ ရွှေနန်း၊ ဝိမာန်းပြီးလေ၊ ဆယ့်သုံးနှစ်လျှောင်၊ ဘုန်းသစ် လျှံလူ၊ စံတော်မူ၍၊ ရွယ်မှုနုပြီး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုး နိမိတ်၊ နတ် ပြပါတ်ကြောင့်၊ ချမ်းသာ ကြင်ပြီ၊ သံဝေဂကာ၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရေး သောရော်မှုသည် ရဟန်းပြုခန်း ခန်းများကို။

၄။ တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ကျော်၍၊ ခါတော်တဖုံ၊ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြီး ကြည်ဖြူ နေတော်မူလျက်၊ ရန်မြူခပင်း၊ အမိုက် သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဘော်လူတို့ ငြိမ်းပါကို။

၅။ ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဘွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီ တစ်သောင်း၊ တိုက် အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေကြွေလျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက် ထွေပြား၊ ဟောဖော်ကြားသည်။ တရားနတ်စည် ရွှမ်းတယ်ကို။

၆။ ဘုရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည်ဘုံသိုက်၊ တစ်သောင်းတိုက်ဝယ်၊ ကျွတ်ထိုက် သ,သူ၊ နတ်,လူ,ဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင် ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါ လေးဆယ့်ငါး၊ သက်ကား ရှစ်ဆယ်။ စုံပြည့် ကြွယ်က၊ ရာ လေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနိုင်း မယုတ်၊ ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ စံတော်မူသည်၊ ဝုန်းဆူသောင်းလုံး ကျော်တယ်ကို။

၇။ နိဗ္ဗူစံပြီ၊ ရှမအီသား၊ သိဂီရွှေလှော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနော၊ ဓာတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊ မိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်၊ မွေတော် ရှစ်စိတ် ကြွင်းတယ်ကို။

ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့ နတ်၊ မြတ်ထက်မြတ်သား၊ ရှင်တော် ဖျားကို၊ သုံးပါးမွန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဓါဖြိုးဖြိုး၊ ကျွန် ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

# ဩကာသ ကန်တော့ချိုးနှင့်တကွ ငါးပါးသီလ ခံယူ ဆောက်တည်ပုံ

(၁)ရှိခိုးဦးချပုံ

ဘုရား တရား သံဃာအားဖြင့် သုံးပါးသောရတနာမြတ်တို့အား ရှိခိုးဦးချသောအခါ "ခြေ, လက်, နဖူး၊တစ်တောင်, ဒူး၊ ငါးဦး ညီညွတ်စေ" ဟူသည့်အတိုင်း ထိခြင်းငါးပါးဖြင့် သုံးကြိမ် သုံးခါ ရှိခိုးဦးချရမည်။

ဤသို့ ရှိခိုးသောအခါ-

| | | |
|---|---|---|
| ဗုဒ္ဓံ ပူဇေမိ | = | ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ ပူဇေမိ၊ ပူဇော်ပါ၏ဘုရား။ |
| ဓမ္မံ ပူဇေမိ | = | ဓမ္မံ၊ တရားတော်မြတ်ကို၊ ပူဇေမိ၊ ပူဇော်ပါ၏ဘုရား။ |
| သံဃံ ပူဇေမိ | = | သံဃံ၊ သံဃာတော်မြတ်ကို၊ ပူဇေမိ၊ ပူဇော်ပါ၏ဘုရား။ |

ဟု ဆို၍ ရှိခိုးဦးချရမည်။

## (၂) ဩကာသ ကန်တော့ချိုး

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ, ဝစီကံ, မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေး ပြု၍ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား၊

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး, ကပ်သုံးပါး, ရပ်ပြစ်ရှစ်ပါး, ရန်သူမျိုး ငါးပါး, ဝိပတ္တိတရား လေးပါး, ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား

နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။
(ကန်တော့သူက ဆိုရန်)

သီလပေးသူက ဆုပေးသောအခါ "ပေးသောဆုနှင့် ပြည့်စုံရပါလို၏"ဟု ဆိုရမည်။

မှတ်ချက်။ ။အခြားသြကာသ မှုကွဲများကိုလည်း အသုံးပြုနိုင်ပါသည်။

## ၃။ သရဏဂုံသီလ တောင်းခံပုံပါဠိ

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။
(ကန်တော့သူကဆိုရန်)

သီလပေးသူက "ယမဟံ ဝဒါမိ၊ တံ ဝဒေထ"ဟု ဆိုသောအခါ "အာမ ဘန္တေ"ဟု ဆိုရမည်။

## ၄။ ဘုရားရှိခိုးပုံပါဠိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၅။ သရဏဂုံ ဆောက်တည်ပုံပါဠိ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

(ကန်တော့သူက ဆိုရန်)

သီလပေးသူက "တိသရဏဂမနံ ပရိပုဏ္ဏံ" ဟု ဆိုသောအခါ "အာမ ဘန္တေ" ဟု ဆိုရမည်။

၆။ ငါးပါးသီလ ခံယူဆောက်တည်ပုံပါဠိ

(က) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(ခ) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(ဂ) ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(ဃ) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
(င) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(ကန်တော့သူက ဆိုရန်)

သီလပေးသူက "တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ" ဟု ဆိုသောအခါ "အာမ ဘန္တေ" ဟု ဆိုရမည်။

ထို့နောက် ကန်တော့သောသူတို့က "ဗုဒ္ဓံ ပူဇေမိ၊ ဓမ္မံ ပူဇေမိ၊ သံဃံ ပူဇေမိ" ဟု ပါဠိမြန်မာဆို၍ ထိုခြင်းငါးပါးဖြင့် သုံးကြိမ် သုံးခါ ရှိခိုးဦးချရမည်။

ကန်တော့ချိုးနှင့် ငါးပါးသီလ ခံယူဆောက်တည်ပုံ ပြီး၏။

## ၇။ ရှစ်ပါးသီလ တောင်းခံပုံပါဠိ

(ဩကာသမှ နမောတဿအထိ နည်းတူ)

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ ------------

တတိယမ္ပိ ------------

(သရဏဂုံ ဆိုရန်)

## (ဂ) ရှစ်ပါးသီလ ခံယူ ဆောက်တည်ပုံ ပါဠိ

(က) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(ခ) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(ဂ) အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(ဃ) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(င) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(စ) ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(ဆ) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(ဇ) ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ရှစ်ပါးသီလ ဆောက်တည်ပုံ ပြီး၏။

# ရတနာတော်မြတ်သုံးပါး ပါဠိ အနက် အဓိပ္ပာယ်

## ၁။ ဘုရားဂုဏ်တော်ကိုးပါး ပါဠိ

ဣတိပိသော ဘဂဝါ-

(က) အရဟံ၊

(ခ) သမ္မာသမ္ဗုဒ္ဓေါ၊

(ဂ) ဝိဇ္ဇာစရဏသမ္ပန္နော၊

(င) သုဂတော၊

(စ) လောကဝိဒူ၊

(ဆ) အနုတ္တရော ပုရိသ ဒမ္မသာရထိ၊

(ဇ) သတ္ထာဒေဝမနုဿာနံ၊

(ဈ) ဗုဒ္ဓေါ၊

(ည) ဘဂဝါ။

## ၂။ ဘုရားဂုဏ်တော်ကိုးပါးအနက်

(က) သောဘဂဝါ = ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်၊ ဣတိပိ = ဤသို့လျှင် ဗြဟ္မာနတ်လူ သုံးဘုံသူတို့၏ ကြည်ဖြူကော်ရော် ပူဇော်အထူးကို ခံထိုက်ကြောင်း ဖြစ်သော အတုမရှိသော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့်လည်း၊

အရဟံ = အရဟံ မည်တော်မူ၏။

(ခ) သောဘဂဝါ = သည်၊ ဣတိပိ = ဤသို့လျှင် သစ္စာလေးပါး ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ်ရွှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းထင်ပေါ် သိမြင်တော်မူသောကြောင့်လည်း၊

သမ္မာသမ္ဗုဒ္ဓေါ = သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

(ဂ) သောဘဂဝါ= သည်၊ တ္တတိပိ = ဤသို့လျှင် စရဏအပြား တစ်ဆယ့်ငါးတည်း သုံးပါးရှစ်ဖြာ ဉာဏ်ဝိဇ္ဇာတို့နှင့် ပြည့်စုံတော်မူသောကြောင့်လည်း၊
ဝိဇ္ဇာစရဏသမ္ပန္နော = ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

(ဃ) သောဘဂဝါ = သည်၊ တ္တတိပိ = ဤသို့လျှင် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ မကပ်ငြိဘဲ မဇ္ဈိမ ပဋိပတ် ကောင်းမြတ် ဖြောင့်တန်း မဂ္ဂင်လမ်းဖြင့် ရွှေနန်းပူရီ ဘေးမဲ့ပြည်သို့ ကြွချီဆိုက်ရောက်တော် မူသောကြောင့်လည်း၊
သုဂတော = သုဂတ မည်တော်မူ၏။

(င) သောဘဂဝါ = သည်၊ တ္တတိပိ = ဤသို့လျှင် ကာမရူပ အရူပဟု လောကအပြင် ဘုံတစ်ခွင်ကို ကုန်စင်ခပင်း မကျန်ကြွင်းအောင် အလင်းထင်ပေါ် သိမြင်တော်မူသောကြောင့်လည်း၊
လောကဝိဒူ = လောကဝိဒူမည်တော်မူ၏။

(စ) သောဘဂဝါ = သည်၊ တ္တတိပိ = ဤသို့လျှင် ဇာတိမာန်၊ ပုညမာန်၊ ဂုဏမာန်၊ ဗလမာန်၊ တ္တဒ္ဓိမာန်၊ ပညာမာန်ဟို့ဖြင့် မိုးဇွန်ကြွားကြွား ငါတကားဟု ကြုံးဝါး ခက်ထန် အဆိပ်လျှံသည့် နန္ဒောပနန္ဒ, အင်္ဂုလိမာလ, သစ္စကနှင့် ဗကပြဟ္မာ သတ္တဝါတို့ကို ဒေသနာသံ ဆိပ်အံ့ငြိမ်းဆေး အမြန်ပေး၍ ယဉ်ကျေးအောင်ပြု ဆုံးမမှုဝယ် အတုမရှိ လွန်ကဲဘို့သောကြောင့်လည်း၊
အနုတ္တရောပုရိသ ဒမ္မသာရထိ = အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏။

(ဆ) သောဘဂဝါ = သည်၊ တ္တတိပိ = ဤသို့လျှင် လူ နတ် ဗြဟ္မာ သတ္တဝါ အများ သောင်းတိုက်သားတို့၏ ဝပ်တွားရိုပျောင်း ညွှတ်ညောင်းခယ

ဆုံးမခံရာ ဆရာသခင် ဦးထိပ်တင်ကြီး ဖြစ်တော်မူသောကြောင့်လည်း၊
သတ္ထာဒေဝမနုဿာနံ = သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏။

(ခ) သောဘဂဝါ = သည်၊ ဣတိပိ = ဤသို့လျှင် သစ္စာလေးရပ်
တရားမြတ်ကို လူနတ်အများ ဒိယာဉ်ရှားအောင် ဟောကြားထုတ်ဖော်
သိစေတော်မူသောကြောင့်လည်း၊
ဗုဒ္ဓေါ = ဗုဒ္ဓ မည်တော်မူ၏။

(ဂျ) သောဘဂဝါ = သည်၊ ဣတိပိ = ဤသို့လျှင် ဘုန်းတော်အနန္တ၊
ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ ကြီးမြတ်လှ၍
လောကသုံးပါး လူအများတို့ လေးစားဂရု ချီးပမှုကြောင့်လည်း
ဘဂဝါ = ဘဂဝါ မည်တော်မူ၏။

တံ = ထိုအရဟံအစ ဘဂဝါ အဆုံး ဘဝဂ်ချွန်းမျှ ဘုန်းတော်ကြီးမား ဂုဏ်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ အဟံ = ခန္ဓာအာယတန ဓာတ်စုမျှကို ကာယသမုတ် အကျွန်ုပ်သည်၊ ဝန္ဒာမိ = သဒ္ဓါစိတ်ဇော အာရုံပြော၍ မနောဝစီ ကာယညီလျက် ဦးချိလက်မိုး ကြာငုံဖြိုးသို့ ရှိခိုးပါ၏ဘုရား။

၃။ ဘုရားဂုဏ်တော်ကိုးပါး အဓိပ္ပာယ်

(က) အရဟံဂုဏ်တော် = ဖြပ္ပဘာ နတ်လူ သုံးဘုံသူတို့၏ ကြည်ဖြူ ကော်ရော် ပူဇော်အထူးကို ခံထိုက်ကြောင်းဖြစ်သော အတုမရှိသော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဂုဏ်တော်။

(ခ) သမ္မာသမ္ဗုဒ္ဓဂုဏ်တော် = သစ္စာဉေယျ ဓမ္မအပုံ အလုံးစုံကို အကုန် မကျန် မြတ်ရွှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းထင်ပေါ် သိမြင်တော်မူသော ဂုဏ်တော်။

(ဂ) ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်တော် = စရဏအပြား တစ်ဆယ့်ငါးနှင့် သုံးပါးရှစ်ဖြာ ဉာဏ်ဝိဇ္ဇာတို့နှင့် ပြည့်စုံတော်မူသော ဂုဏ်တော်။

(ဃ) သုဂတဂုဏ်တော် = သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ မကပ်ငြိဘဲ မဇ္ဈိမပဋိပတ် ကောင်းမြတ်ဖြောင့်တန်း မဂ္ဂင်လမ်းဖြင့် ရွှေနန်းပူရီ ဘေးမဲ့ပြည်သို့ ကြွချီ ဆိုက်ရောက်တော်မူသော ဂုဏ်တော်။

(င) လောကဝိဒူဂုဏ်တော် = ကာမရူပ အရူပဟု လောကအပြင် ဘုံတစ်ခွင်ကို ကုန်စင်ခပင်း မကျန်ကြွင်းအောင် အလင်းထင်ပေါ် သိမြင်တော် မူသော ဂုဏ်တော်။

(စ) အနုတ္တရောပုရိသ ဒမ္မသာရထိ ဂုဏ်တော် = ဇာတိမာန်၊ ပုညမာန်၊ ဂုဏမာန်၊ ဗလမာန်၊ ဣဒ္ဓိမာန်၊ ပညာမာန်တို့ဖြင့် မိုးစွန်ကြွားကြွား ငါတကားဟု ကြုံးဝါးခက်ထန် အဆိပ်လျှံသည့် နန္ဒောပနန္ဒ, အင်္ဂုလိမာလ, သစ္စကနှင့် ဗကပြဟ္မာ သတ္တဝါတို့ကို ဒေသနာသံ ဆိပ်အံ့ငြိမ်းဆေး အမြန်ပေး၍ ယဉ်ကျေးအောင်ပြု ဆုံးမမှုဝယ် အတုမရှိ လွန်ကဲဘိသော ဂုဏ်တော်။

(ဆ) သတ္ထာဒေဝမနုဿာနံဂုဏ်တော် = လူနတ်ပြဟ္မာ သတ္တဝါအများ သောင်းတိုက်သားတို့၏ ဝပ်တွားရိုပျောင်း ညွှတ်ညောင်းခယ ဆုံးမခံရာ ဆရာသခင် ဦးထိပ်တင်ကြီး ဖြစ်တော်မူသော ဂုဏ်တော်။

(ဇ) ဗုဒ္ဓဂုဏ်တော် = သစ္စာလေးရပ် တရားမြတ်ကို လူနတ်အများ သိထင်ရှား[illegible] ဟောကြားထုတ်ဖော် သိစေတော်မူသော ဂုဏ်တော်။

(ဈ) ဘဂဝါဂုဏ်တော် = ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော်အနန္တ ကြီးမြတ်လှ၍ လောကသုံးပါး လူအများတို့ လေးစားဂရု ချီးပမ္ဘရှိတော်မူသောဂုဏ်တော်။

ဘုရားဂုဏ်တော်ကိုးပါးပြီး၏။

----------

၄။ တရားဂုဏ်တော်ခြောက်ပါး ပါဠိ

(က) သွာက္ခာတော ဘဂဝတာ ဓမ္မော၊
(ခ) သန္ဒိဋ္ဌိကော၊
(ဂ) အကာလိကော၊
(ဃ) ဧဟိပဿိကော၊
(င) ဩပနေယျိကော၊
(စ) ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

၅။ တရားဂုဏ်တော်ခြောက်ပါးအနက်

(က) ဘဂဝတာ = မြတ်စွာဘုရားသည်၊ ဓမ္မော= တရားတော်မြတ်ကို၊ သွာက္ခာတော = စ လယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတော်မူအပ်၏။
ဓမ္မော = တရားတော်မြတ်သည်

(ခ) သန္ဒိဋ္ဌိကော = ကျင့်ဆောင်သူတို့အား ယခုဘဝ ပစ္စက္ခ၌ပင် ဒိဋ္ဌကိုယ်တွင် တွေ့မြင်ခံစားရသော ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံတော်မူ၏။

(ဂ) အကာလိကော= ကာလမရွေး ကျင့်သည့်နေ့ပင် တွေ့မြင် ယုံကြည်ရသော ကောင်းကျိုးချမ်းသာနှင့်လည်း ပြည့်စုံတော်မူ၏။

(ဃ) ဗေဟိပသိကော = လာရောက်ရှုမြင် ကျေးဇူးတင်မြဲဖြစ်၍ လာပါ ရှုပါ ကျင့်ကြံပါဟု မပါပါအောင် ခေါ်ဆောင်သွတ်သွင်း တိုက်တွန်းခြင်းငှာ ထိုက်တန်စွာသော ဂုဏ်ထူးဝိသေသနှင့်လည်း ပြည့်စုံတော်မူ၏။

(င) ဩပနေယျိကော = မိမိကာယ အဇ္ဈတ္တတွင် ရရှိပေါက်ရောက် ကိုယ်တွေ့မြောက်အောင် ကပ်၍ဆောင်ထိုက်သော ဂုဏ်ထူးဝိသေသနှင့်လည်း ပြည့်စုံတော်မူ၏။

(စ) ဝိညူဟိ = ပညာရှိသူ ရှင်လူအပေါင်း သူတော်ကောင်းတို့သည်၊ ပစ္စတ္တံ = အသီးသီးသော မိမိတို့သန္တာန်၌၊ ဝေဒိတဗ္ဗော = ချမ်းသာလေစွ ကောင်းလေစွဟု ကာယစိတ္တ သုခနှစ်ပြင် ထင်ထင်ရှားရှား ခံစားသိမြင်ရသော ဂုဏ်ထူး ဝိသေသနှင့်လည်း ပြည့်စုံတော်မူ၏။

တံ = ထိုသွာက္ခာတ အစ ဝေဒိတဗ္ဗော အဆုံး ဘဝဂ်ချွန်းမျှ ဘုန်းရှိန်ကြီးမား ဂုဏ်ခြောက်ပါးနှင့် ပြည့်စုံသော တရားတော်မြတ်ကို။ အဟံ = ခန္ဓာအာယတန ဓာတ်စုမျှကို ကာယသမုတ် အကျွန်ုပ်သည်။ ဝန္ဒာမိ = သဒ္ဓါစိတ်ဇော အာရုံပြော၍ မနောဝစီ ကာယညီလျက် ဦးချိလက်မိုး ကြာငုံဖြိုးသို့ ရှိခိုးပါ၏ဘုရား။

## ၆။ တရားဂုဏ်တော်ခြောက်ပါးအဓိပ္ပာယ်

**(က) သွာက္ခာတဂုဏ်တော်** = စ လယ်အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတော်မူအပ်သော ဂုဏ်တော်၊

**(ခ) သန္ဒိဋ္ဌိကဂုဏ်တော်** = ကျင့်ဆောင်သူတို့အား ယခုဘဝ ပစ္စက္ခဌပင် ဒိဋ္ဌ ကိုယ်တွင် တွေ့မြင်ခံစားရသော ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံတော်မူသော ဂုဏ်တော်၊

(ဂ) အကာလိကဂုဏ်တော် = ကာလမရွေး ကျင့်သည့်နေ့ပင် တွေ့မြင်ယုံ ကြည်ရသော ကောင်းကျိုးချမ်းသာနှင့် ပြည့်စုံတော်မူသော ဂုဏ်တော်၊

(ဃ) ဧဟိပဿိကဂုဏ်တော် = လာရောက်ရှုမြင် ကျေးဇူးတင်မြဲဖြစ်၍ လာပါရှုပါ ကျင့်ကြံပါဟု မပါပါအောင် ခေါ်ဆောင်ဘွတ်သွင်း တိုက်တွန်း ခြင်းငှာ ထိုက်တန်စွာသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံတော်မူသော ဂုဏ်တော်၊

(င) ဩပနေယျိကဂုဏ်တော် = မိမိကာယ အဇ္ဈတ္တဝယ် ရရှိပေါက်ရောက် ကိုယ်တွေ့မြောက်အောင် ကပ်၍ ဆောင်ထိုက်သော ဂုဏ်ထူး ဝိသေသနှင့် ပြည့်စုံတော်မူသောဂုဏ်တော်၊

(စ) ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိဂုဏ်တော် = ပညာရှိသူ ရှင်လူအပေါင်း သူတော်ကောင်းတို့ အသီးအသီးသော မိမိတို့သန္တာန်၌ ချမ်းသာလေစွ ကောင်းလေစွဟု ကာယစိတ္တ သုခနှစ်ပြင် ထင်ထင်ရှားရှား ခံစားသိမြင်ရသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံတော်မူသော ဂုဏ်တော်၊

တရားဂုဏ်တော်ခြောက်ပါး ပြီး၏။

---

၇။ သံဃာဂုဏ်တော်ကိုးပါး ပါဠိ

(က) သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

(ခ) ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

(ဂ) ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

(ဃ) သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသ
ဘဂဝတော သာဝကသံဃော

(င) အာဟုနေယျော၊

(စ) ပါဟုနေယျော၊

(ဆ) ဒက္ခိဏေယျော၊
(ဇ) အဉ္ဇလိကရဏီယော၊
(ဈ) အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

## ၈။ သံဃာ့ဂုဏ်တော်ကိုးပါးအနက်

(က) ဘဂဝတော = မြတ်စွာဘုရား၏၊
သာဝကသံဃော = သီလဝန် ဂုဏဝန် ပညာဝန် ကလျာဏပုထုဇ္ဇန်
အရှင်မွန် အရှင်မြတ်တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာရှစ်ပါး
တပည့်သား သံဃာ တော်မြတ် အပေါင်းသည်။
သုပ္ပဋိပန္နော = အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် လွန်
ကောင်းမြတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

(ခ) ဘဂဝတော = ၏။ သာဝကသံဃော = သည်။
ဥဇုပ္ပဋိပန္နော = အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် လွန်
ဖြောင့်မတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

(ဂ) ဘဂဝတော = ၏။ သာဝကသံဃော = သည်။
ဉာယပ္ပဋိပန္နော = အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် လွန်
သင့်မြတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

(ဃ) ဘဂဝတော = ၏။ သာဝကသံဃော = သည်။
သာမိစိပ္ပဋိပန္နော = အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ်
ရိုသေ အပ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။
ယဒိဒံ = ယာနိ ဣမာနိ စတ္တာရိ ပုရိသယုဂါနိ = အကြင်လေးပါးသော
ယောကျ်ားမြတ်အစုံတို့သည်။ သန္တိ = ရှိကုန်၏။
ယဒိဒံ = ယေဣမေ အဋ္ဌပုရိသ ပုဂ္ဂလာ = အကြင်ရှစ်ပါးသော
ယောကျ်ားမြတ်တို့သည်။ သန္တိ = ရှိကုန်၏။

(င) ဘဂဝတော = မြတ်စွာဘုရား၏။ ဧသ-ဧသော သာဝကသံဃော = ဤလေးစုံရှစ်ပါး တပည့်သား သံဃာတော်မြတ်အပေါင်းသည်။ အာဟုနေယျော = လက်ဆောင်အလို့ငှာ ယူ၍လာသော အလှူဝတ္ထုမျိုးကို ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

(စ) ပါဟုနေယျော = အာဂန္တုအား ရည်၍ထားသော အလှူဝတ္ထုမျိုးကို ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

(ဆ) ဒက္ခိဏေယျော = နောက်နောက်ဘဝ အကျိုးရဖို့ ပျိုးချတုံလတ် မြင်သောအလှူဝတ္ထုမျိုးကို ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ် သမာဓိဂုဏ်၊ ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

(ဇ) အဉ္ဇလိကရဏီယော = လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ လက်အုပ်ချီခြင်းကို ခံယူထိုက်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။

(ဈ) လောကဿ = လူအပေါင်း၏။ အနုတ္တရံ = အတုမရှိ မြင့်မြတ်သော၊ ပုညက္ခေတ္တံ = ကုသိုလ်မျိုးကို စိုက်ပျိုးချရာ လယ်တာမြေကောင်း သဖွယ်လည်း ဖြစ်တော်မူ၏။

တံ = ထိုသုပ္ပဋိပန္နအစ ပုညက္ခေတ္တအဆုံး ဘဝဂ်ချွန်းမျှ ဘုန်းရှိန်ကြီးမား ဂုဏ်ကိုးပါးနှင့် ပြည့်စုံတော်မူသော သံဃာတော်မြတ်အပေါင်းကို။ အဟံ = ခန္ဓာအာယတန စာတ်စုမျှကို ကာယသမုတ် အကျွန်ုပ်သည်။ ဝန္ဒာမိ = သဒ္ဓါ ဓာတ်ဇော အာရုံပြော၍ မနောဝစီ ကာယညီလျက် ဦးချီလက်မိုး ကြာငုံဖြိုးသို့ ရှိခိုးပါ၏။

၉။ သံဃာဂုဏ်တော်ကိုးပါး အဓိပ္ပာယ်

**(က) သုပ္ပဋိပန္နဂုဏ်တော်** = အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် လွန်ကောင်းမြတ်သော ပဋိပတ်နှင့် ပြည့်စုံသော ဂုဏ်တော်။

**(ခ) ဥဇုပ္ပဋိပန္နဂုဏ်တော်** = အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် လွန်ဖြောင့်မတ်သော ပဋိပတ်နှင့် ပြည့်စုံသောဂုဏ်တော်။

**(ဂ) ဉာယပ္ပဋိပန္နဂုဏ်တော်** = အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် လွန်သင့်မြတ်သော ပဋိပတ်နှင့် ပြည့်စုံသောဂုဏ်တော်။

**(ဃ) သာမိစိပ္ပဋိပန္နဂုဏ်တော်** = အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် ရိုသေအပ်သော ပဋိပတ်နှင့် ပြည့်စုံသောဂုဏ်တော်။

**(င) အာဟုနေယျဂုဏ်တော်** = လက်ဆောင်အလို့ငှာ ယူ၍လာသော အလှူဝတ္ထုမျိုးကို ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်နှင့် ပြည့်စုံသော ဂုဏ်တော်။

**(စ) ပါဟုနေယျဂုဏ်တော်** = အာဂန္တုအား ရည်ရွယ်၍ထားသော အလှူဝတ္ထုမျိုးကို ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်နှင့် ပြည့်စုံသော ဂုဏ်တော်။

**(ဆ) ဒက္ခိဏေယျဂုဏ်တော်** = နောက်နောက်ဘဝ အကျိုးရဖို့ ပျိုးချတဲ့လတ် မြတ်သောအလှူမျိုးကို ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်နှင့် ပြည့်စုံသော ဂုဏ်တော်။

**(ဇ) အဉ္ဇလိကရဏီယဂုဏ်တော်** = လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ လက်အုပ်ချီခြင်းကို ခံယူခြင်းငှာ ထိုက်တန်စွာသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်နှင့် ပြည့်စုံသော ဂုဏ်တော်။

(ဈ) အနုတ္တရပုညက္ခေတ္တဂုဏ်တော် = အတုမရှိ မြင့်မြတ်သော ကုသိုလ်မျိုးကို စိုက်ပျိုးချရာ လယ်တာမြေကောင်းသဖွယ် ဖြစ်သောဂုဏ်တော်။

သံဃာဂုဏ်တော်ကိုးပါး ပြီး၏။

---

## ဆွမ်းတော်, ပန်းတော်, ရေတော်, ဆီမီးတော်ကပ် အမျှဝေ

၁။ ဆွမ်းတော်ကပ်နှင့် ဆုတောင်း

အရဟတာဒိ နဝဂုဏေဟိ၊ အရဟံ အစရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့်။ သမ္ပန္နာဂတံ၊ ပြည့်စုံတော်မူသော။ နာထံ၊ လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊ ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီတော်မြတ်အား။ ဝဏ္ဏဂန္ဓရသသမ္ပန္နံ၊ အဆင်း အနံ့ အရသာနှင့်ပြည့်စုံသော။ ဣမံ ပိဏ္ဍပါတ ခါဒနီယ ဘောဇနီယံ၊ ဤ ဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာကို။ သက္ကစ္စံ၊ ရိုရိုသေသေ။ ဒေမိ၊ နိဗ္ဗာန်ရည်မှန်းလှူဒါန်းပါ၏ အရှင်ဘုရား။ ပူဇေမိ၊ နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏ အရှင်ဘုရား။

ဆုတောင်းပါဠိ။ ။ ဣဒံမေ ပုညံ အာသဝက္ခယာဝဟံ ဟောတု။

အနက်။ ။ မေ၊တပည့်တော်၏။ ဣဒံ ပုညံ၊ ဤကောင်းမှုသည်။ အာသဝက္ခယာဝဟံ၊ အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို ကေန်ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

## ၂။ ပန်းတော်ကပ်နှင့် ဆုတောင်း

အရဟတာဒိ နဝဂုဏေဟိ၊ အရဟံ အစရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။ နာထံ၊ လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယာသာ၊ ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂ စေတီတော်မြတ်အား။ ဝဏ္ဏဂန္ဓသမ္ပန္နံ၊ အဆင်းအနံ့နှင့် ပြည့်စုံသော၊ ဣမံ ပုပ္ဖံ၊ ဤပန်းကို။ သက္ကစ္စံ၊ ရိုရိုသေသေ။ ဒေမိ၊ နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏ အရှင်ဘုရား။ ပူဇေမိ၊ နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏အရှင်ဘုရား။

**ဆုတောင်းပါဠိ။** ။ ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု။

**အနက်။** ။ (အထက်ပါအတိုင်း)

## ၃။ ရေတော်ကပ်နှင့် ဆုတောင်း

အရဟတာဒိ နဝဂုဏေဟိ၊ အရဟံ အစရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။ နာထံ၊ လူနတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော။ ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယာသာ၊ ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီတော်မြတ်အား။ သုဒ္ဓသီတလပသန္နံ၊သန့်ရှင်းအေးမြ ကြည်လင်လှသော။ ဣမံ ပါနီယပရိဘောဇနီယံ၊ ဤသောက်တော်ရေ သုံးဆောင်တော်ရေကို။ သက္ကစ္စံ၊ ရိုရိုသေသေ။ ဒေမိ၊ နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏ အရှင်ဘုရား။ ပူဇေမိ၊ နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏အရှင်ဘုရား။

**ဆုတောင်းပါဠိ။** ။ ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု။

**အနက်။** ။ (အထက်ပါအတိုင်း)

## ၄။ ဆီမီးတော်ကပ်နှင့် ဆုတောင်း

အရဟတာဒိ နဝဂုဏေဟိ၊ အရဟံ အစရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။ သဗ္ဗညုတာနာဝရဏဉာဏေဟိ၊ သဗ္ဗညုတဉာဏ် အနာဝရဏဉာဏ်တော်တို့ဖြင့်။ တိလောကေ၊ သုံးပါးသော

လောကဥ္စ။ အဝိဇ္ဇာအန္ဓကာရ၊ အဝိဇ္ဇာတည်းဟူသောအမိုက်မှောင်ကို။ ဝိဓမိတွာ၊ ပယ်ဖျောက်၍။ ဇလံ-ဇလန္တော၊ ထွန်းလင်းတောက်ပတော်မူစေနိုင်သော။ဗုဒ္ဓံ၊ သက်တော်ထင်ရှား သဗ္ဗညု မြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်မှတ်၍။ စေတိယဿ၊ ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂ စေတီတော်မြတ်အား။ ပဘာဝဏ္ဏေဟိ၊ အရောင်အဆင်းတို့ဖြင့်။ အန္ဓကာရံ၊ အမိုက်မှောင်ကို။ ဝိနာသကံ၊ ပယ်ဖျောက်တတ်သော။ ဣမံ ဒီပဇာလံ၊ ဤဆီမီးလျှံကို။ သက္ကစ္စံ၊ ရိုရိုသေသေ။ ဒေမိ၊ နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါ၏ အရှင်ဘုရား။ ပူဇေမိ၊ နိဗ္ဗာန်ကိုမျှော် ပူဇော်ပါ၏အရှင်ဘုရား။

ဆုတောင်းပါဠိ။ ။ ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု။

အနက်။ ။ (အထက်ပါအတိုင်း)

၅။ အမျှဝေ

ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ ပြင်းမိုရ်တောင်ဦး၊ မကကြူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ရငြားပါစေ၊ အမျှပေ၏။

မသွေနိစ္စ၊ ဤကာယကို၊ စောင့်ထပေတတ်၊ ကိုယ်စောင့်နတ်လည်း၊ ပလပ်စေရ၊ ပေးဝေငှ၏။

မိတ္တဆွေညာ၊ ဆရာသမား၊ ဘိုးဘွားက,စ၊ ယမရာဇာ၊ **ဒေဝါယက္ခ**၊ ဣန္ဒဘုမ္မာ၊ အာကာသနတ်၊အထူးမှတ်၍၊ မပြတ်ပုည၊ ကုသလကို၊ **ရကြ**ပါစေ၊ အမျှဝေ၏။

သဗ္ဗေသတ္တာ၊ သဗ္ဗပါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တာဝါသ၊ ဘုံကိုးဝနှင့်၊ ဝိညာဏဋ္ဌိတိ၊ တည်ရှိခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား၊ အမျှကုသိုလ်၊ ပေးဝေလို၏။

ထိုကုသလ၊ မြတ်ပုညကို၊ အမျှရကြသည်ဖြစ်စေသောဝ်၊ ဝသုန္ဓရေ၊ ဤမြေပံသု၊ သိလာထုလည်း၊ သက်သေအမှု တည်စေသောဝ်။

# သူတော်ကောင်းတို့ ကုသိုလ်ကောင်းမှု ပြုကျင့်ရာဖြစ်သော ပုညကြိယ ဝတ္ထု (၁၀)ပါး

| | | |
|---|---|---|
| ၁။ | ဒါန | = စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း။ |
| ၂။ | သီလ | = ကိုယ်ကျင့်သီလ ကောင်းအောင် စောင့်ထိန်းခြင်း။ |
| ၃။ | ဘာဝနာ | = ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်း။ |
| ၄။ | အပစာယန | = ရိုသေထိုက်သူတို့ကို ရိုသေခြင်း။ |
| ၅။ | ဝေယျာဝစ္စ | = သူတစ်ပါးကုသိုလ်ရေးတို့၌ ကူညီဆောင်ရွက်ခြင်း။ |
| ၆။ | ပတ္တိဒါန | = မိမိပြုလုပ်သောကုသိုလ်ကို သူတစ်ပါးအား အမျှပေးဝေခြင်း။ |
| ၇။ | ပတ္တာနုမောဒန | = သူတစ်ပါးပြုလုပ်သောကုသိုလ်ကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခြင်း။ |
| ၈။ | ဓမ္မဿဝန | = သူတော်ကောင်းတရား နာကြားခြင်း။ |
| ၉။ | ဓမ္မဒေသနာ | = လာဘ်ကို မငဲ့ကွက်ဘဲ သူတော်ကောင်းတရားဟောကြားခြင်း။ |
| ၁၀။ | ဒိဋ္ဌိဇုကမ္မ | = အယူကို ဖြောင့်မတ်မှန်ကန်စွာ ယူခြင်း။ |

# အလောင်းတော်တို့ ဖြည့်ကျင့်ဆည်းပူးအပ်သော ပါရမီ (၁၀)ပါး

| | | |
|---|---|---|
| ၁။ | ဒါနပါရမီ | = စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း။ (စည်းစိမ်ဥစ္စာ၊ ကိုယ်အင်္ဂါနှင့်အသက်ကို စွန့်လှူခြင်း) |
| ၂။ | သီလပါရမီ | = ကိုယ်ကျင့်သီလကောင်းအောင် စောင့်ထိန်းခြင်း။ |
| ၃။ | နေက္ခမ္မပါရမီ | = တောထွက်ခြင်း။ (မကောင်းမှုမှ ရှောင်ကြဉ်ခြင်း) |

| | | |
|---|---|---|
| ၄။ | ပညာပါရမီ | = ပညာဖြင့် အများအကျိုး သယ်ပိုးခြင်း။ (လောကီ လောကုတ္တရာ ပညာများကို သင်ကြား ပို့ချခြင်း) |
| ၅။ | ဝီရိယပါရမီ | = ကြိုးစားအားထုတ်ခြင်း။ |
| ၆။ | ခန္တီပါရမီ | = သည်းခံခြင်း။ |
| ၇။ | သစ္စာပါရမီ | = မှန်ကန်သောစကားကိုသာ ပြောဆိုခြင်း။ |
| ၈။ | အဓိဋ္ဌာနပါရမီ | = စိတ်ဓါတ်မြဲမြဲ ခိုင်ခန့်အောင် ဆောက်တည်ခြင်း။ |
| ၉။ | မေတ္တာပါရမီ | = မေတ္တာဓါတ် အပြည့်အဝထားခြင်း။ (သတ္တဝါအားလုံးတို့ကို ချမ်းသာစေချင်၊ ကောင်းစေချင်သောစိတ် အမြဲတည်ရှိခြင်း) |
| ၁၀။ | ဥပေက္ခာပါရမီ | = လျစ်လျူရှုခြင်း။ (ဘက်မလိုက်ဘဲ မျှတဖွာကျင့်သုံးခြင်း) (မိတ်ဆွေ, ရန်သူ နှစ်ဦးတို့အပေါ်၌ ချစ်စိတ် မုန်းစိတ် မရှိခြင်း) |

## မင်္ဂလသုတ် ပါဠိ အနက် အဓိပ္ပာယ် ကဗျာ

### ၁။ မင်္ဂလသုတ် ပါဠိ

(က) ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ၊
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။

(ခ) ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ၊
သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

(ဂ) ဧဝံ မေ သုတံ --
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။
အထ ခေါ အညတရာ ဒေဝတာ

အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ
ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ
ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ
ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊
ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ
ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

(ဃ) ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ၊
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။

(င) အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ၊
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ။

(စ) ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ၊
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။

(ဆ) ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော၊
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။

(ဇ) မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော၊
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။

(ဈ) ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော၊
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။

(ည) အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော၊
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။

(ဋ) ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတညုတာ၊
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလမုတ္တမံ။

(ဌ) ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ၊
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။

(ဍ) တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ၊
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။

(ပ) ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။

(ဆ) ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ၊
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။

၂။ မင်္ဂလသုတ် ပါဠိနှင့် အဓိပ္ပာယ် ကဗျာ

(က) ယံမင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။ (ပါဠိ)

နတ်နှင့်အတူ ခပ်သိမ်းလူတို့သည် ချမ်းသာစီးပွား ကြီးထွားခြင်း၏ အကြောင်းရင်းဖြစ်သော မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးကို တစ်ဆယ့်နှစ်နှစ် ပတ်လုံး ကြံစည်ကြကုန်၏။ ထိုသို့ကြံစည်ကြပါကုန်သော်လည်း မင်္ဂလာတရား မြတ်ကို မသိနိုင်ရှာကြကုန်။ (အဓိပ္ပာယ်)

(ခ) ဒေသိတံ ဒေဝ ဒေဝေန၊ သဗ္ဗပါပ ဝိနာသနံ၊
သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။ (ပါဠိ)

မြတ်စွာဘုရားသည် လောကလူသားတို့၏ အကျိုးစီးပွား အကျိုးငှာ မကောင်းမှုမှန်သမျှကို ပယ်ပျောက်တတ်သော မင်္ဂလာတရားတော်ကို ဟော ကြား တော်မူ၏။ အို – သူတော်ကောင်းတို့ ငါတို့သည် ထိုမင်္ဂလာတရားတော် ကို ရွတ်ဖတ်ကြကုန်စို့။ (အဓိပ္ပာယ်)

(ဂ) ဧဝံ မေသုတံ –
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။
အထ ခေါ အညတရာ ဒေဝတာ
အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ
ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ
ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ
ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊
ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ
ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။ (ပါဠိ)

အရှင်မဟာကဿပ တပည့်တော်အာနန္ဒာ ဤသို့နာယူ မှတ်သား ခဲ့ရပါသည် အရှင်ဘုရား၊ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနီး အနာထပိဏ်သဌေး၏ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော် မူပါသည်ဘုရား။ ထိုအခါ အလွန်လှပသော နတ်သားတစ်ယောက်သည် သန်းခေါင်ကျော်အချိန် ဇေတဝန်ကျောင်းတိုက် တစ်တိုက်လုံးကို အရောင်အဝါ လွှန်းပစေပြီး မြတ်စွာဘုရား သီတင်းသုံးတော်မူရာအရပ်သို့ ချဉ်းကပ် ပါသည်ဘုရား။ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားကို ရိုရိုသေသေ ရှိခိုး၍ အစွန်တစ်နေရာ၌ မတ်တတ်ရပ်ကာ နေပါသည်ဘုရား။ မတ်တတ် ရပ်လျက် နတ်သားက မြတ်စွာဘုရားကို ပါဠိဂါထာဖြင့် လျှောက်ထားပါသည် ဘုရား။ (အဓိပ္ပာယ်)

(ဃ) ဗဟူဒေဝါ မနုဿာစ၊ မင်္ဂလာနိ အစိန္တယုံ၊
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။ (ပါဠိ)

အရှင်မြတ်ဘုရား ရာပေါင်းများစွာသော နတ်လူတို့သည် စီးပွား ချမ်းသာခြင်း၏ အကြောင်းဖြစ်သော မင်္ဂလာတရားတော်ကို လိုလားတောင့်တ ကြသောကြောင့် မင်္ဂလာတရားတော်ကို ကြံစည်ကြပါကုန်သည်ဘုရား။ ထိုသို့ ကြံစည်ကြပါကုန်သော်လည်း မင်္ဂလာတရားတော်ကို မသိနိုင်ကြပါကုန်ဘုရား။ ထိုသို့ မသိနိုင်ကြပါသောကြောင့် ဘုန်းတော်ကြီးမား မြတ်ဘုရားက မင်္ဂလာ တရားတော်ကို ဟောကြားတော်မူပါဘုရား။ (အဓိပ္ပာယ်)

(င) အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ၊
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ။ (ပါဠိ)

(၁) မင်္ဂလာတရားသုံးပါးကား -
(ကက) အသေဝနာစ ဗာလာနံ = လူမိုက်ကို မပေါင်းသင်းရ၊
(ခခ) ပဏ္ဍိတာနဉ္စ သေဝနာ = ပညာရှိကို ပေါင်းသင်းရမည်၊

(ဂဂ) ပူဇာစ ပူဇနေယျာနံ = ပူဇော်ထိုက်သူကို ပူဇော်ရမည်။
(အဓိပ္ပာယ်)

(၂) မင်္ဂလာကဗျာ -

လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့၊ မမှီဝဲနှင့် ကင်းအောင်နေ၊
ပညာရှိကို အရှည်တွဲလို့၊ မှီဝဲဆည်းကပ် နည်းယူစေ၊
သုံးပါးရတနာ မိဘများနှင့်၊ ဆရာသမားကို ပူဇော်လေ၊
ချမ်းသာကိုပေး ဆက်ဆံရေး၊ မျှော်တွေးသုံးချက်ပေ၊
အဲဒါမှ၊ ဗုဒ္ဓဝါဒ၊ ကမ္ဘာ့မင်္ဂလာတွေ။

(စ) ပတိရူပ ဒေသဝါသောစ၊ ပုဗ္ဗေစ ကတပုညတာ၊
အတ္တသမ္မာပဏိဓိစ၊ ဧတံ မင်္ဂလ မုတ္တမံ။ (ပါဠိ)

(၁) မင်္ဂလာတရား သုံးပါးကား -

(ကက) ပတိရူပ ဒေသ ဝါသောစ = သင့်တင့် လျောက်ပတ် ကောင်းမြတ်သောအရပ်၌ နေရခြင်း၊

(ခခ) ပုဗ္ဗေစ ကတ ပုညတာ = ရှေးဘဝက ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှု ရှိခြင်း၊

(ဂဂ) အတ္တသမ္မာပဏိဓိ = အကျင့်သီလ မပျက်ရအောင် ကိုယ်စိတ်နှစ်ပါး ကောင်းစွာ ထားခြင်း၊

(၂) မင်္ဂလာကဗျာ -

ကုသိုလ်ပညာ-ဥစ္စာရဖို့၊ သင့်ရာဒေသ-အမြဲနေ၊
ရှေးကတင်ကြို-ပြုခဲ့ဖူးသည့်၊ ကောင်းမှုအထူး-ရှိပါစေ၊
မိမိကိုယ်ကို-ကောင်းအောင်ထိန်းလို့၊ မတိမ်းစေနဲ့-ဆောက်တည်လေ၊
ဥစ္စာကိုပေး-နေထိုင်ရေး၊ မျှော်တွေး သုံးချက်ပေ၊
အဲဒါမှ၊ ဗုဒ္ဓဝါဒ၊ ကမ္ဘာ့မင်္ဂလာတွေ။

(ဆ) ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယောစ သုသိက္ခိတော၊
သုဘာသိတာစ ယာ ဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ။ (ပါဠိ)

(၁) မင်္ဂလာတရား လေးပါးကား -
(ကက) ဗာဟုသစ္စဉ္စ = အကြားအမြင် ဗဟုသုတများခြင်း၊
(ခခ) သိပ္ပဉ္စ = အပြစ်ကင်းသော လက်မှုပညာတတ်ခြင်း၊
(ဂဂ) ဝိနယောစ = ကျင့်ဝတ် ဝိနည်းသင်ခြင်း၊
(ဃဃ) သုဘာသိတာစ = ချစ်ဖွယ် သာယာ ချိုသာစကား ပြော
ကြားခြင်း(အဓိပ္ပာယ်)

(၂) မင်္ဂလာကဗျာ -
တတ်ကောင်းတတ်ရာ–ဟူသမျှကို၊ ကြားမြင်သုတ–ရှိပါစေ၊
အိုးအိမ်တည်ထောင်–ဝမ်းစာရေး နဲ့၊ အသက်မွေးဖို့–အတတ်သင်လေ၊
လူနှင့်ဆိုင်ရာ–ကျင့်ဝတ်များကို၊ ကောင်းစွာသင်ကြား–နားလည်စေ၊
မှန်ကန်ယဉ်ကျေး–ချိုသာအေး–ဆိုရေးတတ်ပါစေ၊
အဲဒါမှ၊ ဗုဒ္ဓဝါဒ၊ ကမ္ဘာ့မင်္ဂလာတွေ။

(ဇ) မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော၊
အနာကုလာစ ကမ္မန္တာ၊ ဧတံမင်္ဂလ မုတ္တမံ။ (ပါဠိ)

(၁) မင်္ဂလာတရား သုံးပါးကား -
(ကက) မာတာပိတု ဥပဋ္ဌာနံ = အမိအဖကို လုပ်ကျွေးပြုစုခြင်း၊
(ခခ) ပုတ္တဒါရဿ သင်္ဂဟော = သားသမီး,ဇနီးမယားကို ချီးမြှင့်
ထောက်ပံ့ခြင်း၊
(ဂဂ) အနာကုလာစ ကမ္မန္တာ= ရှုပ်ထွေးခြင်းကင်းသော အလုပ်ကို
လုပ်ခြင်း။ (အဓိပ္ပာယ်)

(၂) မင်္ဂလာကဗျာ -

မြင်းမိုရ်ရွှေတောင်–မိဘကျေးကို၊ ကောင်းစွာဆပ်ပေး–ဝတ်ကျေကျေ၊
ကြွေးသစ်ချကာ–သားနှင့်မယား၊ မြှောက်စားချီးမြှင့်–ဝတ်ကုန်စေ၊
အလုပ်တာဝန်–မလစ်ဟင်းနဲ့၊ အပြစ်ကင်းအောင်–လုပ်ပါလေ
စည်းစိမ်ကိုပေး–ပြုစုရေး–မျှော်တွေးသုံးချက်ပေ၊
အဲဒါမှ၊ ဗုဒ္ဓဝါဒ၊ ကမ္ဘာ့မင်္ဂလာတွေ။

(ဈ) ဒါနဉ္စ ဓမ္မစရိယာစ၊ ဉာတကာနဉ္စ သင်္ဂဟော၊
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ။ (ပါဠိ)

(၁) မင်္ဂလာတရား လေးပါးကား -

(ကက) ဒါနဉ္စ = စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၊
(ခခ) ဓမ္မစရိယာစ = မိမိသန္တာန်၌ သုစရိုက် ဖြစ်အောင် ကျင့်ဆောင်ခြင်း၊
(ဂဂ) ဉာတကာနဉ္စ သင်္ဂဟော = ဆွေမျိုးများကို ပေးကမ်းချီးမြှင့် ထောက်ပံ့ခြင်း၊
(ဃဃ) အနဝဇ္ဇာနိ ကမ္မာနိ = အပြစ်မရှိသောအလုပ်တို့ကို ပြုလုပ်ခြင်း။ (အဓိပ္ပာယ်)

(၂) မင်္ဂလာ ကဗျာ -

သုံးတန်စေတနာ–ဖြူစင်လန်းလို့၊ ပေးကမ်း ဝေမျှ–လှူနိုင်စေ၊
ကိုယ်,နှုတ်,စိတ်ကြံ–မမိုက်မှားနဲ့၊ သုစရိုက်တရားကို–ကျင့်ပါလေ၊
ဆွေမျိုးတွေကို–ပြင်ပ မထားနဲ့၊ သင်္ဂဟတရားနဲ့–ချီးမြှောက်လေ၊
သန့်စင် ဖြစ်မျိုး–လူထုကျိုး၊ သယ်ပိုးရွက်ဆောင်စေ၊
အဲဒါမှ၊ ဗုဒ္ဓဝါဒ၊ ကမ္ဘာ့မင်္ဂလာတွေ။

(ည) အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာစ သံယမော၊
အပ္ပမာဒေါစ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။ (ပါဠိ)

(၁) မင်္ဂလာတရား သုံးပါးကား -

(ကက) အာရတီ ဝိရတီပါပါ = သက်သတ် ခိုးမှု ကာမေသုနှင့် မုသား ပြောကြား လေးပါးသော မကောင်းမှုမှ ကိုယ်နှုတ်နှလုံး သုံးပါးလုံးဖြင့် ရှောင်ကြဉ်ခြင်း။

(ခခ) မဇ္ဇပါနာစ သံယမော = မူးယစ်ဆေးဝါး သောက်စားခြင်းမှ စောင့်စည်းခြင်း၊

(ဂဂ) အပ္ပမာဒေါစ ဓမ္မေသု = သုစရိုက်ဆယ်ပါး ကုသိုလ်တရားတို့၌ မမေ့မလျော့ မပေါ့မဆခြင်း။ (အဓိပ္ပာယ်)

(၂) မင်္ဂလာကဗျာ -

မကောင်းမှုတွေ-ဟူသမျှကို၊ မတွေ့ခင်က-ရှောင်ကြဉ်လေ၊
တွေ့ကြုံလာလျှင်-မလွန်ကျူးနဲ့၊ အထူးသဖြင့်-စောင့်စည်းလေ၊
အရက်သေစာ-မသောက်စားနဲ့၊ မှောက်မှားတတ်တဲ့-အရာပေ၊
လုပ်ကိုင် ပြောကြား၊ သတိထား၊ တရား မမေ့စေ၊
အဲဒါမှ၊ ဗုဒ္ဓဝါဒ၊ ကမ္ဘာ့မင်္ဂလာတွေ။

(၃) ဂါရဝေါစ နိဝါတောစ၊ သန္တုဋ္ဌီစ ကတညုတာ၊
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလ မုတ္တမံ။ (ပါဠိ)

(၁) မင်္ဂလာတရား ငါးပါးကား -

(ကက) ဂါရဝေါစ = အသက်သိက္ခာ ဂုဏ်ဝါကြီးမား ပုဂ္ဂိုလ်များကို ရိုသေလေးစားခြင်း၊

(ခခ) နိဝါတောစ = ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးနှင့် ချိုကျိုးနွားလား ဒွန်းစဏ္ဍားပမာ မာန်မာနကို နှိမ့်ချခြင်း၊

(ဂဂ) သန္တုဋ္ဌီစ = ရသမျှဖြင့်သာ ရောင့်ရဲလွယ်ခြင်း၊

(ဃဃ) ကတညုတာ = ရှေးက ပြုဖူး သူ့ကျေးဇူးကို အထူးဆင်ခြင်သိမြင်ခြင်း၊

(ငင) ကာလေန ဓမ္မဿဝနံ = စိတ်ပျံ့လွင့်သော် သင့်လျော်သော အခါ၌ တရားနာခြင်း။ (အဓိပ္ပာယ်)

(၂) မင်္ဂလာ ကဗျာ -
အသက်ဂုဏ်ဝါ - ကိုယ့်ထက်ကြီးက၊ ဆည်းကပ်ခစား-ရှိသေလေ၊
မာနတံခွန် - ဂုဏ်မကြွနဲ့၊ ကိုယ့်ကိုနှိမ့်ချ-အမြဲနေ၊
လောဘအပို - လိုမလိုက်နဲ့၊ ကိုယ်ထိုက်တာနဲ့-ကျေနပ်လေ၊
ကိုယ့်ပေါ်ပြုဖူး - သူ့ကျေးဇူး-အထူးသိတတ်ပေ၊
ကောင်းမျိုးဆင့်ပွား - မြတ်တရား၊ နာကြား မပြတ်လေ၊
အဲဒါမှ၊ ဗုဒ္ဓဝါဒ၊ ကမ္ဘာ့မင်္ဂလာတွေ။

(၄) ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ၊
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလ မုတ္တမံ။ (ပါဠိ)

(၁) မင်္ဂလာတရား လေးပါးကား -
(ကက) ခန္တီ စ = မြေကြီးပမာ အရာရာ၌ သည်းခံခြင်း၊
(ခခ) သောဝစဿတာ = ဆုံးမခံယူလွယ်ကူသောသူ ဖြစ်ခြင်း၊
(ဂဂ) သမဏာနဉ္စ ဒဿန = ရဟန်းတော်တို့ကို ဖူးမြင်ရခြင်း၊
(ဃဃ) ကာလေန ဓမ္မသာကစ္ဆာ = သင့်လျော်ရာအခါ၌ ပညာရှိတို့နှင့် တရားဓမ္မ ဆွေးနွေးတိုင်ပင်ခြင်း။ (အဓိပ္ပာယ်)

(၂) မင်္ဂလာ ကဗျာ -
စားဝတ်နေထိုင် -ရန်ခပ်သိမ်း၊ စိတ်ကိုချုပ်ထိန်း-သည်းခံလေ၊
ကျိုးကြောင်း ပြသွန် - ဆုံးမစကားကို၊ ပြောကြားလာက-နာလွယ်စေ၊
သူမြတ်ပုဂ္ဂိုလ် - ဟူသမျှကို၊ မကြာခဏ-တွေ့ဆုံလေ၊
သဘာဝတွေး - မှန်ကန်ရေး၊ ဆွေးနွေး မပြတ်ပေ၊
အဲဒါမှ၊ ဗုဒ္ဓဝါဒ၊ ကမ္ဘာ့ မင်္ဂလာတွေ။

(၃) တပေါစ ဗြဟ္မစရိယဥ္စ၊ အရိယသစ္စာန ဒဿနံ၊
နိဗ္ဗာန သစ္ဆိကိရိယာစ၊ ဧတံ မင်္ဂလ မုတ္တမံ။ (ပါဠိ)

(၁) မင်္ဂလာတရား လေးပါးကား-
(ကက) တပေါစ = ကိလေသာ အပူကိန်း၍ ငြိမ်းအေးစေတတ်
အကျင့်မြတ်ကို ကျင့်ခြင်း၊
(ခခ) ဗြဟ္မစရိယဥ္စ = မေထုန်အမှု ရှောင်ကြဉ်ပြုလျက်
ကောင်းမြတ်သောအကျင့်ကို ကျင့်ခြင်း၊
(ဂဂ) အရိယသစ္စာန ဒဿနံ = သစ္စာလေးပါးတရားကို သိမြင်ခြင်း၊
(ဃဃ) နိဗ္ဗာန သစ္ဆိကိရိယာစ = အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်း။
(အဓိပ္ပာယ်)

(၂) မင်္ဂလာကဗျာ -
လောကီအာရုံ-ဓိမ်ယစ်မူးလို့၊ ပျော်မကြူးနဲ့-ခြိုးခြံလေ၊
မေတ္တာဗြဟ္မစိုရ်-လက်ကိုင်သုံးလို့၊ သူမြတ်ကျင့်ထုံး-ယွင်းမသွေ၊
လေးပါးသစ္စာ-ဉာဏ်မြင်ကြည့်လို့၊ အမှန်သိအောင်-ကြိုးစားလေ၊
ဒုက္ခလွတ်ကင်း- နိဗ္ဗာန်ချဉ်း၊ အလင်းပေါက်နိုင်စေ၊
အဲဒါမှ၊ ဗုဒ္ဓဝါဒ၊ ကမ္ဘာ မင်္ဂလာတွေ။

(ဃ) ဖုဋ္ဌဿ လောက ဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။ (ပါဠိ)

(၁) မင်္ဂလာတရား လေးပါးကား -
(ကက) စိတ္တံယဿနကမ္ပတိ = လာဘာလာဘ စသည်ရှစ်တန်
လောကဓံနှင့် တွေ့ကြုံသောသူ၏ စိတ်သည် ကိတ်ထိတ်မခုန်
မတုန်လှုပ်ခြင်း၊
(ခခ) အသောကံ = စိုးရိမ်ပူဆွေး ငိုကြွေးမှုမရှိခြင်း၊

(ဂဂ) ဝိရဇံ = ရာဂ,ဒေါသ,မောဟ မြူမှေး ညစ်အကြေး မရှိခြင်း၊
(ဃဃ) ခေမံ = ကြောက်လန့်ဖွယ်ရေး ဘေးမရှိခြင်း။(အဓိပ္ပာယ်)

(၂) မင်္ဂလာ ကဗျာ -
ဆင်းရဲ ချမ်းသာ-သဘာဝ၊ တွေ့ကြုံနေကျ-လူတိုင်းပေ၊
ကောင်းဆိုး နှစ်တန်- အစုံတွဲလို့၊ တလဲစီလှည့်-အမြဲနေ၊
လောကဓံကြုံ-မဖြုန်တမ်းပေါ့၊မတုန်စမ်းနဲ့-စိတ်ခိုင်စေ၊
သောကကိုထိန်း-ရမ္မက်သိမ်း၊ အေးငြိမ်းချမ်းသာနေ၊
အဲဒါမှ၊ ဗုဒ္ဓဝါဒ၊ ကမ္ဘာ့ မင်္ဂလာတွေ။

(ဏ) ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထမပရာဇိတာ၊
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံတေသံ မင်္ဂလ မုတ္တမံ။ (ပါဠိ)

(၁) သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်တို့ကို သင်အံကြည့်ရှု လေ့လာမှုဖြင့် ပြုကျင့်ရခြင်းကြောင့် ခန္ဓမာရ်၊ မစ္စုမာရ်၊ ကိလေသမာရ်၊ အဘိသင်္ခါရမာရ်၊ ဒေဝပုတ္တမာရ်တို့တွင် တစ်ပါးပါးသောမာရ်မျှသည်လည်း မအောင်မြင်နိုင်။ ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော လောကတို့၌ ဘေးရန်ကင်းဝေး အေးမြချမ်းသာခြင်းသို့ ရောက်နိုင်ကြကုန်၏။ ထို သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ တရားတော်သည် နတ်နှင့်အတူ ခပ်သိမ်းလူတို့အတွက် မြင့်မြတ်သော မင်္ဂလာတရားတော် မည်၏။ (အဓိပ္ပာယ်)

(၂) မင်္ဂလာကဗျာ -
သုံးဆယ့်ရှစ်ဖြာ-မင်္ဂလာကုံးကို၊ လိုက်နာကျင့်သုံး-ပန်သူတွေ၊
စီးပွားချမ်းသာ-ကျက်သရေတိုးလို့၊ ကောင်းကျိုးစည်ပွင့်-တဝေဝေ၊
ဘေးကင်းရန်ကွာ-ချစ်သူပေါလို့၊ စိတ်ရောကိုယ်ရော-ချမ်းသာမလေ၊
ပြောဆိုကြံဆ-ဆောင်သမျှ၊ အောင်ရမည်ကိန်းသေ၊
အဲဒါကြောင့်၊ ပန်ကြ,ဆင်ကြ၊ မင်္ဂလာ့ပန်းခိုင်တွေ။

# ပြည်ထောင်စု မြန်မာနိုင်ငံတော်
## နိုင်ငံတော် သံဃမဟာနာယက အဖွဲ့
### ဗုဒ္ဓဘာသာ ယဉ်ကျေးမှု စာမေးပွဲ သင်ခန်းစာ
### ဗုဒ္ဓဘာသာ မြန်မာစာဘာသာ
# ဗုဒ္ဓဘာသာ ကဗျာ စကားပြေ လက်ရွေးစင်

## ၁။ သုစိပုဘာ ဆုံးမစာလင်္ကာ

သုစိပုဘာ၊ ဝိလိသိမာ၊
အက္ခရာစွဲသုံး၊ ဤ ရှစ်လုံးကို၊
သီကုံး ပန်းသွင်၊ နေ့တိုင်း ဆင်လော့၊
စာသင်ပျိုနု၊ အခြေပြုတို့၊
ဥဇုဘူတ၊ လုံ့လ ပြင်းစွာ၊
သူထက်ငါဟု၊ နှုတ်မှာ ရွရွ၊
ကြိုးပမ်းကလျှင်၊ သိပ္ပကျေးဇူး၊
အထူးသိမြင်၊ ပညာရှင်ဟု၊
မထင်မပေါ်၊ မကျော်စောပဲ၊
တီမှာ လွဲအံ့၊ အရဲကြိုးကုတ်၊
ကြက်ရဲသုတ်သို့၊ အားထုတ်ခံ့မင်၊
မသင်မအံ၊ မကြံမမေး၊
ဆွေးနွေးရောနှော၊ ပြောဟောမဲ့ထွေ၊
ပေချပ်ရေဖြင့်၊ ကုန်စေဆန်းသာ၊
သင်ချေပါလည်း၊ ဘယ်မှာဂုဏ်ရှင်၊
ကျော်စောထင်ချိမ့်၊ စာသင်ဟူက၊
ကျမ်းထိုမျှကို၊ တွေ့က မရှောင်၊
ကြောင်ပုစွန်စား၊ ကျွတ်ကျွတ်ဝါးသို့၊

လွှသွားပမာ၊ ကျောက်ထက်စာသို့၊
လိုရာရအောင်၊ ကြံဆောင်လေ့ကျက်၊
အနက်မိပွာယ်၊ နှုတ်ဝယ်ရွရွ၊
ထားချေမှတည့်၊ တစပေါ်လျှင်၊
ချည်စင်င်သို့၊ သဘင်ပွဲမှောက်၊
ဆိုရေးရောက်က၊ လန့်ကြောက်မရှိ၊
သတိမြဲခိုင်၊ ကျောက်တိုင်ပမာ၊
ကေသရာသို့၊ ရွံ့ရှာမဲ့လျှင်း၊
ဆိုခင်းနည်းနာ၊ အဖြာဖြာကို၊
မကြာနှုတ်လျှောက်၊ ခန့်ချင့်ထောက်လော့၊
အံ့လောက်ဖွယ်သာ၊ ဂါထာပါဌ်သား၊
စကားဝိုက်လည်၊ စဉ်ရှည်ရေးတီး၊
စကားကြီးက၊ စသည်ထိုထို၊
ဝိဂြိုဟ်ဝစနတ်၊ ဓာတ်ရပစ္စည်း၊
ထုံးနည်းပမာ၊ ဂါထာဆန်းကိုဏ်း၊
ကရိုဏ်းဌာန်စစ်၊ ဖွင့်လှစ်ဋီကာ၊
အဋ္ဌကထာပါဠိ၊ အောက်ထက်ညှိ၍၊
ကဝိလက္ခဏာ၊ အဖြာဖြာကို၊
သေချာဆည်းဆ၊ ဆိုဝံ့ကလျှင်၊
ဘဝဤတွင်၊ ခမျက်မြင်လည်း၊
မထင်ဘယ်မှာ၊ ရှိဘိရာအံ့၊
သံသရာလည်း။ ပမာကဲလွန်၊
အဆုံးစွန်မူ၊ ညီမွန်တုလွတ်၊
သုံးလူ့နတ်ဝယ်၊ အကျွတ်ဘယ်မှာ ဝေးတော့မည်။

သု-သုဏေယျ = နားကြားရာ၏၊ စိ-စိန္တေယျ=ကြံစည်ရာ၏၊
ပု-ပုစ္ဆေယျ=မေးမြန်းရာ၏၊ ဘာ-ဘာသေယျ=ရွတ်ဖတ်ရာ၏၊

**ဝိ–ဝိစာရေယျ**=စိစစ်ရာ၏၊ **လိ–လိက္ခေယျ**=ရေးသားရာ၏၊
**သိ–သိက္ခေယျ**=သင်ကြားရာ၏၊ **ဓာ–ဓာရေယျ**=ဆောင်ရာ၏၊
**ဥဇုဘူတ**–ဖြောင့်မတ်စွာဖြစ်ခြင်း၊ **တိ**–အဘယ်၊ **ကေသရာ**–ခြင်္သေ့၊
ဝိဂြိုဟ်ဝစနတ်–ပုဒ်အနက်၊ ကရိဏ်း–ပီပီသသရွတ်ခြင်းအကြောင်း၊
ဌာန်=အသံ၏တည်ရာ၊ ဋီကာ=အဋ္ဌကထာ၏အဖွင့်၊
ပါဠိ=ဘုရားဟော တရားတော်များ၊ အဋ္ဌကထာ=ပါဠိတော်အဖွင့်၊
ကဝိလက္ခဏာ=ပညာရှိ အမှတ်အသား၊

သုစိပုဘာ ဆုံးမစာလင်္ကာ ပြီး၏။

---

## ၂။ လောကသာရပျို့ (ဆုံးမစာ) နိဒါန်း

တ,ကား,နော စောကဲမှတ်ဟူသော ရာဇဝင်လင်္ကာအရ ၇၂၉-ခုနှစ်တွင် အင်းဝနေပြည်တော်၌ မင်းဖြစ်သော မင်းကြီးစွာ စော်ကဲလက်ထက် ၎င်း၏ငယ်ဆရာ ပိဋကတ်ဗေဒင်တတ် ရှင်သူမြတ် ဘုန်းတော်ကြီးသည် အမျိုးလေးပါး မင်းပုဏ္ဏားတို့ ကျင့်ဆောင်စရာ လောကသာရ ဆုံးမစာကို မြန်မာသက္ကရာဇ် ၇၀၀-ခန့်က စီရင်ခဲ့သည်ဟု ဆိုပေသည်။ ဤလောကသာရပျို့ ဆုံးမစာသည် လူသိအများဆုံးနှင့် အဟောင်းဆုံးဖြစ်၍ သတ်ပုံကာရန် မှန်ကန်သဖြင့်လည်းကောင်း၊ ဆုံးမချက် ကောင်းမွန်သဖြင့်လည်းကောင်း ပညာရှိတို့ နှစ်သက်သောပျို့ ဆုံးမစာတစ်စောင် ဖြစ်သည်။

ဤဆုံးမစာတွင် (၁)ကာယဗလ=ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်းရေး၊ (၂) ဉာဏဗလ=ပညာတတ်မြောက်ရေး၊ (၃) ဘောဂဗလ=ဥစ္စာစည်းစိမ် ရရှိစေရေး၊ (၄) မိတ္တဗလ=မိတ်ဆွေခင်ပွန်းကောင်း ရရေး၊ (၅) စာရိတ္တဗလ= ကိုယ်ကျင့်တရား ကောင်းမွန်ရေးတို့ကို ညွှန်ပြဆုံးမထားရာ ခေတ်နှင့်လျော်ညီ၍ လူတိုင်း ကျင့်သုံးကြရန် သင့်ပေသည်။

လောကသာရ ဆုံးမစာတွင် (၁) အမျိုးလေးပါး ဆုံးမခန်း၊ (၂) မင်း ဆုံးမခန်း၊ (၃) ပုဏ္ဏားဆုံးမခန်း ဟူ၍ အခန်း(၃)ခန်း ပါရှိရာ အများနှင့် သင့်လျော်သော အမျိုးလေးပါး ဆုံးမခန်း ၂၂-ပိုဒ်ကို ဤ၌ဟွင်ဖော်ပြလိုက်ပါသည်။

## ၃။ လောကသာရပျို့ (အမျိုးလေးပါး ဆုံးမခန်း)

(က) ကြားပိမ့်သူမြတ်၊ အများမှတ်စိမ့်၊
ဟိတတ္ထိက၊ ဩဝါဒဖြင့်၊ ဆုံးမပေးထွေ၊
နားဝင်စေလော့၊ နေသို့ထင်ရှား၊ ဘုရား တရား သံဃာ၊
ရတနာထွတ်ထား၊ မြတ်သုံးပါးကို၊ ဦးဖျားထိပ်ထက်၊ အမြဲရွက်၍၊
စုံမက် သဒ္ဓါ ကြည်စေမင်း။
**ဟိတတ္ထိက** = အကျိုးရှိသော၊

(ခ) အသက်ရှည်စွာ၊ အနာမဲ့ကြောင်း၊ ကောင်းလှစေချင်၊ ပုံပြင်နိစ္စ၊
ကွပ်ဆုံးမသား၊ မိဘဆရာ၊ စကားနာ၍၊ ကျမ်းစာသိမြင်၊ တတ်အောင်
သင်လော့၊ ပေါ့လွင်မပြု၊ ကောင်းရာတုလျက်၊ ကောင်းမှု မြတ်နိုး၊
ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌ တည်စေမင်း။
**ပေါ့လွင်**=ပေါ့ပေါ့ဆဆ

(ဂ) လူကြီး မိဘ၊ ဆရာ စသား၊ စိုးရသခင်၊ ကျေးဇူးရှင်တို့၊ ပြစ်တင်
မောင်းမဲ၊ ရိုက်ပုတ်ဆဲလည်း၊ ဝမ်းထဲယုံ့ယုံ့၊ ယုန်လျှင်ကျုံ့သို့၊
ဆိုတုံ့ မဝံ့၊ စောင်မာန်ညွှံ့၍၊ ကြောက်ရွံ့ရိုသေ၊ သည်းခံထွေဖြင့်၊
ကောင်းတေ နလုံး ရှည်စေမင်း။
**ဆိုတုံ့**=ပြန်ပြောသည်။

(ဃ) ဆန္ဒ ဒေါသာ၊ ဘယာ မောဟ၊ အပါယ်ကျသား၊ ဓမ္မလေးမည်၊ ဂတိ
တည်၍၊ လူ့ပြည်နတ်ရွာ၊ ချမ်းသာကောင်းမွန်၊ စံစုန်ဆန်လျက်၊
နိဗ္ဗာန်ရောက်ကြောင်း၊ ကျင့်ကောင်းသီလ၊ လျှဒါနနှင့်၊ ပုည လယ်
မြေ၊ စိုက်ကြဲထွေဖြင့်၊ ပျိုးခြေအပင် စည်စေမင်း။
**ဆန္ဒ**=ဆန္ဒာဂတိ၊ ချစ်၍လမ်းမှားလိုက်ခြင်း၊
**ဒေါသ** = ဒေါသာဂတိ = မုန်း၍ လမ်းမှားလိုက်ခြင်း၊
**ဘယာ** = ဘယာဂတိ = ကြောက်၍ လမ်းမှားလိုက်ခြင်း၊ **မောဟ**=
**မောဟာဂတိ** = မိုက်မဲတွေဝေ၍ လမ်းမှားလိုက်ခြင်း၊ ပုည=ကောင်းမှု၊

(င) ကိုယ့်နှုတ်နှလုံး၊ စောင့်သုံးမြဲစွာ၊ သတ္တဝါကို၊ မေတ္တာသက်ပေ၊ စိတ်ဝေကြည်သန့်၊ သဘောမှန်သား၊ ပစ္စုပ္ပန် သံသရာ၊ ချမ်းသာစီးပွား နှစ်ပါးမြင်တတ်၊ သူတော်မြတ်ကို၊ မပြတ်ချစ်ခင်၊ မိတ်ကျွမ်းဝင်၍၊ မြဲပင်စင်းလျှင်း ပေါင်းယှဉ်မင်း။

(စ) ပညာမျက်စိ၊ မြင်မရှိ၍၊ မသိတရား၊ အယူမှားလျက်၊ စီးပွားမမြော်၊ ကျိုးမပေါ်သား၊ သူတော်မဟုတ်၊ ယုတ်သည် စရိုက်၊ လူသူမိုက်ကို၊ မကြိုက်မချစ်၊ ရန်သူစစ်သို့၊ မနှစ်သက်ဘဲ၊ ဝေးစွာရှဲ၍၊ အမြဲခွါရှင်း ဖဲကြဉ်မင်း။

(ဆ) ပါဏာတိပါတ်၊ မသတ်သူ့သက်၊ ခိုးဝှက်မမူ၊ မယူသေစာ၊ အိမ်ရာမမှား၊ မုသားမဆို၊ ကိုယ်ကို နှိမ့်ချ၊ စောင့်သီလနှင့်၊ ဒါနလှူဝတ်၊ ရက်မချွတ်လျှင်၊ မပြတ်ဆောက်တည်၊ ဆုကြီးရည်၍၊ မကြည်နိုက်ရန်၊ သူကျူးလွန်လည်း၊ မျက်မာန်မပြင်း သိမ်းလေမင်း။

(ဇ) မိခင် ဖခင်၊ ကျေးဇူးရှင်ကို၊ ချစ်ခင်မြတ်နိုး၊ ဂုဏ်ပုဒိုးသို့၊ ရှိခိုးဦးတင်၊ ကြည်လင်မြတ်လေး၊ သိမ်းမြန်းမွေး၍၊ လုပ်ကျွေးခယ၊ ရိုတုပ် ကွလျက်၊ ကြီးထသက်အို၊ မျိုးဆွေကိုလည်း၊ ကြည်ညိုညွတ်တိမ်း၊ ပိုက်ထုပ်သိမ်း၍၊ မယိမ်းစင်းလျှင်း ငြိမ်းစေမင်း။

(ဈ) ဧတဒိသာ၊ လေးမျက်နှာမှ၊ ရောက်လာအများ၊ ပုဏ္ဏား ရဟန်း၊ ဆွမ်း ပန်းချီဖိုးဖွဲ့၊ ရိက္ခာမဲ့ကို၊ ဆည်းခဲ့ဥစ္စာ၊ အိမ်လျှောင်ခါ၌၊ လွယ် ကာ ထားယူ၊ ထိုသသူကို၊ ကိုယ်တူ မှတ်သား၊ သနားဖြတ်လေး၊ ဝတ်စားပေး၍၊ ကျွေးမွေးထံရှင်း ငြိမ်းစေမင်း။

(ည) အနိစ္စနှင့်၊ ဒုက္ခအနတ္တား၊ သုံးပါးလက္ခဏာ၊ မချာအောက်မေ့၊ တစေ့စေ့လျှင်၊ အလေ့အထ၊ ကွပ်ဆုံးမ၍၊ ပဥ္စခန္ဓာ၊ ငါးဖြာ နာမ်ရုပ်၊ ဖြစ်ချုပ်ကြိမ်ဖန်၊ စက်အဟန်သို့၊ ဖန်တလဲလဲ၊ ဝဋ်ဆင်းရဲကို၊ ဝမ်းထဲသံဝေ၊ ထိတ်လန့်ထွေဖြင့်၊ ရှိုးရေသည်းတွင်း ကြိမ်းစေမင်း။
အနိစ္စ=မမြဲခြင်း၊ ဒုက္ခ=ဆင်းရဲခြင်း၊ အနတ္တ=အတ္တဟူသော မိမိ မဟုတ်ခြင်း၊ အစိုးမရခြင်း၊

(၄) လောဘ ဒေါသ၊ မောဟာသူပျက်၊ နေ့တိုင်းဖျက်၍၊ အမျက်သည်းလွန်၊ တဖျင်သန်လျက်၊ ပြေးလွန်ဖင်ဖင်၊ အာရုံမြင်က၊ ခင်ခင်မွတ်မွတ်၊ လိုက်လဲတတ်သား၊ ထူးပွတ်မဆိုင်း၊ စိတ်ဆင်ရိုင်းကို၊ ထုံးပိုင်းမချာ ယဉ်စိမ့်ငှာလျှင်၊ ပညာထိန်း၍ မိန်းစေမင်း။

**လောဘ**=လိုချင်မက်မောမှု၊ **ဒေါသ**=အမျက်ထွက်မှု၊ **မောဟ**=မသိမိုက်မှားမှု၊ **တဖျင်သန်**=အကြမ်းများစွာ အားကြီးခြင်း

**ဖင်ဖင်**=မက်မက်မောမော၊ **ထူးပွတ်**=ထူးခတ်၊

(၅) လယ်လုပ်ကုန်သွယ်၊ ကြွေးဆယ်မြီချ၊ တွက်ဆ စိပ်ပြား၊ အပွားအရင်း၊ လတွင်း တက်တိုး၊ ထမ်းပိုးနှစ်လည်၊ ချသည်မပြတ်၊ အိမ်ထောင်ဝတ်ဖြင့်၊ အမှတ်မြဲမြဲ၊ လုပ်ကြံကြိုးစား၊ ကွဲနွား ဆိတ်ဝက်၊ ဝမ်းဘဲငှက်နှင့်၊ ကြက်ကမကြွင်း၊ သိမ်းမွေးပြင်းလျက်၊ များခြင်းစုံစီ၊ ဖန်တီဝယ်ရောင်း၊ ထပ်ကာလောင်းလျက်၊ ပဲပြောင်း စပါး၊ ကျီပြည့်ထား၍၊ ခွက်ပြား ရွှေငွေ၊ ဆည်းပူးတွေပြင့်၊ မျိုးဆွေမှီတင်း ကြွယ်စေ မင်း။

**ဖန်တီ**=ကြံစည်လုပ်ကိုင်မှု၊ **ခွက်**=ရှေးက ငွေခွက်များကို သုံးသည်။

(၃) ထုံးတီးနည်းနာ၊ အဖြာဖြာ၌၊ ပညာရှာမှီး၊ မကြီးသက်ရွယ်၊ အငယ်သော်က၊ ကြိုး လုံ့လလျက်၊ တုပ်ကွ ပုဆစ်၊ ဆရာစစ်၌၊ ကြောက်ချစ် ရိုသေ၊ လုပ်ကျွေးထွေဖြင့်၊ စာပေတတ်ကြောင်း၊ တစ်ချောင်းချောင်းလျှင်၊ ခြိမ်းမောင်း သည်းခံ၊ ဆရာထံ၌၊ သင်အံ ကျက်လေ့၊ တစ်နေ့တပါး၊ မှတ်သားလေလေ၊ ဝမ်းထဲခွေ၌၊ အထွေ အထူး၊ ဂုဏ်ကျေးဇူးကို၊ ဆည်းပူးသန့်ရှင်း ကြွယ်စေမင်း။

**ထုံးတီး**=ရှေးဟောင်းသဘော

(ပ) ဘေးဘိုး စဉ်ဆက်၊ မပျက် သုံးစွဲ၊ ကျင့်မြဲ လေ့လာ၊ စာရိတ္တနှင့်၊ မိဘအလိုက်၊ စရိတ်ကျင့်ရိုး၊ အမျိုးနွယ်လျဉ်၊ စောင့်စည်း ကြဉ်၍၊ အယှဉ်အပေါင်း၊ ခင်ပွန်းကောင်းနှင့်၊ သူဟောင်းသက်ကြီး၊ ထုံးနည်းတီးကို၊ မငြီးမငွေ၊ မှတ်ကျက် လေ့လျက်၊ ချောသွေ့စကား၊ စပ်ကြားသူပျက်၊ ကုန်းတိုက် ဖျက်သည်၊ ရက်ရက်မယုံ လွယ်နှင့်မင်း။

စာရိတ္တ=အမူအကျင့်၊ အလေ့အလာ၊ စရိုတ်=အမူအကျင့်၊ ချောသွေ့=ချောပစ် ကုန်းတိုက်၊

(ဏ) သူတော်တကာ၊ တတ်စရာသား၊ အဌာရသ၊ သိပ္ပအပြား၊ အတတ်များကို၊ မှတ်သား သတိ၊ ပညာရှိတို့၊ တတ်သိအပ်စွ၊ ထိုသိပ္ပကို၊ နံ့မျှလုံးခြုံ မတတ်တုံလည်း၊ တစ်စုံတစ်ခု၊ တတ်အောင်ပြု၍၊ လူမှုအိမ်ထောင်၊ စီးပွားဆောင်လော့၊ ညဥ့်မှောင်မသိ၊ ကြက်မျက်စိသို့၊ မိမိ ကိုယ်ဘို့၊ အတတ်ချို့သော်၊ သူတို့ပြစ်တင်၊ ဆင်းရဲဖျင်အုံ့၊ ထင်ထင် မျက်မြော်၊ မကော်ရော်သည်၊ အိုသော် သူမရယ်စေနှင့်မင်း။ အဌာရသ=တစ်ဆယ့်ရှစ်ပါး (၁၈)

(တ) ဃရာဝါသ၊ သမ္မာဝဟု၊ ကိစ္စမြားမြောင်၊ လူ့တို့ဘောင်၌၊ အိမ်ထောင်သက်မွေး၊ ခြနှယ် မြေးသား၊ လူ့ရေးကျယ်စွာ၊ အဖြာဖြာကို၊ လိမ္မာအတတ်၊ ချားရဟတ်သို့၊ လှည့်ပတ်ပြီးမှ၊ ကြံတွက်ဆလျက်၊ လုံ့လပင်စည်၊ အရင်းတည်က၊ ခက်ရှည်ပညာ၊ ချမ်းသာအသီး၊ကြီးစရွှေရွှေ၊ အဓလေ့ဖြင့်၊ မဆုမကျန်၊ လူမှုပွန်လျက်၊ စောင်းမာန်မဲ့ဆုံး၊ တော်ဖြောင့်သုံး၍၊ နှလုံး သန့်စင်ကြယ်စေမင်း။

ဃရာဝါသ=အိမ်၌နေခြင်း၊ အိမ်ထောင်ပြုခြင်း၊ သမ္မာဓ=ကျဉ်းမြောင်းကြပ်တည်းခြင်း၊ အဓလေ့=ဖြစ်ရိုးဖြစ်စဉ်

(ထ) လေးကျွန်း ထိပ်ခေါင်၊ မြင်းမိုရ်တောင်နှင့်၊ ချိန်ဆောင်နှိုင်းလည်း၊ အတိုင်းမသိ၊ ကျေးဇူးရှိသည်၊ အမိကားတိုက်၊ သိုက်ကား မယား၊ သားကား နွယ်ဆက်၊ ခက်လက်မျိုးဆွေ၊ ကျွန်ခြွေရွေနှင့်၊ အုပ်တွေမကွဲ၊ လူ့ခပဲအား၊ ဆင်းရဲဖျောက်ပယ်၊ ချမ်းသာကယ်၍၊ လူဝယ်လူကောင်း၊ ဖြစ်တော်ရှောင်းဟု၊ လူပေါင်းပြောပ၊ ချီးမွမ်းရလျက်၊ ကြောင့်ကြဘေးဘျမ်း၊ ဖျောက်နိုင်စွမ်းသား၊ စိတ်ဝမ်း ဖြောင့်တန်း၊ ဆွေခင်ပွန်းကို၊ ချစ်ပန်း နံ့မပြယ်စေနှင့်မင်း။

တိုက်=မှီခိုရာတိုက်အိမ်၊ သိုက် = အသိုက်အအုံ၊ ဘေးဘျမ်း = ဘေးဘယာ၊ ကြောက်မက်ဖွယ်ရာ

(ဒ) စေ့မြေ့သိပ်သည်း၊ ရွှေရွှေဆည်းသား၊ စရည်းအိုးခွက်၊ ကြီးစွာ လျက်လျှင်၊ တံစက်ကျမျှား၊ ပြည့်သောလားသို့၊ ပျား၏နည်းထုံး၊ မှတ်ကျင့်သုံး၍၊ ခြခုံးတောင်ပို့၊ ဖို့သည့်ခြင်းရာ၊ လူလိမ္မာတို့၊ ဥစ္စာဆည်းထွေ၊ တတ်လှ စေလော့၊ ကြွက်သေတစ်ခု၊ အရင်းပြု၍၊ ကြွယ်မှုတတ်ဆုံး၊ သဌေးထုံးကို၊ နှလုံးမူလျက်၊ ကြံစည်နက်၍၊ သူ့ထက်လွန်ကဲ ကြွယ်စေမင်း။

**စရည်း**=အိုးကြီး၊ **ခြခုံး**=ခြတောင်

(ဓ) လုံ့လပညာ၊ လိမ္မာတတ်ကုံ၊ ဆင်စွယ်စုံသို့၊ ကိုယ်ယုံမြဲမြံ၊ ကောင်းအောင်သံသား၊လုပ်ကြံသေသတ်၊ယောက်ျားမြတ်တို့၊ မှတ်သည့် အတိုင်း၊ ပြည့်လှိုင်းချမ်းသာ၊ စီးပွားရာလော့၊ ပညာချို့တဲ့၊ လုံ့လမဲ့ဟု၊ ကဲ့ရဲ့သင်္ဂြိုဟ်၊ သူများဆိုလည်း၊ ကိုယ့်ကိုမချစ်၊ အကျင့်ညစ်သား၊ အပြစ်ဖွဲ့ဖို့၊ သူသွမ်းတို့ကား၊ မည်သို့မသိ၊ ပျင်းရိရိလျှင်၊ ရှိသည် ကိုယ်ဘို့၊ ကုသိုလ် ပို့က၊ ငါတို့နေရာ၊ စီးပွားလာအံ့၊ ကြမ္မာကိုချည်း၊ မှတ်ထင်ရည်းရှင့်၊ ကျင့်နည်းညံ့ဆုံး၊ သူပျက်ထုံးကို၊ နှလုံး မငြိတွယ် စေနှင့်မင်း။

**သံ**=ရည်မှန်း၊ **သင်္ဂြိုဟ်**=သင်္ဂဟသင်္ဂြိုဟ်မှာ ချီးမြှောက်မှုကို ဆိုသော် လည်း ကဲ့ရဲ့မှုနှင့်တွဲ၍ ဘမ်းစကားအနေဖြင့် မကောင်းဘက်၌သုံးသည်။

(န) ကြောင်းပါးခရီး၊ လမ်းအနီး၌၊ ပင်ထီးပညောင်၊မြစ်တစ်ထောင်နှင့်၊ မြားမြောင်ခက်လက်၊ ရွက်လည်းစိပ်စိပ်၊ စေ့စေ့သိပ်လျက်၊ ရိပ်လည်း မြိုင်မြိုင်၊ လေမနိုင်လျှင်၊ ပွတ်ခိုင်သီးမှည့်၊ အပြည့်ကျေးငှက်၊ စားလျက် သောင်းသဲ၊ မှီဝဲလူဗိုလ်၊ ရိပ်ခိုအများ၊ ခရီးသွားတို့၊ နေနားပျော်ရွှင်၊ ထိုသစ်ပင်ကား၊ ဝင်လာသသူ၊ ခပ်သိမ်းလူကို၊ ဆာပူငြိမ်းအောင်၊ စီးပွားဆောင်သို့၊ လူ့ဘောင်ကောင်းကြွယ်၊ လူကုံကယ်လည်း၊ ထိုနှယ်လည်းကောင်း၊ ဖြစ်တုံရှောင်း၍၊ မျိုးပေါင်း ဆွေဝါး၊ လူအများကို၊ သနားကြင်နာ၊ စီးပွားရှာ၍၊ မေတ္တာမကင်း၊ မစခြင်းဖြင့်။ ထံရင်းမှီကိုးကွယ်စေမင်း။

ကြောင်းပါး=လမ်းကြောင်းအနီး၊ ပဒေ့ာင်=ပြည်ဒေါ်ငဟုဖတ်၊ ဒေါ်ငပင်ကြီးမျိုး၊ ကုံကယ်=ပြည့်စုံသူ၊ ဆာပူ=ပူအိုက်ခြင်း၊

(ပ) ပျူပျူငှာငှာ၊ လူတကာကို၊ သာသာချိုချို၊ ချစ်ဖွယ်ဆို၍၊ စိုစိုပြည်ပြည်၊ ချစ်မှုနည်းနှင့်၊ လည်လည်ပတ်ပတ်၊ လောကဝတ်၌၊ ပြတ်ပြတ် သားသား၊ အပြားပြားလျှင်၊ မှုများခပ်သိမ်း၊ ဆောင်တိုင်းငြိမ်းလျက်၊ သူစိမ်းသူကျက်၊ ပေါင်းဖက်သရွေ့၊ မိဘတွေ့သို့၊ မွေ့မွေ့လျော့လျော့၊ ပျော်ပျော်ပါးပါး၊ နှုတ်ချိုပျူးနှင့်၊ ဝတ်စားပေးပုံ၊ ဖြည့်ဖြိုးနှံ့လျက်၊ အလွှံ့ကျွန်ကျေး၊ ဆွေသားမြေးကို။ ကျွေးမွေး မညှိုးငယ်စေမင်း။ လောကဝတ် = လောကွတ်၊ လူအချင်းချင်း ပြုရသောဝတ်၊ သူကျက် = ချစ်ကျွမ်းဝင်သူ

(ဖ) လောကသာရ၊ ကျမ်းအစ၌၊ ဆုံးမစကား၊ မျိုးလေးပါးတို့၊ မှတ်သား စိမ့်ငှာ၊ ပျို့လင်္ကာဖြင့်၊ နည်းနာထွေပြား၊ လုံးပေါင်းကြားသည်၊ တခြား ပထမပိုင်းတည်း။

လောကသာရပျို့ ပြီး၏။

## (၄) သိင်္ဂါလောဝါဒ ဆုံးမစာ နိဒါန်း

ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှား ရှိစဉ်က ရာဇဂြိုဟ်ပြည်တွင် သဌေးကြီး တစ်ဦး ရှိသည်။ သဌေးကြီးသည် မြတ်စွာဘုရားအား ကြည်ညိုကိုးကွယ်သူ ဖြစ်သော်လည်း သဌေးကြီး၏ တစ်ဦးတည်းသော သားဖြစ်သူ သိင်္ဂါလလုလင်ကား သာသနာတော်နှင့် မနီးစပ်ဘဲ ရှိနေလေရာ တစ်နေ့တွင် သဌေးကြီးသည် သားဖြစ်သူအား ဤသို့မှာကြားလေသည်။ "ချစ်သား သိင်္ဂါလ ငါတို့မိဘများ မရှိသည့်အခါတွင် ချစ်သားသည် ရှေ့နောက်တောင်မြောက် အထက်အောက်ဟူသော အရပ်ခြောက်မျက်နှာကို ရှိခိုးပါလော"ဟု မှာကြားခဲ့လေသည်။ ထို့နောက် မကြာမီ သဌေးကြီးနှင့် သဌေးကြီးကတော်များ ကွယ်လွန်သွားကြလေသည်။ ထိုအခါ သားဖြစ်သူ သိင်္ဂါလလုလင်သည် ကွယ်လွန်သူ မိဘများ၏ အမှာစကားကို လိုက်နာရမည့် ထုံးတမ်းစဉ်လာအတိုင်း မြို့အပြင်ရှိရေကန်တွင် ရေချိုး၍ ကန်ဘောင်ပေါ်၌ အရပ်ခြောက်မျက်နှာကို ရှိခိုးနေလေသည်။ ထိုအချိန်တွင် မြတ်စွာဘုရားသည် သံဃာတော်များနှင့် ဆွမ်းခံကြွလာကာ သိင်္ဂါလလုလင်အနီးသို့ ရောက်တော်မူလာ၍ သိင်္ဂါလ၏ အပြုအမူကို မြင်သည်နှင့် မည်သည့်အမှုကို ပြုပါသနည်းဟု မေးတော်မူ၏။ လုလင်က ဖခင်မှာကြားခဲ့သည့်အတိုင်း အရပ် ခြောက်မျက်နှာကို ရှိခိုးပါသည်ဟု လျှောက်သော် မြတ်စွာဘုရားက "အို ဒါယကာ ငါဘုရားသာသနာ၌ ရှိခိုးအပ်သော အရပ်ခြောက်မျက်နှာဟူသည်ကား ဤရှေ့နောက်တောင်မြောက် အထက်အောက်ဟူသော အရပ်ခြောက်မျက်နှာ မဟုတ်ပေ"ဟု မိန့်တော်မူကာ သိင်္ဂါလ သတို့သားကို အကြောင်းပြု၍ ဤ သိင်္ဂါလောဝါဒသုတ်ကို ဟောတော် မူလေသည်။

ယင်းသိင်္ဂါလသုတ်ခေါ် သိင်္ဂါလောပါဒသုတ်ကား သုတ်သုံးကျမ်း ပါဠိတော်တွင် ပါထိကဝဂ်၌ ပါရှိ၍ အရပ်ခြောက်မျက်နှာ ဥပမာပြုအပ်သော မိဘ၊ ဆရာသမား စသည်များနှင့် ရှိခိုးခြင်းနှင့်တူစွာ ကျင့်သုံးစရာ ဝတ်

တရားများကို ဟောတော်မူထားလေသည်။ ထို့ပြင် ထိုသုတ်တွင်ပင် လူတို့ ကျင့်စရာ ဥစ္စာပျက်ကြောင်း အပေါင်းအသင်း စသည့် ကျင့်စဉ်များလည်း ပါရှိပေသည်။

ဖော်ပြပါ ကျင့်ဝတ်တရား ကျင့်စဉ်များကို ရတနာပုံ မြို့တည်နန်းတည် မင်းတရားကြီးလက်ထက် သာသနာပြု သင်္ဂဇာဆရာတော်ဘုရားကြီးက လွယ်ကူစွာ ကျက်မှတ်နိုင်ရန် ဆောင်ပုဒ်လင်္ကာကလေးများ ရေးသားထားခဲ့ရာ ယင်းကို သိင်္ဂါလောဝါဒဆုံးမစာ ဟူသောအမည်ဖြင့် ဗုဒ္ဓဘာသာများ လက်သုံးပြုကာ ကျက်မှတ်လေ့လာ၍ နေကြလေသည်။ ထို့ပြင် ဥစ္စာပျက်ကြောင်း စသော ကျက်မှတ်ကျင့်ဆောင်စရာများကိုလည်း စတုတ္ထအင်းဝ မြို့တည်မင်း လက်ထက် နာမည်ကျော်ဆရာတော် ဦးဗုဓ်က ဂိဟိဝိနယ ဆုံးမစာဟူသော အမည်ဖြင့် ဆောင်ပုဒ်လင်္ကာများ ပြုစုထားခဲ့သည်။ ထို သိင်္ဂါလောဝါဒ ဆောင်ပုဒ်များနှင့် ဆရာတော်ဦးဗုဓ်၏ ဂိဟိဝိနယဆုံးမစာ ဆောင်ပုဒ်များကို ဤတွင် ထုတ်နုတ် ဖော်ပြလိုက်ပါသည်။

## ၅။ သိင်္ဂါလောဝါဒ ဆုံးမစာ

တစ်လောကလုံး၊ ညွတ်ရုံးဦးချ၊ နိုင်းမမျှသား၊ ဘုရားရှေ့စကာ်၊ ရောင်ပြိုးပြက်ကို၊ ဦးထက်တင်ထား၊ ရှိညွတ်တွား၍၊ သားနှင့်မိဘ၊ တပည့်စသည်၊ ပြုရအံ့ဝတ်၊ ချွတ်မှု ပါယ်ရှာ၊ လားမည့်တာကြောင့်၊ သုတ်ပါထေယျ၊ ကျမ်း၌ ပြသည်၊ လောကကျင့်ရာ၊ အကျဉ်းမှာပိမ့်၊ နတ်ရွာဖို့လုံးလုံး ကျင့်၍သုံး။

(က) သားသမီးကျင့်ဝတ် ငါးပါး
ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ် သားတို့တာ။

(ခ) မိဘကျင့်ဝတ် ငါးပါး
မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

(ဂ) တပည့်ကျင့်ဝတ် ငါးပါး
ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်ထွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ။

(ဃ) ဆရာကျင့်ဝတ် ငါးပါး
အတတ်လည်း သင်၊ ပုံပြင် ဆုံးမ၊ သိပ္ပ မချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ။

(င) လင်ကျင့်ဝတ် ငါးပါး
မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ။

(ဃ) မယားကျင့်ဝတ် ငါးပါး

အိမ်ကြင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိတ္တာကြည်ရောင်၊ လျော်အောင်ဖြန့်ချို၊ ပျင်းရိမှုဝတ်ငါးဆူ၊ အိမ်သူ ကျင့်အပ်စွာ။

(ဆ) မိတ်ဆွေကျင့်ဝတ် ငါးပါး

ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးတွေ၊ ကျင့်လေ မိတ်သဟာ။

(ဇ) သခင်ကျင့်ဝတ် ငါးပါး

ဝဇ္ဇာကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုစေ၊ ၄ဝေရတာ၊ အခါကိုလွှတ်၊ အရှင်ဝတ်၊ မချွတ် ငါးခုဟာ။

(ဈ) ကျွန်ကျင့်ဝတ် ငါးပါး

အိပ်နောက်နောက်ကျ၊ ထစောစောကား ရှေး၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက် ကျွန်ကျင့်ရာ။

(ည) ဒါယကာကျင့်ဝတ် ငါးပါး

မေတ္တာစိတ်သက်၊ ဆွမ်းရက်နှုတ်ကြွင်း၊ ခင်မင်နှုတ်၊ လိုလျှင်ဖိတ်ကား၊ ကပ်အားလှူစေ၊ ဝတ်ငါးတွေ၊ ပြုလေဒါယကာ။

(ဋ) ရဟန်းကျင့်ဝတ် ငါးပါး

မကောင်းမြစ်တား ကောင်းရာညွှန်လမ်း၊ အသစ်ပေးကျူး၊
နာဖူးကပ်မဲ နှစ်ခါ ကောင်းကျ၊ မေတ္တာလည်းပြု၊ ရဟန်းမှု ခြောက်ခု
[illegible]
ကျမ်းသိဂါထာ၊ လှူဒါန်းပြီး သုံးမြွက်ဆရာ။
ကျင့်ဝတ်မပြို ပါပ်လေးကော့၊ ငါးလေးလေရှည် မြင့်ကြ။
ဤသည်ဝတ်ကုန် သခွမ်းနှံ ခြောက်ဘုံထက်နက်ရှာ။

လှည်းဘီးပြင်က၊ နွားစောင့်ချသို့၊ မိဘနှင့်သား၊ မယားနှင့်လင်၊ အရှင်နှင့်ကျွန်၊ ထေရ်မွန်ဒကာ၊ မိတ်သဟာနှင့်၊ ဆရာတပည့်၊ တည့်တည့်မချော်၊ ကျင့်ဝတ်စုံလင်၊ ဖြူသန့်စင်မှု၊ ရှင်လည်းမကွေ၊ သေလည်းမကွာ၊ နတ်ရွာလူ့ပြည်၊ လှည့်လည်အတူ၊ စံစားမူ၍၊ နိဗ္ဗူရွှေပြည်၊ ဝင်အံ့သည်တည့်၊ မတည် ကျင့်ဝတ်၊ ချွတ်သူတို့မှာ၊ မလွတ်သာသည်၊ ယေးရှာဖို့လုံးလုံး လူဖြစ်ရှုံး။

## သိင်္ဂါလောဝါဒ ဆုံးမစာ ပြီး၏။

--------

## ၆။ ဝိပတ်ဝိနယ ဆုံးမစာ

### (က) ဥစ္စာပျက်ကြောင်း ခြောက်ပါး

သေစာသောက်စား၊ လမ်းသွားခါမဲ့၊ ရှုငဲ့သဘင်၊ ပျော်ရွှင် အန်လောင်း၊ မကောင်းမိတ်ဖွဲ့ပျင်း၊ ပျင်းရိခြင်းကား၊ ယိုယွင်းဥစ္စာ ပျက်ကြောင်းတည်း။

### (ခ) သေရက်သောက်ခြင်း အပြစ်ခြောက်ပါး

ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှား၊ ဤခြောက်ပါးကား၊ သောက်စားသေစာ အပြစ်တည်း။

### (ဂ) အခါမဲ့ သွားလာခြင်း အပြစ်ခြောက်ပါး

ကိုယ်•••မယား၊ တခြားဥစ္စာ၊ လုံရာမဲ့ရှောင်း၊ မကောင်းအရာ၊ ရှုံ့ရှာ ဆဲအပ်၊ ယိုးစွပ်ရောက်မှု၊ ဆင်းရဲစု၊ ခြောက်ခုခါမဲ့ သွားပြစ်တည်း။

(ဃ) သဘင်ပွဲလမ်း အပြစ်ခြောက်ပါး
ကခြင်းတလီ၊ သီခြင်းတသီး၊ မှုတ်တီးတသင်း၊ ပြိန်ဖျင်းတအုပ်၊ လက်ခုပ်ဘတည်၊ အိုးစည်တဖြာ၊ ရှိရာရှာ၍၊ ဥစ္စာပျက်မှု၊ ဤခြောက်ခုကား၊ ကြည့်ရှုသဘင် အပြစ်တည်း။

(င) လောင်းကစားသူ အပြစ်ခြောက်ပါး
အောင်သူ ရန်ပွား၊ ရှုံးသားစိုးရိမ်၊ စည်းစိမ်လျော့ပါး၊ တရားသဘင်၊ မဝင်သက်သေ၊ မိတ်ဆွေနှိမ့်ဆို၊ မလိုထိမ်းမြား၊ ဤခြောက်ပါးကား၊ ပျော်ပါး ကြွေအန် အပြစ်တည်း။

(စ) မိတ်ဆွေပျက် ခြောက်ပါး
ကြွေအန်ကြူးထ၊ မိန်းမကြူးထွေ၊ သေစာကြူးမှု၊ အတုပြုငြား၊ လှည့်စားတဘောက်၊ မျက်မှောက်လှည့်ချက်၊ နိုင်ထက်လုယူ၊ ဤသူခြောက်ပါး၊ မိတ်ဖြစ်လားကြောင့်၊ ပျက်ပြားမိတ်ဆွေ အပြစ်တည်း။

(ဆ) ပျင်းရိခြင်း အပြစ်ခြောက်ပါး
အချမ်းပြင်းဝှန်၊ အလွန်ပူနိုး၊ မိုးချုပ်လှမော၊ စောလှလွန်းရောင်၊ ဆာလောင် ပြင်းပြ၊ ဝမ်းဝလွန်းထွေ၊ နေကပညာ၊ မပွားရာသည်၊ ခြောက်ဖြာ ပျင်းသူအပြစ်တည်း။

(ဇ) အကြီးအကဲကျင့်ဝတ် ခြောက်ပါး
ထကြွ,နိုးကြား၊ သနား,သည်းခံ၊ ဝေဖန်,ကြည့်ရှု၊ ဤခြောက်ခုကား၊ ကြီးသူ့ ကျင့်ရာတရားတည်း။

(ဈ) ကိုယ်ကျိုးသာငဲ့သော အဆွေခင်ပွန်းတု လေးယောက်
လက်ချည်းလာ၍၊ ဥစ္စာဆောင်သယ်၊ နည်းငယ်ဖြင့်သာ၊ များစွာလိုရှိ၊

ဘေးထိရောက်ခါ၊ ပြုလာတုံဘိ၊ မိမိကျိုးငှာ၊ မိုလာပေါင်းယှဉ်၊ လေးယောက် စဉ်ကား၊ အညဒတ္ထုဟရတည်း။

(ည) **နှုတ်ဖြင့်သာ ဟန်ဆောင်သော အဆွေခင်ပွန်းတု လေးယောက်**
ရှေးဖြစ်စေ့စပ်၊ တထပ်နောက်မှီး၊ ချည်းစည်းသင်္ဂြိုဟ်၊ ပေးလိုစဟန်၊ ပစ္စုပ္ပန်မူ၊ ပြည့်နှင့်ပျက်ပြား၊ ဤလေးပါးကား၊ မှတ်သား ဝစီပရမတည်း။

(ဋ) **ချစ်ဖွယ်ကိုသာ ဆိုတတ်သော အဆွေခင်ပွန်းတု လေးယောက်**
မကောင်းခွင့်ပြု၊ ကောင်းမှုကိုလျှင်၊ ဆင်ခြင်မရှု၊ ခွင့်ပြုသည်ပင်၊ ရှေ့တွင် ချီးမွမ်း၊ ဖုံးလွှမ်းကွယ်လျှင်၊ ကဲ့ရဲ့ချင်သည်၊ လေးအင် ဗိယဘာဏီတည်း။

(ဌ) **ပျက်စီးလွယ်သော လူလေးယောက်**
သောက်ထုတ်သေရက်၊ ညဥ့်နက်လမ်းသွား၊ ရှုစားသဘင်၊ ပျော်ရွှင်အန်စာ၊ လေးရပ်မှာပင်၊ တကွထင်သည်၊ လေးအင် ပါယသဟဲတည်း။

(ဍ) **ကျေးဇူးရှက်ဆောင်သော အဆွေခင်ပွန်းစစ် လေးယောက်**
မေ့လျော့စောင့်လာ၊ ဥစ္စာစောင့်ရှောက်၊ ဘေးရောက်ကိုးကွယ်၊ ပြုဖွယ်ရှိက၊ နှစ်ဆဥစ္စာ၊ ချေးပေးလာသည်၊ လေးဖြာ ဥပကာရတည်း။

(ဎ) **ဆင်းရဲမကွာ ချမ်းသာမပစ်သော အဆွေခင်ပွန်းစစ် လေးယောက်**
လျှို့ဝှက်စကား၊ ကြားစေတုံလျက်၊ သူ့လျှို့ဝှက်၍၊ ဘေးတွေ့မစွန့်၊ မငွေ့နွံ့တိုပါ၊ သူ့ကိုညှာလျက်၊ ကိုယ့်သက်စွန့်မြောက်၊ ဤ လေးယောက်ကား၊ မှုလောက်ချမ်းသာ ဆင်းရဲတည်း။

(ဏ) **အကျိုးစီးပွားကို ပြောကြားတတ်သော အဆွေခင်ပွန်းစစ် လေးယောက်**
မကောင်းမြစ်ထာ၊ ကောင်းရာသွင်းထား၊ မကြားစတောင်း၊

အကြောင်းကြားလာ၊ နတ်ရွာလမ်းပြ၊ ဤလေးဝကား၊ မည်ရ အတ္တကျွာယီတည်း။

(တ) အစဉ်သနားတတ်သော အဆွေခင်ပွန်းစစ် လေးယောက်
ဥစ္စာခမ်းနား၊ မပွားသမြို့၊ မနစ်လိုငြား၊ ပွားကရှင်မြူး၊ ကျေးဇူးမဲ့ကို၊ ဆိုသော်တားမြစ်၊ ကျေးဇူးဖြစ်ကို၊ ဆိုသော်ချီးမွမ်း၊ သူတို့တမ်းကား၊ မိတ်ကျွမ်း ဖနကာမှတည်း။

(ထ) အလေးအမြတ်ပြုအပ်သော အရပ်ခြောက်မျက်နှာ
အရှေ့မိဘ၊ တောင်မှဆရာ၊ နောက်မှာ မယား၊ မြောက်ကားမိတ်ဆွေ၊ အောက်ခြေကျွန်များ၊ အထက်ဖျားကား၊ ပုဏ္ဏားရဟန်း ခြောက်ရပ်တည်း။

(ဒ) အလောင်းလျာတို့ အလိုတော်ခြောက်ပါး
လောဘ,ဒေါသ၊ မောဟကင်းလို၊ တောနိတဖြာ၊ ဆိတ်ရာငြိမ်သက်၊ ဝဋ်မှထွက်၊ ခြောက်ချက်လောင်းလျာ လိုတော်တည်း။

(ဓ) မပြတ်ဆင်ခြင်ရာသော တရားငါးပါး
အိုခြင်းတဖြာ၊ နာခြင်းတထွေ၊ သေခြင်းတခြား၊ ကွဲပြားတတန်၊ ကံလျှင်ဥစ္စာ၊ ဤငါးဖြာကို၊ မကွာနေ့ည၊ ဉာဏ်သက်ဝင်၍ ဆင်ခြင်ကြ။

(န) အကျိုးဆောင်သောတရား တစ်ပါး
သေခြင်းတစ်ပါး၊ ဤတရားကား၊ စီးပွားများမြောင်၊ အကျိုးဆောင်သည်၊ အိုအောင် အောက်မေ့စီးဖြန်းကြ။

ဂိဟိဝိနယ ဆုံးခေ ပြီး၏။

# (၇) လောကနီတိ သံပေါက်ကဗျာနှင့်အဓိပ္ပာယ်နိဒါန်း

၁၃၅၄–ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော်(၃)ရက် ၁၉၉၂–ခုနှစ် နိုဝင်ဘာလ(၁၂)ရက်နေ့တွင် ကျင်းပသော တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇–ပါးစုံညီ နဝမအစည်းအဝေးက လက်ရှိဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်ခန်းစာကို ခေတ်စနစ်နှင့်အညီ ရေးဆွဲတင်ပြနိုင်ရန် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်ခန်းစာ ပြင်ဆင်ရေးဆွဲရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပါသည်။ ယင်းကော်မတီက မူရင်းသင်ခန်းစာပါ လောကနီတိ ပါဠိအနက်ကို ဖြုတ်၍ ဓမ္မနီတိ အချိုးကဗျာကို အစားထိုး ပြင်ဆင်ရေးဆွဲပြီး ၁၃၅၄–ခုနှစ်၊တပေါင်း လဆန်း(၇)ရက်နေ့ ၁၉၉၃–ခုနှစ်၊ ဖေဖော်ဝါရီလ(၂၇)ရက်နေ့တွင် ကျင်းပသော တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇–ပါးစုံညီ ဒသမ အစည်းအဝေးသို့တင်ပြခဲ့ရာ အစည်းအဝေးက ကလေးသူငယ်များ သင်ကြား ရခက်သော ဓမ္မနီတိအချိုးအစား လောကနီတိကိုပင် ကလေးသူငယ် များ နှုတ်ငုံဆောင်လွယ်သော သံပေါက်ကဗျာဖြင့် ပြဋ္ဌာန်းရန် ဆုံးဖြတ် ညွှန်ကြား ခဲ့ပါသည်။

ယင်းဆုံးဖြတ် ညွှန်ကြားချက်နှင့်အညီ ၁၃၅၄–ခုနှစ်၊ တပေါင်းလဆန်း ၁၁–ရက်၊ (၁၉၉၃–ခုနှစ်၊ မတ်လ ၃ရက်)နေ့တွင် ကျင်းပသော တတိယ အကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးသို့ ဆက်လက်တင်ပြခဲ့ရာ အစည်းအဝေးက အတည်ပြုခဲ့ပါသည်။ သို့ဖြစ်သော ကြောင့် ၁၃၂၉–ခုနှစ်(၁၉၆၇)ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့သော ဆရာကြီး မင်းကြည်မွန်၏ လောကနီတိနိဿယနှင့်စကားပြေကျမ်း စာအုပ်ပါ လောက နီတိ သံပေါက်ကဗျာနှင့်အဓိပ္ပာယ်ကို ဤတွင် ဖော်ပြလိုက်ပါသည်။ အထူးမှာ သင်ခန်းစာဟောင်းတွင် လောကနီတိမှ ပဏ္ဍိတကဏ္ဍ၊ သုဇန ကဏ္ဍ၊ ဗာလဒုဇ္ဇနကဏ္ဍ ဟူ၍ သုံးကဏ္ဍမျှကိုသာ ဖော်ပြထားသော်လည်း ကျက်မှတ်ရ လွယ်သော သံပေါက်ကဗျာဖြစ်သောကြောင့်လည်းကောင်း၊ ကလေး သူငယ်များ အသိအလိမ္မာ ပညာတိုးပွားရန် ရည်သန်သောကြောင့် လည်းကောင်း ဤ၌ လောကနီတိကဏ္ဍအားလုံးကို ထည့်သွင်း ဖော်ပြလိုက်ပါသည်။

# (၉) လောကနီတိ သံပေါက်ကဗျာနှင့် အဓိပ္ပာယ်

## (က) ပဏာမနှင့် ပယောဇဉ်

ပဥ္စဂုဏံ သောအဟံ ပုဗ္ဗ နမာမိ၊
ပုညတေဇံ ပဏာမံ ဘယံ နဿတိ၊
ဣမံဂန္ထံ နိယာမံ လိက္ခံ ကရောမိ၊
ဖတ်ရှုသူမှန်၊ များသုတံ၊ ဉာဏံ ဝဍ္ဍတိ၊
အရဆောင်ရန်၊ ကဝိကြန်၊ ဗန္ဓ လိက္ခာမိ။

အကျွန်ုပ်သည် အနန္တော အနန္တ ငါးပါးကို ရှေးဦးစွာ ရှိခိုးပါ၏။ ရှိခိုးခြင်း၏ အာနုဘော်ကြောင့် ဘေးမျိုးရန်စွယ် အန္တရာယ်အဝဝတို့မှ ကင်းလွတ်ရပါစေသတည်း။ ဤသို့ ရတနာသုံးပါး မိဘ, ဆရာသမား ဟူသော အနန္တငါးပါးကို ရှိခိုးပြီး၍ ယခုအခါ၌ နီတိနိယံမည်သော ဤကျမ်းကို ရေးပေအံ့။ ကျွန်ုပ်ရေးပေသော ဤကျမ်းကို ကြည့်ရှု ဖတ်ပြုသူများသည် အကြားအမြင် သုတများခြင်း၊ ဉာဏ်ပညာပွားခြင်း အကျိုးတရားကို ရကြကုန်လိမ့်လတ္တံ့။ ၎င်းပြင် အရဆောင်နိုင်စေခြင်းအကျိုးငှာ ပညာရှိတို့၏ကြန်အင်လက္ခဏာ အမှုအရာဖြစ်သော အဖွဲ့ဗန္ဓဖြင့် ရေးပေအံ့သတည်း။

## (ခ) ပဏ္ဍိတ ကဏ္ဍ

(၁) နီတိခေါ်ကြ၊ ဤကျမ်းလှသည်၊ လောကတခွင်၊ အကျိုးထွင်၊ ဂုဏ်အင် ဒို့ယောက်ျား၊
အနှစ်သာရ၊ မိဘ,ဆရာ၊ ဆွေသဟာ၊ မည်ရာမြဲမှတ်သား၊
နီတိတတ်သူ၊ ဉာဏ်ကြီးဟူ၊ နည်းတူ သုတပွား။

သာရ = အနှစ်။ သုတ = အကြားအမြင်။

အဓိပ္ပာယ်။ ။ အကျိုးကျေးဇူးမှာ နီတိကျမ်းသည် လောက၌ ယောက်ျား၏ အနှစ်လည်း မည်၏။ မိဘလည်းမည်၏။ ဆရာလည်း မည်၏။ အဆွေခင်ပွန်းလည်း မည်၏။ ထို့ကြောင့် နီတိကျမ်းကို တတ်သောယောကျ်ားသည်

ဥာဏ်ကြီး၍ အကြားအမြင်များမည်။
(ကျမ်း၌ ယောကျာ်းဟု ဆိုထားသော်လည်း ယေဘုယျပဓာနပါကဋ္ဌအားဖြင့် ဆိုသည်။ ထို့ကြောင့် မိန်းမများလည်း အကျုံးဝင်သည်။)

(၂) ဤလူ့ငပျင်း၊ အတတ်ပင်း၊ ဝေးကင်းဘယ်မှာရှိ၊
အတတ်ကင်းကွာ၊ ထိုသူမှာ၊ ဥစ္စာ ဘယ်မှာရှိ၊
ဥစ္စာကင်းပါး၊ ထိုသူအား၊ မိတ်များ ဘယ်မှာရှိ၊
မိတ်ဆွေကင်းပြန်၊ ယင်းသူမှန်၊ သုခံ ဘယ်မှာရှိ၊
ချမ်းသာသုခ၊ ကင်းတုံက၊ ပုညတီမှာရှိ၊
ကောင်းမှုကင်းဝေး၊ နိဗ္ဗုအေး၊ ခက်သေး လမ်းမရှိ။

**မိတ်** = မိတ္တ = မိတ်ဆွေ။ **သုခံ** = ချမ်းသာခြင်း။ **ပုည** = ကောင်းမှု ကုသိုလ်။
**တီမှာ** = ဘယ်မှာ။ **နိဗ္ဗု** = နိဗ္ဗာန်။
**အဓိပ္ပာယ်**။ ။ ပျင်းသောသူအား အတတ်မရှိ။ အတတ်မရှိသူအား ဥစ္စာမရှိ။ ဥစ္စာမရှိသူအား မိတ်ဆွေမရှိ။ မိတ်ဆွေမရှိသူအား ချမ်းသာခြင်းမရှိ။ ချမ်းသာခြင်း မရှိသူအား ကောင်းမှုမပြုနိုင်။ ကောင်းမှုမပြုနိုင်သူအား နိဗ္ဗာန်ကိုမရနိုင်။

(၃) အတတ်နှင့်တူ၊ ဥစ္စာဟူ၊ မှန်မူ မရှိခဲ့၊
အတတ်ကိုကား၊ ခိုးသူများ၊ ခိုးငြားမနိုင်ခဲ့၊
မျက်မှောက်ဘဝ၊ ယင်းသိပ္ပ၊ မိတ္တမည်သတဲ့၊
ပရလောကေ၊ မြတ်သုခေ၊ ဆောင်ပေတတ်သတဲ့။

**မျက်မှောက်** = ပစ္စုပ္ပန်။ **သိပ္ပ** = အတတ်။ **ပရလောကေ** = နောင်တမလွန် လောက၌။
**အဓိပ္ပာယ်**။ ။ အတတ်နှင့်တူသော ဥစ္စာသည် မရှိ။ အတတ်ကို ခိုးသူကို့ မခိုးနိုင်။ ယင်းအတတ်သည် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ဘဝ၌ အဆွေခင်ပွန်းဖြစ်၍ တမလွန်လောက၌ ချမ်းသာကို ဆောင်တတ်၏။

(၄) ပညာသုတ၊ အပွက၊ နည်းလှမထင်ရာ၊
ရသမျှနည်း၊ စိတ်၌ချည်း၊ သိမှီးထားကြပါ၊
တောင်ပို့၌ရေ၊ ကျဖန်ရှေ၊ ပြည့်လေကဲ့ပမာ။

အပွက = နည်းခြင်း။

အဓိပ္ပာယ်။ ။ အကြားအမြင်ပညာကို နည်း၏ဟု မအောက်မေ့ကြရာ။ ရသမျှ မြင်သမျှကို စိတ်၌ မှတ်ထားကြရာ၏။ တောင်ပို့၌ ရေပေါက်သည် ကျဖန်များလျှင် ပြည့်သကဲ့သို့ မိမိ၌ ပညာသည်လည်း မှတ်ဖန်များလျှင် ပြည့်ရမည်။

(၅) နှုတ်လက်ပညာ၊ ဤနှစ်ဖြာ၊ ငယ်စွာမမှတ်သင့်၊
ကုန်စင်တတ်ပြု၊ နှုတ်လက်မှု၊ တစ်ခုဖြစ်ပေမင့်၊
အသက်မွေးကြောင်း၊ တစ်ခုကောင်း၊ နှစ်ထောင်းဖြစ်မည်ရှင့်။

အဓိပ္ပာယ်။ ။ နှုတ်မှုပညာ လက်မှုပညာကို ငယ်၏ဟု မအောက်မေ့ မမှတ်ထင်ကြရာ၊ ကုန်စင်အောင်တတ်မှု တစ်ခုသော အတတ်သည်လည်း အသက်မွေးကြောင်း ဖြစ်သည်သာ။

(၆) တောင်ဟူသရွေ့၊ မဏိတေ့၊ ကင်းပေ့ မရှိပြန်၊
ဆင်ဟိုင်း၌ပေ၊ အမြုတေ၊ မနေရှိးအမှန်၊
တောဟူသမျှ၊ စန္ဒန၊ ဟုတ်ပ မပေါက်တန်၊
အရပ်တိုင်းမှီ၊ ပညာရှိ၊ ကင်းဘိမြဲဧကန်။

မဏိ = ပတ္တမြား။ စန္ဒန = စန္ဒကူး။ အမြုတေ = ဆင်၌ဖြစ်သောပုလဲ။

အဓိပ္ပာယ်။ ။ တောင်ဟူသမျှ၌ ပတ္တမြားမရှိ။ ဆင်ဟူသမျှ၌ အမြုတေမရှိ။ တောဟူသမျှ၌ စန္ဒကူးမရှိ၊ အရပ်တိုင်း အရပ်တိုင်း၌ ပညာရှိသုခမိန် မရှိ။

(၇) သုတပြည့်ဝ၊ ပဏ္ဍိတ၊ ရှိက ထိုဌာနေ၊
သုတလိုလား၊ မျိုးကောင်းသား၊ ကယ်ကြားခဲ့မသွေ၊
သည်းစွာမဟုသ်၊ နောက်မဆုတ်၊ ကြိုးကုတ်သွားသင့်ပေ။

**ပဏ္ဍိတ** = ပညာရှိ။ **ဠာန** = အရပ်။ **မဟုသ်** = မဟုဿာဟ = သည်းစွာသော ယုံ့လ။

**အဓိပ္ပာယ်။** ။ သုတနှင့် ပြည့်စုံသော ပညာရှိသည် အကြင်အရပ်၌ ရှိ၏ဟု အကယ်၍ကြားလျှင် ထိုအရပ်သို့ သူတရာသော အမျိုးကောင်းသားသည် သည်းစွာ အားထုတ်၍ သွားရမည်။

(၈) အတေ်သင်ရာ၊ ဥစ္စာရှာ၊ တဖြာတောင်တက်ခြင်း၊
အမျက်တဖုံ၊ ကာမဂုဏ်၊ ပေါင်းတုံ ဤငါးစင်း၊
တဖြည်းဖြည်းသာ၊ လိုရှိခါ၊ ပြုရာမှတ်ကြမင်း။

**အဓိပ္ပာယ်။** ။ အတတ်ကို ဖြည်းဖြည်း သင်ရာ၏။ ဥစ္စာကို ဖြည်းဖြည်း ရှာရာ၏။ တောင်ကိုတက်သောသူသည် ဖြည်းဖြည်း တက်ရာ၏။ ကာမဂုဏ်ကို ဖြည်းဖြည်း အလိုရှိရာ၏။ ဤငါးပါးတို့ကို တဖြည်းဖြည်း တစ,တစ,သာ အလိုရှိရမည်။

(၉) ကြား,မြင် ဓမ္မသတ်၊ သချာတတ်၊ ကျမ်းမြွတ်နီတိနှော၊
လက်သမားပါ၊ ဗျာကရဏာ၊ ကဗျာ,လက်ပစ်ရော၊
လေး,ပေါရဏ၊ ဆေးသိပ္ပ၊ ဟာသ,ဗေဒင်ဟော၊
ဆန်း,မျက်လှည့်ဉာဏ်၊ သံတမန်၊ မန္တန်,သဒ္ဒါချော၊
ယောကျ်ားအတတ်၊ ဆယ့်ရှစ်ရပ်၊ မြဲမှတ် သိစေသော။

**ဗျာကရဏာ** = ဗျာကရိုဏ်းကျမ်း။ **ပေါရဏ** = စကားဟောင်း။

**အဓိပ္ပာယ်။** ။ အကြားအမြင် အတတ်၊ ဓမ္မသတ် အတတ်၊ ဂဏန်းသင်္ချာ အတတ်၊ တစည်း စူးဆောက်စသော လက်သမားအတတ်၊ နီတိကျမ်းအတတ်၊ ယာယီယတြာစသော ဗျာကရိုဏ်းအတတ်၊ စောင်းညှင်းစသော ကဗျာလင်္ကာ အတတ်၊ လက်ပစ်အတတ်၊ ဒူးလေး လင်းလေးအတတ်၊ စကားဟောင်းအတတ်၊ ဆေးအတတ်၊ ရယ်ရွှင်မှု ဟာသအတတ်၊ ဗေဒင်အတတ်၊ ဆန်းကျမ်းအတတ်၊ လှည့်ပတ်တတ်သော မျက်လှည့်အတတ်၊ သံတမန်အတတ်၊ မန္တန်အတတ်၊ သဒ္ဒါကျမ်းအတတ် ဤသည်တို့ကား အတတ် ဆယ့်ရှစ်ရပ် ဖြစ်သည်။

(၁၀) ပဏ္ဍိတ်သဘော၊ အပုဋ္ဌော၊ မပြောစည်သဖွယ်၊
သူမေးပြန်မူ၊ လွယ်ကူကူ၊ နည်းတူ မိုးကြီးနှယ်၊
ဗာလာမှန်ရေး၊ မေးမမေး၊ ရောထွေးစကားကြွယ်။

ပဏ္ဍိတ် = ပညာရှိ။ အပုဋ္ဌော = မမေးဘဲ။ ဗာလ = သူမိုက်။

အဓိပ္ပာယ်။ ။ လောက၌ ပညာရှိမည်သည် သူမမေးမူ စည်ကြီးသဖွယ် ဖြစ်၏။ သူမေးလာမူ မိုးကြီးသဖွယ်ဖြစ်၏။ သူမိုက်သည်ကား မေးသော်ရှိ မမေးသော်ရှိ အခါခပ်သိမ်း များစွာ ပြောဟောတတ်၏။

(၁၁) ပေစာအုပ်မှ၊ ထိုသိပ္ပ၊ သိပ္ပ မှန်မမည်၊
သူ၏လက်မှာ၊ ရှိဥစ္စာ၊ ဥစ္စာမှန်မမည်၊
ပြုဖွယ်ကိစ္စ၊ ရှိတုံက၊ မရရှိးအတည်။

အဓိပ္ပာယ်။ ။ ပေစာအုပ်တို့၌ရှိသော အတတ်၊ သူတစ်ပါးလက်တို့၌ရှိသော ဥစ္စာသည် ပြုဖွယ်ကိစ္စ ရှိသောအခါ မရနိုင်သောကြောင့် အတတ်မမည်။ ဥစ္စာမမည်။ မိမိဝမ်း၌ရှိသော အတတ်သည်သာ အတတ်မည်၍ မိမိလက်၌ ရှိသော ဥစ္စာသည်သာ ဥစ္စာမည်၏။

(၁၂) ရေတိမ်နက်စဉ်၊ ကြာကိုပင်၊ တွေ့မြင်သိအပ်လှ၊
အမျိုးမြတ်ယုတ်၊ ကိုယ်နှင့်နှုတ်၊ ပြုလုပ်အမူပြ၊
ပညာဗျတ္တိ၊ ရှိမရှိ၊ ကြားသိစကားမှ၊
မြေ၏ပြစ်ကျိုး၊ ညှိုးမညှိုး၊ မြက်မျိုးမြင်သိကြ။

အဓိပ္ပာယ်။ ။ လောက၌ ရေတိမ်ရေနက်ကို ကြာကိုမြင်သဖြင့် သိရမည်။ အမျိုးယုတ်မြတ်ကိုကား ကိုယ်အမူရာ နှုတ်အမူရာ (ထိုသူ၏အကျင့်)အားဖြင့် သိရမည်။ ပညာရှိ မရှိကိုကား ဆိုသောစကားဖြင့် သိရမည်။ မြေကောင်း မကောင်းကိုကား မြက်ညှိုး,မညှိုးကို မြင်သဖြင့် သိရမည်။

(၁၃) သုတနည်းပါး၊ ပုဂ္ဂိုလ်များ၊ ရှိငြားသုတကို၊
အများဟုမှတ်၊ မာန်တက်တတ်၊ ဟုတ်ဟတ်အထင်မို၊

အဏ္ဏဝါထူး၊ မမြင်ဖူး၊ တွင်းကူးဖားငယ်လို။

**အဓိပ္ပာယ်။** ။ လောက၌ နည်းသောသုတ ရှိသောသူသည် အနည်းငယ်သော သုတကို အများအောက်မေ့လျက် မာန်တက်တတ်၏။ ဥပမာကား သမုဒ္ဒရာ ရေကို မမြင်ဖူးသော ဖားသူငယ်သည် တွင်း၌ရေကို အများထင်သကဲ့သို့ ထင်တတ်၏။

(၁၄) ပဌမရွယ်၊ အတတ်ပြယ်၊ ဒု-ရွယ်ဥစ္စာညှိ၊
တ-ရွယ်မူကား၊ မြတ်တရား၊ ကင်းပါးမရအံ့၊
စတုတ္ထမူ၊ အသို့ဟူ၊ ထိုသူပြုလတ္တံ့။

**အဓိပ္ပာယ်။** ။ လောက၌ အကြင်သူသည် ပဌမအရွယ်၌ အတတ်ပညာ၊ ဒုတိယအရွယ်၌ ဥစ္စာ၊ တတိယအရွယ်၌ တရားကို မရအံ့။ ထိုသူသည် စတုတ္ထအရွယ်၌မူကား အသို့မူစအံ့နည်း။ ဘာကိုမျှ မရနိုင်ပြီ။

(၁၅) အိုလူငယ်များ၊ တပည့်သား၊ ကြိုးစားပညာသင်၊
အဘယ့်ကြောင့်မူ၊ အပျင်းထူ၊ လျစ်လျူနေလို့ချင်၊
ပညာကိုသာ၊ သင်ကြပါ၊ မကွာမြဲနေ့စဉ်၊
ပညာမဲ့ခမ်း၊ သူ့ဝန်ထမ်း၊ ပင်ပန်းဖြစ်မည်ပင်၊
ပညာရှိအား၊ လူအများ၊ ညွတ်တွားပူဇော်တင်။

**အဓိပ္ပာယ်။** ။ အိုလူငယ်များ တပည့်သားတို့၊ အတတ်ပညာကို ကြိုးစား၍ သင်ကြ ကုန်လော့။ အဘယ့်ကြောင့် ပျင်းရိကြကုန်သနည်း။ နေ့စဉ် နေ့တိုင်း ပညာသင်ကြ ကုန်လော့။ ပညာမရှိသောသူသည် သူ၏ဝန်ထမ်း ဖြစ်တတ်၏။ ပညာရှိသောသူကို သူတစ်ပါးတို့ ပူဇော်အပ်၏။

(၁၆) ပညာမပြ၊ မိနင့်ဖ၊ သားလှရန်သူတည်း၊
ပညာမဲ့သား၊ သဘင်ကြား၊ ဘာများပြုမည်နည်း၊
ဟင်္သာအလယ်၊ ဥဗျိုင်းနယ်၊ မဖွယ်၏သို့တည်း။

**၏သို့** = ကဲ့သို့။

အဓိပ္ပာယ်။ ။ သားအား ပညာမသင်ပေးသောမိဘသည် သား၏ရန်သူ မည်၏။ ပညာမတတ်သောသားသည်လည်း ဟင်္သာအလယ်၌ ဗျိုင်းကဲ့သို့ သဘင်အလယ်၌ မတင့်တယ်။

(၁၇) ချောက်ကြားဆူးလေး၊ မည်သူသွေး၊ မသွေးပင်ကိုယ်ထက်၊
သမင်မျက်စဉ်း၊ ခပ်သူကင်း၊ ပင်ရင်းကြည်ပလျက်၊
ညွှံတွင်းကြာနံ့၊ မည်သူသန့်၊ သင်းပျံ့ နဂိုထွက်၊
အမျိုးကောင်းသား၊ သဘောထား၊ ဖြစ်ငြားနည်းတူမြွက်။

အဓိပ္ပာယ်။ ။ တောင်ချောက်ကြား၌ ရောက်သောဆူးသည် မည်သူမျှ ချွန်၍ ထက်သည်မဟုတ်၊ အလိုလိုသာ ထက်၏။ သမင်တို့၏မျက်စိသည် မည်သူမျှ မျက်စဉ်းခပ်၍ ကြည်သည်မဟုတ်၊ အလိုလိုသာ ကြည်၏။ ညွှံ၌ ကြာသည် မည်သူမျှချေ၍ အနံ့ကောင်းသည်မဟုတ်၊ အလိုလိုသာ အနံ့ ကောင်း၏။ အမျိုးကောင်းသားတို့၏ သဘောသည်လည်း မည်သူမျှပြု၍ ဖြစ်သည်မဟုတ်၊ အလိုလိုသာ ဖြစ်၏။

(၁၈) ထုံးမဲ့ကွမ်းယာ၊ ဆားမပါ၊ ဟင်းလျာစားဖွယ်မျိုး၊
ဉစ္စာမဲ့ကင်း၊ တန်ဆာလင်း၊ ဆင်ခြင်း တစ်ပါးတိုး၊
အတတ်ချို့ငဲ့၊ ပို့တေးဘွဲ့၊ ဖွဲ့နွဲ့ကဗျာချိုး၊
ဤလေးမျိုးမှာ၊ အရသာ၊ မှန်စွာမရှိရိုး။

အဓိပ္ပာယ်။ ။ ထုံးမရှိသောကွမ်း၊ ဆားမပါသောဟင်း၊ ဉစ္စာမရှိသောသူ၏ တန်ဆာဆင်ခြင်း၊ အတတ်မရှိသောသူ၏ ပို့ကဗျာဖွဲ့ခြင်း၊ ဤလေးမျိုးကား အရသာမရှိ။

(၁၉) နာမှတ်ခြင်းတွင်၊ အားထုတ်လျှင်၊ ကြားမြင်သုတပြည့်၊
သုတဖြင့်ကား၊ မှန်ပင်ပွား၊ ကျိုးများသိမည်တည့်၊
သိသည့်အကျိုး၊ ချမ်းသာမျိုး၊ သည်ပိုးတတ်သည်ချည့်။

အဓိပ္ပာယ်။ ။ နာမှတ်ခြင်းတွင် ကောင်းစွာအားထုတ်သောသူသည် သုတနှင့်

ပြည့်စုံ၏။ သုတပညာဖြင့်ပွား၏။ သုတပညာဖြင့် အနက်အကျိုးကို သိ၏။ သိအပ်သော အနက်အကျိုးသည် ချမ်းသာကို ဆောင်တတ်၏။

(၂၀) မေထုန်,အိပ်,စား၊ နွားယောကျ်ား၊ သုံးပါးရှိခြင်းတူ၊
ယောကျ်ားတို့မှာ၊ နွားထက်သာ၊ ပညာအတတ်ဟူ၊
ပညာယုတ်ငြား၊ လူ့ငနွား၊ မခြားပမာတူ။

**အဓိပ္ပာယ်။** ။ လောက၌ မေထုန်မှီဝဲခြင်း,အိပ်ခြင်း,စားခြင်း သုံးမျိုးကား နွား၌လည်း ရှိ၏။ ယောကျ်ား၌လည်းရှိ၏။ အတတ်ပညာသည်သာ ယောကျ်ား၏ အထူးဖြစ်၏။ ပညာမှ ယုတ်မူကား နွားနှင့်တူတော့၏။

(၂၁) အတတ်တူညွန်း၊ ဆွေခင်ပွန်း၊ ဖြစ်ထွန်းမရှိခဲ့၊
အနာနှင့်တူ၊ ထိုရန်သူ၊ မှန်မူမရှိခဲ့၊
ကိုယ်နှင့်တူစွာ၊ ချစ်သူဟာ၊ မြေမှာ မရှိခဲ့၊
ကံနှင့်တူလှ၊ အားဗလ၊ ကင်းပမရှိခဲ့။

**အဓိပ္ပာယ်။** ။ လောက၌ အတတ်နှင့်တူသော အဆွေခင်ပွန်းမည်သည် မရှိ။ အနာနှင့်တူသောရန်သူမည်သည် မရှိ။ ကိုယ်နှင့်တူသော ချစ်သောသူ မည်သည် မရှိ။ ကံနှင့်တူသော အားမည်သည် မရှိ။

(၂၂) ကျီးတို့အလယ်၊ ဟင်္သာငယ်၊ မဖွယ်စရိုးမှတ်၊
ဂေါဏမဇ္ဈေ၊ ခြင်္သေ့နေ၊ မှန်ပေ မတင့်မြတ်၊
မြည်းတို့လယ်မှောက်၊ မြင်းငယ်ရောက်၊ နည်းထောက်အတူစပ်၊
သူမိုက်လယ်တွင်၊ ပညာရှင်၊ သို့လျှင် ဂုဏ်ရှိတတ်။

**ဂေါဏ** = နွား၊ **မဇ္ဈေ** = အလယ်၌။

**အဓိပ္ပာယ်။** ။ ဟင်္သာသည် ကျီးတို့အလယ်၌ မတင့်တယ်။ ခြင်္သေ့သည် နွားတို့၏ အလယ်၌ မတင့်တယ်။ မြင်းသည် မြည်းတို့၏အလယ်၌ မတင့်တယ်။ ပညာရှိသည် သူမိုက်တို့၏အလယ်၌ မတင့်တယ်။

(၂၃) လူမိုက်တော့၊ သက်ထက်ဆုံး၊ လုံးလုံးကဝိထံ၊
မှီဝဲသော်ငြား၊ မြတ်တရား၊ လားလားမသိမှန်၊
ဟင်းအရသာ၊ မသိရှာ၊ ပမာယောက်ချိုပြန်။

ယောက်ချို = ဇွန်း။ ကဝိ = ပညာရှိ။

အဓိပ္ပာယ်။ ။ သူမိုက်သည် အသက်ထက်ဆုံးလည်း ပညာရှိကို အကယ်၍ ဆည်းကပ်စေကာမူ ထိုသူမိုက်သည် တရားကို မသိနိုင်။ ဥပမာအားဖြင့် ယောက်ချိုဇွန်းသည် ဟင်းအရသာကို မသိသကဲ့သို့ ဖြစ်၏။

(၂၄) ပညာရှင်မှန်၊ ကပ်ထံ၊ မျက်ဆံတပြက်လောက်၊
မှီဝဲရသော်၊ တရားတော်၊ ကျော်မော်အသိရောက်၊
ဇိဝှါလျှာက၊ ဟင်းရသ၊ သိရပမာထောက်။

ဇိဝှါ = လျှာ။ ရသ = အရသာ။

အဓိပ္ပာယ်။ ။ ပညာရှိသည် တခဏမျှလည်း ပညာရှိကို အကယ်၍ ဆည်းကပ်ငြားအံ့၊ လျင်မြန်စွာ တရားကို သိနိုင်၏။ ဥပမာအားဖြင့် လျှာသည် ဟင်း၏အရသာကို သိသကဲ့သို့ ဖြစ်၏။

(၂၅) ရဲရင့်သူလျက်၊ ကင်းလက်နက်၊ စစ်ထွက်မသွားကောင်း၊
ကဝိမှန်ငြား၊ ကျမ်းဂန်ထား၊ စကားမဆိုကောင်း၊
ခရီးဝေးနံ့သွား၊ ကုန်သည်များ၊ ဖော်အားမကင်းကောင်း၊
တိုင်းခြားနိုင်ငံ၊ ဖော်ကင်းပြန်၊ သွားရန်မသင့်ကြောင်း။

ဝွန့် = အလွန်ရှည်သော၊

အဓိပ္ပာယ်။ ။ ရဲရင့်သောသူသည် လက်နက်ကင်းလျက် စစ်မြေပြင်သို့ မသွားရာ။ ထို့အတူ ပညာရှိသည် ကျမ်းဂန်ကိုကင်း၍ စကားမဆိုရာ။ အဝွန့်ရှည်သောခရီးသို့ သွားသောကုန်သည်သည် အဖော်ကိုကင်း၍ မသွားရာ။ တိုင်းခြားနိုင်ငံသို့ သွားသောသူသည် အဖော်ကင်း၍ မသွားရာ။

(၂၆) ဥစ္စာပျက်ခြင်း၊ စိတ်နွမ်းခြင်း၊ အိမ်တွင်းမကောင်းမှု၊
မထေမဲ့မြင်၊ လှည့်ပတ်ယှဉ်၊ ငါးအင်ဤအပြု၊
ပညာရှင်များ၊ ဖြစ်တုံငြား၊ ထင်ရှားမပြဟု။

**အဓိပ္ပာယ်။** ။ဥစ္စာပျက်ခြင်းကိုလည်းကောင်း၊ စိတ်နှလုံး ပူပန်နွမ်းနယ်ခြင်းကို လည်းကောင်း၊ အိမ်၌ မကောင်းမှုကို ပြုကျင့်ခြင်းကိုလည်းကောင်း၊ မထေမဲ့မြင် ပြုခြင်းကိုလည်းကောင်း၊ လှည့်ပတ်ခြင်းကိုလည်းကောင်း ပညာရှိသည် ထင်ရှားမပြ။

(၂၇) ရေးခွင့်ကြုံလာ၊ လျော်ညီစွာ၊ ဝါစာစကားနော်၊
ကိုယ်နှင့်တန်ရုံ၊ အမျက်ဟုန်၊ တဖုံအချစ်တော်၊
ဤသည့်သုံးပါး၊ သိသူအား၊ မမှားကဝိခေါ်။

**ဝါစာ** = စကား။

**အဓိပ္ပာယ်။** ။အရေးခွင့် ရောက်သည်နှင့် လျော်သောစကား၊ ကိုယ်နှင့်တန်ရုံသော အမျက်၊ ကိုယ်အား လျောက်ပတ်သောချစ်သူ ဤသုံးပါးကို သိတတ်သောသူသည် ပညာရှိမည်၏။

(၂၈) အထီးကျန်လျက်၊ ရသာမက်၊ စားချက်အလွန်ကြူး၊
အားခွန်ဗလ၊ ကင်းလျက်ပ၊ ကြိုက်လှသတ်ပုတ်မြူး၊
ပညာတန်၊ မရှိဘဲ၊ လိုက်ကဲစကားထူး၊
ဤသူတို့မှာ၊ နှိုင်းစရာ၊ ပမာလူ့အရူး။

**အထီးကျန်** = ဆင်းရဲ။

**အဓိပ္ပာယ်။** ။ဥစ္စာမရှိဘဲ အရသာစားကြူးသောသူ၊ အားခွန်မရှိဘဲ အသတ်အပုတ် ကြိုက်တတ်သောသူ၊ ပညာမရှိဘဲ စကားလိုလားသောသူ ဤသူတို့ကား သူရူးနှင့် တူကုန်၏။

(၂၉) သူမခေါ်ငြား၊ သူ့အိမ်သွား၊ ဖန်များသူတစ်ယောက်၊
သူမမေးဦး၊ အဆိုကြူး၊ အထူးကိုယ့်ဂုဏ်မြှောက်၊
သုံးဦးလုံးမှာ၊ လက္ခဏာ၊ ယုတ်မာသူဟုကောက်။

အဓိပ္ပာယ်။ ။ သူမခေါ်ဘဲ သူ့အိမ်သို့သွားဖန်များသူ၊ သူမမေးဘဲ များစွာ ပြောဟောတတ်သူ၊ မိမိဂုဏ်ကို ပလွှားတတ်သူ ဤသူ သုံးယောက်ကား သူယုတ်မာ၏လက္ခဏာ ဖြစ်သည်။

(၃၀) ဆင်းမလှသူ၊ စကားထူ၊ ပြုမူပြောဟောတတ်၊
ပညာနည်းပါး၊ ထိုသူများ၊ ထင်ရှားလွန်ပြတတ်၊
ရေမပြည့်ရိုး၊ ထိုရေအိုး၊ အမျိုးချောက်ချားတတ်၊
နို့မထွက်လှ၊ ထိုနွားမ၊ ဟုတ်ပ ကျောက်ကန်တတ်။

အဓိပ္ပာယ်။ ။အဆင်းမလှသောသူသည် စကားများတတ်၏။ ပညာနည်းသော သူသည် ထင်ရှားပြတတ်၏။ ရေမပြည့်သောအိုးသည် ချောက်ချားတတ်၏။ နို့ရည်မထွက်သော နွားမသည် ကျောက်ကန်တတ်၏။

(၃၁) ဆောင့်ကြောင့်ထိုင်တတ်၊ ဖားငယ်ဓာတ်၊ မြဲမှတ် ခြင်္သေ့ထင်၊
ကျီးသည်ချီမူ၊ ချစ်ဆွေဟူ၊ မြည်ယူတတ်၏ပင်၊
သူမိုက်မှန်ဆို၊ ကဝိလို၊ ကိုယ့်ကိုထင်ပြီးလျှင်၊
ကဝိဉာဏ်ကျယ်၊ အမေးသွယ်၊ ချစ်ဖွယ်ဆိုငါ့ရှင်။

အဓိပ္ပာယ်။ ။ ဖားသူငယ်သည် ဆောင့်ကြောင့်ထိုင်တတ်ကာမူ ခြင်္သေ့ဟု ထင်၏။ ကျီးသည် ချီမူကား ချစ်ဆွေချစ်ဆွေဟု မြည်တတ်၏။ ပညာမရှိသော သူမိုက်သည်လည်း မိမိကိုယ်ကို ပညာရှိဟု ထင်ပြီးလျှင် ပညာရှိကို မေးသော အခါ ငါ့ရှင် ငါ့ရှင်ဟု ချစ်ဖွယ်သောစကားကို ဆိုတတ်၏။

(၃၂) ဖားငယ်မှန်ပေ၊ ထိုင်သရွေ့၊ ခြင်္သေ့ဟူကောင်းလော့၊
အုတ်အုတ်မြည်လစ်၊ ဝက်အဖြစ်၊ ကျားသစ်ဟူကောင်းလော့၊
ဆင်းသဏ္ဌာန်တူ၊ ကြောင်သည်ဟူ၊ ကျားဟူကောင်းအံ့လော့၊
ကဝိခပင်း၊ အတတ်ချင်း၊ အလျဉ်းတူကောင်းလော့။

အဓိပ္ပာယ်။ ။ ဖားသူငယ်သည်လည်း ဆောင့်ကြောင့်ထိုင်ခြင်း တူကာမူ ခြင်္သေ့မဖြစ်နိုင်။ ဝက်သည်လည်း အုတ် အုတ် မြည်တတ်ကာမူ ကျားသစ်

မဖြစ်နိုင်။ ကြောင်သည်လည်း အဆင်းသဏ္ဍာန်တူကာမူ ကျား,မဖြစ်နိုင်။ ခပ်သိမ်းသောပညာရှိသည်လည်း အတတ်ချင်း မတူနိုင်။

(၃၃) မင်းသဘောမယ်၊ ဥစ္စာဝယ်၊ တကယ်မတင်းတိမ်၊
စကားကောင်းတွင်၊ ပညာရှင်၊ ဟုတ်ပင်မတင်းတိမ်၊
မျက်စိနှစ်ဖြာ၊ ချစ်သူမှာ၊ မြင်ရာမတင်းတိမ်၊
သမုဒ္ဒရာဝဲ၊ ရေညှိကဲ၊ ရောင့်ရဲမတင်းတိမ်။

**အဓိပ္ပာယ်။** ။ မင်းတို့သဘောမည်သည် ဥစ္စာ၌ ရောင့်ရဲခြင်းမရှိ။ ပညာရှိသည်လည်း စကားကောင်း၌ ရောင့်ရဲခြင်းမရှိ၊ မျက်စိသည်လည်း ချစ်သောသူကို မြင်ခြင်း၌ ရောင့်ရဲ တင်းတိမ်ခြင်း မရှိ။ သမုဒ္ဒရာသည်လည်း ရေ၌ ရောင့်ရဲ တင်းတိမ်ခြင်း မရှိ။

(၃၄) အရွယ်အဆင်း၊ ပြည့်စုံလျှင်း၊ ဖြစ်ခြင်းဒွေးမျိုးကြွယ်၊
သို့သော်ပညာ၊ ယုတ်သူမှာ၊ မှန်စွာမတင့်တယ်၊
ပမာယှဉ်ရ၊ ပေါက်ပန်းပ၊ ဆင်းလှရနံ့ပြယ်။

**အဓိပ္ပာယ်။** ။ အဆင်းအရွယ်နှင့် ပြည့်စုံ၍ ပြန့်ပြောကြွယ်ဝသောအမျိုး၌ ဖြစ်စေကာမူ အတတ်ပညာမှ ယုတ်မူ အမှန်ပင်မတင့်တယ်။ ဥပမာအားဖြင့် ပေါက်ပန်းတို့သည် အဆင်းအရောင်အသွေး လှပသော်လည်း အနံ့မှ ကင်းကန် သကဲ့သို့ ဖြစ်၏။

(၃၅) အမျိုးယုတ်သား၊ ဖြစ်သော်ငြား၊ မင်းဖျားအမတ်ဖြစ်၊
သူမိုက်သားလျက်၊ ပညာထက်၊ မှန်လျက်ကဝိစစ်၊
ဥစ္စာမဲ့မျိုး၊ သားပင်ရိုး၊ ပွားတိုးဥစ္စာသစ်၊
မထေမဲ့လို၊ ယောကျ်ားကို၊ သို့ဆိုမပြုလစ်။

**အဓိပ္ပာယ်။** ။ လောက၌ အမျိုးယုတ်သောသူ၏သား ဖြစ်သော်ငြားလည်း မင်း၏ အမတ်ဖြစ်တတ်၏။ သူမိုက်၏သား ဖြစ်လျက်လည်း ပညာရှိတတ်၏။ ဥစ္စာမရှိသောသူ၏သား ဖြစ်လျက်လည်း ဥစ္စာများတတ်၏။ ထို့ကြောင့်

ယောကျ်ားတို့အား မထေမဲ့မြင် မပြုကုန်ရာ။

(၃၆) အတတ်လိုငြား၊ တပည့်သား၊ များပြားသင်သည့်တိုင်၊
ယင်းအတတ်ကို၊ ထုတ်ပြန်လို၊ နှိုင်းဆို အိမ်မက်ဆိုင်၊
ပမာသူအ၊ ပြောလိုလှ၊ လုံးဝ မစွမ်းနိုင်။

အဓိပ္ပာယ်။ ။ အကြင်တပည့်သည် အတတ်ကိုလိုသဖြင့် အထူးထူးအပြားပြား များစွာသင်တတ်၏။ ထိုတပည့်သည် ယင်းအတတ်ကို အိပ်မက်ကို မြင်မက်သော သူအ,ကဲ့သို့ ပြန်ဆိုခြင်းငှာ မစွမ်းနိုင်။

(၃၇) အိုးထိန်းသည်ချိမ့်၊ အိုးကွဲစိမ့်၊ ခတ်လိမ့်မည်မဟုတ်၊
တင့်တယ်စိမ့်ငှာ၊ ချင့်ချိန်ခါ၊ သင့်စွာသူရိုက်ပုတ်၊
ဆရာသမား၊ တပည့်အား၊ ပါယ်လားစိမ့်မဟုတ်၊
အတတ်ပညာ၊ ကြောင်းကြောင့်သာ၊ သင့်စွာသူရိုက်ပုတ်။

အမိပ္ပာယ်။ ။ အိုးထိန်းသည်သည် အိုးကို ကွဲစိမ့်သောငှာမခတ်။ တင့်တယ်စိမ့်သောငှာ ခတ်၏။ ဆရာသည်လည်း တပည့်တို့အား အပါယ်ဆင်းရဲတို့သို့ ကျစေခြင်းငှာ မပုတ်ခတ်။ အတတ်ပညာ အစီးအပွားဟူသော အကြောင်း ကြောင့် ပုတ်ခတ်၏။

(၃၈) တောင်ဇလပ်ပန်း၊ ပေါက်ဖက်ဆန်း၊ ယုက်သန်းဖွဲ့ထုပ်မူ၊
ယင်းပေါက်ဖက်ပါ၊ ရနံ့ဖြာ၊ လှိုင်စွာ သင်းပျံ့ကြူ၊
ကဝိထံမြတ်၊ ပေါင်းဆည်းကပ်၊ မြဲမှတ် ဤနည်းတူ။

အဓိပ္ပာယ်။ ။ တောင်ဇလပ်ပန်းကို ပေါက်ဖက်ဖြင့်ထုပ်မူ၊ ယင်းပေါက်ဖက်ပါ ကောင်းသောအနံ့ ဖြစ်သကဲ့သို့ ပညာရှိတို့နှင့် ပေါင်းဖက် သူတို့ကိုလည်း နည်းတူမှတ်အပ်၏။

ပညာရှိကို ဆိုရာအခန်း ပြီး၏။

## (ဂ) သုဇနဂါထာ

(၁) သူတော်မြတ်မှ၊ ပေါင်းဖက်ကြ၊ မိတ္တပြုကြရာ၊
သူတော်တရား၊ သိသူများ၊ မြတ်ထား မယုတ်မာ။

**အဓိပ္ပာယ်။** ။ သူတော်ကောင်းကို့နှင့်သာ ပေါင်းဖက် ကြရာ၏။ အဆွေခင်ပွန်းပြု ကြရာ၏။ သူတော်ကောင်းတရားကို သိသောသူသည် မြတ်၏။ မယုတ်မာ။

(၂) သူယုတ်မာလျှင်း၊ ပေါင်းဖက်ခြင်း၊ ဝေးကင်းရှောင်ကြဥ်လော့၊
ပေါင်းဖက်အပ်မှန်၊ သူမြတ်ထံ၊ နာခံဆည်းကပ်လော့၊
နေ့ညဥ့်ပတ်လုံး၊ ကုသိုလ်ထုံး၊ နှလုံးမူပြုလော့၊
သင်္ခါရပေါင်း၊ မမြဲကြောင်း၊ မစောင်း အောင့်မေ့လော့။

**အဓိပ္ပာယ်။** ။ သူယုတ်မာနှင့် ပေါင်းဖက်ခြင်းကို ရှောင်ကြဥ်ကြပါ။ ပေါင်းဖက်အပ်သော သူတော်ကောင်းသို့ ဆည်းကပ်ကြပါ။ သင်္ခါရတရားတို့၏ မမြဲသောအဖြစ်ကို အမြဲ အောက်မေ့ကြပါ။

(၃) ရေသဖန်းမှည့်၊ အပကြည့်၊ ဆင်းပြည့်လွန်နီမြန်း၊
အတွင်းဥမှု၊ ပိုးလောက်တူ၊ မြင်သူကြောက်ခမန်း၊
သူယုတ်နှလုံး၊ ဤဝှာနှန်း၊ ဖြစ်ထုံးနည်းမိုငြမ်း။

**ခမန်း** = လောက်,လု။

**အဓိပ္ပာယ်။** ။ ရေသဖန်းသီးမှည့်တို့သည် အပ၌ နီမြန်းလျက် အဆင်းလှကုန်၏။ အတွင်းဥမှုကား ပိုးလောက်အတိ ပြည့်ကုန်၏။ သူယုတ်တို့၏ စိတ်နှလုံးတို့သည်လည်း ဤနည်းတူ ဖြစ်ကုန်၏။

(၄) ပိန္နဲမှည့်ရော်၊ ပြင်ပနော်၊ ဆူးသော်ထင်စေမူ၊
အတွင်းဝယ်မှာ၊ ချိုမြိန်စွာ၊ ရသာပြည့်စုံဟူ၊
သူတော်နှလုံး၊ ဤတူနှန်း၊ နည်းထုံးမခြားတူ.

အဓိပ္ပာယ်။ ။ ပိန္နဲသီးမှည့်တို့သည် အပ၌ ဆူးသာထင်ကုန်၏။ အတွင်း၌မူကား ချိုမြိန်သောအရသာနှင့် ပြည့်စုံကုန်၏။ သူတော်ကောင်းတို့၏ စိတ်နှလုံး တို့သည်လည်း ဤနည်းတူ ဖြစ်ကုန်၏။

(၅) စန္ဒကူးသစ်၊ ခြောက်သွေ့လစ်၊ ရင်းဖြစ်နံ့မစွန့်၊
စစ်မြေရောက်ဆင်၊ လူ့ဖော့က်တွင်၊ နိပ်အင်မှန်မစွန့်၊
စက်ယန္တရား၊ ရောက်သော်ငြား၊ ချိုအားကြံမစွန့်၊
သူတော်ကဝိ၊ ဆင်းရဲဘိ၊ မိမိကျင့် မစွန့်။

နိပ် = လှပတင့်တယ်ခြင်း။

အဓိပ္ပာယ်။ ။ စန္ဒကူးပင်သည် ခြောက်သွေ့သော်လည်း အနံ့ကိုမစွန့်။ ဆင်ပြောင်သည် စစ်မြေပြင်သို့ရောက်သော်လည်း လူတို့၏မျက်မှောက်တွင် တင့်တယ်ခြင်းကို မစွန့်။ ကြံသည် စက်ယန္တယားဝသို့ ရောက်သော်လည်း ချိုသောအရသာကို မစွန့်။ ပညာရှိသူတော်ကောင်းသည် ဆင်းရဲခြင်းသို့ ရောက်သော်လည်း သူတော်ကောင်းတရားကို မစွန့်သည်သာ။

(၆) ခြင်္သေ့ဟူပေ၊ မွတ်သိပ်စေ၊ ပဏ္ဏမြက်မစား၊
ကြံ့လိုကာမူ မစားဟူ၊ နည်းတူဆင်အသား၊
မျိုးနွယ်စောင့်တတ်၊ အမျိုးဇာတ်၊ မြင့်မြတ်သူမှာကား၊
မိမိဆင်းရဲ ရောက်သော်လဲ၊ ကြည်မြဲမှုယုတ်များ။

မွတ်သိပ် = ဆာလောင်သည်။ ပဏ္ဏ = သစ်ရွက်။ ကြံ့လို = ပိန်သည်။

အဓိပ္ပာယ်။ ။ ခြင်္သေ့မည်သည် မွတ်သိပ်သော်လည်း သစ်ရွက်,မြက်စသည်တို့ကို မစား။ ကြံ့လိုသော်လည်း ဆင်သားကိုမစား။ အမျိုးအနွယ်ကို စောင့်တတ်၍ မြင့်မြတ်သောအမျိုး၌ဖြစ်သော အမျိုးကောင်းသားသည် မိမိသည် ဆင်းရဲခြင်းသို့ရောက်သော်လည်း ယုတ်မာသောအမှုကို မပြု။

(၇) လောကတွင်ဦး၊ စန္ဒကူး၊ အထူးကြေည်မြ၊
တို့ထက်တဖုံ၊ လင္ဂယုန်၊ အပုံချမ်းမြေ့လှ၊

သူတော်နှုတ်မြွက်၊ စကားထွက်၊ ထို့ထက်သီတလ။
**သီတလ** = ချမ်းမြေ့သည်။
**အဓိပ္ပာယ်။** ။ လောက၌ စန္ဒကူးသည် ချမ်းမြေ့၏။ ထိုစန္ဒကူးထက် လ,သည် ချမ်းမြေ့၏။ ထိုလ,ထက် ကောင်းစွာဆိုအပ်သော သူတော်ကောင်းတို့၏ စကားသည် ချမ်းမြေ့၏။

(၈) ဘာဏုရာဇာ၊ နောက်မျက်နှာ၊ တက်ရာမြဲကျန်၊
မြင်းမိုရ်တောင်ကြီး၊ ပဲတင်ဟီး၊ ညွတ်ပြီးပြိုမည်မှန်၊
ငရဲမီးငွေ့၊ နည်းတူပေ့၊ ချမ်းမြေ့သီတလဲ၊
တောင်ထိပ်အမြင့်၊ ကြာမျိုးတင့်၊ ဖူးပွင့်ပေါက်သော်မှန်၊
သူတော်စကား၊ တဆစ်ဖျား၊ တိမ်းပါး မဖောက်ပြန်။
**ဘာဏုရာဇာ** = နေမင်း။ **ပဲ့တင်သံ** = တောင် စသည်တို့၌ တုံ့ပြန်ကြား ရသော အသံ။
**အဓိပ္ပာယ်။** ။ ဖောက်ပြန်သောသဘောအားဖြင့် ရောင်ခြည်တစ်ထောင် ဆောင်သောနေမင်းသည် အနောက်မျက်နှာ၌ တက်ရာ၏။ မြင်းမိုရ်တောင်မင်းသည်လည်း ညွတ်ရာ၏။ ငရဲမီးသည်လည်း ချမ်းမြေ့ရာ၏။ ကြာသည်လည်း တောင်ထိပ်၌ ပေါက်ရာ၏။ သို့သော်လည်း သူတော်ကောင်းတို့၏စကားသည် တရံတဆစ်မျှ မဖောက်ပြန်။

(၉) သစ်ပင်ရိပ်လျှင်၊ လောကတွင်၊ မှန်ပင်လွန်ချမ်းသာ၊
ထိုထက်မိဘ၊ မျိုးဆွေစ၊ ရိပ်ကပိုလွန်မှာ၊
ဆရာသမား၊ အရိပ်ကား၊ ဆပွားထို့ထက်သာ၊
မင်းရိပ်တမွန်၊ ထိုထက်လွန်၊ ထူးချွန်ရမြဲပါ၊
ဗုဒ္ဓရိပ်ခေါ်၊ တရားတော်၊ များကျော် ချမ်းသာခါ။
**အဓိပ္ပာယ်။** ။ လောက၌ သစ်ပင်ရိပ်သည် ချမ်းသာ၏။ ထိုသစ်ပင်ရိပ်ထက် ဆွေမျိုး,မိဘတို့၏ အရိပ်သည် ချမ်းသာ၏။ ထိုဆွေမျိုး,မိဘ,တို့၏ အရိပ်ထက် ဆရာသမား၏ အရိပ်သည် ချမ်းသာ၏။ ထိုဆရာသမား၏ အရိပ်ထက်

မင်း၏အရိပ်သည် ချမ်းသာ၏။ ထိုမင်း၏အရိပ်ထက် မြတ်စွာဘုရား၏ အရိပ်ဟု ဆိုအပ်သော တရားတော်သည် များသောအပြားအားဖြင့် ချမ်းသာ၏။

(၁၀) ပျားပိတုံးမျိုး၊ ပန်းဝတ်လျှိုး၊ မြတ်နိုးအလိုရှိ၊
သူတော်စင်ဦး၊ ဂုဏ်ကျေးဇူး၊ အထူးအလိုရှိ၊
ယင်မ မဲရိုင်း၊ အပုပ်လိုင်း၊ မြဲတိုင်း အလိုရှိ၊
သူယုတ်ဗာလ၊ မျက်ဒေါသ၊ နိစ္စအလိုရှိ။

အဓိပ္ပာယ်။ ။ ပိတုံးတို့သည် ပန်းကို အလိုရှိကြကုန်၏။ သူတော်ကောင်းတို့သည် ဂုဏ်ကျေးဇူးကို အလိုရှိကုန်၏။ ယင် တို့သည် အပုပ်ကို အလိုရှိကုန်၏။ သူယုတ်တို့သည် အမျက်ကို အလိုရှိကုန်၏။

(၁၁) အမိယုတ်သူ၊ စကားဟူ၊ ဆိုမူ မကောင်းတတ်၊
အဖယုတ်လင့်၊ မူအကျင့်၊ မသင့်နည်းတူမှတ်၊
မိဘနှစ်ပါး၊ ယုတ်တုံငြား၊ စကားအကျင့်စပ်။

အဓိပ္ပာယ်။ ။ အမိယုတ်သောသူအား မကောင်းသောစကား ရှိ၏။ အဖယုတ်သောသူအား မကောင်းသော အမူအကျင့်ရှိ၏။ မိဘနှစ်ပါးစုံ ယုတ်မူ မကောင်းသော စကားလည်းရှိ၏။ မကောင်းသော အမူအကျင့်လည်း ရှိ၏။

(၁၂) အမိမြတ်သား၊ ဆိုစကား၊ ရေးခြားကောင်းစရိုး၊
အဖမြတ်လျှင်၊ မူကျင့်တွင်၊ ကောင်းအင်သူပိုင်စိုး၊
နှစ်ပါးမိဘ၊ မြတ်ပြန်က၊ နှစ်ဝကောင်းသူမျိုး။

အဓိပ္ပာယ်။ ။ အမိမြတ်သောသူအား ကောင်းသောစကား ရှိ၏။ အဖမြတ်သောသူအား ကောင်းသောအမူအကျင့် ရှိ၏။ မိဘနှစ်ပါးစုံ မြတ်မူ ကောင်းသောစကားလည်း ရှိ၏။ ကောင်းသောအမူအကျင့်လည်း ရှိ၏။

(၁၃) စစ်မြေတွင်မူ၊ ရဲရင့်သူ၊ ဗိုလ်လူလိုစမြဲ၊
နိုက်ရန်ဖြစ်ခါ၊ စကားရာ၊ လိမ္မာသူကိုခဲ၊
ထမင်းအဖျော်၊ ကောင်းစားသော်၊ တ,မျှော် ချစ်သူပဲ၊
သဒ္ဒါအနက်၊ မှန်ခဲခက်၊ လိုချက် ကဝိကဲ။

**အဓိပ္ပာယ်။** ။ စစ်မြေပြင်အရပ်၌ ရဲရင့်သောသူကို အလိုရှိကုန်၏။ နိုက်ရန် ဖြစ်သောအခါဝယ် စကား၌ လိမ္မာသောသူကို အလိုရှိကုန်၏။ ထမင်း, အဖျော်ကောင်း စားသောက်သောအခါတို့၌ ချစ်သောသူကို အလိုရှိကုန်၏။ အနက်သဒ္ဒါ ခဲခက်စွာသော အရေးအရာ အမှုကိစ္စရှိသော အခါတို့၌ ပညာရှိကို အလိုရှိကုန်၏။

(၁၄) ခွေးအချင်းချင်း၊ မြင်တုံလျှင်း၊ ခံပြင်းချုပ်ချယ်လျက်၊
ညှဉ်းဆဲစိမ့်ငှာ၊ သွားဖြီးကာ၊ ပြလာပမာမြွက်၊
သူယုတ်အပေါင်း၊ သူတော်ကောင်း၊ အကြောင်းမြင်သော်ခက်၊
ချုပ်ချယ်ဖန်ဖန်၊ ညှဉ်းဆဲရန်၊ မြဲမှန်အလိုထက်။

**အဓိပ္ပာယ်။** ။ ခွေးတစ်ကောင်သည် ခွေးတစ်ကောင်ကို မြင်သောအခါ ချုပ်ချယ်လျက် ညှဉ်းဆဲအံ့သောငှာ သွားကို ပြသကဲ့သို့ သူယုတ်သည် သူတော်ကောင်းကို မြင်သောအခါ ချုပ်ချယ်လျက် ညှဉ်းဆဲခြင်းအမှုကို ပြုခြင်းငှာ အလိုရှိ၏။

(၁၅) ပြုဖွယ်ကိစ္စ၊ ဟူသမျှ၊ မှန်ပဆောတလျင်၊
သူ့ကိုမစေ၊ ကိုယ်လည်းဖြေ၊ ရှောင်လေပြုဘို့ပင်၊
ပညာနည်းပါး၊ ပြုမိမှား၊ နောက်ဖျားပူပန်မြင်။

**အဓိပ္ပာယ်။** ။ လျင်မြန်စွာ အမှုကိစ္စ ဟူသမျှတို့ကို မိမိလည်း မပြုလင့်၊ သူတစ်ပါးကိုလည်း မပြုစေလင့်။ အမှုကိစ္စကို အဆောတလျင်ပြုမိမူ ပညာနည်းသောပုဂ္ဂိုလ်သည် နောက်မှ ပူပန်ရတတ်၏။

(၁၆) အမျက်ဒေါသ၊ ဖျောက်နိုင်က၊ သောကကင်းမြဲမှု၊
သူ့ကျေးဇူးနှော်၊ ဆိုတတ်သော်၊ သူတော်ချီးမွမ်းပြု၊
သူ့စကားကြမ်း၊ ခန္တီလွှမ်း၊ မှတ်တမ်းအမြတ်ဟု၊
ဘုရားစပေါင်း၊ သူတော်ကောင်း၊နှစ်ဟောင်း မြွက်ဆိုပြု။

သောက = စိုးရိမ်ခြင်း။ ခန္တီ = သည်းခံခြင်း။

အဓိပ္ပာယ်။ ။ အမျက်ကို ဖျောက်နိုင်မှု တရံတဆစ်မျှ မစိုးရိမ်ရ။ သူ့ကျေးဇူးကို ဆိုတတ်သောသူကို ဘုရားစသော သူတော်ကောင်းတို့ ချီးမွမ်းကုန်၏။ ခပ်သိမ်းသောသူတို့၏ ကြမ်းကြုတ်သောစကားကို သည်းခံတတ်သောသူကိုလည်း မြတ်သူဟု ဘုရားစသော သူတော်ကောင်းတို့ ဆိုကုန်၏။

(၁၇) မစင်ပြည့်ကာ၊ ကျဉ်းမြောင်းရာ၊ နေကာဆင်းရဲဖြစ်၊
ယိုယက်တမှု၊ မချစ်သူ၊ ရန်သူနေရာစစ်၊
သူ့ကျေးဇူးမှန်၊ မေ့သူယံ၊ နေပြန်ထိုတက်နှစ်။

အဓိပ္ပာယ်။ ။ မစင်အတိပြည့်သော ကျဉ်းမြောင်းရာဌာန၌ နေရခြင်းသည် ဆင်းရဲ၏။ ထိုယက် မချစ်မနှစ်သက်လိုသော ရန်သူ၌ နေရခြင်းသည် ဆင်းရဲ၏။ ထိုထက် သူ့ကျေးဇူးကို မသိသောသူနှင့် နေရခြင်းသည် ဆင်းရဲ၏။

(၁၈) ဆုံးမသင့်ရာ၊ ခုံးမခါ၊ မကျွာကန်မြစ်လေ၊
ယွန်ယုတ်မာလှ၊ အကျင့်မှ၊ မြင်ကမြစ်ထိုက်ပေ၊
ဆုံးမပေဟတ်၊ ထိုသူမြတ်၊ ချစ်အပ်သူတော်တွေ၊
သူတော်မဟုတ်၊ ကယ်သူယုတ်၊ စက်ဆုပ် မချစ်ပေ။

ကန်မြစ် = တားမြစ်။ စက်ဆုပ် = ရွံရှာ။

အဓိပ္ပာယ်။ ။ ဆုံးမသင့်သောအရာ၌ မပြတ်ဆုံးမရာ၏။ ယုတ်မာလှသော အကျင့်မှလည်း တားမြစ်ရာ၏၊ ဆုံးမတတ်သောသူကို သူတော်ကောင်းတို့သည် ချစ်ခင်အပ်၏။ သူတော်မဟုတ် သူယုတ်တို့ကား မချစ်အပ်။

(၁၉) ကိုယ့်ထက်မြတ်ပို၊ ထိုသူကို၊ အောင်လို ကိုယ့်ကိုနှိမ့်၊
ရဲရင့်သူမှန်၊ သင်းခွဲပြန်၊ အောင်ရန် မပေးချိမ့်၊
ကိုယ့်အောက်နိမ့်သူ၊ တံစိုးဟူ၊ ပေးမူ အောင်မြင်လိမ့်၊
ကိုယ်နှင့်တူက၊ အားလုံလွ၊ ပြုကြ အောင်လိုစိမ့်။

**တံစိုး** = လက်ဆောင်။

**အဓိပ္ပာယ်။** ။ကိုယ့်ထက် မြတ်သောသူကို ကိုယ်ကိုနှိမ့်ချသဖြင့် အောင်ရာ၏။ ကိုယ့်အောက်နိမ့်သောသူကို တစိုးတစိပေးသဖြင့် အောင်ရာ၏။ ကိုယ်နှင့်တူသောသူကို လုံ့လပြုသဖြင့် အောင်ရာ၏။

(၂၀) အဆိပ်ကိုပေ၊ ဤလောကေ၊ ဝိသေဆိပ်မဆို၊
သံဃာ့ပစ္စည်း၊ သို့ပင်နည်း၊ ဆိပ်ကြီးမည်ဟူလို၊
အဆိပ်စစ်မှာ၊ တစ်ကြိမ်သာ၊ သတ်ရာအစဉ်တို၊
သံဃိကမှန်၊ သတ်တတ်ပြန်၊ ဖန်ဖန်အကြိမ်ပို။

**ဝိသ** = အဆိပ်။ **သံဃိက** = သံဃာ့ပစ္စည်း။

**အဓိပ္ပာယ်။** ။လောက၌ အဆိပ်ကို အဆိပ်ဟူ၍ မဆိုကုန်။ သံဃာ၏ဥစ္စာကို အဆိပ်ဟု ဆိုအပ်၏။ အဆိပ်ကား တစ်ကြိမ်သာ သတ်တတ်၏။ သံဃာ၏ ဥစ္စာပစ္စည်းကား အကြိမ်ကြိမ် အဖန်ဖန် သတ်တတ်၏။

(၂၁) ကျေးနွားမြင်းမြတ်၊ မှန်သိအပ်၊ ဖြတ်လတ်လျင်မြန်ခြင်း၊
နွားလားဂုဏ်ကျေး၊ သိရန်ရေး၊ ဝန်လေးရွက်ဆောင်နှင်း၊
နို့ထွက်နွားမ၊ နို့ညှစ်ရ၊ ဂုဏသိကြမင်း၊
လူ့ို့ဂုဏ်ရာဟွင်၊ အပြောကျင်၊ ဉာဏ်ရှင်ကျေးဇူးချဉ်း။

**အဓိပ္ပာယ်။** ။ လျင်မြန်ခြင်းဖြင့် မြင်းကောင်းကျေးဇူးကို သိကုန်၏။ လေးသောဝန်ကို ရွက်ဆောင်သဖြင့် နွား, ကျေးဇူးကို သိကုန်၏။ နို့ညှစ်ခြင်းဖြင့် နို့ထွက်သောနွားမ, ကျေးဇူးကို သိကုန်၏။ ကြံစည်လူ့ို့ဂုဏ်ရာ၌ ပြောဆိုနိုင်ခြင်းဖြင့် ပညာရှိကျေးဇူးကို သိကုန်၏။

(၂၂) သူတော်မြတ်များ၊ ဥစ္စာကား၊ နည်းပါးဖြစ်သော်ပင်၊
တွင်းရေပမာ၊ မှီခိုရာ၊ ရလာများလှရှင်၊
မသူတော်စိုး၊ ဥစ္စာမျိုး၊ ပွားတိုးများသော်ပင်၊
သမုဒ်မြစ်ရေ၊ ပမာပေ၊ ထက်ကြေသုံးမဝင်။

**အဓိပ္ပာယ်။** ။သူတော်ကောင်းတို့၏ ဥစ္စာသည် အနည်းငယ်သော်မှုလည်း တွင်း၌ ရေကဲ့သို့ သူတစ်ပါးတို့ မှီခိုရာ ရ၏။ သူတော်မဟုတ် သူယုတ်တို့၏ ဥစ္စာသည် များသော်လည်း မြစ်သမုဒ္ဒရာ၌ ရေကဲ့သို့သောက်ချိုးရာ မှီရာမရ။

(၂၃) ရေကိုမြစ်က၊ မသောက်ပ၊ ရုက္ခသီးပစား၊
အချို့ဒေသေ၊ ရပ်ဌာနေ၊ မိုးရွာ မရွာပါး၊
သူ့အကျိုးငှာ၊ ဖြစ်ရန်သာ၊ ဥစ္စာသူတော်များ။

**ရုက္ခ = သစ်ပင်။ ဒေသေ–ဌာန = အရပ်။**

**အဓိပ္ပာယ်။** ။ မြစ်တို့သည် ရေကို မသောက်ကုန်။ သစ်ပင်တို့သည် အသီးကို မစားကုန်။ မိုးတို့သည် အချို့သောအရပ်၌ မရွာကုန်။ သူတော်ကောင်းတို့ ဥစ္စာသည် သူတစ်ပါးအကျိုးငှာသာ ဖြစ်၏။

(၂၄) မတောင်းတအပ်၊ အရာမှတ်၊ ဆတ်ဆတ်မတောင်းနှင့်၊
မကြံအပ်ပြန်၊ မကြံရန်၊ ရွှေညာဉ်စိတ် နှိုင်းချင့်၊
တရားနှင့်သာ၊ စပ်ယှဉ်ရာ၊ မဂ္ဂါကြံစည်သင့်၊
အချိးနှိးလှ၊ ထိုကာလ၊ ဟုတ်ပမလိုလင့်။

**ဆတ်ဆတ် = မှချ = အမှန်စင်စစ်။ ကာလ = အချိန်။**

**အဓိပ္ပာယ်။** ။ မတောင်းတအပ်သည်ကို မတောင်းတရာ။ မကြံအပ်သည်ကို မကြံရာ။ တရားသဘောနှင့် စပ်ယှဉ်သည်ကိုသာလျှင် ကောင်းစွာ ကြံရာ၏။ အချိးနှိးသော အချိန်ကာလကို အလိုမရှိရာ။

(၂၅) မကြံစည်ဘဲ ဖြစ်တတ်မြဲ၊ ကြံလဲပျက်တတ်ခဲ့၊
မိန်းမယောကျ်ား ငွေအများ စီးပွားကြံပေမဲ့၊

ကြံတိုင်းမပြီး၊ အချည်းနှီး၊ ပျက်စီးတတ်သတဲ့။

**အဓိပ္ပာယ်။** ။ မကြံစည်ဘဲလည်း ဖြစ်တတ်၏။ ကြံသော်လည်း ပျက်တတ်၏။ မိန်းမယောကျာ်းတို့အား စည်းစိမ်တို့သည်လည်း ကြံတိုင်းမပြီးကုန်။

(၂၆) မသူတော်ကို၊ အချစ်ပို၊ ပစ်လို သူတော်မှန်၊
မသူတော်များ၊ ယူတရား၊ ဖောက်ပြားနှစ်သက်ပြန်၊
ဤလူ မသင့်၊ မှုအကျင့်၊ ဆင့်ဆင့်ပျက်စီးရန်။

**အဓိပ္ပာယ်။** ။ အကြင်သူသည် သူတော်မဟုတ်သောသူအား ချစ်၏။ သူတော်ကောင်းအား ချစ်ခြင်းကိုမပြု။ မသူတော်တို့၏ တရားကို နှစ်သက်၏။ ထိုသူ၏ အမှုအကျင့်သည် ပျက်စီးခြင်း၏ အကြောင်းဖြစ်သည်။

**သူတော်ကောင်းတို့ကိုဆိုရာ အခန်းပြီး၏။**

---

## (ဃ) မာလဒုဋ္ဌ ကဏ္ဍ

(၁) သူယုတ်ကိုလျှင်း၊ အလွန်မင်း၊ ချစ်ခြင်း မပြုထိုက်၊
ခေါင်းဖြင့်သည်ပိုး၊ မပြည့်ရိုး၊ ရေအိုးပမာဆိုက်၊
အုတ်အုတ်၊ကျက်ကျက်၊ ပြုမူချက်၊ နှစ်သက်အလွန်ကြိုက်။

အဓိပ္ပာယ်။ ။ သူယုတ်ကို အလွန်ချစ်အပ်သည်ကို မပြုအပ်။ ဦးခေါင်းဖြင့် ရွက်ဆောင်အပ်သော်လည်း မပြည့်သောရေ ရှိသောအိုးကဲ့သို့ အုတ်အုတ်၊ကျက်ကျက်, ပြုတတ်၏။

(၂) သူယုတ်မြွေဟောက်၊ ဤနှစ်ယောက်၊ မြဲမောက် အမျက်မွန်၊
သို့ပင်မှန်လျက်၊ သူယုတ်ပျက်၊ မြွေထက် အမျက်လွန်၊
မြွေကိုမူကား၊ ငြိမ်းနိုင်အား၊ ဆေးဝါးမန္တန်ချွန်၊
သူယုတ်ကိုမူ၊ ဘယ်ဆေးဟူ၊ ငြိမ်းယူနိုင်အံ့စွန်။

အဓိပ္ပာယ်။ ။ မြွေသည် အမျက်လွန်၏။ သူယုတ်လည်း အမျက်လွန်၏။ မြွေထက် သူယုတ်သည် အမျက်သာ၍ လွန်၏။ မြွေကို မန္တရားဆေးဝါးတို့ဖြင့် ငြိမ်းစေနိုင်၏။ သူယုတ်ကိုကား အဘယ်မည်သောဆေးဖြင့် ငြိမ်းစေနိုင်အံ့နည်း။

(၃) ကြင်သူမိုက်ပေါင်း၊ ကိုယ်မိုက်ကြောင်း၊ မကောင်းသိခဲ့သော်၊
ထိုလူ့ဗာလ၊ ပဏ္ဍိတ၊ မုချမည်သေးနော်၊
မိုက်မဲလျက်လျှင်၊ ကဝိထင်၊ စစ်ပင် ငမိုက်ခေါ်။

အဓိပ္ပာယ်။ ။ အကြင်သူမိုက်သည် မိမိမိုက်သော အဖြစ်ကိုသိ၏။ထိုသို့ သိမြင်ခြင်းကြောင့် ထိုသူမိုက်သည် ပညာရှိမည်သေး၏။ အကြင်သူမိုက်သည်ကား မိုက်လျက်လျှင်-မိမိကိုယ်ကို ပညာရှိဟု ထင်၏။ ထိုသူမိုက်ကိုသာလျှင် စင်စစ်အားဖြင့် သူမိုက်ဟု ဆိုအပ်၏။

(၄) သူမိုက်ပေတိ၊ ကြင်မျှရှိ၊ မိမိမကောင်းမှု၊
ကျိုးမပေးလာ၊ ပျားသကာ၊ ပမာအောက်မေ့ပြု၊
အကျိုးပေးလျှင်၊ ဆင်းရဲမြင်၊ ငိုငြင်ဖြစ်မြဲရှု။

**အဓိပ္ပာယ်။** ။သူမိုက်သည် အကြင်မျှလောက် မိမိပြုသော မကောင်းမှုသည် အကျိုး မပေးသေး။ ထိုမျှလောက် ပျားသကာကဲ့သို့ အောက်မေ့တတ်၏။ အကြင်အခါ၌ကား မိမိပြုသော မကောင်းမှုသည် အကျိုးပေး၏။ ထိုအခါ ဆင်းရဲငြိုငြင်ခြင်းသို့ ရောက်ရ၏။

(၅) ကိုယ်အားရှိတုံ၊ မကောင်းကုန်၊ ဥသုံ လူ့ဗာလ၊
အနိုင်ထက်သာ၊ သူ့ဥစ္စာ၊ ရစ္စာယူတတ်ကြ၊
ဉာဏ်မဲ့ငမိုက်၊ သေသော်ထိုက်၊ ဆိုက်ဆိုက်ငရဲကျ။

ဥသုံ = အလုံးစုံ = အကုန်။

**အဓိပ္ပာယ်။** ။ သူမိုက်သည် ကိုယ်အားရှိမှု မကောင်း။ အနိုင်အထက် သူ့၏ဥစ္စာကို ရအောင်ယူတတ်၏။ ပညာနည်းသော ယင်းသူမိုက်မျိုးသည် ခန္ဓာကိုယ်၏ ပျက်သည်မှနောက် ငရဲ၌ ကျရောက်တတ်၏။

(၆) အိမ်၌ဖျက်ချင်၊ ကြွက်များပင်၊ တောတွင် မျောက်များဖျက်၊
ငှက်၌ဖျက်တတ်၊ အာ အတ်အတ်၊ ယုတ်ဇာတ် မျိုးကျီးငှက်၊
လူတွင်မူကား၊ ဖျက်တတ်ငြား၊ ပုဏ္ဏား အယုတ်ပျက်။

**အဓိပ္ပာယ်။** ။ အိမ်၌ ဖျက်ဆီးတတ်သည်ကား ကြွက်တည်း။ တော၌ ဖျက်ဆီးတတ်သည်ကား မျောက်တည်း။ ငှက်၌ ဖျက်ဆီးတတ်သည်ကား ကျီးတည်း။ လူ၌ဖျက်ဆီးတတ်သည်ကား ပုဏ္ဏားတည်း။

(၇) နိုးကြားသူအား၊ ညဥ့်ပိုင်းခြား၊ ရှည်လျား အခွန့်ကြာ၊
ခရီးပန်းသူ၊ ခွန့်ရှည်ဟူ၊ သို့မူ တစ်ယူဇနာ၊
သူတော်ဓမ္မ၊ ကင်းဗာလ၊ ရှည်လှ သံသရာ။

**အဓိပ္ပာယ်။** ။ နိုးကြားသောသူအား ညဥ့်သည် ရှည်၏။ ခရီးပန်းသော သူအား တစ်ယူဇနာ ခရီးသည် ရှည်၏။ သူတော်ကောင်းတရားကို မသိကုန်သော သူမိုက်တို့အား သံသရာသည် ရှည်၏။

(၈) သူယုတ်အဖြစ်၊ နှမ်းခန့်စစ်၊ သူပြစ်မြင်တတ်မြဲ၊
အုန်းသီးမျှပေါ်၊ ကိုယ့်ပြစ်သော်၊ လွှမ်းကျော် မမြင်မြဲ။

အဓိပ္ပာယ်။ ။ ယုတ်သောသဘော ရှိသောသူသည် သူတစ်ပါး၏ နှမ်းစေ့ ခန့်မျှသာ ရှိသော အနည်းငယ်သောအပြစ်ကို မြင်တတ်၏။ အုန်းသီးမျှရှိသော မိမိအပြစ်ကိုကား မမြင်တတ်။

(၉) ကဝိမှန်ငြား၊ ကိုယ့်ပြစ်များ၊ သူ့အား မသိစေ၊
ဦးခေါင်း,ခြေလက်၊ ဖုံးကွယ်ဝှက်၊ ပြုချက်လိပ်လိုပေ၊
သူ့ပြစ်တမူ၊ သိရန်ဟူ၊ မှတ်ယူအမြဲနေ။

အဓိပ္ပာယ်။ ။ ပညာရှိသောသူသည် မိမိအပြစ်ကို သူတစ်ပါးအား မသိစေရာ။ သူတစ်ပါး၏ အပြစ်ကိုကား သိအောင်ပြုရာ၏။ ဥပမာအားဖြင့် လိပ်တို့သည် ဦးခေါင်း,ခြေ,လက်တို့ကို လျှို့ဝှက်ကုန်သကဲ့သို့ မိမိအပြစ်ကို လျှို့ဝှက်ရာ၏။ သူတစ်ပါးတို့၏ အပြစ် ကိုလည်း မှတ်ယူရာ၏။

(၁၀) ပညာရှိအား၊ သူမိုက်များ၊ မြော်ကစား ဒဏ်ပေးမည်၊
ကဝိချင်းချင်း၊ ချီးမွမ်းခြင်း၊ အလျဉ်းကောင်းလှသည်။

အဓိပ္ပာယ်။ ။ သူမိုက်သည် ပညာရှိသော သူအား ချီးမွမ်းခြင်းဖြင့် ဒဏ်ကို ပေးသည် မည်၏။ ပညာရှိကို ပညာရှိသည်သာလျှင် ချီးမွမ်းခြင်းသည် ကောင်းသောချီးမွမ်းခြင်း မည်၏။

(၁၁) ရမ္မက်ကြီးအား၊ တံစိုးများ၊ ပေးငြားအရယူ၊
ခက်ထန်လူမည်၊ လက်အုပ်ချီ၊ အတည်ပိုင်သည့်မှု၊
ဗာလာသူမိုက်၊ အလိုလိုက်၊ စိတ်ကြိုက် ကိုယ့်လိုဟူ၊
ပညာရှင်ကို၊ အမှန်ဆို၊ ခင်ပျိုရမည်ဟူ။

ရမက် = ဆန္ဒ = အလို။

အဓိပ္ပာယ်။ ။ရမ္မက်ကြီးသောသူကို တံစိုးလက်ဆောင်ပေးသဖြင့် ယူရာ၏။ ခက်ထန်သောသူကို လက်အုပ်ချီသဖြင့် ယူရာ၏။ သူမိုက်ကိုကား အလိုလိုက်သဖြင့် ယူရာ၏။ ပညာရှိကိုမူ အဟုတ်အမှန်ဆိုသဖြင့် ယူရာ၏။

သူမိုက်သူယုတ်တို့ကို ဆိုသောအခန်း ပြီး၏။

# (င) မိတ္တကဏ္ဍ

(၁) စီးပွားဆောင်ကြား၊ သူတစ်ပါး၊ နီးနားဆွေမျိုးမည်၊
ယင်းကိုမဆောင်၊ ဆွေမျိုးတောင်၊ တစ်မောင် တစ်ပါးမည်၊
ကိုယ်၌ဖြစ်လျက်၊ အနာပျက်၊ ကောင်းချက် မဆောင်ပြီ၊
တောဝယ်ဖြစ်ပ၊ ဩသဓ၊ ဟိတဆောင်ပေပြီ။

ဩသဓ = ဆေး။ ဟိတ = အကျိုး။

**အဓိပ္ပာယ်** = စီးပွားကိုဆောင်သည်ရှိသော် သူတစ်ပါးသည်လည်း ဆွေမျိုးမည်၏။ စီးပွားကို မဆောင်မူ ဆွေမျိုးသည်လည်း သူတစ်ပါး မည်၏။ အနာသည် ကိုယ်၌ဖြစ်လျက် စီးပွားမဆောင်။ ဆေးကား တော၌ဖြစ်လျက် စီးပွားကို ဆောင်၏။

(၂) မျက်ကွယ်သို့ရောက်၊ ကျေးဇူးဖျောက်၊ မျက်မှောက်ချစ်ဖွယ်ဆို၊
ဤမိတ်ဆွေမျိုး၊ ကြဉ်စရိုး၊ ဆိပ်အိုးပျားရည်လို။

**အဓိပ္ပာယ်** = မျက်ကွယ်၌ ကျေးဇူးကို ချေတတ်သော မျက်မှောက်၌ ချစ်ဖွယ်သော စကားကို ဆိုတတ်သော ထိုသို့သဘောရှိသော အဆွေခင်ပွန်း ကို အဆိပ်အိုး၌ ပျားကိုကြဉ်သကဲ့သို့ ကြဉ်ရာ၏။

(၃) ဥစ္စာပျက်မူ၊ မိတ်ဆွေဟူ၊ နည်းတူသားမယား၊
ညီသားအစ်ကို၊ များထိုထို၊ ရှောင်လို စွန့်တတ်ကြား၊
ဓနရှင်မှ၊ မှီခိုကြ၊ ညွှတ်,ခ,မဆန်းပြား၊
ထို့ကြောင့်ဥစ္စာ၊ လောကမှာ၊ မဟာမိတ်ဆွေထား။

ဓနရှင် = စည်းစိမ်ဥစ္စာ ကြွယ်ဝသူ။ မဟာ = ကြီးသော။

**အဓိပ္ပာယ်** = ဥစ္စာတည်းယုတ်မူ အဆွေခင်ပွန်း,သား,မယား,ညီသား, အစ်ကိုတို့သည် စွန့်ပစ်တတ်ကုန်၏။ ဥစ္စာရှိသောသူကိုသာလျှင် မှီဝဲကြ ကုန်၏။ ထို့ကြောင့် ဥစ္စာသည် လောက၌ အဆွေခင်ပွန်းကြီး မည်၏။

(၄) ကောင်းမကောင်းပ၊ ကျွန်သူခ၊ နိုင်းမှသိမည်တည်း၊
ဆွေမျိုးသိရာ၊ ဘေးရောက်ခါ၊ မိတ်မှာ ဥစ္စာနည်း၊
မယားကိုဝှံ၊ စည်းစိမ်ကုန်၊ သိပုံ နှစ်မျိုးချည်း။

အဓိပ္ပာယ် = ကျွန်သူခစားကို နိုင်းမှသာလျှင် ကောင်းမကောင်းကိုသိရာ၏။ ဆွေမျိုးကိုလည်း ဘေးရောက်သောအခါ၌ ကောင်းမကောင်းကို သိရာ၏။ အဆွေခင်ပွန်းကိုလည်း ဥစ္စာနည်းသောအခါတို့၌ ကောင်း မကောင်းကို သိရာ၏။ မယားကိုလည်း စည်းစိမ်ကုန်မှ ကောင်း မကောင်းကို သိရာ၏။

(၅) စီးပွားယှဉ်တတ်၊ ဆွေမျိုးမှတ်၊ ကျွေးလတ်မိဘခေါ်၊
ချစ်ကျွမ်းဝင်မူ၊ ယင်းထိုသူ၊ မှတ်ယူအဆွေတော်၊
နှစ်လုံးငြိမ်းဖေ၊ ယင်းသူပေ၊ ခေါ်လေမယားနော်။

အဓိပ္ပာယ် = အစီးအပွား၌ ယှဉ်စေတတ်သောသူသည် ဆွေမျိုးမည်၏။ ကျွေးမွေးတတ်သောသူသည် မိဘမည်၏။ ချစ်ကျွမ်းဝင်အပ်သောသူသည် မိတ်ဆွေမည်၏။ နှလုံးငြိမ်စေတတ်သောသူသည် မယားမည်၏။

(၆) ရန်သူမိတ်ဆွေ၊ ဤနှစ်ထွေ၊ ကျွမ်းခြေမဝင်ရာ၊
တခါတရံ၊ မိတ်ဆွေမှန်၊ ဖောက်ပြန်မျက်ထွက်ခါ၊
ခပ်သိမ်းအမှား၊ အပြစ်များ၊ ထင်ရှားပြတတ်လာ။

အဓိပ္ပာယ် = ရန်သူနှင့်လည်း အကျွမ်းမဝင်ရာ။မိတ်ဆွေနှင့်လည်း အကျွမ်း မဝင်ရာ။ တရံတခါ မိတ်ဆွေသည် အမျက်ထွက်လတ်သော် ခပ်သိမ်းသော အပြစ်ကို ထင်ရှားပြတတ်၏။

(၇) မိတ်ဆွေနှင့်ပ၊ တစ်ကြိမ်မျှ၊ ဒေါသထွက်ဖူးသူ၊
ယင်းသူအမှန်၊ စေ့စပ်ရန်၊ ကောန်လိုရှိမူ၊
အသားတိုရှိလှ၊ ဖွားမြင်းမ၊ သေရပမာတူ။

အဓိပ္ပာယ် = အကြင်သူသည် အဆွေခင်ပွန်းနှင့်တစ်ကြိမ် အမျက်ထွက်ဖူး၏။ ထိုသူသည် တဖန်စေ့စပ်ခြင်းငှာ အလိုရှိမူ ကိုယ်ဝန်သည်အသားတိုရှိမြင်းကို ဖွားအံ့သောမြင်းမကဲ့သို့ သေမင်းနိုင်ငံသို့ ဆောင်၏။

(၈) မိမိကြံရေး၊ မရောက်သေး၊ ချိန်လေးညှိအတွင်း၊
ရန်သူကိုပင်၊ ပခုံးတွင်၊ ထမ်းစင်သို့ ဆောင်နှင်း၊
အကြံအောင်မူ၊ ယင်းရန်သူ၊ ခွဲယူဖျက်ကြမင်း၊
ကျောက်၌ဆောင်ရွက်၊ အိုးတူမြွက်၊ ခွဲဖျက်ပမာချဉ်း။

**အဓိပ္ပာယ်** = အကြင်မျှလောက် မိမိအကြံကာလသည် မရောက်သေး။ ထိုရွေ့လောက် ရန်သူကိုပင် ပခုံးဖြင့် ရွက်ဆောင်ရာ၏။ မိမိအကြံကာလသည် ပြည့်စုံခြင်းသို့ ရောက်ပြီးသော် ထိုရန်သူကိုပင်လျှင် ကျောက်၌ ရွက်ဆောင်သော အိုးကို ခွဲသကဲ့သို့ ဖျက်ရာ၏။

(၉) မြီကြွင်းမီးကြွင်း၊ ရောဂါကြွင်း၊ ပွားပြင်းတတ်ဖန်ဖန်၊
ထို့ကြောင့်အပို၊ အကြွင်းကို၊ ထားသိုမပြုရန်။

**အဓိပ္ပာယ်** = မြီကြွင်း,မီးကြွင်း,ရောဂါကြွင်းတို့သည် အဖန်တလဲလဲ ပွားတတ်ကုန်၏။ ထို့ကြောင့် အကြွင်းကို မပြုရာ။

(၁၀) ဤသူ့မျက်နှာ၊ ပဒုမ္မာ၊ ရွှေကြာကဲ့သို့လန်း၊
စကားဆိုဦး၊ စန္ဒကူး၊ ကြည်နူး လွန်အေးချမ်း၊
နှလုံး၌ဝယ်၊ သေစေလွယ်၊ မဖွယ်အဆိပ်မြန်း၊
ဤသည့်လူစား၊ ဝေးစွာထား၊ ရှောင်ရှားမမှီငြမ်း။

**အဓိပ္ပာယ်** = အကြင်သူ၏မျက်နှာကား ပဒုမ္မာကြာကဲ့သို့ ရွှင်လန်း၏။ ဆိုသောစကားသည် စန္ဒကူးကဲ့သို့ ချမ်းအေး၏။ နှလုံး၌ကား လျင်စွာ သေစေတတ်သော အဆိပ်ကဲ့သို့ ရှိ၏။ ထိုသို့သဘောရှိသူကို မမှီဝဲရာ။

(၁၁) ကြမ်းကြုတ်အရှင်၊ ဝန်တိုရှင်၊ သခင်မချီးမြှောက်၊
နှိပ်စက်ကလူ၊ အရှင်ဟူ၊ မှတ်ယူဤလေးယောက်၊
ဆင့်ထက်တစ်ဆင့်၊ ဘေးကြီးသင့်၊ ရှောင်လင့်မမှီရောက်။

**အဓိပ္ပာယ်** = ကြမ်းကြုတ်သောအရှင်ကို မမှီဝဲရာ။ ထိုထက် ဝန်တိုသောအရှင်ကို မမှီဝဲရာ။ထိုထက် မချီးမြှောက်သောအရှင်ကို မမှီဝဲရာ။ ထိုထက် နှိပ်စက်သော အရှင်ကို မမှီဝဲရာ။

(၁၂) ချို့ရှိကောင်မယ်၊ တောင်ငါးဆယ်၊ မြင်းဝယ် တောင်တစ်ရာ၊
ဈွယ်ရှိ့ဆင်ပြောင်၊ တောင့်တစ်ထောင်၊ ရပ်ဘောင် သူယုတ်မာ၊
မကပ်သင့်ငြား၊ ဈွန့်ခွာသွား၊ ရှောင်ရှားကြဉ်လေပါ။

အဓိပ္ပာယ် = ဦးချို့ရှိသော သတ္တဝါကို အတောင်ငါးဆယ်ရှိသော အရပ်မှ ကြဉ်ရာ၏။ မြင်းကိုကား အတောင်တစ်ရာမှ ကြဉ်ရာ၏။ အစွယ်ရှိသောဆင်ကိုမူ အတောင့်, တစ်ထောင်ရှိသောအရပ်မှ ကြဉ်ရှောင်ရာ၏။ သူယုတ်မာကိုကား အရပ်ကိုစွန့်သဖြင့် ရှောင်ကြဉ်ရာ၏။

(၁၃) မကောင်းလေကြ၊ ရပ်ဒေသ၊ မိတ္တမျိုးနွယ်ဇာတ်၊
မျိုးဆွေမယား၊ ကျွန်ခစား၊ ဝေးပါး ကြဉ်ရှောင်အပ်။

အဓိပ္ပာယ် = မကောင်းသောအရပ်, မကောင်းသောမိတ်ဆွေ့ခင်ပွန်း, မကောင်း သော အမျိုး, မကောင်းသောမယား, မကောင်းသော ကျွန်သူခဝတို့ကို အဝေးမှ ကြဉ်ရှောင်ရာ၏။

(၁၄) ရောဂါဖြစ်ချိန်၊ ခေါင်းပါးတိမ်၊ စည်းစိမ်ပျက်စီးခါ၊
ရန်သူဖမ်းထား၊ လုပ်တိုင်းနား၊ တံခါးမင်းအိမ်မှာ၊
အကြင်မိတ်ဆွေ၊ တည်တံ့ပေ၊ ထိုဆွေ မိတ်ကောင်းသာ။

ခေါင်းပါး = ငတ်မွတ်ခြင်း။ လုပ်တိုင်း = သင်္ချိုင်း။

အဓိပ္ပာယ် = အကြင်မိတ်ဆွေသည် အနာနှိပ်စက်သောအခါ၊ ငတ်မွတ်ခေါင်းပါးသောအခါ၊ စည်းစိမ်ပျက်သောအခါ၊ ရန်သူဖမ်းမိသောအခါ၊ သင်္ချိုင်းတစပြင် မင်းအိမ်တံခါးတို့၌တည်မှု (အကူညီရမှု) ထိုမိတ်ဆွေသည် မိတ်ဆွေကောင်း မည်၏။

(၁၅) နှုတ်ချိုသူအား၊ သျှိုတစ်ပါး၊ မိတ်များအဆွေပေါ၊
ကြမ်းကြုတ်ခက်ထန်၊ ထိုသူမှန်၊ နည်းပြန်မိတ်သဘော၊
လနေပမာ၊ ဤအရာ၊ နှိုင်းစာသိစေသော။

အဓိပ္ပာယ် = နှုတ်ခွန်းချိုသော စကားရှိသောသူသည် များသော အဆွေခင်ပွန်း

ရှိ၏။ ကြမ်းကြုတ်သောသူသည် နည်းသောအဆွေခင်ပွန်း ရှိ၏။ နေမင်း,လမင်း တို့၏ ဥပမာကို ဤအရာ၌ သိအပ်၏။

အဆွေခင်ပွန်းကိုဆိုရာအခန်း ပြီး၏။

---

## (၈) တွတ္ထိ ကဗျာ

(၁) ဥသြအဆင်း၊ အသံချဉ်း၊ မ,ဆင်း လင်မြတ်နိုး၊
ရုပ်မလှသူ၊ အဆင်းဟူ၊ သင်ယူအတတ်မျိုး၊
တပသီများ၊ အဆင်းကား၊ သူ့အားသည်းခံကျိုး။

**တပသီ** = ရသေ့,ရဟန်း။

**အဓိပ္ပာယ်** = ဥသြတို့၏အဆင်းကား အသံတည်း။ မိန်းမ,တို့၏အဆင်းကား လင်ကို မြတ်နိုးခြင်းတည်း။ ရုပ်သဏ္ဍာန် မကောင်းသောသူတို့၏ အဆင်းကား အတတ်ပညာတည်း။ ရသေ့ ရဟန်းတို့ အဆင်းကား သည်းခံခြင်းတည်း။

(၂) မိန်းမဥစ္စာ၊ ဆင်းရူပါ၊ ဝိဇ္ဇာ ယောကျ်ားဘို့၊
ရဟန်းဥစ္စာ၊ သီလသာ၊ မင်းမှာ ရဲမက်ကို့။

**ရူပ** = အဆင်း။ **ဝိဇ္ဇာ** = အတတ်။ **ရဲမက်** =စစ်သည်တော်။

**အဓိပ္ပာယ်** = မိန်းမတို့၏ဥစ္စာကား အဆင်းတည်း။ ယောကျ်ားတို့၏ဥစ္စာကား အတတ်ပညာတည်း။ ရဟန်းတို့၏ ဥစ္စာကား သီလတည်း။ မင်းတို့၏ဥစ္စာကား ရဲမက်ဗိုလ်ပါတည်း။

(၃) ရသေ့ရဟန်း၊ တင့်တယ်လန်း၊ မြဲတမ်းကြုံလိုမှ၊
အခြေလေးဖြာ၊ သတ္တဝါ၊ လုရာဆူပြုံးမှ၊
ယောကျ်ားမှန်လတ်၊ တင့်တယ်မှတ်၊ အတတ်ရှိပေမှ၊
မိန်းမမှာမူ၊ တင့်တယ်ဟူ၊ ချစ်သူ လင်ရှိမှ။

ကြုံလိုမှ = ပိန်မှ။ ဆူဖြိုးမှ = ဝမှ။
အဓိပ္ပာယ် = ရသေ့,ရဟန်းတို့ကား ကြုံလှီမှသာလျှင် တင့်တယ်ကုန်၏။ အခြေလေးခုရှိသော သတ္တဝါတို့သည်ကား ဆူဖြိုးမှသာလျှင် တင့်တယ်ကုန်၏။ ယောကျာ်းတို့သည်ကား အတတ်ပညာ ရှိမှသာလျှင် တင့်တယ်ကုန်၏။ မိန်းမ,တို့သည်ကား လင်ရှိမှသာလျှင် တင့်တယ်ကုန်၏။

(၄) စောင်းတတ်သမား၊ ငါးရက်ထား၊ စောင်းအားကင်းသော်ပျက်၊
လေးသမားပ၊ ရက်သတ္တ၊ လေးမှကင်းသော်ပျက်၊
မယားတော်သင့်၊ တစ်လပြင့်၊ လင်နှင့်ကင်းသော်ပျက်၊
တပည့်များလဲ၊ ဆရာဖဲ၊ လခွဲ ကင်းသော်ပျက်။

ရက်သတ္တ = ခုနစ်ရက်။ ဖဲ = သွား။
အဓိပ္ပာယ် = တတ်လှစွာသော စောင်းသမားသည် ငါးရက်မျှ စောင်းနှင့်ကင်းမှု ပျက်၏။ တတ်လှစွာသော လေးသမားသည် ခုနစ်ရက်မျှ လေးနှင့်ကင်းမှု ပျက်၏။ တော်မှန်လှစွာသော မယားဖြစ်လျှင်မူလည်း လင်နှင့် တစ်လကင်းမှု ပျက်၏။ တပည့်တို့ကား ဆရာနှင့် လခွဲမျှကင်းမှု ပျက်၏။

(၅) ကျွဲကား ညွန်တွယ်၊ ဟသာမယ်၊ ကန်ဝယ် လွန်မွေ့လျော်၊
မိန်းမမှန်လျှင်၊ ယောကျာ်းတွင်၊ ကြည်ရွှင် စိတ်ထားပျော်၊
ရဟန်းမှန်လတ်၊ ပျော်ရာမှတ်၊ မြင့်မြတ်တရားတော်။

အဓိပ္ပာယ် = ကျွဲသည် ညွန်၌(ဝါ) ညွန်ရှိမှ မွေ့လျော်၏။ ဟသာသည် ရေကန်၌(ဝါ)ရေကန်ရှိမှ မွေ့လျော်၏။ မိန်းမသည် ယောကျာ်း၌(ဝါ)ယောကျာ်း ရှိမှသာ မွေ့လျော်၏။ ရဟန်းသည် တရား၌(ဝါ) တရားရှိမှသာ မွေ့လျော်၏။

(၆) အစာကြေမှ၊ အာဟာရ၊ ဟုတ်ပ ချီးမွမ်းရန်၊
အရွယ်လွန်ချက်၊ မယားစွက်၊ ရဲမက် စစ်အောင်ပြန်၊
ကောက်စပါးဟူ၊ အိမ်ရောက်မူ၊ နည်းတူ ချီးမွမ်းရန်။

အာဟာရ = အစာ။

**အဓိပ္ပာယ်** = ထမင်းအစာကို အစာကြေမှသာ ချီးမွမ်းရာ၏။ မယားကိုလည်း အရွယ်လွန်မှသာ ချီးမွမ်းရာ၏။ ရဲမက်ကိုကား စစ်အောင်၍ပြန်မှချီးမွမ်းရာ၏။ ကောက်စပါးကိုလည်း အိမ်သို့ရောက်မှ ချီးမွမ်းရာ၏။

(၇) နှစ်ခါသုံးခါ၊ လင်ပြောင်းလာ၊ တဖြာ ထိုဣတ္ထိ၊
ကျောင်းပြောင်းရဟန်း၊ ကြော့ကွင်းဆန်း၊ လွတ်သန်းငှက်ပါသိ၊
ဗဟုမာယာ၊ ကလိမ်ညာ၊ များစွာပြုတတ်ဘိ။

**ဣတ္ထိ** = မိန်းမ။ **ဗဟုမာယာ** = လှည့်ပတ်မှုများခြင်း။
**အဓိပ္ပာယ်** = နှစ်လင်,သုံးလင်, ကွာပြီးသောမိန်းမ၊ နှစ်ကျောင်း,သုံးကျောင်း ပြောင်းပြီးသောရဟန်း၊ ကြော့ကွင်းမှ နှစ်ကြိမ် သုံးကြိမ် လွတ်ပြီးသောငှက် တို့သည် မာယာများစွာ ပြုတတ်ကုန်၏။

(၈) သူယုတ်မှန်ရေး၊ ပုတ်ခတ်ပေး၊ ယဉ်ကျေးစေရာမင်း၊
မကောင်းမိတ်ဆွေ၊ မဆိုချေ၊ ခွန်းချေ စကားရင်း၊
မိန်းမ,မကောင်း၊ စည်းစိမ်ပေါင်း၊ ထပ်လောင်း မအပ်နှင်း၊
အစားမက်သူ၊ အစာဟူ၊ ယုတ်မူ ယဉ်ဖွယ်ချဉ်း။

**အဓိပ္ပာယ်** = သူယုတ်ကို ပုတ်ခတ်သဖြင့် ယဉ်ကျေးစေရာ၏။ မကောင်းသော အဆွေခင်ပွန်းကို စကားဆိုမြဲ မဆိုသဖြင့် ယဉ်ကျေးစေရာ၏။ မကောင်းသော မိန်းမကို စည်းစိမ်ကို မအပ်နှင်းသဖြင့် ယဉ်ကျေးစေရာ၏။ အစာ၌ တပ်မက်မော သောသူကို အစာကို ယုတ်စေသဖြင့် ယဉ်ကျေးစေရာ၏။

(၉) လကင်းညဥ့်မယ်၊ မတင့်တယ်၊ လှိုင်းကွယ်အဏ္ဏဝါ၊
ဟသ်ာကင်းပြန်၊ ထိုရေကန်၊ အမှန် န သောဘာ၊
လင်မှကင်းငြား၊ ကညာများ၊ လားလားမသင့်ရာ။

**အဏ္ဏဝါ** = သမုဒ္ဒရာ၊ **နသောဘာ** = မတင့်တယ်။
**အဓိပ္ပာယ်** = လမှကင်းသော ညဥ့်သည် မတင့်တယ်။ လှိုင်းတံပိုးမှကင်းသော သမုဒ္ဒရာသည် မတင့်တယ်။ ဟသ်ာမှကင်းသော ရေကန်သည် မတင့်တယ်။ လင်မှကင်းသော သတို့သမီးသည်လည်း မတင့်တယ်။

(၁၀) ခပ်သိမ်းမြစ်တူ၊ မြစ်ကောက်ဟူ၊ တောမူထင်းဖြင့်ပြီး၊
မိန်းမသဗ္ဗာ၊ ဆိတ်ငြိမ်ရာ၊ မှန်စွာရသော်မီး၊
မကောင်းမှုမျိုး၊ ပြုစရိုး၊ ပြစ်ကျိုးမရှင်းနိုး။

သဗ္ဗာ = ခပ်သိမ်းသော။

အဓိပ္ပာယ် = ခပ်သိမ်းသောမြစ်တို့သည် မြစ်ကောက်သာ ရှိကုန်၏။ ခပ်သိမ်းသော တောတို့သည် ထင်းဖြင့် ပြီးကုန်၏။ ခပ်သိမ်းသောမိန်းမတို့သည် ဆိတ်ငြိမ်သောအရပ်ကို ရကုန်သည်ရှိသော် မကောင်းမှုကို ပြုကြကုန်မြဲ။

(၁၁) ငြင်းခုံငြူစူ၊ ပြောလေ့ထူ၊ မြင်မူကြိုက်တတ်ခြင်း၊
များစွာချက်စား၊ လင်ဦးစား၊ လည်သွားသူ့အိမ်ချဉ်း၊
သားတစ်ဂေမြင်၊ မိန်းမပင်၊ ရှောင်ကြဉ်ကြလေမင်း။

အဓိပ္ပာယ် = အကြင်မိန်းမသည် ငြင်းခုံတတ်သောအလေ့ ရှိ၏။ ငြူစူ စောင်းမြောင်း ပြောဆိုလေ့ရှိ၏။ မြင်တိုင်းကိုလည်း တပ်တက်၏။ များစွာလည်း ချက်၍စားတတ်၏။ လင်၏အဦးစားတတ်သော အလေ့ရှိ၏။ ထိုမိန်းမျိုးကို သား,တစ်ရာပင် မြင်သော်လည်း ယောကျာ်းသည် စွန့်ပစ်အပ်၏။

(၁၂) စား,ဝတ် ဆင်ယင်၊ နှစ်လိုပင်၊ ပြုပြင်မိသို့မြွက်၊
လျှို့ဝှက်အပ်စွာ၊ မလစ်ရာ၊ ပမာ နှမရှက်၊
မှုလုပ်လင်ပါး၊ သွားခါများ၊ ပြုငြားကျွန်တူချက်၊
ဘေးရောက်ခါနော်၊ တိုင်ပင်ဖော်၊ အိပ်သော် မွေ့လျော်ဆက်၊
အဆင်းပြုပြန်၊ တင့်တယ်ကြန်၊ သည်းခံအမျက်ထွက်၊
ယင်းသို့မှန်လတ်၊ မိန်းမမြတ်၊ မိန့်မှတ်ကဝိမြွက်၊
ဤသည့်မိန်းမ၊ သေလွန်က၊ လားရနတ်ပြည်ထက်။

အဓိပ္ပာယ် = အကြင်မိန်းမသည် စားသောအခါ၊အဝတ်တန်ဆာ ပြုပြင်ဆင်ယင် သော အခါတို့၌ အမိကဲ့သို့ နှစ်သက်ဖွယ် ပြုပြင်တတ်၏။ လျှို့ဝှက်အပ်ကုန် သော မကျစ်မလစ်သော အရာတို့၌ နှမကဲ့သို့ လွန်စွာရှက်တတ်၏။ အမှု လုပ်သောအခါ၊ လင်အပါးသို့ သွားသောအခါတို့၌ ကျွန်မကဲ့သို့ ရိုသေစွာ ပြုတတ်၏။ ဘေးရှိသောအခါတို့၌ တိုင်ပင်ဖက်ရ၏။ အိပ်သောအခါတို့၌

မွေ့လျော်စေတတ်၏။ အရောင်အဆင်းကို ပြုပြင်ခြင်းတို့၌ တင့်တယ်စွာရှိ၏။ အမျက်ထွက်သောအခါတို့၌ သည်းခံတတ်၏။ ထိုမိန်းမကို မိန်းမမြတ်ဟု ပညာရှိတို့ ဆိုကုန်၏။ ထိုမိန်းမသည် သေသည်၏ အခြားမဲ့၌လည်း နတ်ပြည်၌ ဖြစ်ရာ၏။

(၁၃) အသားရွှေမျို၊ မျက်စိညို၊ နှိုင်းဆို သမင်မ၊
ခါးစည်းတင်ကျယ်၊ ဝမ်းပိုက်ငယ်။ ပေါင်သွယ်ဆင်နှာပ၊
ရှည်၍ဖျားကော့၊ ဆံထုံးကြော့၊ သွားတော့ စဉ်ညီလှ၊
ချက်အိမ်နက်ရှောင်း၊ အကျင့်ကောင်း၊ မစောင်း ဤမိန်းမ၊
ယုတ်သောမျိုးထံ၊ ဖြစ်သော်မှန်၊ ဆက်ဆံထိမ်းမြားကြ။

**အသားရွှေ** = အသားဝါ။

**အဓိပ္ပာယ်** = အကြင်မိန်းမသည် ရွှေသောအသားအရေလည်း ရှိ၏။ သမင်မျက်စိကဲ့သို့ ညိုသောမျက်စိလည်း ရှိ၏။ ခါးစည်းတင်ကျယ် ငယ်သော ဝမ်းလည်း ရှိ၏။ ဆင်နှာမောင်းကဲ့သို့ အရင်းမှအဖျားတိုင်အောင် သွယ်သော ပေါင် ရှိ၏။ ဖြေ၍ နောက်သို့လှန်သော် ရှည်၍ အဖျားကော့တက်သော ဆံလည်းရှိ၏။ ကြီး, ငယ်မထင် ညီညွတ်သော သွားအစဉ်လည်း ရှိ၏။ နက်သောချက်လည်း ရှိ၏။ ကောင်းသောအလေ့အကျင့်လည်း ရှိ၏။ ဤ မိန်းမငယ်ကို ယုတ်သောအမျိုးတို့၌ ဖြစ်သော်လည်း ဆက်ဆံထိမ်းမြားရာ၏။

(၁၄) ဥတုကာလ၊ အနက်မှ၊ မြတ်လှ တန်ဆောင်မုန်း၊
မယားတို့တွင်၊ ဆင်းလှရှင်၊ ပျိုခြင်အမြတ်ဆုံး၊
သားတွင်ကြီးကောက်၊ ရပ်တွင်မြောက်၊ နည်းထောက်မြတ်တန္နုန်း၊

**အဓိပ္ပာယ်** = ဥတုကာလတို့တွင် တန်ဆောင်မုန်းလသည် မြတ်၏။ မယားတို့တွင် အဆင်းလှသောမိန်းမသည် မြတ်၏။ သားတို့တွင် သားကြီးသာ မြတ်၏။ အရပ်တို့တွင် မြောက်အရပ်သာ မြတ်၏။

(၁၅) ဖြစ်တိုင်းဘဝ၊ ပုရိသ၊ တမ်းတ ဖြစ်လိုလျှင်၊
ယင်းမိန်းမမှာ၊ သုဓာတာ၊ ပဟာတူနှိုင်းယှဉ်၊

လင်ကိုကူဖေး၊ ရိုသေပေး၊ လုပ်ကျွေးမြဲ နေ့စဉ်။
အဓိပ္ပာယ် = အကြင်မိန်းမသည် ဖြစ်တိုင်း ဖြစ်တိုင်းသောဘဝတို့၌ အဖန်တလဲလဲ ယောကျ်ားအဖြစ်ကို အလိုရှိငြားအံ့၊ ထိုမိန်းမသည် သိကြားမယား သုဇာတာသည် သိကြားကို အရိုအသေလုပ်ကျွေးသကဲ့သို့ လင်ကို အရိုအသေ လုပ်ကျွေးရာ၏။

(၁၆) ဘဝတိုင်းမှတ်၊ ယောကျ်ားမြတ်၊ မပြတ်ဖြစ်လိုငြား၊
ယင်းယောကျ်ားမှာ၊ ခြေဆေးရာ၊ ပမာညွန်သို့ထား၊
ပရဒါရ၊ ကံတဝ၊ နိစ္စ ရှောင်လေရှား။
ပရဒါရ = သူတစ်ပါးမယား။ နိစ္စ = အမြဲ။
အဓိပ္ပာယ် = အကြင်ယောကျ်ားသည် ဖြစ်တိုင်း ဖြစ်တိုင်းသောဘဝတို့၌ အဖန်တလဲလဲ ယောကျ်ားအဖြစ်ကို အလိုရှိငြားအံ့၊ ထိုယောကျ်ားသည် သူတစ်ပါးမယားကို ခြေဆေးပြီးသော ယောကျ်ားသည် ညွန်ကို ကြဉ်သကဲ့သို့ ကြည်ရှောင်ရာ၏။

(၁၇) သက်ကြားအိုရွယ်၊ မိန်းမငယ်၊ အကယ်ယူထားမူ၊
ယင်းသည့်မိန်းမ၊ သူ့လိုကျ၊ မရမှန်ငြူစူ၊
လင်အို၌သာ၊ မွေ့လျော်ရာ၊ ဘယ်ခါမယုံယူ၊
ထိုကြောင့်ပျိုငယ်၊ ပူသူကွယ်၊ ပျက်ဖွယ်အကြောင်းဟူ။
အဓိပ္ပာယ် = အရွယ်လွန်ပြီးသော သက်ကြားအိုယောကျ်ားသည် တည်သီးမှျငယ်သော သားမြတ်ရှိသောမိန်းမငယ်ကို ယူဆောင်သိမ်းဆည်း၏။ ထိုမိန်းမငယ် အား မိမိအလိုရှိရာ မပါသည်ဖြစ်၍ စောင်းမြောင်းငြူစူတတ်၏။ လင်အို တစ်ယောက်၌သာ မွေ့လျော်လတ္တံ့ဟု မယုံကြည်။ ထို့ကြောင့် ထိုငယ်သော မယားကို သိမ်းဆည်းခြင်းသည် ပျက်စီးအံ့သည်၏ အကြောင်း ဖြစ်သည်။

မိန်းမကိုဆိုရာအခန်း ပြီး၏။

## (ဆ) ရာဇ ကဗျာ

(၁) ကဝိနှစ်ယာမ်၊ မင်းတစ်ယာမ်၊ အမှန်အိပ်လေရာ၊
အိမ်ရာထောင်သူ၊ အပေါင်းလူ၊ အိပ်ယူသုံးယာမ်သာ၊
လေးယာမ်အိပ်ကောင်း၊ သူအပေါင်း၊ ဖုန်းတောင်းယာစကာ။

**ဖုန်းတောင်းယာစကာ** = ဒွန်းစဏ္ဍား = သူတောင်းစား။
**အဓိပ္ပာယ်** = မင်းကား တစ်ယာမ်သာအိပ်ရာ၏။ ပညာရှိကား နှစ်ယာမ်သာ အိပ်ရာ၏။ အိမ်ရာထောင်သော လူအပေါင်းကား သုံးယာမ်သာ အိပ်ရာ၏။ ဖုန်းတောင်း ယာစကာကား လေးယာမ်ပတ်လုံး အိပ်ရာ၏။

(၂) ဥစ္စာရှိသူ၊ ကဝိဟူ၊ ထို့တူမြစ်နှင့်မင်း၊
ဆေးသမားပြန်၊ ဤငါးတန်၊ ကေန်မရှိကင်း၊
ယင်းရပ်ဒေသ၊ တစ်နေ့မျှ၊ ဟုတ်ပ မနေချဉ်း။

**အဓိပ္ပာယ်** =အကြင်အရပ်၌ ဥစ္စာရှိသောသူ၊ ပညာရှိ၊ မြစ်၊ မင်း၊ ဆေးသမား ဤငါးပါးတို့ မရှိကုန်။ ထိုအရပ်၌ တစ်နေ့တစ်ရက်မျှ မနေရာ။

(၃) မြတ်နိုးချစ်ခြင်း၊ ဆွေတသင်း၊ ဝေးကင်းထိုဒေသ၊
ပညာကိုဟူ၊ သင်အံ့သူ၊ နည်းတူမရှိပ၊
ယင်းသည့်အရပ်၊ မနေအပ်၊ လွန်လတ်တစ်နေ့မျှ။

**အဓိပ္ပာယ်** = အကြင်အရပ်၌ မြတ်နိုးခြင်းလည်း မရှိ။ ချစ်ခြင်းလည်းမရှိ။ အဆွေခင်ပွန်းလည်းမရှိ။ တစ်စုံတစ်ယောက်မျှ အတတ်ပညာ သင်စိမ့်သော သူလည်း မရှိ။ ထိုအရပ်၌ တစ်နေ့တစ်ရက်မျှ မနေရာ။

(၄) သားမရှိအိမ်၊ လွန်ဆိတ်ငြိမ်၊ အချိန်မြဲနေ့စဉ်၊
မင်းမဲ့ တိုင်းချုပ်၊တတ်ကင်းနှုတ်၊ နည်းထုတ်အတူပင်၊
ဆင်းရဲမှန်တုံ၊ အလုံးစုံ၊ အကုန်ဆိတ်ရာထင်။

**အဓိပ္ပာယ်** = သားမရှိသောအိမ်သည် ဆိတ်ငြိမ်၏။ မင်းမရှိသောတိုင်းပြည်သည်

ဆိတ်ငြိမ်၏။ အတတ်မရှိသောသူ၏ ခံတွင်းနှုတ်သည် ဆိတ်ငြိမ်၏။ ဆင်းရဲခြင်း ကား အလုံးစုံ ဆိတ်ငြိမ်၏။

(၂) ဥစ္စာလိုခါ၊ ကုန်သွယ်ရာ၊ မှန်စွာလောကတွင်း၊
အတတ်လိုဘိ၊ သုတရှိ၊ ကဝိထံပါးချဉ်း၊
သားသမီးလို၊ မိန်းမပျို၊ သို့ဆိုယူပေါင်းသင်း၊
မင်း၏အမတ်၊ ဖြစ်လိုလတ်၊ မင်းမြတ်လိုတော်သွင်း။

**အဓိပ္ပာယ်** = လောက၌ ဥစ္စာကို အလိုရှိအံ့ ကုန်သွယ်ရာ၏။ အတတ်ကိုအလိုရှိမူ အကြားအမြင်ရှိသော ပုဂ္ဂိုလ်ကို ဆည်းကပ်ရာ၏။ သားသမီးကို အလိုရှိမူ မိန်းမငယ်ကို ပေါင်းသင်းနေရာ၏။ မင်းအမတ်ဖြစ်ခြင်းကို အလိုရှိမူ မင်း အလိုသို့ လိုက်ရာ၏။

(၆) မရောင့်ရဲတတ်၊ ရဟန်းမြတ်၊ မင်းမြတ်ရောင့်ရဲမူ၊
ပြည့်တန်ဆာလျှင်း၊ ရှက်တတ်ခြင်း၊ ရှက်ကင်း မျိုးကောင်းသူ၊
ဤသဘောလေး၊ ဖောက်ပြန်ရေး၊ ခေါ်တွေးအပျက်ဟူ။

**အဓိပ္ပာယ်** = ရဟန်းသည် မရောင့်ရဲမူ ပျက်၏။ မင်းသည် ရောင့်ရဲမူ ပျက်၏။ ပြည့်တန်ဆာမသည် ရှက်တတ်မူ ပျက်၏။ အမျိုးကောင်းသမီးသည် မရှက်တတ်မူ ပျက်၏။

(၇) ငှက်တို့အားပင်၊ မိုးကောင်းကင်၊ ရေလျှင် ငါးအားဆို၊
အားနည်းသူအား၊ မင်းဟူငြား၊ တစ်ပါး သူငယ်ငို။

**အဓိပ္ပာယ်** = ငှက်တို့၏အားကား ကောင်းကင်တည်း။ ငါးတို့၏ အားကား ရေတည်း။ အားနည်းသောသူ၏ အားကား မင်းတည်း။ သူငယ်တို့၏အားကား ငိုခြင်းတည်း။

(၈) သည်းခံနိုးကြား၊ လုလ္လပွား၊ သနားဝေဖန်တတ်၊
မြော်မြင်တတ်မြဲ၊ ခြောက်မျိုးကွဲ၊ ကြီးကဲ ဂုဏ်ဟုမှတ်၊
သူတော်စင်တို့၊ အလိုပျို့၊ နှစ်မြို့ ဂုဏ်ခြောက်ရပ်။

**အဓိပ္ပာယ်** = သည်းခံခြင်း၊ နိုးကြားခြင်း၊ ထကြွ လုံ့လပြုခြင်း၊ သနားခြင်း၊ ဝေဖန်ပေးကမ်းခြင်း၊ မြော်မြင်ခြင်း ဤ ၆-ပါးတို့ကား မင်း,စသောသူကြီး မိဘတို့၏ ဂုဏ်ကျေးဇူးမည်ကုန်၏။ သူတော်ကောင်းတို့ အလိုရှိအပ်ကုန်သော ဂုဏ်ကျေးဇူးတို့ ဖြစ်ကုန်၏။

(၉) ရဟန်း ပုဏ္ဏား၊ မင်းအများ၊ ဆိုငြား တစ်ကြိမ်တည်း၊
သပ္ပုရိသ၊ ဘုရားစ၊ ဆိုကြနည်းတူမှီး၊
ဤသဘောနော်၊ ရှေးသူတော်၊ သင့်လျော်အကျင့်တည်း။

**သပ္ပုရိသ** = သူတော်ကောင်း။

**အဓိပ္ပာယ်** = ရဟန်း,ပုဏ္ဏားတို့သည် တစ်ကြိမ်သာ ဆိုကုန်၏။ မင်းတို့သည် လည်း တစ်ကြိမ်သာ ဆိုကုန်၏။ ဘုရားစသော သူတော်ကောင်းတို့သည်လည်း တစ်ကြိမ်သာဆိုကုန်၏။ ဤသို့သော သဘောတရားသည် ရှေးသူတော်ကောင်း တို့၏ အကျင့်ဖြစ်သည်။

(၁၀) အိမ်ရာထောင်ပြီး၊ အပျင်းကြီး၊ ချည်းနှီး ဤလူစား၊
ကိုယ်နှုတ်နှလုံး၊ မစောင့်သုံး၊ တန်ုး ရဟန်းများ၊
မဆင်မခြင်၊ ပြုလေ့ရှင်၊ ဘုရင် မင်းတစ်ပါး၊
အမျက်ထွက်ဘိ၊ ပညာရှိ၊ ကဝိတစ်ဆူပွား၊
ဤသည့်လေးဦး၊ မချီးကျူး၊ အထူးမကောင်းထား။

**အဓိပ္ပာယ်** = ပျင်းသော အိမ်ရာထောင်သောလူသည် မကောင်း။ ကိုယ်နှုတ် နှလုံး မစောင့်သုံးသော ရဟန်းသည်လည်း မကောင်း။ မဆင်မခြင် ပြုလေ့ရှိသော မင်းသည်လည်း မကောင်း။ အမျက်ထွက်တတ်သော ပညာရှိသည်လည်း မကောင်း။

(၁၁) ဤရပ်တွင်ဟူ၊ ကြီးကဲသူ၊ မှန်မူများကုန်အံ့၊
သူခပ်သိမ်းပင်၊ ကဝိထင်၊ လိုချင်ကြီးရာခန့်၊
ထိုသူတို့ပြု၊ ထိုအမှု၊ ရှေးရှု ပျက်လတ္တံ့။

အဓိပ္ပာယ် = အကြင်အရပ်၌ အကြီးအကဲတို့သည် များကုန်၏၊ ခပ်သိမ်းသော သူတို့သည် ပညာရှိသာ ပြုလိုကုန်၏။ ခပ်သိမ်းသောသူတို့သည် အကြီး အမြတ်၏ အဖြစ်ကို အလိုရှိကုန်၏။ ထိုသူတို့၏အမှုသည် ပျက်စီးလတ္တံ့။

(၁၂) မင်းမည်သည်မှာ၊ အခွန်သာ၊ သိရာ ထွက်မထွက်၊
မျိုးရိက္ခာတုံ၊ ကုန်မကုန်၊ သိပုံ နည်းတူမြွက်၊
မှုထမ်းမထမ်း၊ ကိုယ်တိုင်မြန်း၊ သိလမ်းစဉ်မပျက်၊
နှိပ်ထိုက်သူမှန်၊ နှိပ်ကွပ်ပြန်၊ မြှောက်ရန် မြှောက်ထိုက်ချက်။

အဓိပ္ပာယ် = မင်းမည်သည်ကား အခွန်အတုတ်၏ ထွက်,မထွက်ကို လည်း ကောင်း၊ မျိုးရိက္ခာ ကုန် မကုန်ကိုလည်းကောင်း ကိုယ်တိုင်သိအောင် ပြု ရာ၏။ အမှုထမ်းသည် မထမ်းသည်ကိုလည်း ကိုယ်တိုင်သိအောင် ပြုရာ၏။ နှိပ်ခြင်းငှာ ထိုက်သောသူကို နှိပ်ရာ၏။ ချီးမြှောက်ခြင်းငှာ ထိုက်သောသူကို ချီးမြှောက်ရာ၏။

(၁၃) နေကိုကျောဖြင့်၊ မီးကိုလင့်၊ ဝမ်းဖြင့် မိုကပ်လေ၊
အရှင်ကိုတုံ၊ ကပ်လေကုန်၊ လုံးစုံဖို့ဘာဂေ၊
တမလွန်နိုက်၊ ကပ်သင့်ထိုက်၊ မမိုက်ခြင်းဖြင့်ပေ။

ဘာဂ = အဖို့။ တမလွန် = နောက်ဘဝ။

အဓိပ္ပာယ် = နေကိုကျောဖြင့်သာ ကပ်ရာ၏။ မီးကိုကား ဝမ်းဖြင့်သာ ကပ်ရာ၏။ အရှင်ကိုကား အလုံးစုံသောအဖို့ဖြင့် ကပ်ရာ၏။ တမလွန်ဘဝကို ကား မမိုက်သဖြင့်သာ ကပ်ရာ၏။

(၁၄) မိန်းမမီးရေ၊ သူမိုက်မြွေ၊ တထွေ မင်းမျိုးပေါင်း၊
မထိမပါး၊ ရှောင်လေရှား၊ ဖဲသွား မချဉ်းကောင်း၊
အသက် လျင်ဆော၊ လတ်တလော၊ သဘောချတတ်ကြောင်း။

အဓိပ္ပာယ် = လောက၌ မိန်းမ,မီး,ရေ,သူမိုက်,မြွေ,မင်းမျိုးတို့ကို မထိမပါး ရှောင်ရှားသဖြင့် သွားအပ်၏။ လတ်တလော အသက်ကို ချတတ်ကုန်၏။

(၁၅) မကောင်းမယား၊ ပေါင်းဖက်ထား၊ ယောကျာ်းမြတ်မဟော်၊
စိတ်ကြမ်းကိန်းနေ၊ ကျွန်ကိုပေ၊ နိုင်းစေသူတဖော်၊
မြွေရှိအိမ်တွင်၊ နေသူလျှင်၊ သို့စဉ်သုံးဦးနော်၊
သေအံ့လူစား၊ အမှန်ထား၊ ယုံမှားမရှိခေါ်။

**အဓိပ္ပာယ်** = မကောင်းသောမယားနှင့် ပေါင်းဖက်သောသူ၊ ကြမ်းလှစွာသော ကျွန်ကို စေသောသူ၊ မြွေရှိသောအိမ်၌ နေသာသူတို့သည် သေအံ့သည်လျှင် အမှန်တည်း။ ယုံမှားမရှိရာ။

(၁၆) တပည့်မိုက်အား၊ အတတ်များ၊ သင်ကြားပြသူမှတ်၊
မိန်းမယုတ်နော်၊ မသူတော်၊ ပေါင်းဖော်သူနှစ်ရပ်၊
ကဝိပင်ငြား၊ ကျိုးမဲ့ပွား၊ မမှား နစ်မြုပ်တတ်။

**အဓိပ္ပာယ်** = တပည့်မိုက်အား အတတ်ပညာ သင်ကြားပြသသူ။ ယုတ်စွာသော မိန်းမကို အိမ်ထောင်ပြုသောသူ။ မသူတော်တို့နှင့် ပေါင်းဖက်သော သူတို့သည် ပညာရှိသောသူပင် ဖြစ်သော်လည်း နစ်မြုပ်တတ်ချေသည်သာတည်း။

(၁၇) ယုတ်မာမှုခင်း၊ လောကတွင်း၊ မကင်းရှိမြဲပိတ်၊
ယင်းကိုသားသည်၊ ပြုသော်တည်၊ မှန်မည် အမိချိတ်၊
တပည့်ပြုလျှင်၊ ဆရာထင်၊ မင်းတွင်ပရောဟိတ်၊
တိုင်းသားပြည်သူ၊ ပြုလျှင်မူ၊ နည်းတူမင်းခေါင်ထိပ်။

**အဓိပ္ပာယ်** = လောက၌ ယုတ်မာသောအမှုကို သားသည်ပြုမူ အမိပြုသည် မည်၏။ နည်းတူ တပည့်သည် မကောင်းမှုကိုပြုလျှင် ဆရာပြုသည်မည်၏။ မင်းသည် မကောင်းမှုကိုပြုလျှင် ပရောဟိတ်ပြုသည် မည်၏။ တိုင်းသား, ပြည်သူသည် မကောင်းမှုကို ပြုမူ မင်းပြုသည်မည်၏။

(၁၈) မင်းတို့မှန်မည်၊ အောင်ရာသည်၊ အတည် အောက်ပါလေး၊
ဒေါသမျက်ထန်၊ ကြီးသူမှန်၊ ကိုယ့်မာန် မျက်လျှော့ပေး၊
မတော်ဖြောင့်သူ၊ မိမိမူ၊ လုပ်ယူသူတော်ရေး၊

ဝန်တိုသူမှာ၊ ပေးကမ်းခါ၊ အောင်ရာကယ်မဝေး၊
မမှန်စကား၊ ရှိသူအား၊ မြွက်ပါး အမှန်ပေး။

အဓိပ္ပာယ် = မင်းတို့မည်သည်ကား အမျက်မာန်စောင် ကြီးလှသောသူကို အမျက်နည်းသဖြင့် အောင်ရာ၏။ မတော်မမှန်သောသူကို မိမိက သူတော်ကောင်း လုပ်သဖြင့် အောင်ရာ၏။ ဝန်တိုသောသူကို ပေးကမ်းသဖြင့် အောင်ရာ၏။ စကားမမှန်သောသူကို အမှန်ဆိုသဖြင့် အောင်ရာ၏။

(၁၉) ပေးကမ်းခြင်းဟူ၊ မယဉ်သူ၊ မှန်မူယဉ်စေတတ်၊
ခပ်သိမ်းအကျိုး၊ ပြီးစေမျိုး၊ တန်ခိုးလွန်ကြီးမြတ်၊
ချစ်ဖွယ်စကား၊ ပေးခြင်းပွား၊ နှစ်ပါးကြောင့်ပင်မှတ်၊
သူ့ပေါ်မော်မောက်၊ နိုင်ဖွယ်ရောက်၊ ကိုယ့်အောက် သူညွတ်ကပ်။

အဓိပ္ပာယ် = လောက၌ပေးကမ်းခြင်းသည် မယဉ်ကျေးသောသူကို ယဉ်ကျေးစေတတ်၏။ ပေးကမ်းခြင်းသည် ခပ်သိမ်းသောအကျိုးကို ပြီးစေတတ်၏။ ချစ်ဖွယ်သောစကားကြောင့်လည်းကောင်း၊ ပေးကမ်းခြင်းကြောင့်လည်းကောင်း မိမိကလည်း သူ့အပေါ် မော်မောက်နိုင်ကုန်၏။ မိမိသို့လည်း ရှိညွတ်ကုန်၏။

(၂၀) ပေးကမ်းမည်ရေး၊ အချစ်ဆေး၊ မနေး ခွေရုံစု၊
ဝန်တိုခြင်းမှာ၊ မုန်းဆေးသာ၊ ဖြစ်ရာထီးကျန်မှု။

အဓိပ္ပာယ် = လောက၌ ပေးကမ်းခြင်းသည် ချစ်စေတတ်သောဆေး မည်သည့်ပြင် အခြွေအရံများသော ဆေးလည်း မည်၏။ ဝန်တိုခြင်းကား မုန်းစေတတ်သော ဆေးဖြစ်သည့်ပြင် အထီးကျန်သော ဆေးလည်းမည်၏။

(၂၁) သို့လျှင်ဂုဏ်ပ၊ သမဂ္ဂ၊ ဖြစ်ကြရှိကုန်သော်၊
အောင်လိုသည့်ရန်၊ အောင်နိုင်ပြန်၊ အမှန်တိုင်းလုံးကျော်၊
မြက်ကျစ်လွန်ကြိုး၊ ဆင်ပြောင်မျိုး၊ ချည်ပိုးနိုင်သို့နော်။

ဂုဏ်ပ = ဂုဏ်ကင်းခြင်း။ သမဂ္ဂ = ညီညွတ်ခြင်း။

အဓိပ္ပာယ် = လောက၌ များစွာသောဂုဏ်ကျေးဇူးမှ ကင်းကြစေကာမူ ညီညွတ်ကြသော် အောင်လိုသောရန်ကို အောင်မြင်နိုင်၏။ ဥပမာအားဖြင့်

မြက်ဖြင့် လွန်ကြိုးကို ကျစ်ပြီးသော် ထိုကြိုးဖြင့် ဆင်ပြောင်ကိုသော်လည်း ဖွဲ့ချည်နိုင်သကဲ့သို့တည်း။

(၂၂) ဗိုလ်ပါသူရဲ၊ ဖော်သဟဲ၊ ထူးကဲပြည့်စုံလျက်၊
ရန်မအောင်ငြား၊ ထိုမင်းများ၊ စွမ်းကားသို့မှုချက်၊
လေထောင့်ရာနီး၊ ထွန်းညှိမီး၊ ငြိမ်းပြီးလိုလိုပျက်။

**အဓိပ္ပာယ်** = ဗိုလ်ပါသူရဲ အဖော်သဟဲ ပြည့်စုံလျက် ရန်ကိုမအောင်စွမ်းနိုင်သော မင်းကား တန်ခိုးစွမ်းပကားဖြင့် အသို့ပြုနိုင်အံ့နည်း။ လေထောင့်သော အရပ်၌ ထွန်းညှိအပ်သော မီးသည် အလိုလိုသာ ငြိမ်းချေ၏။

(၂၃) စည်းစိမ်ကာမ၊ မင်းတူစွ၊ ရှောင်ကြ မခံစား၊
စားခြင်းရသာ၊ အသွင်ပါ၊ တန်ဆာဆင်ခြင်းများ၊
ပန်းပန်တဖုံ၊ နံ့သာထုံ၊ ဝတ်စုံပုဆိုးပွား၊
အလုံးစုံဟူ၊ မင်းနှင့်တူ၊ တုယှူမသင့်ငြား။

**အဓိပ္ပာယ်** = ကာမစည်းစိမ်ကို မင်းနှင့်အတူ တရံတဆစ်မျှ မခံစားရာ။ အသွင်ကိုလည်းကောင်း၊ အရသာ စားခြင်းကိုလည်းကောင်း၊ ပန်းပန်ခြင်း နံ့သာထုံခြင်းကိုလည်းကောင်း၊ အဝတ်ပုဆိုးကိုလည်းကောင်း၊ တန်ဆာဆင်ခြင်းကိုလည်းကောင်း အလုံးစုံကို မင်းနှင့်အတူ မပြုရာ။

(၂၄) ဤမင်းမဟော၊ ငါ့မိတ်ဆွေ၊ မှန်ပေမဟုတ်တန်၊
ဂုဏ်ရည်တူလျော်၊ အပေါင်းဖော်၊ သို့သော် မဖြစ်ပြန်၊
ငါ၏အရှင်၊ စိတ်၌ပင်၊ အစဉ်ထားကြရန်။

**အဓိပ္ပာယ်** = ဤမင်းကား ငါ၏ မိတ်ဆွေခင်ပွန်း မဟုတ်။ ဤမင်းကား ငါ၏ ဂုဏ်ရည်တူသော အပေါင်းအဖော် မဟုတ်။ ဤမင်းကား ငါ၏ အရှင်တည်းဟု စိတ်၌အပြီး ကောင်းစွာ ထားရာ၏။

(၂၅) မင်းခယောကျ်ား၊ ထိုမင်းအား၊ ခစားအခါတွင်၊
အလွန်ဝေး,နီး၊ လေညာမိုး။ ရှေ့ဆီး,နိမ့်,မြင့်,ထင်၊
ဤပြစ်ခြောက်သွယ်၊ ရှောင်ကြဉ်ဖယ်၊ မီးနှယ် စောင့်စေချင်။

အဓိပ္ပာယ် = မင်းခစားသောယောကျ်ားသည် မင်းအား ခစားသောအခါ အလွန် ဝေးသောအရပ်၌ ခစားခြင်း၊ အလွန်နီးသောအရပ်၌ ခစားခြင်း၊ လေညာ၌ ခစားခြင်း၊ ရှေ့တူရူ၌ ခစားခြင်း၊အလွန်နိမ့်သောအရပ်၌ ခစားခြင်း၊ မြင့်သောအရပ်၌ ခစားခြင်း၊ ဤအပြစ် ၆-ပါးတို့ကို ရှောင်ကြဉ်ရာ၏။ မီးကဲ့သို့ စောင့်စည်းလျက် ခစားရာ၏။

(၂၆) ဘုရားနှင့်တူ၊ ဂုဏ်ရှိသူ၊ သို့မူဖြစ်သော်နယ်၊
မင်းမြတ်မှီရာ၊ မရလာ၊ မှန်စွာမတင့်တယ်၊
ပတ္တမြားမြတ်၊ ဖိုးမပြတ်၊ ထိုက်လတ်မှန်တကယ်၊
ရွှေကိုမှီမှ၊ တင့်တယ်ရ၊ လောကလူ့ခွင်ဝယ်။

အဓိပ္ပာယ် = သဗ္ဗညုမြတ်စွာဘုရားနှင့်တူသော ဂုဏ်ကျေးဇူး ရှိသောသူ ဖြစ်လင့်ကစား၊ မင်းတည်းဟူသော မှီခိုရာမရမူ မတင့်တယ်။ ပတ္တမြားသည် အဖိုးအတိုင်း မသိသော်လည်း ရွှေကိုမှီမှသာလျှင် တင့်တယ်၏။

မင်းကိုဆိုရာအခန်း ပြီး၏။

## (၈) ပကိဏ္ဏက ကဗျာ

(၁) မိန်းမဆက်သွယ်၊ ရဟန်းဝယ်၊ တကယ်သီလကင်း၊
သားစားကြူးစွာ၊ ထိုသူမှာ၊ ကင်းကွာသနားခြင်း၊
ရမ္မက်ကြီးဝယ်၊ အရှက်ပြယ်၊ သေနွယ်စကားယွင်း၊
အပျင်းကြီးတွင်၊ အတတ်ကြည်၊ မျက်ယှဉ်ဥစ္စာပင်း။

**အဓိပ္ပာယ်။** ။ မိန်းမနှင့် နှီးနှောသော ရဟန်း၌ သီလမရှိ။ အသားစားကြူးသော သူ၌ သနားခြင်းမရှိ။ သောသောက်ကြူးသောသူ၌ စကားမမှန်။ ရမ္မက်လောဘကြီးသောသူ၌ အရှက်မရှိ။ အပျင်းကြီး သောသူ၌ အတတ်မရှိ။ အမျက်ကြီးသောသူ၌ ဥစ္စာမရှိ။

(၂) သဘင်သွားကြူး၊ သေသောက်ကြူး၊ တစ်ဦး ခါမဲ့သွား၊
မကောင်းမိတ်ဆွေ၊ ရှိသူတွေ၊ တထွေလောင်းကစား၊
ဖင့်နွဲ့ ပျင်းရိ၊ ပေါင်းတုံဘိ၊ မှတ်သိ ခြောက်မျိုးပြား၊
ဤသူတို့ကံ၊ စည်းစိမ်မှန်၊ ပျက်ရန်အကြောင်းထား။

**အဓိပ္ပာယ်။** ။ သဘင် အသွားအလာ များသောသူ၊ သေသောက်ကြူးသောသူ၊ အခါမဟုတ်သည်၌ သွားလေ့ရှိသောသူ၊ မကောင်းသောအဆွေခင်ပွန်းရှိသောသူ၊ ကြွေအန်စသော လောင်းတန်းကစားကြူးသောသူ၊ ပျင်းရိ ဖင့်နွဲ့သောသူ၊ ဤသူတို့ကား စည်းစိမ်တို့၏ ပျက်စီးအံ့သော အကြောင်းဖြစ်ကုန်၏။

(၃) ညဉ့်မမေးပြု၊ နေ့မရှု၊ ဘယ်မှုမဆိုအပ်၊
တောမှ ကြောက်ငြား၊ မုဆိုးများ၊ တောဖျား ရောက်တုံလတ်၊
ရှေ့နောက်ရှုခါ၊ သွားပမာ၊ ကျင့်ရာအမြဲမှတ်။

**အဓိပ္ပာယ်။** ။ ညဉ့်အခါ၌ မမေးဦးဘဲ မဆိုအပ်။ နေ့အခါ၌ မရှုဦးဘဲ မဆိုအပ်။ တောမှ ကြောက်သောမုဆိုးသည် တော၌ ရှေ့နောက်ရှုလျက် သွားသကဲ့သို့ ကျင့်ရာ၏။

(၄) ရောဂါဖိစီး၊ ဆင်းရဲကြီး၊ ကြွေးနီး မြီများပို၊
မင်းခစားသူ၊ ငမိုက်ဟူ၊ ပေါင်းမှု ငါးယောက်ကို၊
အသက်ရှင်ငြား၊ သေသူများ၊ မြွက်ပါး ဗျာသဆို။

အဓိပ္ပာယ်။ ။ ရောဂါနှိပ်စက်သောသူ၊ ဆင်းရဲသောသူ၊ ကြွေးမြီများသောသူ၊ မင်းငယ်ကိုယ်ကြပ် ခစားသောသူ၊ မိုက်မဲသောသူ ဤငါးယောက်တို့ကို အသက်ရှင်ကြကုန်သော်လည်း သေသူဟူ၍ ဗျာသဆရာဆို၏။

(၅) ကဝိမှန်ရေး၊ ရောက်မည့်ဘေး၊ အဝေးကြဉ်ရှောင်တွန့်၊
ရောက် ပြီး ရောက်လာ၊ ဘေး ဘယာ၊ မြင်လာမကြောက်ရွံ့။

အဓိပ္ပာယ်။ ။ ပညာရှိတို့ သဘောကား မရောက်သေးသော ဘေးကို မြင်မူ အဝေးကလျှင် ကြဉ်ရှာ၏။ ရောက်ပြီးရောက်ဆဲသော ဘေးကိုကား မြင်သည်ရှိသော် မကြောက်ရွံ့ကတတ်သော သဘောမျိုး။

(၆) အိပ်ကြူး၊မေ့သီ၊ အနာရှိ၊ ပျင်းရိ အလိုကြီး၊
ချမ်းသာနေတတ်၊ မှုသစ်ကပ်၊ ခိုးလတ်မွေ့လျော်မှီး၊
ဤသူသတ္တ၊ ကျမ်းဂန်မှ၊ ကင်းကြ အချည်းနှီး။

အဓိပ္ပာယ်။ ။ အိပ်ကြူးသောသူ၊ မေ့လျော့သောသူ၊ အနာရောဂါ ရှိသောသူ၊ ပျင်းရိသောသူ၊ အလိုကြီးသောသူ၊ ချမ်းသာစွာ နေတတ်သောသူ၊ အမှုသစ်၌ မွေ့လျော်သောသူ၊ ဤခုနစ်ယောက်သောသူတို့သည် ကျမ်းဂန်မှ ကင်းကုန်၏။

(၇) အိုဆွေလာဘ၊ ဆင်းရဲယံ၊ အမြွန်သွားပါလေ၊
အိုပဇ္ဇုန်၊ ကြည်းထလေ၊ မွာချဉ်းနှမ်းဖြိုးချေ၊
လာဘ်ပေါများသူ၊ လာဘ်ပြည့်တူ၊ ရေမှုအဏ္ဏဝေ၊
ဤသဘောမှာ၊ မရှိရေး၊ ကံသာပမာနေ။

လာဘ = လာဘ်။ ပဇ္ဇုန် = မိုး။ အဏ္ဏဝေ = သမုဒ္ဒရာ။
ထလ = ကြည်းကုန်း။

**အဓိပ္ပာယ်။** ။ အိုလာဘ်,သူဆင်းရဲသို့ သွားပါလေ။ လာဘ် ပေါများသော သူသည် လာဘ်ဖြင့်ပြည့်၏။အို–ပဇ္ဇုန္န, ကြည်းကုန်း၌ ရွာပါလေ။ သမုဒ္ဒရာသည် ရေဖြင့်ပြည့်၏။ ဤသို့သော သဘောတရားသည် မရှိခဲ့။ ကံသာလျှင် ပဓာနဖြစ်၏။

(၈) ကိစ္စပြီးပြတ်၊ ရှိသော်လတ်၊ ပြုတတ်သူကိုလျှင်၊
သူတစ်ဦးမျှ၊ မကြည့်ကြ၊ ဟုတ်ပ ထိုကြောင့်ပင်၊
ခပ်သိမ်းမှုမှန်၊ အကြွင်းချန်၊ ပြုရန်မြဲအစဉ်။

**အဓိပ္ပာယ်။** ။လောက၌ ပြုဖွယ်ကိစ္စသည် ပြီးသည်ရှိသော် ပြုတတ်သောသူကို တစ်စုံတစ်ယောက်သောသူသည် တစ်ဖန် မရှုကြည့်တတ်။ထို့ကြောင့် ခပ်သိမ်းသော မှုကိစ္စတို့ကို အကြွင်းအားဖြင့် ပြုရာ၏။

(၉) လဲဝါကိုနော်၊ ပေါ့ပါးခေါ်၊ လျှပ်ပေါ်ထို့ထက်ယူ၊
ထို့ထက်မိဘ၊ ဆရာပ၊ ဆုံးမ,မခံသူ၊
သာသနာဘက်၊ မေ့လျော့ချက်၊ ထို့ထက်ပေါ့သည်ဟူ။

**အဓိပ္ပာယ်။** ။ လောက၌ လဲဝါသည် ပေါ့ပါး၏။ ထို့ထက် လျှပ်ပေါ်လော်လီသောသူသည် ပေါ့၏။ ထို့ထက် ဆရာ,မိဘ,တို့၏ အဆုံးအမကို မခံသောသူသည် ပေါ့၏။ ထို့ထက် မြတ်စွာဘုရား သာသနာတော်၌ မေ့လျော့သောသူသည် ပေါ့၏။

(၁၀) ဤလောကတွင်၊ ကျောက်ထီးလျှင်၊ မှန်ပင်လေးလှဘိ၊
နတ်တို့ပြောကြား၊ ထိုစကား၊ လေးပွားထို့ထက်သိ၊
ဆရာမိဘ၊ ဩဝါဒ၊ ထက်ဆလေးဖွယ်ရှိ၊
ထို့ထက်လေးလွန်၊ စကားမွန်၊ လူ့ကွန်စောမုနိ။

ဩဝါဒ = အဆုံးအမ။ **စောမုနိ** = မြတ်စွာဘုရား။

**အဓိပ္ပာယ်။** ။လောက၌ ကျောက်ထီးသည် လေး၏။ ထို့ထက် နတ်တို့၏ ပြောကြားခြင်းသည် လေး၏။ ထို့ထက် ဆရာ,မိဘ,တို့၏ အဆုံးအမသည်

လေး၏။ ထို့ထက် မြတ်စွာဘုရား၏ စကားတော်သည် လေး၏။

(၁၁) ကိုယ်၏ကျွန်မြွက်၊ လက်ယာလက်၊ ဝဲဘက်ခြေကျွန်ဖြစ်၊
မျက်စိနားနှာ၊ ကျွန်မည်ရာ၊ လက်ယာလက်သန်းစစ်။

အဓိပ္ပာယ်။ ။ လက်ယာလက်ကား ကိုယ်၏ကျွန် မည်၏။ လက်ဝဲလက်ကား ခြေတို့၏ကျွန် မည်၏။ လက်ယာလက်သန်းကား မျက်စိ,နား, နှာခေါင်းတို့၏ ကျွန် မည်၏။

(၁၂) ကွမ်းရွက်လယ်ဗွေ၊ ကုဝေရေ၊ မူလေဘီလူးအောင်း၊
အဖျားဘက်မှာ၊ နတ်မိစ္ဆာ၊ စောင့်ကာ မြဲမစောင်း၊
ထို့ကြောင့်စားလျှင်၊ ရင်းဖျားကြဉ်၊ ပုဉ်းအင် တိုးတက်ကြောင်း။

မူလေ = အရင်း။

အဓိပ္ပာယ်။ ။ ကွမ်းရွက်၏အလယ်၌ ကုဝေရနတ်မင်း စောင့်၏။အရင်းဘက်၌ ဘီလူးစောင့်၏။ အဖျားဘက်၌ နတ်မိစ္ဆာ စောင့်၏။ ထို့ကြောင့် စားသောအခါ ထိုအရင်း,အဖျားတို့ကို ဖြတ်၍ စားလျှင် ပုဉ်းကျက်သရေ တိုးတက်၏။

(၁၃) သင်ပုန်းကိုလတ်၊ ဗြဟ္မာမြတ်၊ မပြတ်မြဲစောင့်ထ၊
ဗိဿကြိုးနေ၊ ကမ္မလွေ၊ မသွေ ထို့ကြောင့်ပ၊
ပညာသင်ခါ၊ ယင်းနှစ်ဖြာ၊ ပူဇာပြုကုန်ကြ၊
ပူဇော်သူကို၊ အမြဲလို၊ ကြည်ညိုမြတ်နိုးလှ။

အဓိပ္ပာယ်။ ။ ဗြဟ္မာသည် သင်ပုန်းကို စောင့်၏။ ဗိဿကြိုးနတ်သည် ကမ္မလွေကို စောင့်၏။ ထို့ကြောင့် အတတ်ပညာသင်သောသူတို့သည် ထိုဗြဟ္မာ ဗိဿကြိုးတို့ကို ပူဇော်ကုန်ရာ၏။ ထိုသို့ ပူဇော်တတ်သောသူကို အခါခပ်သိမ်း မြတ်နိုးတတ်၏။

(၁၄) အဟိတ်ကောင်နွား၊ လူတို့အား၊ စီးပွားဆောင်ပေးတတ်၊
အမှန်လုပ်ကျေး၊ ထို့ကြောင့်ရေး၊ ဂုဏ်ကျေး အလွန်မြတ်၊
မိဘလိုပေ၊ နွားကိုလေ၊ ရှိသေမြတ်နိုးအပ်။

**အဓိပ္ပာယ်။** ။ နွားတို့သည် ခပ်သိမ်းသောလူတို့အား စည်းစိမ်ကို ပေးတတ်ကုန်၏။ ကျေးမွေးတတ်ကုန်၏။ ထို့ကြောင့် ထိုနွားတို့ကို မိဘကဲ့သို့ မြတ်နိုးကုန်ရာ၏။ အရိုအသေလည်း ပြုကုန်ရာ၏။

(၁၅) နွား၏အသား၊ စားသူများ၊ မိသားစားသည်မည်၊
လင်းတကျွေးပါ၊ နွားသေခါ၊ ရေမှာမျှောရာသည်။

**အဓိပ္ပာယ်။** ။ နွားသားကိုစားလျှင် အမိ၏အသားကို စားသည်မည်၏။ ထို့ကြောင့် နွားသေသောအခါ လင်းတတို့အား ပေးရာ၏။ သို့မဟုတ် ရေ၌ မျှောရာ၏။

(၁၆) ဂုရုနေ့တွင်၊ ပညာသင်၊ အောင်မြင်ပြီးစီးရ၊
ရဝိသောကြာ၊ လျစ်လျူရှာ၊ များစွာမကောင်းလှ၊
ပညာမတတ်၊ ဗုဒ္ဓမှတ်၊ လောင်းထပ် စန္ဒရ၊
အင်္ဂါသောရီ၊ နေ့နှစ်လီ၊ တိထိမရဏ။

ဂုရု = ကြာသပတေး။ ရဝိ = တနင်္ဂနွေ။ စန္ဒရ = တနင်္လာ။
**သောရီ** = စနေ။ **တိထိ** = ရက်။ **မရဏ** = သေခြင်း။

**အဓိပ္ပာယ်။** ။ ကြာသပတေး၌ အတတ်ပညာစ၍ သင်မှုကား ပြီးစီး၏။ တနင်္ဂနွေ၊သောကြာနေ့၌ သင်မှု လျစ်လျူရှု၏။ ဗုဒ္ဓဟူး တနင်းလာနေ့၌ သင်မှု အတတ်ပညာ မတတ်ရာ။ စနေ၊အင်္ဂါ၌သင်မှု သေရာ၏။

(၁၇) ရှစ်ရက်မှာပေ၊ တတ်သင်လေ၊ အသေဆရာမြတ်၊
ဆန်းဆုတ်ဆယ့်လေး၊ ပညာရေး၊ သင်ပေးတပည့်သတ်၊
ဆယ်ရက်သင်ခါ၊ တတ်ပညာ၊ သတ်ရာကျသည်မှတ်၊
လပြည့်နေ့တွင်၊ သင်ပြန်လျှင်၊ မိခင် ဖကိုသတ်၊

ပညာသင်ငြား၊ ထိုရက်များ သင်ကြားမပြုအပ်။

အဓိပ္ပာယ်။ ။ လဆန်း,ရှစ်ရက်,လဆုတ် ရှစ်ရက်နေ့၌ အတတ်ပညာ သင်မှုကား ဆရာကို သတ်သည် မည်၏။ လဆန်း,ဆယ့်လေး-လဆုတ် ဆယ့်လေးရက်၌ အတတ်ပညာသင်မူ တပည့်ကို သတ်သည်မည်၏။ လဆန်း, ဆယ်ရက် လဆုတ်,ဆယ်ရက်၌ အတတ်ပညာသင်မူ အတတ်ပညာကို သတ်သည် မည်၏။လပြည့်နေ့၌ အတတ်ပညာသင်မူ အမိ,အဖကို သတ်သည် မည်၏။ ထို့ကြောင့် ထိုရက်များ၌ ပညာကို စ၍ မသင်ကြားအပ်။

(၁၈) ဆန်းဆုတ်သတ္တ၊ အုန်းဟာရ၊ စားကြ မပြုရာ၊
ကိုးရက်အိမ်ဘူး၊ ကင်ပိမ့်ထူး၊ ရှောင်ဦးဆယ့်နှစ်မှာ၊
သုံးရက်မြောက်တွင်၊ ဟင်းမျိုးပင်၊ ရှောင်ကြဉ်အပ်လှတာ၊
ပညာသင်များ၊ စားမိမှား၊ ပျက်ပြားတတ်ပညာ။

အဓိပ္ပာယ်။ ။ အတတ်ပညာ သင်သောသူသည် လဆန်း,လဆုတ် ခုနစ်ရက်နေ့၌ အုန်းအာဟာရကို မစားရာ။ အတတ်သင်သောနေ့မှ ကိုးရက် မြောက်သောနေ့၌ အိမ်ဘူးကို မစားရာ။ ဆယ့်နှစ်ရက်မြောက်၌ ကင်ပိမ့်ကို မစားရာ။ သုံးရက်မြောက်၌ ဟင်းမျိုးကို မစားရာ။ အကယ်၍ စားမိအံ့။ အတတ်ပညာ ပျောက်ပျက်၏။

(၁၉) မျိုး၏ကျိုးထောက်၊ သူတစ်ယောက်၊ ပယ်ဖျောက်စွန့်ရမြဲ၊
ရွာအကျိုးငှာ၊ မျိုးဆွေညာ၊ စွန့်ရာမှန်မလွဲ၊
ကျိုးဇနပုဒ်၊ စွန့်ရာဟုတ်၊ ချုပ်မြုပ်ရွာကိုဘဲ၊
မြေလုံးမှန်ဘိ၊ စွန့်ဖွယ်ရှိ၊ မိမိအကျိုးခဲ။

အဓိပ္ပာယ်။ ။ အမျိုး၏အကျိုးငှာ တစ်ယောက်သောသူကို စွန့်ရာ၏။ ရွာ၏အကျိုးငှာ အမျိုးကို စွန့်ရာ၏။ ဇနပုဒ်အကျိုးငှာ ရွာကိုစွန့်ရာ၏။ မိမိ အကျိုးငှာမူကား မြေအလုံးကို စွန့်ရာ၏။

(၂၀) ခြင်္သေ့သူတော်၊ ဆင်တစ်ဖော်၊ ပေါင်းသော် ဤသုံးမျိုး၊
ကျိုးမရှိရာ၊ ရပ်ဒေသာ၊ စွန့်ကာသွားကြရိုး၊
ကျီးသမင်ဟူ၊ ယုတ်မာသူ၊ မှတ်ယူ သုံးယောက်ကျိုး၊
ကျင်လည်ကြရာ၊ ရပ်တွင်သာ၊ မှန်စွာပျက်စီးရိုး။

**အဓိပ္ပာယ်။** ။ ခြင်္သေ့၊ သူတော်ကောင်း၊ ဆင်, ဤသုံးဦးတို့သည် အကျိုးမရှိသောအရပ်ကို စွန့်၍သွားကြကုန်၏။ ကျီးကန်း၊ သမင်၊ သူယုတ်မာ ဤသုံးဦးတို့သည် မိမိတို့ကျင်လည်ရာ၌သာ ပျက်စီးခြင်းသို့ ရောက်ကုန်၏။

(၂၁) မြတ်နိုးချစ်ခြင်း၊ အဆွေကင်း၊ ဝေးကင်းတတ်သင်ရန်၊
ယင်းအရပ်တွင်၊ နေရန်ကြဉ်၊ ဟုတ်ပင် မသင့်မှန်။

**အဓိပ္ပာယ်။** ။ အကြင်အရပ်၌ မြတ်နိုးခြင်းလည်း မရှိ။ ချစ်ခြင်းလည်းမရှိ။ အဆွေခင်းပွန်လည်း မရှိ။ တစ်စုံတစ်ယောက်သော အတတ်ပညာ သင်စိမ့်သော သူလည်း မရှိ။ ထိုအရပ်၌နေခြင်းကို မပြုရာ။

(၂၂) ပညာရှင်တို့၊ သဘောပို့၊ သိဘို့ကဗျာဆင့်၊
လှမ်းသည့်ခြေတူ၊ ရပ်သစ်ဟူ၊ မျှော်ယူစိတ်မျိုးဖြင့်၊
ရပ်ခြေပမာ၊ ရပ်ဟောင်းမှာ၊ မခွာ ရပ်တည်နှင့်၊
အရပ်သစ်ကြောင်း၊ မစုဆောင်း၊ ရပ်ဟောင်း မစွန့်သင့်။

**အဓိပ္ပာယ်။** ။ ပညာရှိသဘောကား လှမ်းသော ခြေတစ်ဘက်နှင့်တူသော အရပ်သစ်ကို မျှော်လင့်သောစိတ်ဖြင့် သွား၏။ ရပ်သော ခြေတစ်ဘက်နှင့် တူသော အရပ်ဟောင်းကို မစွန့်ခွာသောစိတ်ဖြင့် ရပ်၏။ အရပ်သစ်ကို မစူးစမ်းဘဲ အရပ်ဟောင်းကို မစွန့်တည့်ရာ။

(၂၃) ဥစ္စာစပေါ်း၊ ရောင်းဝယ်ဖြား၊ ကပေါ်းပညာသင်၊
မေထုန်မှီပြုန်း၊ စေပါးခံ၊ လေးတာန်ခါများတွင်၊
ရှက်ကြောက်ဖွယ်ဖြစ်ပြာ၊ ရှုန်သပ်စေ၊ ဖြစ်ရာ များလှပျှင်။

အဓိပ္ပာယ်။ ။ ဥစ္စာစပါး ရောင်းဝယ်သောအခါ၊ ပညာသင်သောအခါ၊ မေထုန်မှီဝဲသောအခါ၊ အစေအပါးခံသောအခါတို့၌ အရှက်အကြောက်ကို စွန့်အပ်၏။

(၂၄) ယောကျ်ားထက်သာ၊ မိန်းမမှာ၊ အစာနှစ်ဆဖြစ်၊
ပညာလေးဆ၊ ဝါယာမ၊ ခြောက်ဆမှတ်ယူလစ်၊
ကာမဂုဏ်သော်၊ ရှစ်ဆနော်၊ လွန်ကျော်သာသည်စစ်။

ဝါယာမ = လုံ့လ။

အဓိပ္ပာယ်။ ။ မိန်းမတို့၏ အစာစားခြင်းသည် ယောကျ်ားတို့ထက် နှစ်ဆ, လွန်၏။ ပညာသည်လည်း လေးဆ,လွန်၏။ လုံ့လကား ခြောက်ဆ လွန်၏။ ကာမဂုဏ်ကို တပ်မက်ခြင်းကား ရှစ်ဆ ပိုလွန်၏။

(၂၅) ကြံသည်ဖျားမှ၊ ဆစ်တိုင်းကျ၊ ထူးလှ ရသာရှိ၊
ဆွေကောင်းဖြစ်လတ်၊ သူတော်မြတ်၊ နည်းထပ် ကြံတူဘိ၊
ရင်းချိုဖျားနုတ်၊ ကြံတူထုတ်၊ သူယုတ်နှလုံးသိ။

အဓိပ္ပာယ်။ ။ ကြံသည် အဖျားမှ အစဉ်သဖြင့် အဆစ်တိုင်း အဆစ်တိုင်း လွန်သော ထူးသောအရသာ ရှိ၏။ အဆွေခင်ပွန်းကောင်းဖြစ်သော သူတော် သူမြတ်သည် ထိုကြံ၏အဖျားမှ အရင်းတိုင်အောင် လွန်၍ လွန်၍ ချိုသည်နှင့် တူ၏။ ယုတ်မာသောအဆွေခင်ပွန်းကား အရင်းအစသာ ချို၍ အဖျား တိုင်လတ်သော် မချိုသောကြံ၏ သဘောနှင့်တူ၏။

(၂၆) လယ်လုပ်သူမှန်၊ ကုန်သည်ပြန်၊ တဖန် အမတ်ပါ၊
သုတ သီလ၊ ပြည့်စုံလှ၊ ဧကသမဏာ၊
ဤသူ လေးပါး၊ ပြန့်ပြောကြား၊ တိုင်းကားပြည်တော်သာ။

ဧကသမဏာ = ရဟန်း တစ်ပါး။

အဓိပ္ပာယ်။ ။ လယ်လုပ်သောသူ၊ ကုန်သည်၊ အမတ်၊ အကြား အမြင်သုတ သီလနှင့် ပြည့်စုံသောရဟန်း၊ ဤလေးပါးတို့သည် ပြန့်ပြော

ကုန်သော် တိုင်း နိုင်ငံသည်လည်း ပြန့်ပြောရာ၏။

(၂၇) မသရ္ဗျာယ်သူ၊ ပညာဟူ၊ မှန်မူ ပျက်စီးစွ၊
လုလ္လကင်းတိမ်၊ သူ၏အိမ်၊ ကြိမ်ကြိမ်ညစ်နွမ်းရ၊
ဆင်းလှသူအား၊ ပျင်းခြင်းကား၊ ယွင်းမှားညစ်ကြေးပ၊
ဣန္ဒြေစောင့်ထမ်း၊ မြဲတိရဟန်း၊ ညစ်ညမ်း မေ့လျော့က။

**အဓိပ္ပာယ်။** ။ မသရ္ဗျာယ်သောသူအား ပညာပျက်၏။ ထကြွလုံ့လ ဝီရိယ မရှိသောသူ၏အိမ်သည် ညစ်နွမ်းပျက်စီး၏။ အဆင်းလှသောသူအား ပျင်းရိခြင်းသည် အညစ်အကြေးဖြစ်၏။ ဣန္ဒြေကို စောင့်စည်းသောရဟန်း အား မေ့လျော့ခြင်းသည် အညစ်အကြေး ဖြစ်၏။

(၂၈) လုလ္လယွင်းချို့၊ ထိုသူတို့၊ နစ်မြို့ဥစ္စာကား၊
လုလ္လရှိမှန်၊ သူတို့ထံ၊ ကောန်ရောက်လိမ့်ငြား၊
ရှေ့ကံသာပ၊ ပဓာန၊ ဆိုကြသူယုတ်များ။

**အဓိပ္ပာယ်။** ။ လောက၌ ချို့သောလုံ့လ ရှိကုန်သောလူတို့၏ ဥစ္စာကား ကြီးသောလုံ့လ ရှိကုန်သောသူတို့၏ ဥစ္စာ၏အဖြစ်သို့ ရောက်တတ်၏။ ယုတ်မာသောသူတို့သည် ရှေ့ကံသာ ပဓာနဟု ဆိုကြကုန်၏။

(၂၉) ပညာရှင်များ၊ ဤသို့အား၊ နှုတ်ဖျားမမြွက်ကုန်၊
မဟုဿာဟ၊ အားထုတ်ကြ၊ ကိစ္စမှုဥဿုံ၊
ယင်းအမှုစစ်၊ မပြီးလစ်၊ အပြစ်မဖြစ်ကုန်၊
ရည်မှန်းမျှော်ကိုး၊ ရနိုးနိုး၊ အကျိုးမဖြစ်ရုံ။

**မဟုဿာဟ** = သည်းစွာသောလုံ့လ။ **ဥဿုံ** = အကုန်လုံး။

**အဓိပ္ပာယ်။** ။ ပညာရှင်များကား ရှေ့ကံသာ မဓာနဟု ဘယ်တော့မှမဆို ကုန်။ ခပ်သိမ်းသောအမှုကိစ္စတို့ကို လုံ့လပြုကြကုန်သည်သာတည်း။ အကယ်၍ ထိုအမှုကိစ္စသည် မပြီးပြတ်အံ့၊ ရည်မှန်းတိုင်းသော အကျိုးမပြီးသည်သာ ဖြစ်၏။ ဘယ်အပြစ်မှ မရှိ။

(၃၀) ဤသည့်ယောကျာ်း၊ မိန်းမများ၊ ကင်းပါး နှုတ် လက်တတ်၊
ရုပ်ရည်မတင့်၊ အားစွမ်းဖင့်၊ နိမ့်ဆင့် မျိုးမမြတ်၊
သို့ပင်ဖြစ်ပ၊ ဤကာလ၊ သိကြမှန်ဆုတ်ကပ်၊
ဥစ္စာသည်သာ၊ ထူးပြုရာ၊ ချိန်ခါမျိုးဟုမှတ်။

အဓိပ္ပာယ်။ ။ အကြင်ယောကျာ်း-မိန်းမသည် နှုတ်ပညာ,လက်ပညာလည်း မရှိ၊ ရုပ်ရည်လည်း မတင့်တယ်၊ အားစွမ်းလည်းမရှိ၊ ယုတ်နိမ့်သော အမျိုး၌လည်း ဖြစ်၏။ သို့ပင်ဖြစ်သော်လည်း ဤကာလသည် ကာလဆုတ် ဖြစ်၏။ ဥစ္စာသည်သာ အထူးပြုသောကာလ ဖြစ်၏။

ပြီးပြွမ်းသောအကြောင်းကိုဆိုရာအခန်း ပြီး၏။

---

# (ဋ) မဟောသဓ ပြဿနာခန်းနှိဒါန်း

မြန်မာသက္ကရာဇ် ၁၁၅၃–ခုနှစ်တွင် နန်းတက်သော ဘိုးတော်မင်းတရားကြီးခေါ် ပဒုံမင်းလက်ထက်တွင် ယခု မကွေးတိုင်း မင်းဘူးမြို့ဘက် ဦးဩဘာသ(ရဟန်းပျို)အရှင်မြတ်သည် မဟာနိပါတ်ခေါ် ဇာတ်ကြီးဆယ်ဘွဲ့မှ မဟာဇနကနှင့် ဘူရိဒတ္တဇာတ် နှစ်ဇာတ်မှအပ ဇာတ် ၈–ဇာပတ်ကို အဋ္ဌကထာ ပါဠိမှ မြန်မာစာမှု ပြုစုစီရင်တော်မူခဲ့သည်။ ထိုတွင် မဟောသဓဇာတ်လည်း အပါအဝင် ဖြစ်၏။

မဟောသဓဇာတ်သည် ဘုရားအလောင်းတော်မြတ်၏ ပညာပါရမီတော်ကို ဖော်ကျူးထုတ်ပြသည့် ဇာတဂဝတ္ထုကြီးဖြစ်ရာ ဇာတ်ကြီးဆယ်ဘွဲ့တွင် အရှည်လျားဆုံး အပြည့်စုံဆုံး ဇာတ်တော်ကြီးပင် ဖြစ်သည်။ ထိုဇာတ်တော်ကြီးကို ဦးဩဘာသသည် အသက် ၂၆–နှစ်အရွယ် မြန်မာသက္ကရာဇ် ၁၁၅၆–ခုနှစ်တွင် ရေးသားခဲ့လေသည်။

ဤမဟောသဓဝတ္ထုတော်ကြီးမှာ အခန်းကဏ္ဍပေါင်း များစွာ ရှိသည့်အနက် ပြဿနာခန်းဟူသော အခန်းကဏ္ဍမှာ မဟောသဓ ကလေးသူငယ်အရွယ်တွင် အံ့ဩဖွယ်ရာ ဖြေရှင်းဆုံးဖြတ်သွားပုံတို့ကို စုံစုံလင်လင်တင်ပြထားသော အခန်းပင် ဖြစ်၏။ ကျောင်းသားကျောင်းသူတိုင်း အတုယူအားကျဖွယ်ရာဖြစ်၍ ဤ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲဆိုင်ရာ မြန်မာစာ အခန်းတွင် ထုတ်ဖော်တင်ပြထားရခြင်း ဖြစ်ပါသည်။

ဆယ်ပါးသောပါရမီတော်တို့တွင် ပညာပါရမီသည် အဓိက ကျလှသည့် အားလျော်စွာ ဗုဒ္ဓဘာသာ ပညာသင်ကြား စာသင်သားဖြစ်ကြသော ကျောင်းသား ကျောင်းသူတို့သည် ဘုရားလောင်း၏ ပညာပါရမီပြ မဟောသဓဇာတ်တော်လာ ဤပြဿနာခန်းကို ရွှင်လန်းဝမ်းသာ သင်ကြားကာဖြင့် ပညာဉာဏ် ထက်မြက်အောင် နှစ်နှစ်သက်သက် လေ့လာ သင်ယူကြပါစေသတည်း။

# (၁၀) မဟောသဓ ပြဿနာခန်း (က)

## (က) အမဲသားတစ် ချစေခန်း

တစ်နေ့သ၌ မဟောသဓာသတို့သားသည် ဖွားဖက်ရွှေဖော် တစ်ထောင် ခြံရံလျက် ကစားစရာဇရပ်အတွင်း မြေတလင်းသို့ သွားလေသည်ရှိသော် စွန်ရဲတစ်ကောင်သည် ဈေးမှ အမဲသားတစ် တစ်ခုကို ချီလျက် ပျံ၍လာသည်ကို မြင်ကြလေလျှင် ဖွားဖက်ရွှေဖော် တစ်ထောင်တို့သည် ထိုသားတစ်ကို ချစိမ့်သောငှာ လိုက်ကြကုန်၏။ စွန်သည်လည်း အောက်ကသူငယ်များ ဟစ်ကြွေး သောအသံဖြင့် ရွံ့ကြောက်၍ တောင်မြောက် လူးလာ,ဘယ်ညာ ယှက်တင်, ကောင်းကင်သို့ ပျံ၍ပြေး၏။ သူငယ်တို့သည်လည်း စွန်ကို မျှော်ကြည့်လျက် လိုက်ခြင်းကြောင့် တွင်း,ချောက်,ခလုတ် စသည်တို့၌ ချော်၍ လဲသဖြင့် ပင်ပန်းကြကုန်၏။

ထိုအခါ မဟောသဓာသုခမိန်သည် "အချင်းတို့.... ထိုစွန်ချီသော သားတစ်ကို ယခုပင် ချစေအံ့။ သင်တို့ မြင်လိုကြသလော"ဟု ဆို၏။ ဖွားဖက်ရွှေဖော် အပေါင်းတို့သည်လည်း "အရှင့်သား ...မြင်လိုပါ၏"ဟု ဆိုကြလတ်သော် "ထိုသို့တပြီးကား သင်တို့ ရှုကြည့်ကြကုန်လော့"ဟု ဆို၍ ဘုရားအလောင်းသည် (ကောင်းကင်သို့)မကြည့်ဘဲ လေ၏လျင်မြန်ခြင်း ဖြင့် လျင်စွာပြေးလတ်ပြီးလျှင် စွန်၏အရိပ်ကို နင်းလျက် လက်ခုပ်တီး၍ ပြင်းစွာသောအသံဖြင့် ဟစ်၏။ ထိုဟစ်သောအသံသည် ဘုရားလောင်း၏ အာနုဘော်ကြောင့် စွန်၏ ရင်တွင်း၌ နေ၍ ဟစ်သကဲ့သို့ တစ်တစ်ချင်ချင် ကောင်းကင်သို့(တက်လျက်) စွန်ငှက်၏နား ပွင့်အံ့သကဲ့သို့ ဖြစ်၏။ စွန်သည် ဘုရားလောင်း၏အသံဖြင့် (ကြောက်ရွံ့ခြင်း ဖြစ်၍) သားတစ်ကို လွှတ်၏။ ဘုရားလောင်းသည် ကောင်းကင်သို့ မမျှော်မကြည့်ဘဲသာလျှင် သားတစ်ကျလာရသောအဖြစ်ကို သိ၍ မြေသို့မကျစေရန် လက်ဖြင့် သားတစ်ကို ခံလင့်၏။ ထိုသို့သောအခြင်းအရာကို များစွာကုန်သော လူပရိသတ် အပေါင်းတို့သည် မြင်ကြလတ်သော် ရင်သပ်ရှုမော, သောသော အုတ်အုတ်, ရတ်ရတ်သဲသဲ, အံ့အဲချီးမွမ်း, လက်ပမ်းပေါက်ခတ်လျက် လက်ဖျစ်ရိုက်တီး,

(ဖြည်းဖြည်း) သံလေး,ဟစ်ကြွေး ကျူးကျော်ကြကုန်၏။ (ဤသည်ကား ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ ရှေးဦးစွာ ဖြစ်ခြင်းတည်း)။

ဤသို့သောအခြင်းအရာကို ရှုမျှော်စောင့်နေရသောအမတ်သည် အတပ်သိလေသော် အလုံးစုံသော အခြင်းအရာကို လျှောက်စာတင်၍ လုလင်မင်းချင်းတစ်ယောက်ကို အလျှောက်အထား မင်းကြီးထံသို့ စေလိုက်၏။ ဝိဒေဟရာဇ်မင်းကြီးသည် ထိုစကားကို ကြားလျှင် သေနကအမတ်ကြီးကို ခေါ်၍ "ဆရာအမတ်ကြီး . . .မဟောသဓာသုခမိန်ကို သိမ်းဆောင်ချိန် အခွင့် တော်သင့်ပြီမဟုတ်လော"ဟု မေးတော်မူ၏။ ဝိဒေဟရာဇ်မင်းကြီး တိုင်ပင်သောစကားကို သေနကအမတ်ကြီး ကြားလျှင် ဤသို့ အကြံဖြစ်၏။ "မဟောသဓာသတို့သားသည် ဤနန်းတော်သို့ ရောက်သည်ရှိသော် ထိုသူ ရောက်သောအခါမှစ၍ ငါတို့ပညာကျေးဇူးဂုဏ်သည် တစုံတစ်ခုသော အခွင့်ဟွင်မျှမပွင့်မလန်း, ညှိုးနွမ်းယုတ်လျော့စွာ, အရာမဝင်သည် ဖြစ်လတ္တံ့။ မင်းကြီးသည်လည်း ထိုမဟောသဓာ ရောက်သည်ရှိသော် ငါတို့ ရှိမှန်းကိုမျှ မသိလတ္တံ့။ထို့ကြောင့် မဟောသဓာကို မသိမ်းမဆောင်စေခြင်းငှာ (မင်းကြီးအား) လျှောက်ကြားအံ့"ဟု လာဘ်ပူဇော်သက္ကာ, ဂုဏ် ပညာတို့၌ ဝန်တိုခြင်းဖြင့် "အရှင်မင်းကြီး. . .ဤစွန်ချီသော သားတစ်ကို ချစေနိုင်ခြင်းသည် အနည်းငယ်မျှသာတည်း။ ဤမျှလောက်သော အခြင်းအရာဖြင့် ပညာရှိ သုခမိန် (မခံလောက်သေး)။ ဆင်ခြင်တော်မူဦးလော့"ဟု လျှောက်၏။ ဝိဒေဟရာဇ်မင်းကြီးသည် သေနကအမတ်ကြီးစကားကို ကြားလျှင် စိတ်လျစ်လျူ ဖြစ်ပြန်၍ တဖန် အမတ်ထံသို့ "မဟောသဓာသတို့သားကို စူးစမ်းလေဦး"ဟု စေလိုက်ပြန်၏။

## (ခ) နွားတရား စီရင်ခန်း

ပါစီန ယဝ မဇ္ဈိုး ရွာသားတစ်ယောက်သည် "မိုးကျလျှင် လယ်လုပ်အံ့" ဟု ရွာတစ်ပါးမှ နွားတစ်ရှဉ်းကိုဝယ်၍ မိမိအိမ်သို့ ဆောင်ယူခဲ့၏။ မိုးသောက်သောနေ့၌ ထိုနွားတစ်ရှဉ်းကို မြက်ကောင်းရာအရပ်သို့ သွား၍ နွားကျောက်ကုန်းပေါ်၌ စီးလျက် ကျောင်းပြီးလျှင် ညောင်းညာငိုက်မျဉ်းသည်

ဖြစ်၍ နွားပေါ်မှဆင်းပြီးသော် အရိပ်ကောင်းသော သစ်ပင်အောက်၌ အိပ်၏။ ထိုနွားရှင် အိပ်ပျော်စဉ် ခိုးသူတစ်ယောက်သည် လာလတ်၍ ထို နွားတစ်ရှဉ်းကို ခိုးဆောင်ပြေးလေ၏။ နွားရှင်နိုး၍ နွားကိုကြည့်လျှင် မမြင်သဖြင့် ထိုမှ ဤမှ မျှော်ကြည့်လတ်သော် ခိုးသူဆောင်ယူ ပြေးသည်ကို မြင်၍ လျင်စွာ လိုက်လျက် မှီလတ်သော် "သင်အဘယ်ကြောင့် ငါ့နွား တစ်ရှဉ်းကို ခိုးယူသနည်း"ဟု ဆို၏။ ထိုစကားကို ကြားလျှင် နွားခိုးသည် "ဟယ်ယောကျာ်း နင် ဘယ်ကလူနည်း။ နတ်ရိုင်းစော်ကား, မပြောပြားနှင့်။ငါ့နွားကို ငါလိုရာ ဆောင်သွားမည်။ ငါ့အား အဘယ်ကြောင့် သူခိုး ယိုးစွပ်ဘိသနည်း"ဟု ဆို၏။ ဤသို့ နွားရှင် နွားခိုးတို့သည် ငြင်းခုံကြလျက် ပါစီန ယဝ မဇ္ဈိုး ရွာသို့ ရောက်လာကုန်သဖြင့် လူအပေါင်းတို့သည် ထိုသူ နှစ်ယောက်တို့ ခိုက်ရန်စကားကို နားထောင်ကြည့်ရှုအံ့သောငှာ လာကြကုန်၍ အုတ်အုတ် ကျက်ကျက် ဖြစ်၏။

ထိုအသံကို မဟောသဓာသူခမိန် ကြားလေသော် "ငါ၏ဇရပ် တံခါး၀ လမ်းမခရီး၌ အဘယ့်ကြောင့် ဤသူနှစ်ယောက်တို့ အငြင်းအခုံ ဖြစ်ကြသနည်း။" ထိုသူနှစ်ယောက်တို့ကို ခေါ်စေ၍ နွားရှင် နွားခိုးတို့ ရောက်လျှင် ထိုသူနှစ်ယောက်တို့၏ အမူအရာ လက္ခဏာကို ဆင်ခြင် ထောက်ရှု၍ "ဤသူကား နွားရှင်၊ ဤသူကား နွားခိုး ဖြစ်သည်ဟု အတပ် အမှန် သိငြားသော်လည်း သူတစ်ပါးလည်း ထင်ရှားစွာသိမှ အဂတိသို့ မငြိမစောင်း ကောင်းစွာ အစီအရင် ထင်ရှားသည်ဖြစ်၍ အပြစ်တင် လွှတ်ရာချေမည်"ဟု ကြံလျက် "သင်တို့နှစ်ယောက် အဘယ်ကြောင့် အငြင်းအခုံ ဖြစ်ကြသနည်း"ဟု မေး၏။ နွားရှင်က ရှေးဦးစွာ "အရှင့်သား ဤမည်သောရွာနေ ဤမည်သောသူ၏လက်မှ ဤနွားတစ်ရှဉ်းကို ဤမျှ အဖိုးဖြင့် ၀ယ်ခဲ့၍ အိမ်၌ တစ်ညဉ့်မျှသာ ရှိပါသေးသည်။ ထို၀ယ်သည့် နောက် ယခုနေ့ မိုးသောက်ထ နံနက်ကပင် မည်သည့်အရပ် မြက်ကောင်းရာ၌ နွားတစ်ရှဉ်းကို လွှတ်ကျောင်း၍ အရိပ်ကောင်းရာ၌ ကျွန်ုပ် အိပ်ပျော် ငိုက်မျဉ်းစဉ် ဤသူသည် ကျွန်ုပ်နွားတစ်ရှဉ်းကို ခိုးယူဆောင်သွားသည့်နောက် အိပ်ရာမှနိုး၍ ကျွန်ုပ် ကြည့်မျှော်လျှင် မသူတော် ဤခိုးသူ ယူသွားသည်ကို

မြင်သဖြင့် လျှင်စွာကျွန်ပ် လိုက်နိုင်သောကြောင့်သာ ဤနွားခိုးကို ဘဏ္ဍာနွားတစ်ရှဉ်းနှင့် လက်ပူးလက်ကြပ် မိပါသည်။ အကျွန်ုပ်စကားကို အရှင့်သားယုံတော်မမူလျှင် "ဤနွားတစ်ရှဉ်းကို ဝယ်ရာ ရွာသားမည်သူ မည်သူတို့ အသိအရှိ အမြင်အကြား ဖြစ်ပါသည်။ ထိုသိ ကြားသူတို့ကိုခေါ်၍ စစ်မေးတော်မူလျှင် စီရင်သာအောင် သိရပါလိမ့်မည်" ဟု ဆို၏။ မဟောသဓာသုခမိန်သည် ထိုစကားကိုကြားလျှင် နွားခိုးကို "အချင်းယောကျ်ား တစ်ဦးကစကားကုန်ခန်းအောင် သက်သေနှင့်တကွ ဆိုပြီ၊ သင်က ဟုတ်မှန်တိုင်းကိုဆိုလော့" ဟု ဆို၏။ နွားခိုးသည် "အရှင့်သား . . . ကျွန်ုပ်ခြံပေါက်ဤနွားတစ်ရှဉ်းကို ကျွန်ုပ်လိုရာအရပ်သို့ ဆောင်သွားပါစဉ် ဤသူသည်အနိုင်အထက် မင်းမျက်မင်းဒဏ်သင့်အောင် အခွင့်မဟုတ်ဘဲ ကျွန်ုပ်ကိုနွားခိုး ယိုးစွပ်၍ မအပ်မရာ ပြုကျင့်သည့်အမှုသာ ဖြစ်ပါသည်၊ ထိုသူ့နွားမဟုတ်ဟု" ဆို၏။

ဤသို့အမှုသည် နှစ်ဦးတို့စကားကိုကြားလျှင် ဘုရားလောင်းသည်ထိုသူတို့ အမှုတရား မပွားများရအောင် ဟုတ်မှန်တိုင်း စီရင်လို၍ "သင်တို့နှစ်ယောက် ငါ ကောက်ယူဆုံးဖြတ်ချက်ကို နှစ်သက်စွာ ပြီးကြမည်လော" ဟုမေး၏။ "အရှင့်သား . . . ပြီးပါမည်" ဟု အမှုသည်နှစ်ဦးဆိုလျှင် ဇရပ်တွင်ရှိသမျှ ပရိသတ်တို့အား ထင်ရှားစွာဖြစ်စေခြင်းငှာ ဤသို့ဆို၏။ "သင်တို့စကားနှစ်ရပ်ပင် လက်သပ်မကွာမွေးကျွေး၍ထားသော နွားဖြစ်ဟန် အမှန်အတပ်ဆိုကြပေသည့်တွင် တရားသူကြီးတို့ ဆင်ခြင်ရန်စကား မကုန်သေးသည်ဖြစ်၍ မဆုံးမဖြတ်သာသေး။ စစ်မေးရဦးမည်။သင်တို့ ဟုတ်မှန်ကိုင်း ပြောလော့" ဟု ဆိုပြီးလျှင် ခိုးသူကို ရှေးဦးစွာ "အချင်းယောကျ်ား . . . ဤနွားတစ်ရှဉ်းကို 'သင့်ခြံပေါက်နွား ဖြစ်သည်ဟုဆိုပြီ၊ အဘယ်အစာကို သင်ကျွေးမွေးသနည်း။ (အဘယ်သို့သောရေကို သင်သောက်စေသနည်း:)' ဟု မေး၏။ နွားခိုးသည် "အရှင့်သား . . . နှမ်းဖတ်နှင့် ပဲမှော်ကိုသာ စားစေလျက် ရက်မန်းရည်ယာဂုကိုသာ သောက်စေ၏" ဟု ဆို၏။ ထို့နောက် နွားရှင်ကို မေးပြန်လျှင် "အရှင့်သား . . . အကျွန်ုပ်ကား လယ်လုပ်သားဖြစ်၍ အလွန်ဆင်းရဲ၏။ အဘယ်မှာ ယာဂု ရနိုင်ပါမည်နည်း၊ မြက်ကိုသာ ကျွေးရ၏" ဟု ဆို၏။

ထိုသူ နှစ်ယောက်တို့စကားကို အလုံးစုံသောပရိသတ်အပေါင်းတို့အား မှတ်သားစေပြီးသော် ဘုရားလောင်းသည် ရှစ်ရှားရွက်ကို ဆောင်ယူစေပြီးလျှင် ညက်စွာ ထောင်းစေပြီးမှ ရေနှင့် ဖျော်၍ နွားတစ်ရှဉ်းကို တိုက်စေ၏။ ထိုအခါ နွားတို့သည် ဝမ်းသက်ကုန်လတ်သော် မြက်ဖတ်သာလျှင် ပါကုန်၏။ ဘုရားလောင်းသည် လူအပေါင်းတို့အား "သင်တို့ဤနွားချေးကို ရှုကြကုန်လော့"ဟု ပြပြီးလျှင် ခိုးသူကို "အချင်းယောကျ်ား . . . သင့်နှုတ်ကကား 'နွားခိုးမဟုတ်'၊ သင့် နွားကကား 'နွားခိုးဖြစ်သည်'ဟု ယခု ပရိသတ်အလယ်၌ အထင်အရှားပြ၍ ရှိချေပြီ။သင်နွားခိုးဟုတ်၏လော၊ မဟုတ်လောဟု မေး၏။ ခိုးသူလည်း လွှဲဖယ်မပြောသာရကား "အရှင့်သား ခိုးမိချေ၏"ဟု ဝန်ခံ၏။

ထိုအခါ ဘုရားလောင်းသည် "အချင်းယောကျ်ား 'အရှေ့မဈှကုံးရွာ၌ သဌေးကြီးသား မဃောသတာသည် သူတစ်ပါးတို့ လျှို့ဝှက်သောအမှုကို တစ်ခုမကျန် ဉာဏ်အစွမ်းဖြင့် သိမြင်တတ်သည်'ဟူ၍ သင်(မကြားဖူးသလော)။ မှသာဝါဒကို အဘယ်ကြောင့် သင်ပြောဆိုဘိသနည်း၊ ယနေ့မှစ၍ အသက်ရှည်သော ကာလပတ်လုံး ဤကဲ့သို့အမှုကို ပြုကျင့်မည် မကြံလေနှင့်"ဟု ဆုံးမ၏။ ဘုရားလောင်း ဖွားဖက်ရွှေဖော် တစ်ထောင်တို့သည် ထိုနွားခိုးသော ယောကျ်ားကို ခြေဖြင့်ယမ်းခတ်ခြင်း၊လက်ဖြင့် ထောင်းထုခြင်း ဖြင့် တစ်သက်လုံး အရှက်ရအောင် နာကျင်စွာ ဒဏ်ပေးကြကုန်၏။ ဘုရားလောင်းသည် သူငယ်ဖော်တို့ ထောင်းခတ်၍ မှတ်လောက်အောင် ထိုသူ နာကျင်ပြီးသော် သူငယ်ရွှေဖော်များကို တားမြစ်၍ ထိုနွားခိုးအား "အချင်းယောကျ်ား . . . သင်သည် သူ့ဥစ္စာကို ခိုးယူခြင်းအပြစ်ကြောင့် မသေမီကပင် (နာကျင်ခြင်း) ပြင်းပြစွာသော ဆင်းရဲကို ခံရပြီ။ သေလွန်သည် ရှိသော်ကား ယခုခံရသော ဆင်းရဲထက် အဆအထောင်အသောင်းမက ပြင်းပြပူပန်စွာ လေးဖြာသောအပါယ်၌ ကိုးကွယ်ရာမရ, ဒုက္ခမလွဲ, ဆင်းရဲကို ခံရလတ္တံ့။ အပါယ်ဆင်းရဲကို သင် ဆင်ခြင် ကြောက်လန့်လျက် အသက်ထက် ဆုံး ဤကဲ့သို့သော အမှုကို ယခုငါ့ထံက စွန့်ပစ်၍ အသစ်တရား ငါးပါး သော သီလ၌ နေ၍ တည်စေလော့" ဟု ပဉ္စင်္ဂသီလဖြင့် အဆုံးအမပေး လိုက်၏။

ထိုအခါ ဘုရားလောင်းကို စူးစမ်းလျက်နေသော အမတ်သည် ထိုအကြောင်းကိုသိလျှင် ရှေးနည်းဖြင့် အလုံးစုံစာတင်၍ ဝိဒေဟရာဇ်မင်းကြီးအား လျှောက်ကြားစေ၏။ ဝိဒေဟရာဇ်မင်းကြီးသည် ထိုစကားကိုကြားသော် သေနကအမတ်ကြီးကို ခေါ်၍ အလုံးစုံကို ပြန်ကြားပြီးလျှင် "ဆရာ အမတ်ကြီး... မဟောသဓာသုခမိန်ကို ဆောင်ယူချိန် အခွင့်သင့်ပြီ မဟုတ်လော"ဟု မေးမြန်းတိုင်ပင်၏။ သေနကအမတ်သုခမိန်သည် အရှင်မင်းကြီး... တရားစီရင်ရာ လွှတ်သဘင်၌ အမတ်တရားသူကြီးတို့သည် မပြတ်လျှင် ခိုးမှုယိုးမှု အစုစု ပေါ်ပေါက်လာသည့် တရားကိုပင် ဆင်ခြင် မျှော်ရှုလျက် အမှုသည်တို့ လျှို့ဝှက်ကုန်ငြားသော်လည်း သိသာအောင် စစ်ဆေးမေးမြန်း၍ တရားလမ်းရိုးရှိတိုင်း စီရင်နိုင်ကြသည်ချည်းပင် ဖြစ်ပါသည်။ ဤနွားတရားကို စီရင်နိုင်ကာမျှနှင့် သုခမိန်မခေါ်လောက်သေးဖြစ်၍ ငံ့လင့်နေတော်မူဦးလော့"ဟု လျှောက်၏။ သေနကအမတ်ကြီး စကားကို ကြားလျှင် မင်းကြီးသည် စိတ်လျစ်လျူဖြစ်ပြန်၍ တစ်ဖန် အမတ်ထံသို့ "စူးစမ်းလေဦး"ဟု စေလိုက်ပြန်၏။ (ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ် ဖြစ်ခြင်းတည်း။)

## (၈) လည်ရွဲတရား စီရင်ခန်း

သူဆင်းရဲမ တစ်ယောက်သည် ကြွယ်ဝသောမိန်းမများကဲ့သို့ ရွှေ,ငွေကျောက်မျက် ခြယ်လှယ်အပ်သော လည်ရွဲဘယက်တို့ကို မဆင်ရသဖြင့် အနီ,အဝါ,အပြာ,အစိမ်း စသော ချည်မျိုးတို့ဖြင့် ထိုးချုပ်စီရင်အပ်သော ချည်လည်ရွဲကိုသာ ဆင်ရ၏။ ထိုမိန်းမသည် ထိုချည်လည်ရွဲကို လည်မှချွတ်၍ အပေါ်ရုံအင်္ကျီတဘက်ပေါ်၌ ထားပြီးလျှင် ဘုရားလောင်း စီရင်အပ်သော ရေကန်သို့ ရေချိုးအံ့သောငှာ ဆင်းသက်လတ်သော် မိန်းမငယ်တစ်ယောက်သည် ထိုလည်ရွဲကို မြင်၍ လိုချင်သောစိတ်ဖြင့် ထိုလည်ရွဲကို အင်္ကျီတဘက်ပေါ်မှ ကောက်ယူပြီးလျှင် "အမယ်... ဤလည်ရွဲသည် အလွန်တင့်တယ် လျောက်ပတ်၏။ အဘယ်မျှ ချည်ကုန်သနည်း။ ဤလည်ရွဲကဲ့သို့ အကျွန်ုပ်လည်း ထိုးချုပ်ချင်ပါသည်"ဟု ဆိုလျက် လည်၌ စွပ်ပြီးသော် "ခဏမျှ အတု ယူပါရစေ"ဟု ဆို၏။ လည်ရွဲရှင်မိန်းမလည်း သဘောဖြောင့်ဖြောင့်ဆိုသည်ထင်၍ "ကောင်းပြီ၊

ကြည့်ပါလော့”ဟုဆိုလတ်လျှင် ထိုမိန်းမငယ်သည် လည်ရွဲကိုဆင်၍ လျင်စွာ ပြေးလေ၏။ လည်ရွဲရှင်မိန်းမသည် ထိုမိန်းမငယ် (ခိုးယူပြေးသွားသည်ကို) မြင်လျှင် လျင်စွာ ရေကန်မှတက်လျက် အဝတ်အင်္ကျီ ထဘီတဘက် ဝတ်ပြီး သော် လျင်စွာလိုက်၍ “အဘယ်ကြောင့် ငါ့လည်ရွဲကို ယူ၍ ပြေးဘိသနည်း”ဟု မိန်းမငယ်၏တဘက်ကို ဆွဲကိုင်၏။မိန်းမငယ်လည်း “ငါ့လည်ရွဲကို ငါဆင်၍ ခရီးသွားရာ အဘယ်ကြောင့် ရှင်မ လည်ရွဲခိုးဟု ယိုးစွပ်၍ ဆွဲငင်ဘိသနည်း”ဟု ဆို၏။ ထိုသို့ အချင်းချင်း ငြင်းခုံကြ၍ “ကြည့်ရှုနားထောင်အံ့”ဟု လာကုန်သော ရွာသူရွာသားအပေါင်းတို့ ဝန်းရံလျက် ဘုရားလောင်းကစားရာ ဇရပ်တံခါးဝ လမ်းမခရီးအနီးသို့ လာလတ်ကုန်၏။

ဘုရားလောင်းသည် ထိုငြင်းခုံကြသော အသံကို ကြားလတ်သော် “အဘယ်အသံနည်း”ဟု မေးပြီးလျှင် ထိုသူနှစ်ယောက်တို့ကို ခေါ်စေ၍ ရောက်သောအခါ ထိုသူနှစ်ယောက်တို့၏ အမူအရာလက္ခဏာကို မြင်လျှင် “ဤသူကား ခိုးသူမ၊ ဤသူကား ဥစ္စာရှင်”ဟု အတပ် သိပြီးလျက် သူခပ်သိမ်းလည်း သိစေခြင်းငှာ “သင်တို့ အဘယ်ကြောင့် ငြင်းခုံကြ သနည်း”ဟု မေးလျှင် နှစ်ဦးလုံးကပင် အသီးသီး မိမိတို့ဥစ္စာဖြစ်ကြောင်း ကို ပြောဆိုကြလတ်သော် ဘုရားလောင်းသည် “သင်တို့ စကားနှစ်ရပ်ကို ကြားသိရပြီ။ ငါဆုံးဖြတ်သည့်အတိုင်း သင်တို့ ပြီးကြမည်လော”ဟု မေး၏။ “အရှင့်သား . . .ပြီးပါမည်”ဟု ဝန်ခံကြလျှင် ဘုရားလောင်းသည် “သင်တို့သည် ဟုတ်မှန်တိုင်း ပြောလော့”ဟု ဆို၍ ခိုးသူမကို ရှေးဦးစွာ “သင်သည် ဤလည်ရွဲကို အဘယ်နံ့သာရည်ဖြင့် မပြတ်လိမ်းသုတ်သနည်း” ဟု မေး၏။ ခိုးသူမကလည်း “အရှင့်သား. . .အလုံးစုံသော အမွှေးတို့ဖြင့် ပေါင်းနှော၍ လုပ်အပ်သောကြောင့် သဗ္ဗသာဟာရကအမည်ရှိသော နံ့သာ ပေါင်းဖြင့် နေ့တိုင်း အမြဲလိမ်းသုတ်ပါသည်”ဟု ဆို၏။ထို့နောက် လည်ရွဲရှင် မိန်းမကြီးကို မေးပြန်သော် “အရှင့်သား . . ဆင်းရဲသောအကျွန်ုပ်အား သဗ္ဗသာဟာရကနံ့သာ အဘယ်မှာ ရပါအံ့နည်း။ အကျွန်ုပ်သည် ဤလည်ရွဲကို သျှိသျှားပွင့်ဖြင့်သာလျှင် နေ့တိုင်းမပြတ် လိမ်းသုတ်ရ၏”ဟု ဆို၏။ ဘုရား လောင်းသည် ထိုသူနှစ်ယောက်တို့ စကားကို ပရိသတ်တို့အား မှတ်သား

စေပြီးလျှင် တစ်ခုသောရေခွက်ကို ဆောင်ယူစေ၍ ထိုရေခွက်၌ လည်ရွဲကို နှစ်ပြီးသော် ဂန္ဓာရုံ၌ ကျွမ်းကျင်သောလူတစ်ယောက်ကို ခေါ်၍ မည်သည့်အနံ့ နံသည်ဟု သိရအောင် နမ်းစေ၏။

ထိုသူသည် လည်ရွဲကိုနမ်းလတ်သော် (သျှိသျှားပွင့်အနံ့သာ) ရှိသည့် အဖြစ်ကို သိပြီး၍ ဤသို့ဆို၏။ "အရှင့်သား... ဤလည်ရွဲ၌ သဗ္ဗသာဟာရက နံ့သာနံ့ မရှိ။ (သျှိသျှားပွင့်အနံ့သာ) သက်သက်လှိုင်၏။ (ဤမိန်းမငယ်) စကားမမှန်။ မိန်းမကြီးစကားသာလျှင် ဆိုတိုင်း မှန်ပေသည်"ဟု လည်ရွဲကို နမ်းသောသူသည် ဘုရားလောင်းအား ပြန်ကြား၏။

ဘုရားလောင်းသည် "သင်တို့ ရှုကြည့်ကြကုန်လော့"ဟု ပရိသတ် အပေါင်းတို့အား သိစေပြီးလျှင် ခိုးသူမကို "သင့်ဥစ္စာဟု သင်ဆိုသည်။ လည်ရွဲက သင့်ကို 'ခိုးသူမ'ဟု ပြ၍ရှိချေပြီ။ သင် အသို့နည်း။ လည်ရွဲခိုး မဟုတ်လော"ဟု မေး၏။ ခိုးသူမလည်း လွှဲ၍ပြောခွင့် မရသောကြောင့် "အရှင့်သား. . . အကျွန်ုပ် ခိုးယူမိသည် မှန်ပေ၏"ဟု ဝန်ခံ၏။

ထိုအခါ ဘုရားလောင်းသည် ရေးနည်းဖြင့် "နောင် ဤကဲ့သို့ မကျင့်လေနှင့်"ဟု အဆုံးအမပေး၏။ ဖွားဖက်သူငယ် တစ်ထောင်တို့သည်လည်း ရေးနည်းဖြင့် ထောင်းထုခြင်းဒဏ် နာကျင်စွာပေးကြကုန်၍ လွှတ်လိုက်၏။

ထိုအကြောင်းကို အမတ်သိလျှင် အလုံးစုံကို လျှောက်စာတင်၍ (မင်းကြီးအား) ကြားလျှောက်စေ၏။ ဝိဒေဟရာဇ်မင်းကြီးသည် ထိုစကားကို ကြားလျှင် သေနကအမတ်ကြီးကို ခေါ်၍ စကားအလုံးစုံကို ပြန်ကြားပြီးသော် "မဟောသဓာသုခမိန်ကို ဆောင်ချိန် မသင့်သေးလော"ဟု မေးမြန်းတိုင်ပင် တော်မူပြန်၏။ သေနကအမတ်ကြီးလည်း "အရှင်မင်းကြီး. . . ဤမျှသော အရာနှင့် (သုခမိန် မခံလောက်သေး)။ ငံ့တော်မူဦးလော့"ဟု လျှောက်၏။ မင်းကြီးသည် သေနကအမတ်ကြီးစကားကို ကြားလျှင် စိတ်လျစ်လျူ ဖြစ်ပြန်၍ တစ်ဖန် အမတ်ထံသို့ "စူးစမ်းလေဦး"ဟု စေလိုက်ပြန်၏။ (ဤလည်း ဘုရားလောင်းအား ကောင်းသော ကျေးဇူး ဂုဏ်သတင်း ကျော်စောခြင်း တစ်ကြိမ် ဖြစ်ခြင်းတည်း။)

## (ဃ) ချည်ထွေးတရား စီရင်ခန်း

ဝါခင်းစောင့်သော မိန်းမတစ်ယောက်သည် ထိုဝါခင်း၌ စောင့်နေရင်း ဝါပေါက်စင်စင်ကို ချည်ချောဝင့်ပြီးလျှင် အစာတင်ပြီးမှ ကောင်းစွာ လုံး၍ ထား၏။ ထိုမိန်းမသည် တစ်နေ့သ၌ ချည်လုံးကို ရင်၌ပိုက်၍ မိမိအိမ်သို့ လာလတ်သော် "ဘုရားလောင်း၏ ရေကန်၌ ရေချိုးအံ့"ဟု ချည်လုံးကို မိမိအကျီပေါ်၌ ထား၍ ရေကန်တွင်းသို့ ရေချိုးဆင်းလေ၏။ထိုအခါ မိန်းမတစ်ယောက်သည် ထိုချည်လုံးကိုမြင်လေသော် လိုချင်သောစိတ် ဖြစ်လာလတ်၍ "ချည်ချောပေစွ၊ ကောင်းပေစွ"ဟု ချီးမွမ်းလျက် ကိုင်ယူပြီးလျှင် "အမယ်.... ဤချည်ကို အမယ်ပင် ဝင့်ပေသလော။ ဖြစ်ခဲပေစွ" လက်ချပ်တီး၍ ကြည့်ဟန်ပြုလျက် ရင်ခွင်၌ပိုက်၍ ပြေးလေ၏။ ချည်လုံးရှင် မိန်းမသည်လည်း ရှေးနည်းဖြင့် အလျင်တဆော ရေမှတက်၍ လိုက်လျက် "သင်အဘယ်ကြောင့် ချည်လုံးကိုခိုးယူ၍ ပြေးသနည်း"ဟု အကျီစကို လက်ဖြင့် ကိုင်ဆွဲ၏။ ခိုးသူမလည်း "ငါ့ချည်လုံးကို ငါယူ၍ ငါ့အလိုအလျောက် ခရီးသွားရာ သင်အဘယ်ကြောင့် ချည်လုံးခိုး စွပ်စွဲ၍ ငါ့အကျီစကို ဆွဲကိုင်ဘိသနည်း။ ဘုတ်လော။ ကောင်းစွာသွားပါရစေ"ဟု ဆို၏။ ဤသို့ အချင်းချင်း အငြင်းအခုံ ဖြစ်၍ လူအပေါင်း ဝန်းရံကုန်လျက် ဘုရားလောင်းကစားရာ ဇရပ်တံခါးဝ ခရီးမသို့ ရောက်လာကြကုန်၏။

ဘုရားလောင်းသည် ရှေးနည်းဖြင့် ထိုမိန်းမ နှစ်ယောက်တို့ကို ခေါ်စေ၍ ရောက်လတ်သော် ထိုသူတို့၏ အမူအရာ ဣန္ဒြေကို ဆင်ခြင်သဖြင့် "ဤသူကား ခိုးသူမ၊ ဤသူကား ချည်လုံးရှင်"ဟု အမှန်အတပ် သိငြားသော်လည်း သူတစ်ပါးတို့အား သိစေခြင်းငှာ အကြောင်းအရာကိုမေး၍၊ နှစ်ဦးကပင် ဥစ္စာရှင်ချည်း ဖြစ်ဟန်စကားနှင့် ပြောဆို ချေလဲကြပြီးသော် ဘုရားလောင်းသည် "သင်တို့ ငါဆုံးဖြတ်တိုင်း ပြီးကြမည်လော"ဟု မေး၏။ ထိုမိန်းမနှစ်ယောက်တို့လည်း "ပြီးပါမည်"ဟု ဝန်ခံကြကုန်၏။ ထိုအခါ ဘုရားလောင်းသည် ခိုးသူမကို "ချည်လုံး၏အတွင်း၌ အဘယ်ကိုထည့်ခံ၍ လုံးသနည်း"ဟု မေး၏။ ခိုးသူမလည်း "အရှင်သား...ဝါစေ့ကို ထည့်၍ လုံးပါသည်"ဟု ဆို၏။ ထို့နောက် ချည်လုံးရှင်ကို မေးပြန်လတ်လျှင်

"အရှင်သား . . . တည်စေ့ကို ယည့်၍ လုံးပါသည်"ဟု ဆို၏။ ထိုမိန်းမ နှစ်ယောက်တို့၏ စကားကို ပရိသတ်တို့အား မှတ်သားစေပြီးလျှင် ချည်လုံးကို ဖြေဖွင့် ကြည့်ရှုစေလတ်သော် တည်စေ့ကို တွေ့လေ၏။ ထိုအခါ ဘုရားလောင်းသည် ဆိုအပ်ပြီးသောနည်းဖြင့် ခိုးသူမအဖြစ်ကို ဝန်ခံစေပြီးလျှင် ထိုခိုးသူမအား အဆုံးအမပေး၍ လွှတ်လိုက်လေ၏။

ဤအကြောင်းကို အမတ်သိလတ်သော် အလုံးစုံကို မင်းကြီးအား လျှောက်ထားစေပြန်၏။ မင်းကြီးလည်း ရှေးနည်းအတူ သေနကအမတ်ကြီးကို တိုင်ပင်၍ သေနကအမတ်ကြီး ဖျက်ပြန်လေသော် စိတ်လျစ်လျူဖြစ်ပြန်သဖြင့် "စူးစမ်းဦးလော့"ဟု စေတော်မူလိုက်ပြန်၏။ (ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်ခြင်းတည်း။)

## (င) သားတရား စီရင်ခန်း

တစ်နေ့သ၌ မိန်းမတစ်ယောက်သည် မိမိသားငယ်ကို ပိုက်ချီလျက် ရေချိုးအံ့သောငှာ မဟောသဓာသူခမိန် စီရင်သော ရေကန်သို့ လာလတ်၍ ထိုရေကန်၌ သားငယ်ကို ရေချိုးပြီးသော် မိမိ (မျက်နှာသစ်အံ့သောငှာ) သားငယ်ကို အဝတ်ပေါ်၌ သိပ်ထားပြီးလျှင်(ရေကန်သို့) ဆင်းသက်လေ၏။ ထိုအခါ ဘီလူးမတစ်ယောက်သည် ထိုသူငယ်ကိုမြင်လျှင် စားချင်သောစိတ်ရှိသဖြင့် မိန်းမအသွင် ဖန်ဆင်းလျက် လာလတ်၍ "အဆွေမ . . . ဤသူငယ်သည် ချစ်ဖွယ် သနားဖွယ် ရှိ၏၊ သင့်သားပေလော"ဟု မေး၏။ သူငယ်အမိလည်း "အဆွေမ . . . ကျွန်ုပ်သားပင်တည်း"ဟု ဆိုလတ်သော် ဘီလူးမသည် "ထိုသူငယ်ကို ချီ၍ နို့တိုက်စမ်းပါရစေ"ဟု ဆို၏။ သူငယ်အမိလည်း သဘောရိုးထင်၍ "တိုက်ပါတော့"ဟု ဆိုလျှင် ဘီလူးမသည် သူငယ်ကိုပိုက်လျက် နို့တိုက်ယောင်ဟန် အတန်ငယ်ရှင်စေ၍ ဆောင်ယူပြေးလေ၏။ သူငယ်အမိလည်း "သင် ငါ့သားကိုယူ၍ အဘယ်သို့ သွားမည်နည်း"ဟု လိုက်လျက် ဘီလူးမကို ကိုင်ဆွဲ၏။ ဘီလူးမသည်လည်း "သင့်သား အဘယ်မှာရှိသနည်း၊ ဤသူငယ်ကား ငါ့သားတည်း"ဟု ဆို၏။ ဤသို့ ငြင်းခုံကြလျက် ဘုရားလောင်း ကစားရာ ဇရပ်တံခါးဝသို့ ရောက်ကြလေ၏။

ဘုရားလောင်းသုခမိန်သည် ဆိုခဲ့ပြီးသောနည်းဖြင့် မေးမြန်းပြီးလျှင် ထိုမိန်းမနှစ်ယောက်ကို ခေါ်စေ၍ ရောက်သောအခါ "သင်တို့. . .အဘယ် ကြောင့် ခိုက်ရန်ဖြစ်ကြသနည်း"ဟု မေး၏။ ဘီလူးမသည် "အရှင့်သား ကျွန်ုပ်သားကို ကျွန်ုပ်ရင်၌ ပိုက်ချီ၍ အလိုအလျောက် ခရီးသွားပါသည်၊ ဤမိန်းမသည် ကျွန်ုပ်ကိုမျှ မသိမကျွမ်းဘဲလျက် "သူ့သားကိုယူဘိသည်"ဟု ယိုးစွပ်ခဲ့သည်"ဟု ဆို၏။ သူငယ်အမိကလည်း "အရှင့်သား. . .ထိုသို့ မဟုတ်ပါ"ဟု ဆို၍ အလုံးစုံ ဟုတ်တိုင်း ပြန်ကြားလေ၏။ ဘုရားလောင်းသည် စကားနှစ်ရပ်ကို ကြားပြီး၍ ထိုမိန်းမတို့အမူအရာ လက္ခဏာကို ဆင်ခြင် လတ်သော် "ဤမိန်းမကား မျက်တောင်လည်း မခတ်။ မျက်ထောင့်လည်းနီ၏။ ရဲလည်း ရဲရင့်၏။ ဘီလူးမတည်း။ ဤမိန်းမကား သူငယ်၏ အမိတည်း"ဟု အဟုတ်အမှန် သိပြီး၍ "သင်တို့ ငါ့အဆုံးအဖြတ်၌ တည်ကြအံ့လော"ဟု မေး၏။ "အရှင့်သား . . .တည်ပါမည်"ဟု နှစ်ဦးလုံး ဝန်ခံကြလျှင် မဟောသဓာသုခမိန်သည် မြေ၌ စည်းသားပြီးသော် စည်းပေါ်၌ ထိုသူငယ်ကို သိပ်ထား၍ ဘီလူးမကို သူငယ်၏ လက်တို့၌ သူငယ်၏အမိကို ခြေတို့၌ ကိုင်စေပြီးလျှင် "သင်တို့နှစ်ယောက် လုကြကုန်၊ လုနိုင်သသူ သားရှင်ဖြစ်စေ" ဟု ဆို၏။ ထိုမိန်းမနှစ်ယောက်တို့လည်း ဘုရားလောင်းဆိုတိုင်း လုကြ လတ်သော် သူငယ်သည် အလွန်နာကျင်သည်ဖြစ်၍ သည်းစွာငိုလတ်လျှင် အမိသည် မိမိနှလုံး ကွဲအံ့သကဲ့သို့ ပြင်းစွာပင်ပန်းသည်ဖြစ်၍ သူငယ့်ခြေမှ လက်ကို လွှတ်ပြီးလျှင် ရပ်လျက် ညိုးငယ်စွာနေ၏။

ထိုအခါ မဟောသဓာသုခမိန်သည် ပရိသတ်အပေါင်းတို့အား 'အချင်းတို့... သူငယ်တို့ကို မိခင်တည်း သာ၍ချစ်သလော၊ အမိမဟုတ်သော သူသည် သာ၍ချစ်သလော"ဟု မေး၏။ လူအပေါင်းတို့သည် "အရှင့်သား အမိသည်သာလျှင် သားတို့၌ လွန်စွာချစ်၏"ဟု ဆိုကြလတ်သော် ဘုရားလောင်းသည် "အချင်းတို့ . . .ယခု သူငယ်ကို လုယူနိုင်သောမိန်းမ သည် ထိုသူငယ်၏ မိခင်လော၊မလုနိုင် မှိုင်၍နေသောမိန်းမသည် ထိုသူငယ် ၏ မိခင်လော၊ သင်တို့ အသို့ထင်ကြကုန်သနည်း"ဟု မေး၏။ ပရိသတ်တို့သည် "အရှင့်သား... သူငယ်၏ နာကျင်ခြင်းဖြင့် သည်းမခံနိုင်၍ လွှတ်လိုက်သော

မိန်းမသည်သာ သူ့ငယ်၏မိခင် ဖြစ်မည်၊ ကျွန်ုပ်တို့ ထင်သည်''ဟု ဆိုကြကုန်၏။ ဘုရားလောင်းသည် ''အချင်းတို့ ထိုသူငယ်ကို ခိုးယူသောမိန်းမကို သင်တို့ သိကြကုန်၏လော''ဟု မေး၏။ ''အရှင့်သား . . . ကျွန်ုပ်တို့ မသိကုန်''ဟု ဆိုကြလတ်သော် ''အချင်းတို့ ဤမိန်းမကား လူမဟုတ်၊ ဘီလူးမတည်း။ ဤသူငယ်ကို စားလို၍ ခိုးယူသည်''ဟု ဘုရားလောင်းဆို၏။ ပရိသတ်တို့လည်း ''အရှင့်သား... အဘယ်ကြောင့် သိသနည်း''ဟု မေးကြလတ်လျှင် ''အချင်းတို့... ဤသားခိုးမကို သင်တို့ရှုလော့၊ မျက်တောင်လည်း မခတ်၊ မျက်ထောင့်လည်း နီ၏။ သူငယ်၌ သနားချစ်ခင်ခြင်းလည်း အလျဉ်းမရှိ၊ ထိုသို့သောအကြောင်းတို့ကြောင့် ဘီလူးမဟု သိရသတည်း''ဟု ဆို၏။ ဤသို့ ပရိသတ်တို့နှင့်ပြောဆိုပြီးလျှင် မဟောသဓာသုခမိန်သည် ဘီလူးမကို ''သင်အဘယ်သူနည်း၊ မှန်တိုင်း ပြောလော့''ဟု မေး၏။ ဘီလူးမသည် ''အရှင့်သား . . . အကျွန်ုပ် ဘီလူးမပင် မှန်ပေ၏''ဟု ဝန်ခံလတ်သော် ''အဘယ်ကြောင့် ဤသူငယ်ကို သင်ဖမ်းသနည်း''ဟု မေး၏။ ဘီလူးမလည်း ''အရှင့်သား . . . ဤသူငယ်ကို အကျွန်ုပ် စားလို၍ ဖမ်းသည်''ဟု ဆိုလတ်လျှင် ဘုရားလောင်းသည် ''ဟယ် ဘီလူးမ . . . သင်သည် ရှေးသံသရာက မလိမ်မာ မိုက်စွာသောအလျောက် သူ့အသက်ကို သတ်ခြင်းအစရှိသော မကောင်းမှုကို ပြုကျင့်မိသောကြောင့် ယုတ်မာစွာသော ဤဘီလူးဘုတ် ပြိတ္တာမျိုး၌ ဖြစ်ရလျက် ထိတ်လန့်ခြင်းကိုမျှ မရ။ယခုတဖန် မကောင်းမှုကို ပြုကျင့်ပြန်သည်ကား သင်၏အမိုက်သည် အလွန်အံ့ဩဖွယ် ရှိပေစွ''ဟု ဆိုပြီးလျှင် ဘီလူးမအား ''နောင် ဤကဲ့သို့ မကောင်းမှုကို(မပြုလေနှင့်)''ဟု ငါးပါးသီလ တည်စေလျက် လွှတ်လိုက်၏။

သူငယ်အမိလည်း ''အရှင့်သား... အကျွန်ုပ်မွေးသောအသက်သည် ဤသူငယ်တွင် မရှိပြီ၊ အရှင့်သား ပေးသောအသက်သာ ရှိတော့သည်ဟု ဝမ်း မြောက် ဝမ်းသာ ချီးမွမ်းပြီးလျှင် ''အရှင့်သားသည် အာယုကပ်ပတ်လုံး အသက်တော် ရှည်စေသတည်း''ဟု ဆုတောင်း ဆုယူပြုလျက် သားငယ်ကို ပိုက်ချီ၍ မိမိအိမ်သို့ သွားလေ၏။

ဤသို့သောအခြင်းအရာကို ကျောက်စာတင်၍ အမတ်သည် မင်းကြီးအား လျှောက်ထားစေပြန်၏။ ဝိဒေဟရာဇ်မင်းကြီးလည်း ရှေးနည်း အတူလျှင် သေနကအမတ်ကြီးနှင့် တိုင်ပင်၍ သေနကအမတ်ကြီး ဟန့်တား ပြန်လျှင် စိတ်လျစ်လျူ ဖြစ်ပြန်သဖြင့် "ရှုးစမ်းလေဦး"ဟု အမတ်ထံသို့ စေလိုက်ပြန်၏။ (ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ် ဖြစ်ခြင်းတည်း)

## (စ) မယားခိုး တရားစီရင်ခန်း

ဂေါတကာဠ အမည်ရှိသော ယောကျ်ားတစ်ယောက်သည် မိမိနေသော ရွာ၏ မနီးမဝေးဖြစ်သော ရွာတစ်ခု၌ လယ်လုပ်သမီး ဒီဃတာလာ အမည်ရှိသော မိန်းမကို ရည်ငံစိတ် ရှိသည်ဖြစ်၍ ထိုဒီဃတာလာ သတို့သမီး၏ မိဘအိမ်၌ သမီးအလို့ငှာ အမှုလုပ်ကျွန် ခုနစ်နှစ်ပတ်လုံး ခံပြီးမှ ဒီဃတာလာ နှင့် မိဘတို့ ပေးထိမ်းမြားသတည်း။

(ထို ယောကျ်ားသည် ဂေါတကာဠအမည် တွင်သည်ကား ကွလည်းကွ မည်းလည်းမည်းသောကြောင့် ဂေါတကာဠဟု မာဂဓဘာသာ၌ ခေါ်ဝေါ် ကုန်သတည်း။ မြန်မာဘာသာ၌ကား မေည်းကွဟု ခေါ်ဝေါ်၏။ ထိုဂေါတကာဠ ၏ မယားကို ဒီဃတာလာအမည် ခေါ်ဝေါ်သည်ကား ထန်းပင်သည် အထင်အားဖြင့် မြင့်ရာ ထင်သကဲ့သို့ မြင့်သွယ်သောကိုယ်ဟန်သဏ္ဍာန် ရှိသောကြောင့် ဒီဃတာလာဟု မာဂဓဘာသာ၌ ခေါ်ဝေါ်ကုန်သတည်း၊ မြန်မာဘာသာ၌ကား အိမ်ထန်းပင်ဟု ခေါ်ဝေါ်ကုန်၏။)

ထိုဂေါတကာဠသည် မိမိယောက္ခမအိမ်၌ နေပြီး၍ တစ်နေ့သ၌ ယောက္ခမအိမ်တွင် မနေချင်သောစိတ် ရှိသဖြင့် မိမိမယား ဒီဃတာလာကို "အဘယ်...ငါသည် သင့်မိဘအိမ်၌ နေသဖြင့် ငါ့မိဘအိမ်သို့ မရောက် သည် ကြာပြီ၊ ငါ့မိဘအိမ်၌သွား၍ နေကြကုန်အံ့။ မိဘတို့အား ကန်တော့ရန် လက်ဆောင်ပဏ္ဏာ, ခရီး ရိက္ခာစာ ခဲဖွယ်ဘောဇဉ်တို့ကို ပြင်ဆင်လော့။ ယခု သွားကုန်အံ့"ဟု ဆို၏။ "ဒီဃတာလာသည် မသွား မပြောင်းရမည် အကြောင်း ကောင်းမွန်သာယာစွာသောစကားဖြင့် သုံးကြိမ်တိုင်အောင်မြစ်တား

သော်လည်း "မနေလို၊ ယခုသွားမည်၊ ပြင်သာပြင်"ဟု ဆို၍ လက်ဆောင်ပဏ္ဏာနှင့်တကွ ခရီးစာ ဘောဇဉ်ခဲဖွယ် ပြင်၍ပြီးသော် ဂေါတကာဋ္ဌသည် လက်ဆောင်ပဏ္ဏာ,ခရီးရိက္ခာစာနှင့်တကွ မိမိမယား ဒီဃတာလာကို ခေါ်၍ မိဘအိမ်သို့ သွားလေသောအခါ ခရီးအကြား၌ တိမ်သောရေအလျဉ်ရှိသော တစ်ခုသော မြစ်ငယ်နားသို့ ရောက်လေ၏။ ထိုသူ လင်မယားနှစ်ယောက်လုံး ပင်လျှင် ကျေးတောရွာ လယ်လုပ်သား လယ်လုပ်သမီးဖြစ်၍ ရေကို အလွန်ကြောက်တတ်ကြကုန်သဖြင့် မြစ်ကို မကူးဝံ့ဘဲ ကမ်းနား၌သာ ထိုမှာဘက်ကို မျှော်လျက် နေလတ်ကုန်၏။

ထိုအခါ ဒီဃပိဋ္ဌ(အမည်ရှိသော)သူဆင်းရဲတစ်ယောက်သည် ခရီးလှည့်လည်သွားလာလေသော် ထိုသူ လင်မယားနှစ်ယောက်နှင့် (အကြိမ်သင့်) တွေ့ကြုံလေ၏။

(ဤယောကျ်ားကို ဒီဃပိဋ္ဌ ခေါ်ဝေါ်သည်ကား ကျောက်ကုန်းရှည်သောကြောင့် ဒီဃပိဋ္ဌဟု မာဂဓဘာသာ၌ ခေါ်ဝေါ်သတည်း။ မြန်မာဘာသာ၌ကား ကျောက်ရှည်ဟု ခေါ်ဝေါ်ကုန်၏။)

ထိုအခါ ဂေါတကာဋ္ဌသည် ဒီဃပိဋ္ဌကို မြင်လေသော် "အဆွေ ဤမြစ်သည် ရေနက်သလော၊ တိမ်သလော"ဟု မေး၏။ ဒီဃပိဋ္ဌသည် ရေကို ထိုသူလင်မယားနှစ်ယောက်တို့ ကြောက်မှန်းသိလျှင် "အဆွေ...ဤမြစ်ကား အလွန်ပင် ရေနက်၏။ ငါး,လိပ်,မကန်း,မိကျောင်း,လပိုင်တို့လည်း များစွာ ရှိကုန်၏"ဟု ဆို၏။ ထိုစကားကို ကြားလျှင် ဂေါတကာဋ္ဌသည် "အဆွေ...ဤမြစ်သည် သင်ဆိုတိုင်း မိကျောင်း, လပိုင် ရဲသည်မှန်သော် သင်ကား အဘယ်သို့ ကူးလိမ့်မည်နည်း"ဟု မေး၏။ ဒီဃပိဋ္ဌလည်း "အဆွေ...ငါမူကား ဤမြစ်၌ ကျင်လည်သည်ဖြစ်သောကြောင့် မိကျောင်း လပိုင်တို့နှင့် အဆွေခင်ပွန်း အကျွမ်းဝင်သည် ဖြစ်၏။ ထို့ကြောင့် ငါ့ကို မိကျောင်း,လပိုင်တို့ မညှဉ်းဆဲကုန်"ဟု ဆို၏။ "အဆွေ...ထိုသို့တပြီးကား ငါတို့လင်မယားကိုလည်း ထိုမှာဘက်သို့ ပို့စေချင်ပါသည်"ဟု ဆို၏။ ဒီဃပိဋ္ဌလည်း "ကောင်းပြီ၊ ပို့အံ့"ဟု ဆိုလတ်သော် ဂေါတကာဋ္ဌသည် ဒီဃပိဋ္ဌကို "အဆွေ...ထမင်း, ဟင်းလျာ အချို့အချဉ် ငါတို့မှာ ပါ၏။

စားလှည့်"ဟု ခေါ်၍ ဘောဇဉ်ခဲဖွယ် ကျွေးမွေး၏။ ဒီဃပိဋ္ဌိလည်း ထမင်းစားပြီးသော် သင်တို့နှစ်ယောက်တွင် "အဘယ်သူကို အလျင်ပို့ရမည်နည်း"ဟု မေး၏။ ဂေါတကာဠလည်း မိမိမယားကို အလျင်ပို့စေလိုသောကြောင့် "အဆွေ သင့်အဆွေမကို အလျင်ပို့ပြီးလျှင် နောက်မှ ငါ့ကို ပို့ပါလော့"ဟု ဆို၏။ဒီဃပိဋ္ဌိသည် "ကောင်းပြီ"ဟု ဝန်ခံပြီးသော် ဒီဃတာလာကို ပခုံးပေါ်၌ ထမ်းလျက် အိမ်ကပါလာသမျှသော အဝတ်တန်ဆာ, မျိုးရိက္ခာ ပဏ္ဏာ လက်ဆောင်တို့ကိုလည်း ယူ၍ မြစ်သို့ ဆင်းသက်ပြီးလျှင် အတန်ငယ် ပြကတေ့အတိုင်း သွားပြီးမှ ဆောင့်ကြောင့်ထိုင်လျက် မြစ်တစ်ဘက်သို့ ကူးလေ၏။

ဂေါတကာဠသည် ကမ်းနား၌ ရပ်နေမျှော်ကြည့်လျက် "ဤမြစ်သည် အလွန်နက်စွာ၏။ ဤသို့သော လူမြင့်မှ ဤမျှလောက်နစ်လျှင် ငါကဲ့သို့ လူပုများမှာ သျှောင်ဖျားမှ ပေါ်ဖွယ်မရှိပြီ"ဟု ကြံ၏။ ဒီဃပိဋ္ဌိသည် ကူး၍ မြစ်လယ်လောက်ရောက်လျှင် ဒီဃတာလာကို "အဘယ် . . . သင်သည် အဘယ်ကြောင့် ဤလူကွနှင့် နေပါဘိသနည်း၊ ဤသင်၏ လင် လူကွသည် အဆင်းသဏ္ဌာန်အားဖြင့်လည်း တစ်စုံတစ်ခုမျှ နှစ်သက်ဖွယ်မရှိ၊ အမျိုးစည်းစိမ်လည်း ရှိမည်မထင်၊ သင်သည် ဤလင်နှင့်နေ၍ အဘယ်အကျိုးရှိပါအံ့နည်း၊ သင်ကား မြင့်မြင့်သွယ်သွယ် ရှုချင်ဖွယ်သော ကိုယ်ဟန်ရှိ၏။ သင့်လင်ကား မည်းမည်းကွကွ၊ သင်၏ ရှေ့ကသွားသည်ကို သူတစ်ပါးမြင်လျှင် ပြစ်တင်ကျီစယ် ပြက်ရယ်ပြု၍, ရှက်မှုကြောက်ရန်, အတန်တန် နှောင့်ယှက်လျက် တစ်သက်တွင် လင်မနေဘဲ အိုသေရသလောက်မျှ မကောင်းဟန်တကား။ ရှေ့သွား နောက်လိုက်, ထိုက်လျော်စွာ ငါတို့များနှယ် ကို ချစ်ကြင်နာပါတပြီး။ စိတ်ရှိတိုင်းသော အဝတ်တန်ဆာကို အခါခါ အလဲလဲ မမွဲမနွမ်းခင်ဖြစ်စေ၍ နှစ်သက်ဖွယ်သောစည်းစိမ်ဖြင့် အိမ်ရှင်နှင်းပြီးလျှင် ကျွန်မိန်းမ, ကျွန်ယောကျ်ား, ခစားခြွေရံနှင့် စံမငြီး ပျော်ရအံ့။ သင် ငါ့စကားကို နားထောင်ပါလျှင် ယခုပင် ကြံဆောင်ပါမည်"ဟု ဆို၍ သူ့ထမင်းကိုစားလျက် သူ့မယားကို အားမျှမနာ ဖြားယောင်းဖျက်ဆီးဘိ၏။

ဒီဃပိဋ္ဌိစကားကို ကြားလျှင် ဒီဃတာလာသည် ခုနစ်နှစ်ပတ်လုံး

အိမ်၌ အစေအပါးခံရရှာသော မိမိလင် ဂေါတကာဠကို ခဏခြင်း စည်းစိမ်သံနှင့် တရံတွေ့သူ ဖြားယောင်းသည့်စကားကို နားဝင်၍ လင်မျှမမှတ် ချစ်ခြင်း ပြတ်လျက် နေရပ်ကိုမျှ မသိဘဲ ဒီဃပိဋ္ဌိကိုသာ ကြည်ညိုချစ်ခင် ကြင်နာ သဖြင့် "အရှင်သား... အကျွန်ုပ်ကို မယားမှတ်မှတ် ချစ်ခင်ကြင်နာပါလျှင် အရှင့်စကားကို လိုက်နာအံ့"ဟု (လတ်တလောပင်) သဘောတူမျှ လေ၏။ ဒီဃပိဋ္ဌိသည် ဒီဃတာလာစကားကို ကြားလျှင် "အဘယ့်... သင်အသို့ဆိုသနည်း မစိုးရိမ်လင့်"ဟု ဆိုလျက် မြစ်တစ်ဘက်သို့ ရောက်လေ၏။ ထို ဒီဃပိဋ္ဌိ၊ ဒီဃတာလာတို့သည် ကမ်းတစ်ဘက်သို့ ရောက်လေသော် ဂေါတကာဠကို "သင်ခဏမျှ နေနှင့်ဦး"ဟု ဆိုလျက် ဝမ်းမြောက်ဝမ်းသာ အိမ်ပါသောဇဉ် ခဲဖွယ်များကို စားကြပြီးလျှင် ဂေါတကာဠ မြင်စဉ်ပင် လိုရာအရပ်သို့ သွား ကြလေ၏။ ဂေါတကာဠသည် မြစ်တစ်ဘက်ကနေလျက် ဒီဃပိဋ္ဌိတို့ အတူတကွ သွားကြသည်ကို မြင်လျှင် "ဤသူသည် ငါ့မယားကို ခိုးယူ၍ သွားသည်တကား" ဟု မယားကြောင့် စိတ်နောက်၍ ပေါက်ယောင်ခုန်ယောင် တောင်ပြေး မြောက်ပြေးပြုလျက် "ယခု ငါသေအောင် ရေပင်နစ်သော်လည်း နစ်စေ"ဟု မြစ်သို့ အတန်ငယ် ဆင်းမိလျှင် တင်းမာသောစိတ် ပျောက်၍ ကြောက်စိတ် နှင့်တဖန် တက်ပြန်ချည် ဆင်းပြန်ချည် မတည်မရပ်နိုင်သဖြင့် အပြစ်အကျိုးကို (မမြင်နိုင်သော)ဒေါသစိတ် ဖုံးလွှမ်း၍ မြစ်ကမ်းထိပ်က စိတ်ဗျာပါဝိတက် ကြောင့် "အသက်ရှင်လိုလည်း ရှင်စေ၊ သေလိုလည်း သေစေ"ဟု ရေထဲသို့ ခုန်ဆင်းလေသော် ရေတိမ်မှန်းကိုသိ၍ အလျင်တဆော ကူးလျက် ကမ်း တစ်ဘက်သို့ တက်သွားသဖြင့် "မယားခိုး မယားခိုး"ဟု ငြိုးစိတ်ဖြင့်ဆို၍ လိုက်လေသော် မသူတော် နစ်ယောက်ကို မီလေလျှင် "ဟယ်... သူယုတ်သား၊ ငါ့မယားကို အဘယ်သို့ ခိုးယူသွားမည်နည်း"ဟု ဆို၏။ ဒီဃပိဋ္ဌိလည်း ဂေါတကာဠကို "ဟယ်သူယုတ်သား ငကွ နင့်မယား အဘယ်မှာ ရှိသနည်း။ ငါ့မယားနှင့် ငါခရီးသွားရာ သူမြင်၍ မလျောက်ပတ်အောင် အဘယ်ကြောင့် မယားခိုး ယိုးစွပ်ဘိသနည်း။"ဟု ဆိုပြီးလျှင် လည်ကိုကိုင်ညှစ်၍ တွန်းပစ်လိုက် သဖြင့် မြေ၌ လည်းလေ၏။ ဒီဃပိဋ္ဌိသည် ဒီဃတာလာလက်ကို ဆွဲ၍

သွားလေလျှင် ဂေါတကာဠလည်း လည်းရာမှထပြီးလျှင် "ဟယ် သူယုတ်သား ငါသည် ဤမိန်းမကို မိဘတို့ထံ၌ ခုနစ်နှစ် အမှုလုပ် အစေအပါးခံပြီးမှ မိဘနှစ်ပါးစုံ ပေးထိမ်းမြား၍ ရ၏။ ထိုသို့ ဆင်းရဲသဖြင့်ရသော ငါ့မယားကို အဘယ်သို့ ခိုးယူသွားမည်နည်း။"ဟု မနီးမကမ်းက ဆိုမြည်လျက် လိုက်၏။ ဤသို့ဒီဃပိဋ္ဌိ ဂေါတကာဠတို့သည် ခိုက်ရန်အငြင်းအခုံနှင့် သွားကြလေသော် ဘုရားလောင်းကစားရာ ဇရပ်တံခါးဝ ခရီးမသို့ ရောက်ကြလေ၏။ ရွာသူရွာသား အပေါင်းတို့သည်လည်း များစွာ စုရုံးကြည့်ကြကုန်၏။

ထိုအခါ ဘုရားလောင်းသည် ထိုသူသုံးယောက်တို့ကို ဆိုအပ်ပြီးသော နည်းဖြင့် ခေါ်စေ၍ ရောက်လျှင် "အဘယ်ကြောင့် ခိုက်ရန်ဖြစ်ကြသနည်း"ဟု မေး၏။ ဂေါတကာဠသည် ခုနစ်နှစ်ပတ်လုံး ကျွန်ခံမှုရကြောင်းနှင့် ဒီဃပိဋ္ဌိ ခိုးယူသည့်တိုင်အောင် စကားအလုံးစုံကို ပြန်ကြား၏။ ဒီဃပိဋ္ဌိလည်း မဟုတ်မမှန်သောစကားဖြင့် မိမိမယားဖြစ်ကြောင်းကို ဆို၏။ ဒီဃတာလာ ကလည်း "ဤ လူကြွကို ကျွန်မ မသိ၊ ဤသူသည်သာလျှင် မိဘထိမ်းမြားသော လင်တည်း"ဟု ဒီဃပိဋ္ဌိကိုသာ လင်အမှတ်ဖြင့် မဟုတ်မမှန်သော စကားကို ဆို၏။ မဟောသဓာသုခမိန်သည် ထိုသူတို့စကားကို ကြားပြီးသော် "သင်တို့ ငါ၏အဆုံးအဖြတ်၌ တည်ကြမည်လော"ဟု မေး၏။ ထိုသူသုံးယောက် တို့လည်း "တည်ပါမည်"ဟု ဝန်ခံကြလတ်သော် "ဤသူ သုံးယောက်တို့ကို အသီးသီး သင့်ရာနေစေ"ဟု တခြားစီခွဲ၍ ထားပြီးလျှင် ရှေးဦးစွာ ဒီဃပိဋ္ဌိ ကို ခေါ်စေ၍ "သင်၏အမည်ကို အသူ ခေါ်သနည်း။"ဟု မေး၏။ "အရှင့်သား . . . အကျွန်ုပ်အမည်ကို ဒီဃပိဋ္ဌိ ခေါ်ကုန်၏။"ဟု ဆို၏။ "သင့်မယား၏ အမည်ကို အသူ ခေါ်သနည်း"ဟု မေးပြန်လျှင် ဒီဃပိဋ္ဌိလည်း ဒီဃတာလာ၏အမည်ကို မသိခြင်းကြောင့် တော်ဆ၍ တစ်ပါးသောအမည်ကို ပြော၏။ "သင်၏မိဘ အဘယ်ရွာနေ၊အဘယ်အမည်ရှိသနည်း"ဟု မေးပြန် သော် ဒီဃပိဋ္ဌိလည်း "အကျွန်ုပ် မိဘ ဤရွာနေ၊ ဤအမည်ရှိ၏"ဟု ပြော၏။ "သင့်မယား၏ မိဘကား အဘယ်ရွာနေ၊အဘယ်အမည်ရှိသနည်း"ဟု

မေးပြန်၏။ ဒီဃပိဋ္ဌိလည်း နေရပ်အမည်ကို မသိခြင်းကြောင့် ရမ်းဆ၍, ဤရွာနေ, ဤအမည်ရှိ၏''ဟု မဟုတ်သော အမည်ကို ဆို၏။

ဤသို့ ဒီဃပိဋ္ဌိကို စစ်မေးပြီးသော် ထိုသူ၏စကားကို ပရိသတ်တို့အား မှတ်သားစေပြီးလျှင် ဒီဃပိဋ္ဌိကို ဖယ်ရှားစေ၍ ဂေါတကာဠကို ခေါ်ပြီးသော် ရှေးနည်းဖြင့် မိမိအမည်, မိဘအမည်ကိုလည်းကောင်း၊ မယား၏အမည် မယား၏ မိဘ, နေရပ် အမည်ကိုလည်းကောင်း မေး၏။ ဂေါတကာဠသည် သိသောအလျောက် မဖောက်မပြန် ဟုတ်မှန်တိုင်း အလုံးစုံသော အမည် နေရပ်ကို ပြော၏။ ဤသို့ ဂေါတကာဠကို စစ်မေးပြီးသော် ထိုသူ့ စကားကိုလည်း ပရိသတ်တို့အား မှတ်သားစေပြီးလျှင် ဂေါတကာဠကို ဖယ်စေ၍ ဒီဃတာလာကို ခေါ်ပြန်သဖြင့် ''သင်၏အမည်ကား အဘယ်နည်း''ဟု မေး၏။ ''အရှင့်သား . . .အကျွန်ုပ် အမည်ကား ဒီဃတာလာတည်း''ဟု ဆို၏။''သင်၏မိဘကား အဘယ်ရွာနေ၊ အဘယ်အမည်ရှိသနည်း''ဟု မေး၏။ ''အကျွန်ုပ် မိဘကား ဤမည်သော ရွာနေ၊ ဤအမည် ရှိ၏။''ဟု ဆို၏။ ''သင့်လင်ကား အဘယ်အမည် ရှိသနည်း''ဟု မေးလတ်သော် ဒီဃပိဋ္ဌိဟူသော အမည်ကို မသိခြင်းကြောင့် ရမ်းဆ၍ ''ဤမည်ရှိ၏''ဟု တစ်ပါးသောအမည်ကို ပြော၏။ ဤသို့ ဒီဃတာလာကို စစ်မေးပြီးသော် ထိုသူ၏စကားကိုလည်း ပရိသတ်တို့အား မှတ်သားစေပြီးလျှင် ဂေါတကာဠ, ဒီဃပိဋ္ဌိတို့ကို ခေါ်စေ၍ ပရိသတ်တို့အား ''အချင်းတို့. . . .ဤမိန်းမ ထွက်ဆိုသောစကားသည် ဤလူမြင့် စကားနှင့်တည်း ညီသလော၊ ယင်းသို့မဟုတ်မူ ဤလူပု စကား နှင့်တည်း ညီသလော''ဟု ဘုရားလောင်း မေး၏။ ပရိသတ်တို့လည်း ''အရှင့်သား... သုခမိန် ဤမိန်းမစကားသည် ဤလူကွစကားနှင့်သာ ညီ၏။ လူမြင့်စကားနှင့် မညီ''ဟု ဆိုကြလတ်သော် ဘုရားလောင်းသည် ''အချင်း တို့. . . .ထိုသို့တပြီးကား အဘယ်သူသည် မယားခိုး ဖြစ်မည်နည်း''ဟု မေး၏။ ပရိသတ်တို့လည်း''အရှင့်သား... သုခမိန် ဤလူကွသည် ဤမိန်းမ ၏ လင်တည်း။ ဤလူမြင့်ကား မယားခိုးတည်း''ဟု ဆိုကြကုန်၏။

ထိုအခါ မဟောသဓာသုခမိန်သည် ဒီဃပိဋ္ဌိကို "အချင်းယောကျာ်း ဤမိန်းမကား ဒီဃတာလာအမည် ရှိ၏"ဟု လူကွန့တ်ထွက်အတိုင်းညီ၏။ သင့်နူတ်ထွက်မယားကား ဤမိန်းမ မဟုတ်။ အမည်တခြား ဖြစ်ခဲ့၏။ သင် အသို့နည်း။ လျှို့ဝှက်သောအမှုကို တစ်ခုမကျန် သိမြင်တတ်၏"ဟု ငါ၏ သတင်းကျေးဇူးကို မကြားဖူးသလော။ ဤမိန်းမကို သင် နိုးမိချေသည် မဟုတ်လောဟု မေး၏။ ဒီဃပိဋ္ဌိသည် မလွှဲမဖယ်သာသောကြောင့် "အရှင့်သား နိုးမိပချေ၏"ဟု ဝန်ခံရ၏။

ဂေါတကာဥလည်း မိမိမယား ဒီဃတာလာကို ယူဆောင်၍ ဘုရားလောင်းအား ဝမ်းမြောက်ဝမ်းသာ ချီးမွမ်းပြီးလျှင် မိမိ၏ မိဘအိမ်သို့ သွားလေ၏။ ဘုရားလောင်းသည် ဒီဃပိဋ္ဌိအား နောင်မပြုမကျင့်စိမ့်သောငှာ အဆုံးအမ ပေး၏။ မှားဖက်တော် သူငယ်တစ်ထောင်တို့သည်လည်း ထို ဒီဃပိဋ္ဌိကို ခြေဖြင့် ယမ်းခတ်ခြင်း,လက်ဖြင့် ထောင်းထုခြင်း စသည်ဖြင့် နာကျင်စွာ ဒဏ်ပေး၍ လွှတ်လိုက်ကုန်၏။

ဤအကြောင်းကို အမတ်သိလျှင် အလုံးစုံကို လျှောက်စာတင်၍ ဝိဒေဟရာဇ်မင်းကြီးအား လျှောက်ကြားစေ၏။ မင်းကြီးလည်း ထိုစကားကို ကြားလျှင် သေနကအမတ်ကြီးအား ပြန်ကြား တိုင်ပင်ပြန်သဖြင့် သေနက အမတ်ကြီး မြစ်တားပြန်လတ်လျှင် စိတ်လျှစ်လျူ ဖြစ်ပြန်၍ "စူးစမ်းလေဦး"ဟု အမတ်ထံသို့ စေလိုက်ပြန်၏။(ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ် ဖြစ်ခြင်းတည်း။)

## (ဆ) ရထားတရား စီရင်ခန်း

ယောက်ျားတစ်ယောက်သည် မျက်နှာ ဆေးအံ့သောငှာ တစ်ခုသောရွာမှ သည်းရထားစီးလျက် ထွက်သွားလေ၏။ ထိုအခါ သိကြားမင်းသည် လောကကို ကြည့်လတ်သော် ဘုရားလောင်းကို မြင်၍ "ဤသုခမိန် ဘုရားအညွန့်အား ပညာဂုဏ် ထင်ရှားသောအဖြစ်ကို ငါပြုခြင်းငှာ ထိုက်၏"ဟု လူ၏အသွင်ဖြင့် သာလတ်၍ ထိုရထားစီးလျက်သွားသော ယောက်ျား၏ ရထားနောက်စွန်းကို ကိုင်လျက် အစဉ်အတိုင်း လိုက်၏။ ရထားရှင်သည် ရထားနောက်မြီးစွန်းကို ကိုင်လျက် အစဉ်တစိုက်လိုက်သော လုလင်ကိုမြင်လျှင် "ဤသူသည် ဘယ် အကြောင်းရှိ၍ ငါ့နောက်သို့ အစဉ်တစိုက်လိုက်သည် မသိဟုကြံလျက် "အချင်းယောက်ျား. . .သင် အဘယ်ကို အလိုရှိ၍ ရထားနောက်စွန်းကို ကိုင်လျက် အစဉ်တစိုက် လိုက်ဘိသနည်း" ဟု မေး၏။ သိကြားလုလင်လည်း အရှင်"အကျွန်ုပ်သည် သင်၏အထံ၌မှီခို၍ နေလိုပါသောကြောင့် လိုက်သည်"ဟု ဆို၏။ ထိုစကားကိုကြားလျှင် ရထားရှင်သည် "လုလင်. . . ကောင်းပြီ၊ နေတော့"ဟု ဆိုလျက် အတန်ငယ် သွားပြီးသော် ရထားကို တန့်ရပ်စေပြီးလျှင် ရထားမှ ဆင်းသက်၍ ကိုယ်လက် သုတ်သင်အံ့သောငှာ သွား၏။ထိုရထားရှင် ကိုယ်လက်အသုတ်အသင် သွားခိုက်တွင် သိကြားမင်းသည် ရထားပေါ်သို့ တက်၍ ရထားကို စိုင်းနှင်ပြေးလေ၏။ ရထားရှင်လည်း ကိုယ်လက် သုတ်သင်ပြီး၍ လာလတ်သော်"ရထားကို ထိုလုလင် ခိုးယူပြေးသည်"ဟု သိလျှင် "အချင်း. . . ရပ်လော့ ရပ်လော့"ဟု အလျင်တဆော လိုက်လျက် မီလတ်သောအခါ အချင်း... သင် အဘယ်ကြောင့် ရထားကို ခိုးယူပြေးသနည်း"ဟု ဆို၏။ သိကြားမင်းလည်း သင့်ရထား ဘယ်မှာနည်း၊ ဤရထားကား ငါ့ရထားတည်း၊ သင့်ရထားနှင့် အလားတူ၍သာ သင်အထင်မှားသည် ဖြစ်မည်။ သင့်ရထား မဟုတ်"ဟု ဆို၏။ ဤသို့ အချင်းချင်း အငြင်းအခုံ စကားနှင့် လူအများလည်း ရှုကြည့်ဝန်းရံကုန်လျက် ဘုရားလောင်းကစားရာ ဇရပ်တံခါးဝ ခရီးမသို့ ရောက်လာကြကုန်၏။

မဟောသဓာသုခမိန်သည် "ထိုသူနှစ်ယောက်ကို ခေါ်ချေ"ဟု စေ လိုက်သဖြင့် ဖွားဖက်ရွှေဖော်တို့ ခေါ်ခဲ့၍ ထိုသူနှစ်ယောက်တို့ လာလတ်သော်

ဘုရားလောင်းသည် "ဤသူကား သူတစ်ပါးကို ခန့်ညားကြောက်ရွံ့ခြင်း တစိုးတစိမျှ မရှိ၊ အလွန်ရဲရင့်၏။ မျက်တောင်လည်း စိုးစဉ်းမျှ မခတ်၊ စင်စစ် ဤသူသည် လူမဟုတ်၊ သိကြားနတ်တည်း။ ဤသူကား ရထားရှင်တည်း"ဟု အတပ်အမှန် သိငြားသော်လည်း တရားသူကြီးတို့ စစ်မေးရိုးထုံးစံရှိသည့်အတိုင်း အငြင်းအခုံစကားကို မေး၍ အသီးအသီး ထွက်ဆိုကြသည့် စကားနှစ်ရပ်ကို ကြားပြီးသော် သင်တို့သည် ငါ၏ အဆုံးအဖြတ်၌ တည်ကြအံ့လော"ဟု မေး၏။ "တည်ပါမည်"ဟု နှစ်ဦးစလုံး ဝန်ခံကြလတ်လျှင် မဟောသဓာသုခမိန်သည် "အချင်းတို့ ... သင်တို့ရထားကို ငါ၏လူ တစ်ယောက်ကို စိုင်းနှင်စေအံ့။ သင်တို့နှစ်ယောက် ရထားနောက်မြိတ်ကို တစ်ဘက်စီ ကိုင်ဆွဲ၍ လိုက်ကြလော့။ ရထားကို မလွှတ်လျှင် ရထားရှင်ဖြစ်စေ။ လွှတ်လျှင် ရထားခိုးဖြစ်စေ"ဟု ဆိုပြီးသော် ရထားကို လုလင်တစ်ယောက်ကို နှင်စေလျက် ထိုသူနှစ်ယောက်ကိုလည်း ရထားနောက်မြိတ်ကို ဆွဲ၍ လိုက်စေ၏။ ထိုအခါ ရထားရှင်သည် လူဖြစ်သောကြောင့် ပန်းမောသော ကိုယ်ဖြင့် "ဆုံးလိုလည်း ဆုံးစေတော့"ဟု အားလျော့ပါးသဖြင့် ရထားမှ လွှတ်လျက် ကြည့်မျှော်ကာ ရပ်နေရစ်၏။ သိကြားမူကား ရထားနှင့် ထက်ကြပ်လျက် လိုက်လေ၏။

မဟောသဓာ သုခမိန်သည် ရထားကိုပြန်လည်စေပြီးသော် ပရိသတ် အပေါင်းတို့အား "အချင်းတို့ ... ဤသူကား ရထားနောက်သို့ အတန်ငယ်မျှ လိုက်၍ လွှတ်လိုက်သဖြင့် နေရစ်၏။ ဤသူမူကား ရထားနောက်က ထက်ကြပ်ပင်လျှင် လိုက်၏။ ထိုသို့လျက် ဤရထားကို လွှတ်သောသူ လောက်မျှ ပန်းဟန်မထင် ကိုယ်တွင်လည်း ချွေးတစ်ပေါက်မျှ မထွက်။ ထွက်သက် ဝင်သက်လည်း မလိုက်မဖို၊ မည်သည်ကိုမျှလည်း ကြောက်လန့်ခြင်း မရှိ။ မျက်စိကြောင်ကြောင်, မျက်တောင်မျှလည်း မခတ်။ ဤအထွတ္ထုပ္ပတ္တိကို ထောက်ထားသော် သိကြားနတ် စင်စစ်ဖြစ်သည်၊ လူမဟုတ်"ဟု ဆိုပြီးလျှင် သိကြားကို "သင် သိကြားမင်း မဟုတ်လော"ဟု မေး၏။ သိကြားမင်းသည် "သုခမိန် ... ငါသည် သုခမိန် ဆိုတိုင်းပင် သိကြားမင်း မှန်ပေ၏"ဟု ဆိုလတ်သော် "သင် သိကြားနတ်မင်းဖြစ်လျက် အဘယ်ကြောင့်ဤသို့သော

အမှုကို ပြုလာဘိသနည်း''ဟု မေး၏။ သိကြားမင်းလည်း ''သုခမိန် သင်၏ ပညာကျေးဇူး ထင်ရှားစေလို၍ ငါလာသည်''ဟု ဆိုလျှင် ''သိကြားနတ်မင်း သင်သည် နောင်ကို ဤသို့ မပြုလာနှင့်''ဟု ဆုံးမပေ၏။ သိကြားမင်းသည် မိမိတန်ခိုးကိုပြုလျက် ကောင်းကင်၌နေ၍ ''မဟောသဓာသုခမိန်သည် တရားကို ကောင်းစွာ ဆုံးဖြတ်ပေ၏''ဟု ကောင်းချီးပေးပြီးလျှင် နတ်ပြည်သို့ သွားလေ၏။

ထိုအခါ ဘုရားလောင်း၏ ပညာကျေးဇူးကို(ဆင်ခြင်စူးစမ်းလျက်) စောင့်နေရသောအမတ်သည် အထက်တရား အဆုံးအဖြတ်များမှာကဲ့သို့ အခြားသူကို မစေမူ၍ မိမိကိုယ်တိုင်ပင်လျှင် ဝိဒေဟရာဇ်မင်းကြီးထံ သွားပြီးသော် ရထားတရား၌ စီရင်ဆုံးဖြတ်ကြောင်း အတ္ထုပ္ပတ္တိရှိတိုင်းကို လျှောက်ထားပြီးလျှင် ''အရှင်မင်းကြီး... အမှုဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မိမိတန်ခိုးဖြင့် သူတစ်ပါးတို့ စိတ်နှလုံးကို ထင်ယောင် ထင်မှား ရှိအောင် ဖန်ဆင်းတတ်သော သိကြားနတ်များမှသော်လည်း တရားမဟုတ်လျှင် မနိုင်၊ မဆိုင်လျှင် ရှုံးစေခြင်းငှာ စွမ်းနိုင်သော လောကတွင် နှစ်ယောက်မထင်, ပညာရှင်ယောကျ်ားထူး, ယောကျ်ားမြတ်, နတ်မျက်စိသဖွယ်ဖြစ်သော သုခမိန်ကို ဆောင်ယူချိန် အခါရွေးလျက် ဆေးလေးနှံဖင့်၍ နေသင့်တော့မည် မထင်။ ယခုပင် ဆောင်ယူတော်မူပါ''ဟု လျှောက်ထား၏။ ထိုစကားကို ကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် ''အချင်းအမတ်... သင်ဆိုတိုင်းပင် အလျင်တခေါ ငါကိုယ်တိုင်သွား၍ သတို့သားကို ဆောင်ယူချင်သော စေတနာသည် ''ကောင်းကင်မှ သားတစ်ကို ဟစ်လိုက်သောအသံနှက်၍ စွန်လက်မှ လွှတ်စေရသည်''ဟု ကြားဦးစကပင် အခါခါ အခေါက်ခေါက် ရောက်၏။ သို့ပင် ဝမ်းမြောက်စိတ် ဖိတ်ယိုခြင်းရှိသော်လည်း အမတ်ကြီး သုခမိန် လေးယောက်တို့သည် ရှေ့နောက်ကို ရှုတွေးလျက် မင်းရေး မင်းခွင်၌ မြင်မြော် ကျွမ်းကျင်လိမ်မာစွာ အရာရာသော သုတပညာဖြင့် ငါ၏ အိပ်မက်တော်ကို အထက်က ဖတ်ကြားသည်မှာလည်း နတ်မျက်စိဖြင့် ကြည့်ရှု၍

ပြင်သကဲ့သို့ ထင်ရှားစွာ ပညာရှိ ဖြစ်ကြသည်နှင့်အညီ ပညာရှိသုခမိန်တို့ကို မတိုင်မပင် အလျင်တဆော မပြုသာသေး ဖြစ်သည် တစ်ကြောင်း၊ ထိုသတို့သားသည်လည်း အရွယ်အားဖြင့် နုနယ် ငယ်ရွယ်သေးသည်၊ ကျေးဇူးပညာလည်း အရာအချက်နည်းသေးသည် တစ်ကြောင်းဖြစ်၍ သူခပ်သိမ်းတို့ အပြစ်တင် လွတ်လောက်အောင် အမတ်ကြီးသုခမိန်တို့နှင့် တိုင်ပင်ခွင့် ရှိပေသေးသည်''ဟု ဆိုပြီးလျှင် သေနကသုခမိန် အမတ်ကြီးကိုခေါ်၍ ရထားတရား၌ သိကြားကို အရှုံးပေးကြောင်း အလုံးစုံကို ချီးမွမ်းပြောဆိုပြီးသော် ''ဆရာအမတ်ကြီး . . . မဟောသဓာသုခမိန်ကို ဆောင်ယူရသော် သင့်ပြီမဟုတ်လော''ဟု တိုင်ပင်မေးမြန်း၏။ မင်းကြီးစကားကို ကြားလျှင် သေနကအမတ်ကြီးသည် ''အရှင်မင်းကြီး... ဤမျှလောက်သော တရားကို ဆုံးဖြတ်နိုင်ကာမျှနှင့် သုခမိန်(မခံလောက်သေး)၊ ပညာရှိသော သူတို့ကဲ့သို့ ခက်ခဲအောင် လျှို့ဝှက်၍ မေးအပ်သော အမေးပြဿနာတို့ကို ဖြေဆိုနိုင်မှ ပညာရှိသုခမိန် ခံခြင်းငှာ ထိုက်ပါသည်။ ပညာရှိ မရှိကို သိသာအောင် ယခုငံ့ဆိုင်းနေတော်မူ၍ ပညာစမ်း မေးတော်မူဦးလော့''ဟု လျှောက်ဆို၏။ (ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ်ဖြစ်ခြင်းတည်း။)

ဤသို့ ဆိုအပ်ခဲ့ပြီးသော အမဲတရား, နွားတရား, လည်ရွဲတရား, ချည်ထွေးတရား, သားတရား, မယားခိုးတရား, ရထားတရား ဤခုနစ်ပါးတို့ကို သတို့သားလက်ထက် အသက် ခုနစ်နှစ်အရွယ်က သူငယ်များနှင့် ကစားရင်း စီရင်၍ ထင်ရှားစွာ ခုနစ်ခါ ခုနစ်ကြိမ် အရှိန်အဟော် ကျော်စောစွာ ဖြစ်သတည်း။

# (၁၁) မဟောသဓာပြဿနာခန်း (ခ)

## (၁) ရှားလှံတံ ပြဿနာဖြင့် ညာစမ်းခန်း

တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီးသည် "မဟောသဓာကို(စမ်းအံ့)"ဟု ရှားနှစ်တစ်ခုကို ယူစေ၍ တစ်ထွာမျှလောက် ဖြတ်ပြီးလျှင် ပန်းပွတ်သမားကို ကို အလုံးစုံညီစွာ ပွတ်ခံစေပြီးသော် "အရှေ့ယဝမဇ္ဈကုံး ရွာသားတို့ ပညာရှိကြောင်းကို ငါကြားသိတော်မူသည်။ ဤရှားတုတ်ကို အရင်းအဖျား မည်သည်က ဖြစ်သည်ဟု အတပ်အမှန် သိကြစေ။ ဤရှားတုတ်၏ အရင်းအဖျားကို မသိကုန်သောသူတို့အား ဒဏ်တစ်ထောင်ခတ်မည်"ဟု ရာဇသံစကားနှင့် ရှားလှံတံကို ပါစိနယဝမဇ္ဈကုံးသို့ ပို့စေ၏။

ပါစိနယဝမဇ္ဈကုံး ရွာသားတို့သည် စည်းဝေးရုံးစု၍ ရှုကြည့်ဆင်ခြင်လတ်သော် ထိုရှားလှံတံ၏ အရင်းအဖျားကို တစ်ယောက်သောသူမျှ မသိနိုင်ကြသည်ဖြစ်၍ ရွာသားအပေါင်းတို့သည် "အချင်းတို့. . .ငါတို့သည် ဤရှားလှံတံ၏ အရင်းအဖျားကို မသိနိုင်ကြသည် ဖြစ်၍ ထိုအကြောင်းကို မင်းကြီးအား လျှောက်လျှင်လည်း တစ်ယောက်တစ်ထောင်စီ မှန်မှန်, ရာဇဒဏ် ခံကြရတော့မည်။ အဘယ်သို့ ကြံကြမည်နည်း"ဟု တိုင်ပင်ကြသော် သိရိဝဍ္ဎနရှင်သဌေးသား မဟောသဓာသုခမိန်သည် ခုနစ်ကြိမ် ခုနစ်ခါ ခက်စွာသော တရားကို ကစားရင်းပင် ဆုံးဖြတ်နိုင်သည်။ သူငယ်ပင်ဖြစ်သည်ဟု မလောက်မလေး ပြုသာမည်မဟုတ်၊ ပညာသာလျှင် ပဓါနဖြစ်ချေသည်။ ဤရှားလှံတံ၏ အရင်းအဖျားကို သဌေးသား သိကောင်းရာ၏"ဟု ပြောဆိုကြ၏။

ထိုအခါ သိရိဝဍ္ဎနသဌေးကြီးသည် "ကောင်းပြီ၊ ငါ့သားအား မေးစမ်းအံ့" ဟု ဆို၍ ကစားရာဇရပ်သို့သွားပြီးလျှင် မိမိသားတော် ဘုရားလောင်းကို ခေါ်၍ မင်းကြီး၏ရာဇသံနှင့် ရှားလှံတံအကြောင်းကို ပြောဆိုပြီးသော် "ချစ်သား . . .ငါတို့သည် ရှားလှံတံ၏ အရင်းအဖျားကို မသိနိုင်ကုန်၊ ချစ်သား သိနိုင်ပါမည်လော"ဟု မေး၏၊ [illegible] သင်္ချိုင်း[illegible]ကို

ကြားလျှင် ဘုရားလောင်းသည် ဤသို့ကြံ၏။ "မင်းကြီးအား ဤရှားလုံတံ တထွာမျှလောက်ကို အရင်းအဖျားသိရုံဖြင့် အဘယ်အသုံးဝင်အံ့နည်း။ ငါ့အား ပညာစမ်း စေလွှတ်သည်သာ ဖြစ်မည်ဟု ကြံပြီးလျှင် "ဖခင်... ရှားလုံတံကို ဆောင်ယူခဲ့လော့။ အကျွန်ုပ် အရင်းအဖျားကို သိလတ္တံ့"ဟု ဆို၍ ရှားလုံတံ ကို ဆောင်ယူစေပြီးသော် ဘုရားလောင်းသည် လက်ဖြင့် ရှားလုံတံ၏ အလယ်၌ ကိုင်၍ ချိကာမျှဖြင့် "ဤကားအရင်း၊ ဤကားအဖျား ဖြစ်သည်"ဟု သိငြားသော်လည်း လူများအား ထင်ရှားစေခြင်းငှာ ရေခွက်တစ်ခုကို ဆောင်ယူစေပြီးလျှင် ရှားလုံတံ၏ အလယ်ချက်တည့်တည့်၌ ချည်ကြိုးဖြင့် ချည်၍ ကြိုးစွန်းက ကိုင်လျက် ရေအပြင်၌ တင်ကာထား၏။ ထိုအခါ အရင်းသည် လေးသောကြောင့် ရှေးဦးစွာ နစ်၏။ထိုသို့ ရေ၌ချ၍ သိပြီးသော် မဟောသဓာသုခမိန်သည် "ပရိသတ်အပေါင်းတို့ ... သစ်ပင်တို့၌ အရင်း နှင့်အဖျားသည် အဘယ်မှာ လေးမည်နည်း"ဟု မေး၏။ လူအပေါင်းတို့လည်း "သုခမိန် အရင်းသာလျှင် လေး၏"ဟု ဆိုကြလတ်သော် ဘုရားလောင်းသည် "ပရိသတ်အပေါင်းတို့ ... ထိုသို့တပြီးကား ဤရှား လုံတံကို ရှေးဦးစွာ ရေ၌ နစ်ရာကို အရင်း၊ နောက်မှ နစ်ရာကို အဖျားဟုမှတ်သား၍ မင်းကြီး အား ဆက်လေလော့"ဟု ဆို၏။ လူအပေါင်းတို့သည်လည်း ဘုရားလောင်း ဆိုတိုင်း မှတ်သားဆက်စေ၏။

ဝိဒေဟရာဇ်မင်းကြီးသည် "ဤအကြောင်းကို အဘယ်သူ သိသနည်း" ဟု မေး၏။ သိရိဝဍ္ဎနသင်္ဌေး၏သား မဟောသဓာသုခမိန် သိပါသည်"ဟု လျှောက်သဖြင့် ကြားလတ်သော် သေနကအမတ်ကြီးကို ခေါ်၍ တိုင်ပင်ပြန်၏၊ သေနကအမတ်ကြီးသည်လည်း "အရှင်မင်းကြီး . . . ငံ့တော်မူဦးလော့။ အထူးအခြား တစ်ပါးသော ပြဿနာဖြင့် ပညာစမ်းသပ်ဖွယ် ရှိသေးသည်"ဟု လျှောက်၍ မင်းကြီး ငံ့နေပြန်၏။ (ဤလည်း ဘုရားလောင်းအား ကောင်းချီး မင်္ဂလာ တစ်ကြိမ်ဖြစ်ခြင်းတည်း။)

## (၂) ဦးခေါင်းခွံပြဿနာဖြင့် ပညာစမ်းခန်း

ထိုရှုးလုံတံကို မေးပြီးသည်၏နောက် တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီးသည် မိန်းမဦးခေါင်းခွံ၊ ယောကျ်ားဦးခေါင်းခွံတို့ကို ရအောင်ရှာဆောင်စေပြီးလျှင် "အရှေ့ယဝမဇ္ဈုံးရွာသားတို့ . . . ဤဦးခေါင်းခွံနှစ်လုံးကို ဤကား မိန်းမဦးခေါင်းခွံ၊ ဤကားယောကျ်ားဦးခေါင်းခွံဟု အတပ်အမှန်ကို သိသာအောင် လျှောက်ရမည်။ မသိလျှင် ရာဇဒဏ် တစ်ထောင် သင့်စေမည်"ဟု ရာဇသံနှင့်တကွ ဦးခေါင်းခွံနှစ်လုံးကို အရှေ့ယဝမဇ္ဈုံးရွာသို့ ပို့စေ၏။

အရှေ့ယဝမဇ္ဈုံး ရွာသားအပေါင်းတို့သည် မသိနိုင်ကြကုန်သည်ဖြစ်၍ ရှေးနည်းဖြင့် မဟောသဓာသူခမိန်ထံ မေးမြန်းပြန်ကြကုန်၏။ မဟောသဓာသူခမိန်လည်း ဦးခေါင်းခွံနှစ်လုံးကို မြင်လျှင် သိမ်မွေ့သောအရာကို ထင်စွာသိတတ်သော ဉာဏ်အစွမ်းဖြင့် "ယောကျ်ားတို့၏ ဦးခေါင်းခွံ၌ ဦးခြားရေးသည် ဖြောင့်၏။ မိန်းမတို့၏ ဦးခေါင်းခွံ၌ ဦးခြားရေးသည် ယုက်တင်ကွေးကောက်နောက်သို့ပြန်လိမ်၍သွား၏"ဟု သိပြီးသော် "ဤ ဦးခေါင်းခွံကား မိန်းမဦးခေါင်းခွံ၊ ဤဦးခေါင်းခွံကား ယောကျ်ားဦးခေါင်းခွံတည်း"ဟု သင်တို့မှတ်သား၍ မင်းကြီးအား ပို့ဆက်လေလော့"ဟု ဆို၏။ ရွာသား အပေါင်းတို့လည်း ဘုရားလောင်းဆိုတိုင်းပင်လျှင် မင်းကြီးအား ပို့ဆက်ကုန်၏။

ဝိဒေဟရာဇ်မင်းကြီးသည် "ဤအရာကို သိသည်ကား အဘယ်သူ့ပညာနည်း"ဟု မေး၏။ ရွာသားတို့လည်း မဟောသဓာ၏ပညာ ဖြစ်ပါသည်"ဟု လျှောက်ကြားကုန်လတ်သော် သေနကအမတ်ကြီးကို ရှေးနည်းဖြင့်တိုင်ပင်ပြန်၏။ သေနကအမတ်ကြီးလည်း "အရှင်မင်းကြီး . . . ဤမျှသော အရာဖြင့် ပညာရှိသူခမိန်(မခံလောက်သေး)။ အသစ်စီမံ၍ စုံစမ်းရန်ပြဿနာ ရှိပါသေး သည်။ ငံ့တော်မူဦးလော့"ဟု လျှောက်ပြီးလျှင် ပြဿနာတစ်နည်းကို စီရင်ပြန်၏။ (ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ် ဖြစ်ခြင်းတည်း။)

## (၃) မြွေပြဿနာဖြင့် ပညာစမ်းခန်း

ဦးခေါင်းခွံကို စုံစမ်းပြီးသည်၏နောက် တစ်နေ့သ၌ မြွေဖို၊မြွေမ နှစ်ခုကို ဖမ်းစေပြီးသော် မင်းကြီးသည် "အရှေ့ယဝမဇ္ဈုံးရွာသားတို့ ပညာရှိသည်"ဟု ငါကြားသိတော်မူရသည်။ဤမြွေနှစ်ခုကို "ဤကားမြွေဖို ဖြစ်သည်။ ဤကားမြွေမ ဖြစ်သည်"ဟု အတပ်အမှန် လျှောက်ဆိုကြရမည်။ အတပ်အမှန် မသိကုန်သောသူတို့အား ဒဏ်တစ်ထောင် သင့်စေ"ဟု ရာဇသံနှင့်တကွ အရှေ့ယဝမဇ္ဈုံးရွာသို့ ပို့စေ၏။

ရွာသူရွာသားအပေါင်းတို့လည်း ရှေးနည်းအတူ မိမိတို့ပညာဖြင့် မသိနိုင်ကုန်လတ်သော် မဟောသဓာသူခမိန်ကို မေးမြန်းကြကုန်၏။ မဟောသဓာသူခမိန်သည် ထိုမြွေနှစ်ခုကို မြင်လျှင် ဒိဗ္ဗစက္ခု အဘိညာဏ်ကို ရသော အရှင်တို့၏ မြင်ခြင်းကဲ့သို့ ပိတ်ဆို့ခြင်းကင်းသော ပညာအစွမ်းဖြင့် "ဤမြွေကား ဦးခေါင်းလည်းကြီး၏။ အမြီးလည်း ဖွံ့၏။ မျက်စိလည်းကျယ်၏။ လည်ရေးလည်းစပ်၏။ ဤသို့သောအခြင်းအရာ ရှိသောကြောင့် မြွေဖိုတည်း။ ဤမြွေကား ဦးခေါင်းလည်း ငယ်၏။ အမြီးလည်း သွယ်၏။ မျက်စိလည်း ကျဉ်း၏။ လည်ရေးလည်း မစပ်။ ဤသို့သောအခြင်းအရာရှိသောကြောင့် မြွေမတည်း။"ဟု အတပ်အမှန်သိပြီးသော် ဤကား မြွေဖို၊ ဤကား မြွေမဟု သင်တို့မှတ်သား၍ မင်းကြီးအား ပို့ဆက်လေလော့"ဟု ဆို၏။ ရွာသားအပေါင်းတို့လည်း မဟောသဓာဆိုတိုင်းပင်လျှင် မြွေဖို,မြွေမကို မှတ်သား၍ ဝိဒေဟရာဇ် မင်းကြီးအား ပို့ဆက်လေ၏။

မင်းကြီးလည်း"ဤမြွေနှစ်ခုကို အဖိုအမ ပြဆိုနိုင်သည်ကား ဘယ်သူ့ ပညာနည်း"ဟု မေး၏။ ရွာသားတို့လည်း "သဋ္ဌေးသား မဟောသဓာ၏ ပညာသာ ဖြစ်ပါသည်"ဟု လျှောက်ကြားကုန်လတ်သော် ဝိဒေဟရာဇ် မင်းကြီးသည် သေနကအမတ်ကြီးကို ခေါ်၍ ရှေးနည်းဖြင့် တိုင်ပင်ပြန်၏။ သေနကအမတ်ကြီးသည်လည်း "အရှင်မင်းကြီး . . . ဤမျှသော ပြဿနာသည် ခဲခက်သေးသည်မဟုတ်၊ ထို့ထက်သာ၍ ခဲခက်သော ပြဿနာဖြင့် စုံစမ်းရန် ရှိပါသေးသည်၊ သည်းခံတော်မူဦးလော့"ဟု လျှောက်၏။ မင်းကြီးလည်း အမတ်ကြီးသူခမိန်စကားကို ကြားလျှင် စိတ်လည်းစလ။

ဖြစ်ပြန်၍ ပြဿနာတစ်နည်းကို စီရင်စေပြန်၏။ (ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာတစ်ကြိမ် ဖြစ်ခြင်းတည်း။)

## (၅) ကြက်ပြဿနာဖြင့် ဉာဏ်စမ်းခန်း

ထိုမြွေပြဿနာကို မေးပြီးသည်၏နောက် တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီးသည် ဤသို့စေလိုက်ပြန်၏။ "ပါစိနယဝမဇ္ဈိုင်းရွာသားတို့ ပညာရှိကြောင်းကို ငါကြားသိတော်မူရသည်နှင့် လျော်စွာ ငါအလိုရှိတော်မူသည့် ထိပ်ပေါ်၌ လပို့ရောက်လျက် ခြေနှစ်ဘက်၌ ဦးချိုနှင့် ကိုယ်လုံးကျွတ်ဖြူစွာ, အခါသုံးတန်တို့၌ အမှန်တွန်တတ်သော နွားဥသဘတစ်ခုကို ယခု အလျင်အမြန် ငါ့ထံရောက်စေ။မရောက်လျှင် ရာဇဒဏ်တစ်ထောင် ခံကြရမည်"ဟုစေလိုက်၏။

ရွာသားအပေါင်းတို့လည်း "ဦးခေါင်း၌ လပို့နေ၍ ခြေနှစ်ချောင်း၌ ဦးချိုရှိသောနွားကို တွေ့ဖူးမည်ကား ထား၍ ကြားမျှ မကြားဖူးလျက် အထူးငါတို့သိနိုင်တော့မည် မဟုတ်ရာ။ မဟောသဓာ၏အရာသာတည်း"ဟု ဤအကြောင်းကို ဘုရားလောင်းအား ပြန်ကြား မေးမြန်းကြကုန်၏။ ဘုရားလောင်းသည် ထိုစကားကိုကြား၍ မဆုံးမိကပင် အလုံးစုံသောအနက်ကို ထက်လှစွာသော ဉာဏ်ဖြင့် လျင်မြန်စွာ သိလျက် "သင်တို့ ယခုမင်းကြီး စေတော်မူလိုက်သည်မှာ မင်းကြီးသည် သင်တို့ကို ကြက်ဖြူတစ်ဖ ဆက်စေတော်မူလိုသည်။ အဘယ့်ကြောင့်နည်းဟူမူကား ကြက်သာလျှင် ခြေ၌အတက်, ထိပ်ထက်အမောက်, ရောက်သည်တထူး, ညဥ့်ဦးယာမ် သန်းခေါင်ယာမ် မိုးသောက်ယာမ် ဤသုံးတန်သောအခါကို မှန်စွာ မယုတ်မလွန် တွန်တတ်သည်ကို စွဲ၍ အခဲအခက် လျှို့ဝှက်သောအမိန့်တော် ဖြစ်သည်။ ထို့ကြောင့် ကြက်ဖြူလှလှ တစ်ဖရှာ၍ သင်တို့ ယခုပို့ဆက်ကြလေလော့"ဟု ဆို၏။ ရွာသားအပေါင်းတို့လည်း ဘုရားလောင်းဆိုတိုင်း ကြက်ဖြူတစ်ဖကို ရှာ၍ မင်းကြီးအား ပို့ဆက်လေ၏။

ဝိဒေဟရာဇ်မင်းကြီးလည်း ရှေးနည်းအတူမေး၍ ဘုရားလောင်း ဖြေကြောင်း အတ္ထုပ္ပတ်ကို အတပ်အမှန် သိရပြီးသော် သေနကအမတ်ကြီးကို ခေါ်၍ တိုင်ပင်ပြန်၏။ သေနကအမတ်သုခမိန်သည် "အရှင်မင်းကြီး... ဤ

အရာလည်း ပညာမရှိလျှင် မသိနိုင်ရာ။ ဤအရာမျှကို သိတတ်သော ပညာရှိလည်း အများပင် ရှိရာသည်။ ပညာကျေးဇူး ထူးသည် မယူလောက်သေး။ နောက်ကိုတစ်သွယ် စီမံ၍ စုံစမ်းရန်ပြဿနာ ရှိပါသေးသည်။ သည်းခံတော်မူဦးလော့''ဟု လျှောက်၍ မင်းကြီး ငုံ့နေပြန်သဖြင့် တဖန် ပြဿနာကို စီရင်ပြန်၏။ (ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာတစ်ကြိမ် ဖြစ်ခြင်းတည်း။)

## ငွေ့ခြားပြဿနာဖြင့် ပညာစမ်းခန်း

ထို ဝိဒေဟရာဇ်မင်းကြီး၌ ဘုရားလောင်းကုသမင်း ဖြစ်တော်မူသော ... သိကြားမင်းပေးအပ်သောပတ္တမြားသည် ထိုးနန်းလဲဖောက်သော်လည်း ...ကျက်မပျက် အဆက်ဆက်မင်းတို့ သုံးဆောင်ရာဖြစ်၍ ဝိဒေဟရာဇ်မင်း ...လက်ထက်တိုင် ရှိ၏။ ထိုပတ္တမြားသည် ကြိုးထားရာအပေါက် အကောက် ...ရှစ်ပါး ရှိသည်ဖြစ်၍ ဝိဒေဟရာဇ်မင်းလက်ထက် အထက်ကကြိုးဟောင်း ...ပြတ်သဖြင့် (ကြိုးဟောင်းကိုနုတ်ပစ်၍ ကြိုးသစ်တပ်ခြင်းငှာ မတတ်နိုင်ခြင်း ကြောင့်)ကြိုးတပ်၍ မသုံးမဆောင်ရ ဖြစ်၏။ဝိဒေဟရာဇ်မင်းကြီးသည် ထို ပတ္တမြားကို ပြဿနာပြု၍ မဟောသဓာသုခမိန်ကို စုံစမ်းလိုသောကြောင့် ''အမရေ့ယဝမရွှုံးရှာသားတို့ ပညာရှိကြောင်းကို ငါကြားသိတော်မူရသည် နှင့်အညီ ဤပတ္တမြား၌ ကြိုးဟောင်းစကိုနုတ်ပစ်၍ ကြိုးသစ်တပ်ကြရမည်။ ... တပ်နိုင်ကြလျှင် ရာဇဒဏ်တင်ထောင် သင့်စေ''ဟု ရာဇသံနှင့် ... ယဝမရွှုံးရွာသို့ ပို့စေ၏။

ရွာ... ရွာသားအပေါင်းတို့သည် ''ထိုပတ္တမြား၌ ကြိုးဟောင်းကို မည်သို့ နုတ်ရမည်၊ ကြိုးသစ်ကိုကား မည်သို့တပ်ရမည်''ဟု မသိနိုင်ကြ သဖြင့် ရေးနည်းအတူ မဟောသဓာသုခမိန်ကို မေးကြကုန်၏။ မဟောသဓာ သုခမိန်သည် ထိုပတ္တမြားကိုမြင်လျှင် ''သင်တို့ မနုတ်နိုင်ကြလင့်၊ ပျားရည်သာ ဆောင်ယူကြချေ''ဟု ဆို၍ ပျားရည်ကို ဆောင်ယူစေပြီးသော် ပတ္တမြား၌ အပေါက်ဝနှစ်ဘက်ကို လိမ်းသုတ်ပြီးမှ နူးညံ့သိမ်မွေ့လှစွာသော (ကမ္ဗလာချည် ကို ကြိုးကျစ်ပြီးလျှင်) ထိုကမ္ဗလာကြိုးစ၌ ပျားရည်ဖြင့်သုတ်၍ ကမ္ဗလာ

ကြိုးစကို ပတ္တမြားအပေါက်ဝ ကြိုးဟောင်းစတစ်ဘက်နှင့် တော့လျက် စဉ်းငယ်သွင်း၍ ထားပြီးသော် ပတ္တမြားဝ တစ်ဘက်က(ပရွက်ကျဉ်နီ ,ပိုးရွှများကို) စားသောက်စေခြင်းငှာ ပရွက်ကျဉ်နီ ပိုးရွှများတို့ နေရာလမ်းဝ၌ တော့လျက် ပတ္တမြားကို ထား၏။ ထိုအခါ ပရွက်ကျဉ်နီ ပိုးရွှတို့သည် ပျားရည်အနံ့ဖြင့် ထွက်လာလျက် တစ်ဘက်သောပတ္တမြားဝ၌ ကြိုးဟောင်းစ ဆွေးဆွေးကို ထွေးရော၍ သုတ်ထားသော ပျားရည်ရမက် ဆော်နှိုးသဖြင့် ကြိုးနှင့်ပျားကို ခြားနားမထင် သူ့အလျင် ငါဦးအောင်သာ ကိုက်ခဲသောက်စားကာ ပတ္တမြားတွင်းသို့ ဝင်လျက် တစ်ဘက်က ကမ္ဘလာကြိုးသစ်စကို ကိုက်ငင်၍ ဝင်ခဲ့သောအပေါက်ကို နောက်ဆုတ်ဆောင်ယူ ထွက်ကုန်၏။ ဤသို့ အကောက်ရှစ်ပါးနှင့် ပတ္တမြားမျက်မြတ်ကို ကြိုးတပ်၍ပြီးသော် မဟောသဓာသုခမိန်သည် "ရွာသားအပေါင်းတို့အား" ဤပတ္တမြား၌ ကြိုးဟောင်းကိုနုတ်ပစ်၍ ကြိုးသစ်တပ်ခြင်းသည် သဌေးသား မဟောသဓာ ပညာဖြစ်သည်ဟု လျှောက်ထား၍ မင်းကြီးအား ဆက်လေလော့"ဟု ဆို၏။ ရွာသူရွာသားအပေါင်းသည်လည်း ဘုရားလောင်း ဆိုတိုင်းပင်လျှင် မင်းကြီးအား လျှောက်ထား၍ ပတ္တမြားကို ပို့ဆက်ကုန်၏။

ဝိဒေဟရာဇ်မင်းကြီးသည် ပတ္တမြား၌ ကြိုးနုတ် ,ကြိုးသွင်း အခြင်းအရာ, ပညာဂုဏ်သတ္တိကို ကြားသိရလျှင် အလွန်နှစ်သက်သဖြင့် သေနက အမတ်ကြီးကို ခေါ်၍ တိုင်ပင်မြဲ တိုင်ပင်ပြန်၏။ သေနကအမတ် သုခမိန်လည်း "အရှင်မင်းကြီး ဤမျှဖြင့် မဆောင်ယူသင့်သေး၊ ပညာစမ်းရန် ရှိပါသေးသည်။ ငံ့တော်မူဦးလော့"ဟု လျှောက်သဖြင့် မင်းကြီး ငံ့နေပြန်၍ တဖန် ပြဿနာတစ်နည်း စီရင်ပြန်၏။ (ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ် ဖြစ်ခြင်းတည်း။)

## (၆) သားဖွားပြဿနာဖြင့် ပညာစမ်းခန်း

ငှဲပတ္တမြားကို ကြိုးတပ်စေပြီးသည့်နောက် တစ်နေ့သ၌ ဝိဒေဟရာဇ် မင်းကြီး၏ တစ်ခုသော မင်္ဂလာနွားလားကို သားရှိသောဝမ်းကဲ့သို့ ရမ်းရမ်း မို့အောင် ပဲပြုတ်ကိုသာ အခါခါ တိုက်ကျွေး၍ နေ့ရက်စေ့ပြီး ဖွားလုနီးသော နွားမကဲ့သို့ ရှိစေပြီးသော် ဦးချိုနှစ်ဘက်ကိုလည်း သန့်သက်စွာ ပွတ်ဆေး၍ ဆီဖြင့် သုတ်လိမ်းလျက် ကိုယ်ကိုလည်း နနွင်းရည်ဖြင့် သုတ်လိမ်းပြီးလျှင် "အရှေ့ယဝမဇ္ဈိုးရွာသားတို့ ပညာရှိကြောင်းကို ငါကြားသိတော်မူရသည်နှင့် လျော်ညီစွာ ငါ၏ မင်္ဂလာရှိသော ဤနွားလားဥသဘသည် ကိုယ်ဝန်ဆောင်၍ ယခု လစေ့ နေ့စေ့ပြီး ဖြစ်သည်။ ထိုနွားလားဥသဘကို သားဖွားစေပြီးလျှင် သားငယ်နှင့်တကွ ထိုနွားလားဥသဘကို ငါ့ထံသို့ ပို့ဆက်ရမည်။ ဆိုတိုင်း မပို့ဆက်ကြလျှင် ရာဇဒဏ်တစ်ထောင် သင့်စေ"ဟု ရာဇသံစကားနှင့် နွားလားဥသဘကို အရှေ့ယဝမဇ္ဈိုးရွာသို့ ပို့စေ၏။

ရွာသားအပေါင်းတို့လည်း "ဤနွားလားကို သားဖွားစေရမည်"ဟုသည် ၌ "ငါတို့ အရာမဟုတ်၊ မဟောသဓာသုခမိန်၏ အရာသာတည်း"ဟု မဟောသဓာသုခမိန်ကို "အဘယ်သို့ ပြုရအံ့နည်း"ဟု နွားလားကိုပြ၍ မေးကြကုန်၏။ မဟောသဓာသုခမိန်သည် မင်းမိန့်စကားနှင့် နွားလားကိုမြင်လျှင် သဘောလက္ခဏာ အလုံးစုံကိုသိ၍ "ဤပြဿနာကို ဝိဘင်္ဂ ဗျာကရဏဖြင့် ဖြေခြင်းငှာ မထိုက်။ ပဋိပုစ္ဆာဗျာကရဏဖြင့် မေးတုံ့မေး၍ ဖြေခြင်းငှာ ထိုက်၏"ဟု ကြံပြီးသော် "ရွာသားအပေါင်းတို့ ... သင်တို့သည် မင်းကြီးနှင့် အကျွမ်း ဝင်သည်ဖြစ်၍ ရဲရင့်စွာ မင်းကြီးအား မကြောက်မရွံ့ လျှောက်ထားဝံ့သောသူကို ရနိုင်ပါမည်လော"ဟု မေး၏။ ရွာသားတို့လည်း "သုခမိန် ... မင်းကြီးအား လျှောက်ထားဝံ့သောသူကို ရလွယ်ပါ၏"ဟု ဆိုကြကုန်၏။ မဟောသဓာသုခမိန်သည် "ကောင်းပြီ၊ ထိုသူကိုရလျှင် သင်တို့ မဒိုးရိမ်လင့်"ဟု ဆို၍ မင်းကြီးအား လျှောက်ထားဝံ့သောသူကို ခေါ်စေ၍ ထိုသူရောက်လျှင် မင်းကြီးအား လျှောက်ထားစိမ့်သောငှာ မဟောသဓာ သုခမိန်သည် ဤသို့ မှာထား၏၊ "အချင်းယောကျာ်း ငါ မှာထားအံ့။ သင်သည် ဆံပင်ဖြန့်ထား

ဖားလျားချလျက် ထိပ်ထက်လက်တင် ရင်အုံခဝါတီး ရှိက်ကြီးတငင် ပင်ပန်းစွာ ဤရွာမှ မင်းကြီးနန်းတော်အရှေ့ တံခါးဝတိုင် ငိုမြည်တမ်း၍ သွားလော့။ မင်းကြီးမှတစ်ပါး မေးငြားသော်လည်း မည်သို့မျှ မပြန်မကြားနှင့်၊ မင်းကြီး နား ကြားတော်မူ၍ အမေးတော်ရှိမှ ဤသို့လျှောက်လေ။ "ကြီးမြတ်တော်မူ လှသော ဘုန်းတော်ဖြင့် ကျွန်တော်မျိုးတို့ ၏ ချမ်းသာကိုပေးတော်မူတတ်သော အရှင်မင်းကြီး ကျွန်ုပ်အား သနားကိုးကွယ်ရာ ဖြစ်တော်မူပါ။ အကျွန်ုပ်၏အဖ သည် လောက၌ ယောကျ်ားသား မွေးဖွားသည် မရှိဖူးလျက် အထူးအခြား သားဖွားမည်ပြုလျက် မဖွားနိုင်၍ ယနေ့ ခုနစ်ရက်တိတိရှိခဲ့ပြီ။ အကျွန်ုပ်အား သနားတော်မူသဖြင့် အကျွန်ုပ်အဖ သားဖွားခြင်း အကြောင်းကို အရှင် မင်းကြီး ဖန်ဆင်းစီရင်တော်မူပါလော့"ဟု မကြောက်မရွံ့ လျှောက်လေလော့။ ထိုသို့ တင်လျှောက်ထားသဖြင့် မင်းကြီးသည် "အချင်းယောကျ်ား... သင် အဘယ်သို့ မြည်တမ်းသနည်း။ ရူးသလော။ အဘယ်သို့လျှင် ယောကျ်ားစင်စစ် ဖြစ်လျက် သားဖွားအံ့နည်း"ဟုဆိုလျှင် "အရှင်မင်းကြီး... ထိုသို့ အမိန့်တော် ရှိတိုင်း ယောကျ်ားသား ဖွားရိုး မဟုတ်ခဲ့သော် အရှေ့ယဝမဇ္ဈကုံးရွာသား တို့သည် မင်္ဂလာနွားလားကို သားဖွားစေခြင်းငှာ အဘယ်သို့ တတ်နိုင်ရာ လိမ့်မည်နည်း"ဟု သင်လျှောက်ထားလေ" ဟု ဆို၏။ ထိုယောကျ်ားလည်း ဤသို့ မဟောသဓာသုခမိန် မှာတိုင်း အလုံးစုံကို ပြု၏။

ထိုစကားကိုကြားလျှင် ဝိဒေဟရာဇ်မင်းကြီးသည် "အချင်းယောကျ်ား ဤပြဿနာတို့ကို အဘယ်သူ စီရင်သနည်း"ဟု မေး၏။ ထိုယောကျ်ားလည်း "အရှင်မင်းကြီး... သဌေးသား မဟောသဓာ စီရင်ပါသည်"ဟု လျှောက်လျှင် ဝိဒေဟရာဇ်မင်းကြီးသည် အလွန်နှစ်သက်ခြင်း ရှိသဖြင့် ရေးနည်းအတူ သေနကအမတ်ကို တိုင်ပင်ပြန်လတ်သော် သေနကအမတ်သည် "အရှင် မင်းကြီး စုံစမ်းရန်ပြဿနာ ရှိပါသေးသည်၊ ငံ့နေတော်မူဦးလော့"ဟု လျှောက်၍ မင်းကြီး ငံ့နေတော်မူသဖြင့် ပြဿနာတစ်နည်းကို စီရင်ပြန်၏။ (ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ် ဖြစ်ခြင်းတည်း၊)

## (၇) ထမင်းပြဿနာဖြင့် ပညာစမ်းခန်း

ထိုသားဖွားပြဿနာ မေးပြီးသည်၏နောက် တစ်နေ့သ၌ ဝိဒေဟရာဇ် မင်းကြီးသည် "အရှေ့ယဝမဇ္ဈကုံး ရွာသားတို့ ပညာရှိကြောင်းကို ငါကြား သိတော်မူရသည်နှင့်အညီ ဆန်လည်းမဟုတ်၊ ရေလည်းမဟုတ်၊ ထမင်းအိုး လည်း မဟုတ်၊ ခုံလောက်လည်း မဟုတ်၊ မီးလည်း မဟုတ်၊ထင်းလည်း မဟုတ်၊ မိန်းမ,ယောကျ်ားလည်း မဟုတ်သည်တို့ဖြင့် ထမင်းချဉ် ချက်၍ လမ်းမဟုတ်သည်ဖြင့် ပို့ဆက်လာရမည်။ ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ထမင်းချဉ် မရောက်လျှင် ရာဇဒဏ်တစ်ထောင် သင့်စေ"ဟု စေလိုက်၏။

ရွာသားအပေါင်းတို့သည် မကြံနိုင်ကုန်သည်ဖြစ်၍ မဟောသဓာ သုခမိန်ကိုသာလျှင် မေးကြကုန်၏။ မဟောသဓာသုခမိန်လည်း ထိုစကားကို ကြားလျှင် "သင်တို့ မစိုးရိမ်ကြလင့်။" ဆန်မဟုတ်ဆိုသောကြောင့် ဆန်ကွဲကို ယူချေ။ ရေမဟုတ်ဆိုသောကြောင့်(ဆီးနှင်းရည်ကို)ယူချေ။ ထမင်းအိုးမဟုတ်ဟု ဆိုသောကြောင့် ထမင်း,ဟင်း မချက်ရသေးသော အိုးသစ်ကိုယူချေ။ ခုံလောက် မဟုတ်ဟု ဆိုသောကြောင့် သစ်သားစိမ်း သုံးချောင်းကိုယူ၍ သုံးခုဆိုင်နက်။ မီးမဟုတ်ဆိုသောကြောင့် တစ်ပါးမီးမှာ မညှိဘဲ ပွတ်မီးကိုယူချေ၊ ထင်း မဟုတ်ဆိုသောကြောင့် သစ်ရွက်ခြောက်ကို ယူချေ။ ဤသို့ဆိုတိုင်း ယူစေ၍ စီရင်ခင်းကျင်းလျက် ချဉ်သောအရသာ အတန်ငယ်ရော၍ ထမင်းချဉ် ချက် စေပြီးသော် အိုးသစ်၌ထည့်ပြီးမှ "အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ထမင်းချဉ်တော်" ဟု တံဆိပ်ခတ်နှိပ်ပြီးလျှင် မိန်းမ ယောကျ်ားမဟုတ် ဟူသောကြောင့် နပုံသကပဏ္ဍုက်ကို ရွက်စေလျက် လမ်းခရီးမဟုတ် ဟူသောကြောင့် ခရီး လမ်းမကို မသွားစေဘဲ အိမ်ကြားဝင်းနား ခြေဖြင့်သွားလောက်သော ခြေ ကြောင်းခရီးဖြင့်သာ သွားစေ၍ မင်းကြီးအား ပို့ဆက်စေ၏။

ဝိဒေဟရာဇ်မင်းကြီးလည်း "ဤပြဿနာကို ဘယ်သူဖြေ စီရင် သနည်း" ဟု မေး၍ "မဟောသဓာသုခမိန် ဖြေစီရင်ပါသည်"ဟု လျှောက်လျှင် အလွန်နှစ်သက်ခြင်း ဖြစ်သဖြင့် ရှေးနည်းအတူ သေနကသုခမိန်အမတ်ကြီး ကို ခေါ်၍ တိုင်ပင်ပြန်၏။ သေနကအမတ်လည်း "အရှင်မင်းကြီး . . . သည်းခံ တော်မူဦးလော့"ဟု လျှောက်၍ ပြဿနာတစ်နည်းကို စီရင်ပြန်၏။

(ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ် ဖြစ်ခြင်းတည်း။)

## (၈) သဲလွန်ပြဿနာဖြင့် ပညာစမ်းခန်း

ထို့နောက် တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီးသည် "ပါစီနယဝမဇ္ဈကုံး ရွာသားတို့ ပညာရှိကြောင်းကို ငါကြားသိတော်မူရသည်နှင့်အညီ ငါ ယခု ပုခက်ယာဉ်ညင် စီး၍ ကစားတော်မူလိုသည်။ ပုခက်ယာဉ်ညင် ဆွဲမြဲဖြစ်သော သဲလွန်ကြိုးဟောင်းသည် ပြတ်သည်ဖြစ်သောကြောင့် ယခုပုခက်ယာဉ် ညင် ဆွဲရန် သဲလွန်ကြိုးသစ် ကျစ်၍ ဆက်ပို့ကြရမည်။ သဲလွန်ကြိုးသစ် ကျစ်၍ မဆက် မပို့နိုင်လျှင် ရာဇဒဏ်တစ်ထောင် သင့်စေ"ဟု စေလိုက်၏။

ရွာသားအပေါင်းတို့သည် မကြံနိုင်ကြကုန်သဖြင့် မဟောသဓာသုခမိန်ကို မေးကြကုန်၏။ မဟောသဓာသုခမိန်သည် ထိုစကားကိုကြားလျှင် "ဤအရာကား ပဥှာတို့မေး၍ ဖြေခွင့်ဖြစ်သည်"ဟု သိပြီးသော်"သင်တို့ မစိုးရိမ်ကြလင့်။ စကားအရာ၌ လိမ်မာ ကျစ်လစ် ပြေပြစ် ကျွမ်းကျင်စွာ အရှင်မင်းကြီးအား လျှောက်ထားဝံ့သောသူ နှစ်ယောက်ကိုသာ ရစေလော့"ဟု ဆို၍ စကားအရာ၌ လိမ်မာသောသူနှစ်ယောက်ကို ရှာ၍ရသဖြင့် ထိုသူနှစ်ယောက်အား မဟောသဓာသုခမိန်သည် ဤသို့သောအကြောင်းကို မှာကြား လျှောက်ထားစေ၏။ "အချင်းတို့ . . . သင်တို့သည် ငါမှာတိုင်း မှတ်သား၍ မင်းကြီးအား လျှောက်ထားချေ။ "ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော အရှင်မင်းကြီး... အရှေ့ယဝမဇ္ဈကုံးသားတို့ကို သဲလွန်ဟောင်းပြတ်၍ သဲလွန်သစ် ကျစ်ရမည် အမိန့်တော်ရောက်သည်မှာ သဲလွန်အကြီးအငယ် ပမာဏ ကျစ်ရမည့် သဏ္ဌာန် အလုံးအထွာကို မသိရ ဖြစ်ပါသည်။ သဲလွန်ဟောင်း ပြတ်စတစ်ထွာ လက်လေးသစ်ခန့်မျှ ပုံတော်ရပါမှ အတုပုံယူ၍ တူအောင် ကျစ်နိုင်ပါမည် ဖြစ်သောကြောင့် သဲလွန်ဟောင်းစ တစ်ခုကို သနားတော်မူပါ"။ ဤသို့ လျှောက်ချေ။ မင်းကြီးသည် သင်တို့စကားကို ကြားလျှင်"အချင်းတို့ . . . ငါ၏နန်းတော်၌ သဲလွန်စ ဘယ်မှာရမည်နည်း။ မအပ်မရာသောစကားကို အဘယ်ကြောင့် သင့်တို့ လျှောက်ထားကြသနည်း"ဟု အမိန့်တော်ရှိလျှင် "အရှင်မင်းကြီး . . . အလိုတော်ရှိတိုင်း ပြီးစေနိုင်လောက် ဘုန်းကြီးလှသော

အရှင်၊ သဲလှန်ကိုကျစ်၍ မဖြစ်နိုင်ခဲ့သော ဘုန်းညံ့သော အရှေ့ယဝမရွှာ့ ရှာသား ကျွန်တော်မျိုးတို့မှာ အဘယ်သို့ သဲလွန်ကျစ်ရပါ မည်နည်း။" ဤသို့ လျှောက်ချေလော့ဟု စေလိုက်၏။ ထိုယောကျ်ား နှစ်ယောက်တို့သည် မဟောသဓာသုခမိန် မှာတိုင်း အလုံးစုံကို ဝိဒေဟရာဇ်မင်းကြီးအား လျှောက်ထားကြကုန်၏။

ဝိဒေဟရာဇ်မင်းကြီးသည် "ဤပြဿနာကို အဘယ်သူ ဖြေစီရင်သနည်း"ဟု မေး၍ "မဟောသဓာ ဖြေစီရင်ပါသည်"ဟု လျှောက်လျှင် အလွန်နှစ်သက်ခြင်း ဖြစ်သဖြင့် ရှေးနည်းအတူ သေနကအမတ်ကြီးကိုခေါ်၍ ဟိုင်ပင်ပြန်၏။ အမတ်ကြီးလည်း "အရှင်မင်းကြီး . . . သည်းခံတော်မူဦး၊ အထူးစုံစမ်းရန် ပြဿနာရှိပါသေးသည်"ဟု လျှောက်၍ ပြဿနာတစ်နည်း စီရင်ပြန်၏။ (ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ် ဖြစ်ခြင်းတည်း။)

## (၉) ရေကန်ပြဿနာ ဖြေဆိုပုံ ပြဿနာ ခန်း

ထိုသဲလွန်ပြဿနာဖြင့် ခမ်းပြီးသည်၏နောက် တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီးသည် "အရှေ့ယဝမရွှာ့ ရှာသားတို့ ပညာရှိကြောင်းကို ငါကြားသိတော်မူရသည်နှင့်အညီ ယခု ရေကစားတော်မူလိုသောကြောင့် ကြာမျိုးငါးပါးတို့ဖြင့် ဖုံးလွှမ်းအပ်သော ရေကန်တစ်ခုကို ယခုပို့ဆက်ကြရမည်။ မပို့ မဆက်နိုင်လျှင် ဒဏ်တစ်ထောင် သင့်စေ"ဟု စေလိုက်၏။

ရှာသားအပေါင်းတို့လည်း မကြံနိုင်ကြသဖြင့် မဟောသဓာကိုသာ မေးကြကုန်၏။ မဟောသဓာသုခမိန်သည် ထိုစကားကို ကြားလျှင် "ဤအရာလည်း ပြဿနာ ဟုံ့ပြန်ခြင်းငှာ ထိုက်၏"ဟု သိပြီးသော် "အချင်းတို့ မစိုးရိမ်ကြလင့်။ စကားအရာ လိမ္မာရဲရင့်သော လူနှစ်ယောက် သုံးယောက်တို့ကို ခေါ်ချေ"ဟု စေ၍ ခေါ်ပြီးလျှင် "သင်တို့ ငါ မှာအပ်သောစကားကို နားစွဲကြကုန်။ သင်တို့သည် မျက်စိများနီအောင် ရေကစားပြီးလျှင် ဆံပင်အဝတ် စွတ်စွတ်စိုစို ကိုယ်၌အလိမ်းလိမ်း လူးကပ်သော ရွှံ့၊ညွန့်၊လွန်ကြိုး၊ မြဲ့ဝဲ၊တုတ်၊အုတ်၊ကျောက်ခဲ စွဲကိုင်ကုန်လျက် နန်းတော်အရှေ့မျက်နှာ

တံခါးဝသို့ ရှေးရှုသွားပြီးသော် တံခါးဝ၌ ရပ်နေ၍ အတွင်းတော်မြို မင်းပုဂ္ဂိုလ်ကို "အရှေ့ယဝမဇ္ဈကုံး ရွာသားတို့က အသနားတော်ခံ နန်းတော်တံခါးဝသို့ ရောက်ကြောင်းနှင့်" မင်းကြီးအား လျှောက်ထားပေပြီးမှ မင်းကြီးက "ဝင်စေ" အမိန့်တော်ပြန်လျှင် အလျင်လိုဟန်နှင့် ဝင်၍ အရှင်မင်းကြီးအား ဤသို့ လျှောက်ထားကြလေ။ "ဘုန်းတော် ကြီးလှသော အရှင်မင်းကြီး. . . အရှေ့ ယဝမဇ္ဈကုံး ရွာသားတို့က ရေကန်သက်ပို့ရမည် အမိန့်တော်မြတ်ရောက်၍ အရှင်မင်းကြီးနှင့် ထိုက်တန်သော ရေကန်တစ်ခုကို တောအရပ်၌ ရှာဖွေ လိုက်လံဖမ်းဆီးလျက် မထွက်မပြေးသာအောင် ခိုင်ခံ့စွာသော ကြိုးလွန်တို့ဖြင့် စည်းနှောင်ချည်တုတ်ပြီးလျှင် ဆွဲငင်ဆောင်ယူ၍ မြို့တော်သို့ အပို့အဆက် အကျွန်ုပ်တို့တစ်စု ယခုလာပါသည်တွင် ထိုရေကန်သည် လူသံမကြား,တောသား အရိုင်း ဖြစ်သည်နှင့် အရှင့်မြို့တော်, ကျုံးတော်, ပြအိုး,တန်ဆောင်း,ဘုရဲရှိ မုတ်တံခါး သွားလာမြူးရွှင်ကြသော လူသံ, ဆင်သံ,မြင်းသံ, အတန်တန် အတည်တည် စည်ပင်လှသောမြို့အင်္ဂါကို တရံတစ်ခါ ဤနေ့မှ တွေ့ကြုံရ သည်ဖြစ်၍ ဆွေ့ဆွေ့ခုန် ထိတ်လန့် ကြောက်ရွံ့ခြင်းဖြင့် ငြင်းဆန်ဖယ်ရှုန်း၍ ကြိုးလွန်အားလုံးကို ဖြုန်းဖြုန်းဖြတ်လျက် အလွတ် ထွက်ပြေးသဖြင့် အကျွန်ုပ်တို့ ဤတုတ်,အုတ်,လုံ့တံ,ကျောက်ခဲဖြင့် ရိုက်ပုတ် ပစ်ခတ်၍ ကြပ်တည်းစွာ ချည်နှောင် ဆောင်ယူပါသော်လည်း အရိုင်း တောသားကို မတားမြစ်နိုင် ရှိပါသည်။ အကျွန်ုပ်တို့အား သနားတော်မူ သဖြင့် လိမ်မာယဉ်ကျေးသော အရှင်မင်းကြီး ရေကန်တော်ဟောင်းနှင့် တွဲယှဉ်၍ ဆောင်ယူရပါမှ မြို့တော်သို့ ထိုရေကန် ရောက်နိုင်ပါမည်။ရေကန်ဟောင်း သနားတော်မူပါ"ဟု မင်းကြီး အား လျှောက်ထားကြလေ။ သင်တို့စကားကို မင်းကြီးကြားလျှင်"အချင်း တို့ . . . . ငါသည် ထီးနန်း စိုးစံသည်လည်း ကြာပြီ။ တောအရပ်မှရေကန်ကို ဆောင်ယူရသည်ဟူ၍ မကြားစဖူး။ ရေကန်ရိုင်းကို ရေကန်ယဉ်နှင့်တွဲယှဉ် ဆောင်ယူရသည်ဟူ၍လည်း မရှိစဖူး။ သင်တို့အဘယ်ကြောင့် ဤစကားကို လျှောက်ထားကြသနည်း"ဟု မေးလတ္တံ့။ ထိုအခါ သင်တို့သည် "အရှင် မင်းကြီး အလိုတော်ရှိလျှင် ပြီးစေနိုင်လျက် ဘုန်းတော်ကြီးလှသော အရှင်မှ တော၌ ရေကန်ရိုင်းကို မဆောင်ယူ နိုင်ခဲ့သော် ဘုန်းနည်းသောအရှေ့ယဝမဇ္ဈကုံး

ရွာသား ကျွန်တော်မျိုးတို့သည် အဘယ်သို့ရေကန်ကို ဆောင်ယူနိုင်ပါအံ့နည်း ဟု"မင်းကြီးအား သင်တို့ လျှောက်ထားလေဟု ဆို၏။ ထိုသူတို့လည်း မဟောသဓာ သုခမိန် စီရင်တိုင်း အလုံးစုံကိုပြု၍ မင်းကြီးအား လျှောက်ထား ကြ၏။

ဝိဒေဟရာဇ်မင်းကြီးလည်း ထိုစကားကိုကြားလျှင် ဤပြဿနာကို အဘယ်သူ ဖြေစီရင်သနည်း"ဟု မေး၍ မဟောသဓာသုခမိန် (ဖြေစီရင် ပါသည်)ဟု ကြားလတ်သော် ရေးထက်အလွန် နှစ်သက်ခြင်းဖြစ်သဖြင့် သေနကသုခမိန်ကို ခေါ်၍ ရေးနည်းအတူ တိုင်ပင်ပြန်၏။ သေနကအမတ် ကြီးလည်း "အရှင် မင်းကြီး... ငုံတော်မူဦး"အထူးအခြား တစ်ပါးသောပြဿနာ ရှိပါသေးသည်"ဟု လျှောက်၍ ပြဿနာတစ်နည်းကို စီရင်ပြန်၏။ (ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ် ဖြစ်ခြင်းတည်း။)

## (၁၀) ဥယျာဉ်ပြဿနာဖြင့် ပညာစမ်းခန်း

ထိုရေကန်ပြဿနာဖြင့် စမ်းပြီးသည်၏နောက် တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီးသည် "အရှေ့ယဝမဇ္ဈကုံး ၌ သားတို့ ပညာရှိကြောင်းကို ငါကြားသိ တော်မူရသည်နှင့်အညီ ယခု ဥယျာဉ်ကစားတော်မူလိုသည်။ ငါ့တွင် ဥယျာဉ်ဟောင်း၌ သစ်ပင်တို့သည် ကာလမြင့်ရှည်သဖြင့် မစည်မကား မထွားမစက် အဖူးအငုံ့ မလန်း, ညှိုးနွမ်းပျက်စီးသည်ဖြစ်သောကြောင့် စည်စည်ကားကား ထွားထွားဝေဝေ အထွေထွေသော ပန်းမျိုးသစ်သီးမျိုး ပျိုးသစ်စသော သစ်ပင်ပျိုတို့နှင့် တင့်တယ်ကာ ဥယျာဉ်တစ်ခုကို ယခု (ပို့ဆက်ကြရမည်)။မပို့မဆက်နိုင်လျှင် ဒဏ်တစ်ထောင်သင့်စေ"ဟု အရှေ့ယဝ မဇ္ဈကုံးရွာသို့ စေလိုက်၏။

ရွာသားအပေါင်းတို့လည်း မဟောသဓာသုခမိန်ကို မေးကြကုန်၏။ မဟောသဓာ သုခမိန်လည်း ရေကန် ပြဿနာမှာကဲ့သို့ အလုံးစုံ စီရင်၍ မင်းကြီးအား လျှောက်ထားစေ၏။

မင်းကြီးသည်လည်း အလုံးစုံသော အခြင်းအရာကိုမေး၍ မဟောသဓာ စီရင်သောအဖြစ်ကို သိလတ်သဖြင့် အလွန်နှစ်သက်ခြင်း ရှိသည်ဖြစ်၍

သေနကသုခမိန်အမတ်ကြီးကို ခေါ်ပြီးလျှင် "ဆရာအမတ်ကြီး... မဟောသဓာကို ဆောင်ယူချိန်သင့်ပြီ မဟုတ်လော"ဟု မေး၏။ သေနကအမတ်ကြီးသည် "အရှင်မင်းကြီး... ဤမျှလောက်သောပြဿနာကို ဖြေနိုင်ကာမျှနှင့် ပညာရှိသုခမိန်(မခံလောက်သေး)၊ သည်းခံတော်မူပါဦး "အထူးအခြား တစ်ပါးသော ပြဿနာကို စီရင်၍ စုံစမ်းရန် ရှိပါသေးသည်"ဟု လျှောက်၏။ (ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာတစ်ကြိမ် ဖြစ်ခြင်းတည်း။)

## (၁၁) ဘုရားလောင်းထံ မင်းကြီးထွက်သွားခန်း

ဝိဒေဟရာဇ်မင်းကြီးသည် သေနကအမတ်ကြီး အကြိမ်ကြိမ်တားမြစ်သော စကားကို ကြားလျှင် ဤသို့ အကြံဖြစ်၏။ "မဟောသဓာသတို့သားသည် ခုနစ်နှစ်အရွယ်ကပင်လျှင် ကောင်းကင်ကသားတစ်ကို ကျစေသည်မှ တစ်ပါး ခြောက်ယောက်သားတို့ ဘုရားခြောက်ခုကို ထောက်ရှုဆင်ခြင်လျက် လျင်စွာသောဉာဏ်ဖြင့် ဟုတ်မှန်ဘိုင်း ဆုံးဖြတ်ကြောင်း၊ အမှုပေါင်းခုနစ်ရပ်ကို အထပ်ထပ်အသွယ်သွယ် အံ့ဖွယ်စကား ကြားရစဉ်ကပင် မင်္ဂလာကြီးတစ်ခု သုခမိန်တန်ဆောင် အောင်ပွဲခံ၍ မျက်မှန်းထင်ထင် တွေ့မြင်လိုသောစေတနာ အခါခါ ငါ့သွတ်လျက် ဤအမတ်ကြီးသေနက နှောင့်ယှက်၍ ပျက်ပြန်ရသည်။ အတည်တည် လျှို့ဝှက်သည့်အနက်, ခက်ခဲသောပြဿနာကို မိမိပညာသတ္တိဖြင့် မိမိအ ေးကို မိမိမှ ပြေလည်အောင် မဖြေနိုင်ရာ။ ဆယ်ခါဆယ်ဖန် အတန်တန် ဆေး၍ ငယ်သွေးငယ်ကိုယ်နှင့် ထိုသုခမိန်သတို့သားသည် ဘုရား၏ဖြေခြင်း ကဲ့သို့ နှစ်လိုဖွယ်ဖြေဆို၍ ရှိပါပြီကိုလျက် မနှစ်သက်သံ ဝန်တိုသံနှင့် အတန်တန် ရက်ရည်ငင်သဖြင့် ဆံပင်မြှုနမျှ တစ်ခုခုအပြစ်ငြိလျှင် ဖိစီး၍ လွင်ဖြစ်လေအောင် ကြံဆောင်လိုဟန်ရှိသည်။ ဤသေနကအမတ်စကားကိုသာ နာယူငံ့နေချေလျှင် ဤတစ်သက်တွင်ပင် သုခမိန်သတို့သားကို ငါ့သားပြုရဟန် မရှိချေ။ သေနကအမတ်ဖြင့် ငါအဘယ် အလိုပြည့်တော့အံ့နည်း။ ယခုပင် အရှေ့ယဝမဇ္ဈုံး ရွာသို့သွား၍ သတို့သားသုခမိန်ကို ငါကိုယ်တိုင်ပင် ဆောင်ယူအံ့"ဟု ကြံပြီးသော် အတွင်းသား မှုးတော် မတ်တော်အပေါင်း ခြံရံလျက် မထင်မရှားလွန်းသော ထွက်ခြင်းဖြင့် မြင်းစီး၍ အရှေ့ယဝမဇ္ဈုံးရွာသို့

ဝိဒေဟရာဇ်မင်းကြီး ထွက်သွားလေ၏၊ ထိုသို့ ထွက်သွားလေသောအခါ၊ အရှေ့ယဝမဇ္ဈိုးရွာသို့ မရောက်မီခရီးအကြား၌ မင်းကြီးစီးသော မင်္ဂလာမြင်းတော်သည် မြေပပ်ကြားကို ခြေလျှိုမိသဖြင့် ခြေတစ်ဘက် ကျိုးခဲ့၏။ ထိုအခါ ဝိဒေဟရာဇ်မင်းကြီးသည် မဟောသဓာရှိရာသို့ မရောက်ဘဲ ထိုမြင်းတော် ခြေကျိုးရာအရပ်ကပင်လျှင် ပြန်လည်၍ နန်းတော်သို့ ဝင်လေ၏။

ထိုနေ့မိုးသောက်သောအခါ သေနကအမတ်ကြီးသည် "မင်းကြီးထံ ခစားအံ့"ဟု ဝင်လတ်၍ "အရှင်မင်းကြီး...ယမန်နေ့က အရှေ့ယဝမဇ္ဈိုးရွာသို့ ထွက်တော်မူချေသလော"ဟု လျှောက်မေး၏။ "ဆရာသုခမိန်... ထွက်ချေသည်ဟုတ်၏"ဟု မင်းကြီးဆိုလျှင် သေနကအမတ်သည် ဤသို့ လျှောက်၏။ "အရှင်မင်းကြီး... အရှေ့ယဝမဇ္ဈိုးရွာသို့ ထွက်သွားတော်သည်မှာ ထိုရွာသည် မင်္ဂလာကောင်းကျိုး တိုးတက်ရာဖြစ်သည် မဖြစ်သည်ကို သတိတော် စွဲယူမိပါ၏လော၊ အရှင်မင်းကြီးသည် အကျွန်ုပ်တို့ကို အပ်မအပ် ရာမရာတို့၌ ပြည့်ဝ ဝေဖန်စိစ်မည် ဟူ၍ အရာအထူးဖြင့် ကျေးဇူးတော်မြတ်ကို ခံတော်မူစေသည့် သုခမိန်အမတ်များဖြစ်၍ အကျွန်ုပ်တို့လည်း ကျေးဇူးတော်မြတ် ရှိသည့်အတိုင်း နေ့ညဥ့်မပြတ် မင်းရေးမင်းမှု အစုစုအချက်ချက် ပေါ်ထွက်မည့်အရာကို ပညာဖြင့် မြော်ချင့်၍ တော်သင့်အောင် စီမံ ဝေဖန် ခွဲခြမ်းလျက် အသက်မက ကြောင့်ကြ စိုးရိမ်လေ့ ရှိသည်နှင့်အညီ အရှင်မင်းကြီး အလိုတော်ရှိသောအရာများကိုလျက် အသက်ကိုစွန့်၍ ကောင်းညွှန့် မင်္ဂလာ မဖြစ်ရာ အမှုမှန်လျှင် "သည်းခံလင့်နေပါ"ဟု တားမြစ် (လျှောက်ထား ရပါသည်)၊ ဤယခု သုခမိန်သတို့သားကို ဆောင်ယူတော်မူမည်" တိုင်ပင်သည်မှာလည်း ပညာကျေးဇူးထူး၍ မတင့်တယ်၊အရွယ်လည်း ငယ်သေးသဖြင့် မင်းရေးမင်းမှု ထမ်းရွက် စီရင်နိုင်သေးမည်မဟုတ်၊ "ထိုသတို့သား (သုခမိန်ခံလောက်သူ) စင်စစ်မှန်လျှင် အတန်တန်လျှို့ဝှက် ခဲခက်သော ပြဿနာဖြင့် ပညာကျေးဇူးလည်း ထူးလွန်၍ တင့်တယ်စွာ အရွယ်လည်း ရောက်ပါစေဦးတော့"ဟု နောက်ရေးကို မြော်ထောက်၍ လျှောက်ပါသည်ကို အရှင်မင်းကြီး မနာမယူဘဲ မထွက်မသွားရာသော ရွာသို့ ထွက်သွားတော်မူ ချေသောကြောင့် မင်္ဂလာမြင်းတော် ခြေကျိုးခြင်းအန္တရာယ် ရောက် ချေသည်။

အရှင်မင်းကြီး . . . အလျင်တဆော ပြုရမည့်အခွင့်ကို နွှဲဖင့်ချေလျှင်လည်း အကျိုးယုတ်ရာသည်။ တိုင်ပင်ဆွေးနွေး၍ ဆေးလေးစွာ ပြုရမည့်ကိစ္စကို စိတ်ကအလျင်လိုတိုင်း အားကြိုးလျှင်လည်း တန်ခိုး ဆုတ်ယုတ်ရာချေသည် များကို နှလုံးထားတော်မူရပါသည်"ဟု လျှောက်၏။ ဝိဒေဟရာဇ်မင်းကြီး သည်လည်း ပညာထက် သဒ္ဓါလွန်သူဖြစ်၍ အကြောင်းအကျိုးကို ဆက်စပ်လျက် ပြောဆိုသောစကားကို ယုံကြည်သဖြင့် ဆိတ်ဆိတ်နေ၏။

## (၁၂) မြဲ ပြဿနာဖြင့် ပညာစမ်းခန်း

ထိုနေ့မှ တစ်ရက်ငမြောက် မိုးသောက်သောနေ့၌ သေနကအမတ်ကြီး ကို ခေါ်၍ "ဆရာအမတ်ကြီး . . . မဟောသဓာသုခမိန်ကို ယခုဆောင်ယူ ရသော် ကောင်းမည်မဟုတ်လော"ဟု တိုင်ပင်ပြန်၏။ သေနကသုခမိန် အမတ်ကြီးလည်း "အရှင်မင်းကြီး... စိတ်တော်က ဆောင်ယူတော်မူလိုသော အာသာရှိတော်မူလျှင် ဆောင်ယူတော်မူပါတော့။ ထိုသို့ဆောင်ယူခြင်း၌မူကား ယမန်နေ့၌ကဲ့သို့ ကိုယ်တော်တိုင်ထွက်၍ ဆောင်ယူခြင်းငှာ မထိုက်။ မင်း၏ ဣန္ဒြေကို ဖြစ်စေရမည်လည်း တကြောင်း၊ သူတော်ကောင်းစင်စစ် ထိုသူဖြစ်၍ ချစ်မြတ်နိုးသော အရှင့် ကျေးဇူးတော်ကို သိပါလျှင် တော်သင့်၏။ အရှင့် ကျေးဇူးတော်ကို မသိဘဲ စဉ်းလဲစဉ်းစား သစ္စာမစောင့် မဖြောင့်နှလုံး သုံးသူ ဖြစ်ချေက အချစ်ယုံကြူး၍ နစ်ဦးလုံး နောင် အကျိုးမဲ့ ရှိတတ်သည် တကြောင်း၊ ညွတ်ညွတ်ပျောင်းပျောင်း ကောင်းသောသဒ္ဓါ မေတ္တာ ပညာ ကျေးဇူး လူထူးလူမြတ်မှန်လျှင်လည်း ဆင်ကျောင်း မြင်းကောင်း အစရှိသော တစ်ပါးသော မင်းထိုက်ဘဏ္ဍာများကို ဆောင်ယူသိမ်းပိုက်သကဲ့သို့ တိုက်ရိုက် သိမ်းယူ၍ ထိုသူ၏ဂုဏ်ကျေးဇူး ထူးမထူးကို မသိသာ ဖြစ်မည်တကြောင်း၊ ဤသို့သောအလားအလာ နောင်လာအခွင့်ကို မြော်ချင့်တော်မူသဖြင့် လျှို့ဝှက် သော အနက်, ခဲခက်သောပြဿနာနှင့် လိမ်မာသောတမန်ကို စေ၍ ခေါ်တော်မူ လျှင် သင့်မည်ထင်ပါသည်။စင်စစ် မဟောသဓာသည် ပညာရှိမှန်အံ့။ ထိုပြဿနာ ကို သိသဖြင့် အရှင်မင်းကြီးအထံတော်သို့ လာရောက်ပါလိမ့်မည်"ဟု လျှောက်ထား၏။ ဝိဒေဟရာဇ်မင်းကြီးလည်း သေနကအမတ်ကြီးစကားကို

နှစ်သက်၍ "ဆရာအမတ်ကြီး . . . လျှို့ဝှက်သော ပြဿနာ အဘယ်သို့ စီရင်အံ့နည်း"ဟု မေး၏။

သေနကအမတ်ကြီးသည် "အရှင်မင်းကြီး... ဤသို့စေတော်မူပါလော့၊ "အရှေ့ယဝမဇ္ဈုံးရွာနေ မဟောသဓာပညာရှိ . . . သင်၏ပညာရှိကြောင်း ကျေးဇူးသတင်းကို ငါကြားသိတော်မူရသဖြင့် သင့်ကို ရှုကြည့်လို၍ ယမန်နေ့က အရှေ့ယဝမဇ္ဈုံးရွာသို့ ငါထွက်တော်မူစဉ် ခရီးအကြား၌ ငါ၏မင်္ဂလာမြင်းတော် ခြေကျိုးရသည်ဖြစ်သောကြောင့် အရှေ့ယဝမဇ္ဈုံးရွာသားတို့က မြင်းကောင်း ကစ်စီးနှင့် သဋ္ဌေးကောင်းတစ်ယောက်ကို ငါ့ထံသို့ ပို့ဆက်စေရမည်"ဟု စေတော်မူပါလော့၊ စင်စစ် မဟောသဓာသည် ပညာရှိမှန်လျှင် "မြင်းကောင်း တစ်စီးဆိုသည်ကား ငါ့ကိုယ်ကို ရည်၍ဆိုသည်၊ သဋ္ဌေးကောင်းတစ်ယောက် ဆိုသည်ကား ငါ့အဖသဋ္ဌေးကြီးကို ရည်၍ဆိုသည်"ဟု သိလတ္တံ့ဟူ၍ လျှောက်၏။ ဝိဒေဟရာဇ်မင်းကြီးလည်း ကောင်းပြီဟု ဝန်ခံ၍ သေနကအမတ်ကြီး စီရင်တိုင်းအမိန့်အမှာနှင့် လိမ်မာသောအမတ်တစ်ယောက်ကို အရှေ့ယဝ မဇ္ဈုံးရွာသို့ စေလွှတ်လိုက်၏။

မဟောသဓာသုခမိန်သည် အမတ်စကားကိုကြားလျှင် "မင်းကြီးသည် ငါ့ကိုလည်းကောင်း၊ ခမည်းတော်ကိုလည်းကောင်း မြင်တော်မူလိုချေသည်"ဟု သိသဖြင့် ခမည်းတော် သဋ္ဌေးကြီးထံ သွားပြီးလျှင် ရိုသေစွာရှိခိုးလျက် "ခမည်းတော် . . . အရှင်မင်းကြီးသည် ခမည်းတော်ကိုလည်းကောင်း၊ အကျွန်ုပ် ကိုလည်းကောင်း မြင်တော်မူလိုသံနှင့် တမန် စေလွှတ်လိုက်သည် ဖြစ်သောကြောင့် ခမည်းတော်သည် အကျွန်ုပ်မသွားမီ အလျင် တစ်ထောင်သော သဋ္ဌေးအခြံအရံနှင့် အရှင်မင်းကြီးထံ သွားတော်မူစေချင်ပါသည်။ ထိုသို့ သွားသောအခါ လက်ချည်းသက်သက် မသွားမူ၍ ထောပတ်သစ်ဖြင့်ပြည့်သော စန္ဒကူးကြုတ်ကို ဆောင်ယူ၍ သွားတော်မူနှင့်ပါ၊ မင်းကြီးထံရောက်လျှင် မင်းကြီးသည် ခမည်းတော်အား ပဋိသန္ထာရ စကား ဟောပြောလျက် လျောက်ပတ်သောနေရာ၌ ချပေးတော်မူလတ္တံ့၊ ထို မင်းချပေးသော နေရာ၌ ခမည်းတော် နေတော်မူနှင့်ပါ၊ အကျွန်ုပ်လာသောအခါ မင်းကြီးသည် ပဋိသန္ထာရ ပြုပြီးလျှင် "သုခမိန် . . . သင်နှင့်ထိုက်သောနေရာကိုကြည့်၍ နေလော့"ဟု

ဆိုလတ္တံ့၊ ထိုသို့ မင်းကြီးဆိုသောအခါ ခမည်းတော်မျက်နှာကို အကျွန်ုပ်ကြည့်ပါမည်၊ သည်းခံတော်မူပါ၊ ခမည်းတော်မျက်နှာကို အကျွန်ုပ်ကြည့်လျှင် ခမည်းတော်သည် နေရာမှထပြီးသော် "ချစ်သား... ဤခမည်းတော် နေရာမှာ နေလှည့်"ဟု ဆို၍ ခမည်းတော်နေရာ လွှဲတော်မူပါ၊ဤသို့ပြုပါလျှင် တစ်ခုသော ပြဿနာသည် အပြီးသို့ ရောက်ပါလတ္တံ့"ဟု ဆို၏။

သိရိဝဍ္ဎနသဌေးကြီးသည်လည်း "ကောင်းပြီ"ဟု ဝန်ခံ၍ မဟောသဓာသုခမိန် စီရင်တိုင်းပင်လျှင် သဌေးတစ်ထောင် ခြံရံလျက် ဝိဒေဟရာဇ်မင်းကြီးထံ သွားပြီး၍ နန်းတော်အရှေ့တံခါး၌ ရပ်နေပြီးသော် အရှေ့ယဝမဇ္ဈုံးရွာက သဌေးကြီးလာကြောင်းကို မင်းကြီးအား လျှောက်ထားစေပြီးလျှင် "ဝင်စေ"အမိန့်တော်ပြန်မှ နန်းတော်သို့ဝင်သဖြင့် ရှေ့နောက်မတည့် မဝေးမနီး လေညာလေအောက် ခြောက်ပါးသော အပြစ်ကင်းသည်ဖြစ်၍ တင့်အပ်သော နေရာ၌ ရှိခိုးလျက် ရပ်နေ၏။ ဝိဒေဟရာဇ်မင်းကြီးသည်လည်း သဌေးကြီးအား ပဋိသန္ဓာရစကား ပြောဟောပြီးသော် "သဌေးကြီး . . . သင်၏သား မဟောသဓာသုခမိန် မပါလော၊"ဟု မေး၏။ သိရိဝဍ္ဎနသဌေးလည်း "အရှင်မင်းကြီး နောက်မှ ခြေတော်ရင်းသို့ ရောက်ပါလိမ့်မည်"ဟု လျှောက်လျှင် ဝိဒေဟရာဇ်မင်းကြီးသည် အလွန်နှစ်သက်သည်ဖြစ်၍ "သဌေးကြီး. . . တင့်အပ် လျောက်ပတ်သောနေရာကို သိသဖြင့် နေလော့"ဟု နေရာချပေး၏။ သဌေးကြီးသည်လည်း အပြစ်ခြောက်ပါးကင်းသော မင်းပေးသောနေရာ၌ ခစား၏။

မဟောသဓာသုခမိန်သည်လည်း ဘယက်တန်ဆာ စသည်တို့ဖြင့် တန်ဆာဆင်ပြီးသော် ဖွားဖက်ရွှေဖော်တစ်ထောင် ခြံရံလျက် တန်ဆာဆင်အပ်သော မြင်းရထားစီး၍ အရှေ့ယဝမဇ္ဈုံးရွာမှ "နန်းတော်သို့ဝင်အံ့"ဟု လာလတ်သော် ကျုံးရိုးပေါ်၌ သွားသောမြည်တစ်ခုကို မြင်လတ်လျှင် သန်သန်မြန်မြန် အားအန် စွမ်းပကားရှိသော လုလင်ပျိုတို့ကို "အချင်းတို့ ထိုကျုံးရိုးပေါ်၌ သွားသောမြည်ကို လိုက်၍မိအောင် ဖမ်းပြီးမှ မမြည်မဟစ်နိုင်အောင် ဖက်ခွံပြီးလျှင် ဖျာဖြင့်လိပ်၍ ပိုက်ချီယူဆောင်ခဲ့ကြ"ဟု စေလိုက်၏။ ထိုအခါ လုလင်ပျိုတို့လည်း မဟောသဓာသုခမိန်ဆိုတိုင်း မြည်ကို ဖမ်း၍ဆောင်ယူခဲ့သော် မဟောသဓာ

သုခမိန်သည် တစ်ထောင်သောသူငယ်ဖော် ခြံရံလျက် မြို့တွင်းသို့ ဝင်လေ၏။ ခရီးမင်းလမ်းမှအိမ်စဉ်နှစ်ဘက်နေ မိန်းမ ယောကျ်ား အရွယ်ရောက်သူ အရွယ် မရောက်သူ အရွယ်လွန်သူ လူအပေါင်းတို့သည် "ဤသူငယ်ရွှေဖော် အလယ် ရထားထက်၌ နှစ်သက်ကြည်ညိုဖွယ်သော ဤ သတို့သားသည် အရှေ့ယဝမရွာကုံးရွာ သိရိဝဍ္ဎန သဌေး၏သား ထင်ရှားသော သုခမိန်ဟူသော သတို့သားပင်တည်း၊ "ဤသတို့သားသည် ဖွားစကပင်လျှင် ဆေးတုံးကို ကိုင်လျက်ဖွား၍ အမိနှင့်စကားပြောသည်ဟု ကျော်စောခြင်း ရှေးဦး ကတလီ၊ ပန်းချီ ပန်းပု မိသုကာဆရာတို့ မတတ်နိုင်သော ဇရပ်ထူး ဇရပ်ကောင်းကို ဆောက်၍ အကောက်တစ်ထောင် ရေဆိပ်ရှိသော ရေကန်ကို စီရင်သည် တစ်တန်၊ ပန်းမာလ်အသီးအပွင့်မျိုးတို့နှင့် ယှဉ်သောဥယျာဉ်ကို စိုက်ပျိုးသဖြင့် တန်ခိုးသတင်း ကျော်စောခြင်း ဖြစ်သည်တစ်ချက်၊ စွန်လက်မှ သားတစ်ကို ဟစ်၍ ကျစေသော အစီအမံနှင့် ခြောက်တန်သော တရားကို နှစ်ဦးသား ကြည်ညိုအောင် သူ့အလိုသို့မလိုက် ထိုက်ရာဆုံးဖြတ်သည် တသီး၊မင်းကြီး ပြေခက်အောင် ဆယ်ချက်သောအမေးပြဿနာတို့ကိုလည်း ပဥ္စာတုံ့ပြန်၍ အတန်တန် ပြေစီရင်သည်တခြား၊ အပျော်အပါး အကစား အငိုစိတ်လိုတိုင်း အစာတောင်း အကြောင်းသည်မျှသာ ရှိချိန်အရွယ် ငယ်နိုင်မျှသေးက ဆေးဘိုး တို့မှ ဆင်းသက်၍ ဘယ်လက်ထက်တွင်မျှ မကြားစဖူး။ ကျေးဖူးအသီးသီးနှင့် အရှင်မင်းကြီးဘုန်းတော်ကြောင့် ပေါ်ထွန်းလာသော ဤသုခမိန်ကို အကြိမ် ကြိမ် ယခု ရှုကြည့်၍လည်း ငါတို့အားမရနိုင်"ဟု အချင်းချင်း မေးကြ ပြော ကြ ရှုမောကြလျက် နန်းတော်အရှေ့တံခါးဝတိုင်အောင် လိုက်၍ ကြည့်ကြ ကုန်၏။

မဟောသဓာသုခမိန်သည် နန်းတော်အရှေ့တံခါးဝသို့ ရောက်လျှင် ရောက်ကြောင်းကို မင်းကြီးအား လျှောက်ထားစေ၍ ဝိဒေဟရာဇ် မင်းကြီး လည်း နှစ်သက်ရွှင်လန်းစွာ မဟောသဓာသုခမိန်ကို "ယခုပင် ဝင်စေ"ဟု မင်းမိန့်ပြန်မှ သူငယ်ဖွားဖက်ရွှေဖော်တစ်ထောင် ခြံရံလျက် ဝင်၍ နန်းတော်သို့ တက်ပြီးသော် မင်းကြီးအား ရှိခိုးလျက် တင့်အပ်သောနေရာ၌ ရပ်၏။ ဝိဒေဟရာဇ်မင်းကြီးသည်လည်း မဟောသဓာသုခမိန်ကို မြင်လျှင် နှစ်သက်

ဝမ်းမြောက်ခြင်းဖြင့် ပဋိသန္ဓာရစကား မေးမြန်း ပြောဆိုပြီးသော် "ချစ်သား သုခမိန် . . . သင့်အား လျောက်ပတ်သောနေရာကို သိသဖြင့် ကြည့်၍ နေလော့"ဟု ဆို၏။ ထိုအခါ မဟောသဓာသုခမိန်သည် ခမည်းတော် သဌေးကြီး၏ မျက်နှာကို ကြည့်၏။ သဌေးကြီးသည်လည်း အထက် (မှာထားရင်း) ရှိသည့်အတိုင်း မိမိနေရာမှထပြီးလျှင် "ချစ်သား . . . ဤ နေရာ၌ နေလှည့်လော့"ဟု ဆို၏။ မဟောသဓာသုခမိန်သည်လည်း ခမည်း တော် သဌေးကြီး၏ နေရာ၌ နေလေ၏။

ထိုသို့ အဖနေရာ၌ နေသည်ကိုမြင်လျှင် သေနကအမတ်၊ ပက္ကုသ အမတ်၊ ကာမိန္ဒအမတ်၊ ဒေဝိန္ဒအမတ်-ဤလေးယောက်သောအမတ် သုခမိန် တို့သည် ကိုယ်ဏ္ဍြေကိုဖျက်၍ လက်ခုပ်တီးကာ ပြင်းစွာရယ်ကြလျက် "အန္ဓဗာလကို ပဏ္ဍိတထင်၍ အရှင်မင်းကြီး ခေါ်တော်မူ မှားချေပြီ"ဟု ဆို ကြကုန်၏။ အမတ်ကြီးလေးယောက်တို့သည် ကျီစယ်ရယ်ဟန် ဂုဏ်ညှဲအောင် ကြဲ၍ ဝန်တိုသံ ပြက်ရယ်ပြုသည်ကို အတုလိုက်၍ အထိုက်အလိုက်ကို မသိကုန်သော နန်းတွင်းသား မှူးမတ်အပေါင်းတို့သည်လည်း ပြစ်တင်ကဲ့ရဲ့ အကျိုးမဲ့ နိပ်နှယ် ပြက်ရယ်ပြုကြကုန်၏။ ဝိဒေဟရာဇ်မင်းကြီးသည်လည်း တိမ်မြူစင်သော လပြည့်ဝန်းကဲ့သို့ ရွှန်းရွှန်းရွှင်ရွှင် ကြည်လင်သော မျက်နှာ ရှိတုန်းပါကို ရာဟုဖမ်းသောလကဲ့သို့ ခဏခြင်းညှိုးသန်း၍ စိတ်ဝမ်း မရွှင်ပြုး နှလုံးတော်မသာ ဖြစ်လေ၏။

မဟောသဓာသုခမိန်သည် မင်းကြီးမျက်နှာ မသာသည်ကိုမြင်လျှင် "အရှင်မင်းကြီး... မျက်နှာတော် မသာဟန်တကား၊ အဘယ်ကြောင့်နည်း"ဟု မေး၏။ ဝိဒေဟရာဇ်မင်းကြီးသည်လည်း "သုခမိန်... ငါနှလုံးမသာ ရှိသည် မှန်၏။ အဘယ်ကြောင့်နည်းဟူမူ သင်သည် ဖွားစကပင် ဂုဏ်အင်အထူးနှင့် ခုနစ်ဦးသောတရား ဆယ်ပါးသော ပြဿနာတို့ကို ဖြေဆို စီရင်နိုင်သည်ဟု ကြားသိရခြင်းသည် ကောင်းခြင်းမင်္ဂလာ ငါ၌ နှစ်လိုဖွယ်ဖြစ်၏။ ယခုသင့်ကို မြင်ရခြင်းမှုကား အကြားနှင့် မညီမလျော်၊ အကျော်အစောနှင့် မလိုက်ဖက်၊ နှစ်သက်ဖွယ်မရှိပြီ"ဟု ဆို၏။ မဟောသဓာ သုခမိန်သည် "အရှင်မင်းကြီး .... အဘယ်ကြောင့် နှစ်လိုတော် မမူသနည်း"ဟု မေး၏။ ဝိဒေဟရာဇ်

မင်းကြီးလည်း "သုခမိန် အထူး ငါပြောဖွယ်မရှိပြီ။ အမျိုးမြတ်သူ ပုဏ္ဏား၊ သဌေး၊ သူကြွယ်တို့ ဓလေ့ မိဘကိုထား၍ သားချင်းဆွေမျိုးတွင် အသက်အရွယ်ကြီးသောသူကိုမျှ နေရာမှထစေခြင်းငှာ မထိုက်၊ သင်မူကား ယခုဆပ်၍ မပြေနိုင်သော ကျေးဇူးရှင်အဖ သဌေးကိုလျက် နေရာမှ ထစေသဖြင့် အဖ နေရာမှာ သင်နေသည့်အခွင့် သင်တင့်လျော်ပါ၏လောဟု မေး၏။

မဟောသဓာ သုခမိန်သည် မင်းကြီးစကားကိုကြားလျှင် "အရှင်မင်းကြီး... အရာတိုင်းမှာပင် သားထက်အဖမြတ်သည် ထင်မှတ်တော်မူသလော" ဟု မေး၏။ မင်းကြီးလည်း "သုခမိန်... အရာတိုင်းမှာပင် သားထက် အဖမြတ်သည်"ဟု ဆိုလတ်သော် မဟောသဓာသုခမိန်သည် "အရှင်မင်းကြီး အကျွန်ုပ်တို့ကို မြင်းကောင်းတစ်စီးနှင့် သဌေးကောင်းတစ်ယောက် ပို့ဆက်ရမည် စေတော်မူသည် မဟုတ်လော"ဟု ဆိုပြီးလျှင် နေရာမှထ၍ မြကို စောင့်ခဲ့ကုန်သော လုလင်ပျိုတို့ကို ကြည့်လျက် "အချင်းတို့ ဤသို့ မြကို သွင်းယူခဲ့"ဟုဆို၍ မြကိုသွင်းစေသဖြင့် မင်းကြီးခြေရင်း၌ အိပ်စေလျက် ထားပြီးမှ "အရှင်မင်းကြီး... ဤမြသည် အဖိုးမည်မျှ ထိုက်သနည်း"ဟု မေး၏။ ဝိဒေဟရာဇ်မင်းကြီးသည် "သုခမိန် . . . မြကောင်း(ဖြစ်လျှင်) အလွန်အားဖြင့် ရှစ်ကျပ်အဖိုးထိုက်၏"ဟု ဆို၏။

မဟောသဓာသုခမိန်သည် "အရှင်မင်းကြီး... ဤရှစ်ကျပ်တန်မြထီးနှင့် ဆက်ဆံ၍ အာဇာနည်မြင်းမဝမ်း၌ ဖြစ်သော အဿတိုရ်မြင်းကောင်းသည်ကား အဘယ်မျှ အဖိုးထိုက်မည်နည်း"ဟု မေး၏။"သုခမိန်သတို့သား . . . အဿတိုရ် မြင်းကောင်းတို့၏အဖိုးကား အပိုင်းအခြားမရှိ၊များစွာထိုက်၏"ဟု မင်းကြီး ဆိုလျှင် မဟောသဓာသုခမိန်သည် "အရှင်မင်းကြီး. . . အဘယ် ကြောင့် ဤသို့ အမိန့်ရှိသနည်း"ယခုတွင်ပင်လျှင် 'အရာတိုင်း၌ သားထက်အဖ မြတ်၏'ဟု အမိန့်ရှိတော်မူသည်မဟုတ်လော၊ အရှင်မင်းကြီး... အမိန့်ရှိတိုင်း အရာတိုင်းမှာပင် သားထက်အဖ မြတ်သည်မှန်လျှင် သားဖြစ်သော အဿတိုရ် မြင်းကောင်းထက်လည်း အဖဖြစ်သော မြီထီး မြတ်သင့်ကောင်းပါသည်။ အရှင်မင်းကြီး. . . ဤသို့အရာသို့လိုက်၍ ထိုက်ရသော အမြတ်အယုတ်ကို ယူရပါမည်၊ စင်စစ်မှန်လျက် အရှင့်သုခမိန်ကျော် အမတ်ကြီးလေးယောက်

တို့သည် ဤမျှလောက်ကိုမျှ မသိနိုင်ကြဘဲလျက် လက်ခုပ်ဘ်း၍ ရယ်ကြသည်မှာ ထိုပညာရှိ လေးယောက်တို့၏ အမြော်အမြင် ဉာဏ်ပညာသည် အံ့ဩစရာ များပေစောင်း။ ဤ သူကောင်းလေးယောက်တို့ကို အဘယ်မှာ အရှင်မင်းကြီး ရတော်မူပါချေသနည်း''ဟု ပြက်ရယ်ပြု၍ ဤသို့ဆို၏။ ''အရှင်မင်းကြီး သားထက် အရာတိုင်းမှာပင် အဖမြတ်၏ဟု အယူတော်ရှိ၍ အကျွန်ုပ်ကို ပြက်ရယ်ပြုသည်မှာ အရှင်မင်းကြီး အမိန့်တော်အတိုင်း အရာတိုင်း၌ သားထက် အဖမြတ်သည် မှန်လျှင် ဤမြသည်လည်း အဿတိုရ်မြင်းကောင်း၏ အဖပင် ဖြစ်သောကြောင့် အဿတိုရ်မြင်းကောင်းထက် ဤမြ မြတ်ရာသည် မဟုတ်ပါလော''ဟု ဆို၏။

ဤသို့လျှောက်ပြီးလျှင် မဟောသဓာသုခမိန်သည် ''အရှင်မင်းကြီး ထိုသို့ မြကို ပုံပြု၍ အကျွန်ုပ် သိသာတော်မူအောင် လျှောက်သော်လည်း စိတ်ရောက်တော်မမူလျှင် ယခု အကျွန်ုပ်တို့ သားအဖနှစ်ယောက်ကို မြတ်ရာ ရွေး၍ အဖသည် အကျွန်ုပ်ထက် မြတ်လျှင်လည်း (အကျွန်ုပ်ဖြင့်) အရှင်မင်းကြီးမှာ အကျိုးမရှိ၊ အဖကိုပင် ကောက်ယူတော်မူပါ။ ယင်းသို့မဟုတ် အဖထက် အကျွန်ုပ်မြတ်လျှင်လည်း အကျွန်ုပ်ကိုပင် ကောက်ယူတော်မူပါလော့'' ဟု လျှောက်၏။ မဟောသဓာသုခမိန် စကားကို ကြားလျှင် ဝိဒေဟရာဇ် မင်းကြီးသည် နှစ်လိုသောနလုံးဖြင့် ရွှင်ပြုံးသောမျက်နှာ ရှိခြင်းသို့ ရောက်လေ၏။ ခပ်သိမ်းကုန်သော မင်းပရိသတ်မှူးမတ်အပေါင်းတို့သည်လည်း ''ခက်ခဲသော ပြဿနာကို ကောင်းစွာ ဖြေပေသည်''ဟု ပုံတင်ထပ်မျှ ချီးမွမ်းကောင်းချီးသံပေးလျက် အင်္ကျီ အပေါ်လွှမ်း ဦးရစ်ခေါင်းပေါင်း ပစ်လွှားခြင်း, လက်ပမ်းပေါက်ခတ်ခြင်း, လက်ဖျစ်ခတ်တီးခြင်းတို့ဖြင့် ရွှင်မြူးကြကုန်၏။ သေနကအစရှိသော အမတ်ကြီးလေးယောက်တို့သည်ကား အောက်သို့ မျက်နှာချလျက် လက်ဖြင့် ဆုပ်နယ်အပ်သော ကြာညိုပန်းကဲ့သို့ ညှိုးလန်းသဖြင့် ပင့်သက်လှိုင်လှိုင် မှိုင်၍ နေကြကုန်၏။

ဤအရာ၌ ဘုရားလောင်းအား သူတစ်ပါး ပြစ်တင်ရန် စကားကို စောဒနာပရိဟာရထုတ်၍ ဆိုအံ့။ ''ဘုရားလောင်း မဟောသဓာသုခမိန်သည် သံသရာအဆက်ဆက်က ဖြည့်ဆည်းပွားအပ်သော ပါရမီသမ္ဘာရ အတုမရှိသော

ပညာ ဤသို့သောဂုဏ်ရှင်ဖြစ်၍ အမိအဖတို့၏ ကျေးဇူးကို သိတတ်ခြင်း၌ မဟောသဓာထက်သာ၍ သိသောသူမည်သည်မရှိ။ ထိုသို့ မိဘကျေးဇူးကို သိတတ်သူဖြစ်လျက် မိမိပညာဂုဏ်ကို မင်းကြီးအား သိစေလိုလျှင် တစ်ပါးသော အကြောင်းဖြင့်သာ ပြရာ၏။ ကျေးဇူးရှင်ဖြစ်သော အဖကို နေရာမှထစေထိုက်သည် မဟုတ်။ ထိုသို့ မထိုက်ဘဲကို အဖကိုနေရာမှ ထစေသည်ကို ထောက်လျှင် "မဟောသဓာသုခမိန်သည် မိဘကျေးဇူးကို သိဟတ်၏"ဟူသောစကားနှင့် မဆန့်ကျင်ပြီလော"ဟု စောဒနာ။ အဖြေကား။ "မဟောသဓာသုခမိန်သည် အဖကို နေရာမှထစေသည်မှန်၏။ ထိုသို့ထစေသော်လည်း အဖကို မထီမဲ့မြင်ပြုလို၍ ထစေသည်မဟုတ်။ ဤသို့ အဖကို နေရာမှမထစေဘဲ တစ်ပါးသော အရာဖြင့်သာ ပညာဂုဏ်ကို ပြချေက အထက်မင်းကြီး တမန်စေ၍ 'အသယ်တိုရ်မြင်းကောင်းတစ်စီးနှင့် သဒ္ဒေးကောင်းတစ်ယောက် ဆက်ပို့ရမည်' ဟူသော ပြဿနာသည် တိမ်မြုပ် ပျောက်ပျက်၍ မထင်မရှား ဖြစ်ရာဘိသော်၊ ထိုမင်းကြီး စေအပ်သော မြိပြဿနာ ထင်ရှားစေခြင်းငှာလည်းကောင်း၊ မြိပြဿနာကို မှီ၍ မိမိပညာကျေးဇူး အထူးရှိသည်ကိုပင် ပရိသတ်၌ ထင်ရှားစေခြင်းငှာလည်းကောင်း၊ ထိုသို့ မြိပြဿနာကို မှီ၍ ပညာဂုဏ် 'ပေါ်ထွန်းသဖြင့် သေနကအစရှိသော အမတ်လေးယောက်တို့၏ စကားဆိုရာ မရှိသည်ကို ပြုခြင်းငှာလည်းကောင်း၊ ဤသို့သောအကြောင်းကို မျှော်၍ နန်းတော်သို့မသွားမီ အိမ်ကပင်လျှင် မိမိ အဖကို ခယတောင်းပန် သည်းခံစေသဖြင့် နေရာမှအဖကို ထစေသတည်း။ ကျေးဇူးကို မသိ၊ မိမိဂုဏ်ကိုသာလို၍ ထစေသည်မဟုတ်။ ထိုသို့ဖြစ်သောကြောင့် မိဘကျေးဇူးကို သိတတ်ခြင်း၌ အတုမရှိဟူသော စကားနှင့် မဆန့်ကျင်"ဟု ဖြေ။ (ဤလည်း ဘုရားလောင်းအား ကောင်းချီးမင်္ဂလာ တစ်ကြိမ် ဖြစ်သတည်း။)

(မဟောသဓ ပြဿနာခန်း ပြီး၏။)

# (၁) ခန္ဓာ အာယတန ဓာတ် သစ္စာ လင်္ကာ နိဒါန်း

ဤခန္ဓာအာယတနဓာတ်သစ္စာ လင်္ကာကျမ်းမှာ မုံရွာမြို့ ကျေးရွာရှင် လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူခဲ့သော ကျမ်းပင် ဖြစ်သည်။ လယ်တီဆရာတော်ဘုရားကြီးသည် အဘိဓမ္မာတတ်လို ထိုထိုသော ဗုဒ္ဓဘာသာဝင် လူပုဂ္ဂိုလ်တို့အတွက် ပရမတ္ထသံခိပ်ကျမ်းကို မြန်မာလင်္ကာ သံပေါက်စာများဖြင့် သင်္ဂဟကျမ်းလာအတိုင်း အပိုင်းကိုးပိုင်းဖြင့် စီရင်ခဲ့ရာ ဉာဏ်ထက်မြက်သော လူငယ် လူရွယ်များအတွက် လွန်စွာ အကျိုးရှိခဲ့လေသည်။

သက်ကြီးရွယ်ကြီးများနှင့် အချို့ပုဂ္ဂိုလ်တို့အဖို့ ပရမတ္ထသံခိပ်ကျမ်းအစား လွယ်ကူစွာသင်ကြား လေ့လာနိုင်ရေးအတွက်ကား ဆရာတော်ဘုရားကြီးက ဤလင်္ကာကျမ်းကို စီစဉ်ခဲ့လေသည်။ ဤလင်္ကာကျမ်းမှာ ခန္ဓာအာယတန ဓာတ် သစ္စာတို့ကို လွယ်လွယ်ကူကူနှင့် ရှင်းလင်းစွာ သိနိုင်ရုံမက ပရမတ္ထ တရားလေးပါးဖြစ်သည့် စိတ် စေတသိက် ရုပ် နိဗ္ဗာန် လေးတန်သော တရားအမြတ်တို့ကို မှတ်သားသိလွယ် အဓိပ္ပာယ်ရှင်းလင်း တိုတိုကျဉ်းကျဉ်းဖြင့် ပြဆိုထားသဖြင့် ပရမတ္ထသံခိပ်ကျမ်းထက်ပင် လွယ်ကူစွာ အဘိဓမ္မာသဘောတရားတို့ကို ပိုင်နိုင်စွာ သိမြင်နိုင်ပေသည်။

ထို့ကြောင့် အန္ဓပုထုဇဉ်အဖြစ်မှ လွတ်မြောက်၍ ကလျာဏပုထုဇဉ်အဖြစ်သို့ ရောက်လိုသူတိုင်း လေ့ကျက်အားထုတ်ကြရန် ဤတွင် ခန္ဓာအာယတန ဓာတ် သစ္စာ လင်္ကာကျမ်းကို ထည့်သွင်းထားပါသတည်း။

# ပြည်ထောင်စု မြန်မာနိုင်ငံတော်
## နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့
## ဗုဒ္ဓဘာသာ ယဉ်ကျေးမှု စာမေးပွဲ
## အဘိဓမ္မာဘာသာ
## ခန္ဓာ အာယတန ဓာတ် သစ္စာ လင်္ကာ ကျမ်း

### (က) ရူပက္ခန္ဓာ

လင်္ကာ – ၁

ရူပက္ခန္ဓာ၊ ဝေဒနာနှင့်၊ သညာသင်္ခါရ၊ ဝိညာဏဟု၊ အစု ငါးတန်၊ ငါးရပ်ခန်တည်း၊ ဖောက်ပြန် ထွေပြား၊ ဖြစ်တတ်ငြား၍၊ စကားပုံသေ၊ ရုပ်ခေါ်ပေ၏။

မြေဓာတ် ရေဓာတ်၊ မီးလေဓာတ်ဟု၊ လေးရပ်ဘုတ်ကြီး၊ မှားစီးအနက်၊ စက်,သော,ဃာ,ဇိ၊ ကာ ငါးလီမူ၊ အကြည်ရုပ၊ ပသာဒတည်း။

ရူပ သဒ္ဒ၊ ဂန္ဓ ရသာ၊ ဖောဋ္ဌဗ္ဗာဟု၊ ငါးဖြာအာရုံ၊ နှစ်စုံဘာဝ၊ ဟဒယနှင့်၊ ဇီဝ ဩဇာ၊ ဆယ့်ရှစ်မှာမူ၊ လေးဖြာဟေတု၊ ကြောင်းစတု ကြောင့်၊ ဖြစ်မှုပေါ်လော၊ သဘောသီးသီး၊ ကိုယ်စီပြီး၍၊ ရုပ်ကြီး ရူပ၊ နိပ္ဖန္နတည်း။

ထိုမှတစ်ပါး၊ ကလာပ်ခြားမျှ၊ အာကာသနှင့်၊ ကာယဝိဉ်၊ နှစ်လီ ကိုယ်နှုတ်၊ လှုပ်မှုရှားမှု၊ နှစ်ခုဝိညတ်၊ ရူပသလဟု၊ မုဒုကမ္မည၊ ဝိကာရခေါ်၊ ရုပ်သုံးဘော်ကား၊ ပေါ့ပါး နူးညံ့၊ ကြမ်းခံ့မှုရာ၊ တဖြာထိုမှ၊ ဥပစယ၊ အစပွားတိုး၊ အရိုးပြည့်မှီ၊ တည်စဉ်သန္တတိ၊ ရင့်ဘိဇရာ၊ ပျက်မှာ အနိစ္စ၊ ဤလေးဝမှု၊ လက္ခဏရုပ်၊ ခေါ်သမုတ်၏။

ရုပ်ပေါင်း ဆယ်တန်၊ အနိပ္ဖန်တည့်၊ နိပ္ဖန် ဆယ့်ရှစ်၊ ပေါင်းတုံ

လစ်က၊ ရှစ်ခု စွန်းကယ်၊ ရုပ် နှစ်ဆယ်သည် --- အကျယ်ရူပက္ခန္ဓာတည်း။

## အဓိပ္ပာယ်သရုပ်

လွန်စွာပွားစီးတတ်သောကြောင့် မဟာဘုတ်ခေါ်သည်။ မြေဓာတ်,ရေဓာတ်,မီးဓာတ်,လေဓာတ် = မဟာဘုတ်လေးပါး။ ။ စက္ခု, သောတ,ဃာန,ဇိဝှါ,ကာယ = ပသာဒရုပ် ငါးပါး။ ။ ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ = အာရုံဂေါစရရုပ်ငါးပါး။ ။ဤငါးပါးတွင် ဖောဋ္ဌဗ္ဗာရုံ ဆိုသည်ကား မြေဓာတ်, မီးဓာတ်, လေဓာတ် ဤမဟာဘုတ် သုံးပါးကိုပင် ဆိုသည်။ ။ ဣတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ် = ဘာဝရုပ် ၂-ပါး။ ။ ဟဒယဝတ္ထုရုပ်တစ်ပါး။ ဇီဝိတရုပ် တစ်ပါး။ သြဇာဟူသော အာဟာရရုပ် တစ်ပါး။ ။ ပေါင်း နိပ္ဖန္နရုပ် တစ်ဆယ့်ရှစ်ပါး။ ။အာကာသ ဓာတ် တစ်ပါး။ ။ကာယဝိညတ်ရုပ်, ဝစီဝိညတ်ရုပ် = ဝိညတ်ရုပ်နှစ်ပါး။ ။ ရူပဿလဟုတာရုပ်, ရူပဿမုဒုတာရုပ်, ရူပဿကမ္မညတာရုပ်= ဝိကာရရုပ် သုံးပါး။ ။ ဥပစယရုပ်,သန္တတိရုပ်,ဇရတာရုပ်,အနိစ္စတာရုပ်= လက္ခဏရုပ် လေးပါး။ ပေါင်း အနိပ္ဖန္နရုပ် ဆယ်ပါး။ ။နိပ္ဖန္နရုပ် တစ်ဆယ့်ရှစ်ပါးနှင့် ပေါင်းသော် ရူပက္ခန္ဓာအကျယ် နှစ်ဆယ့်ရှစ်ပါး ဖြစ်၏။

## လင်္ကာ - ၂

စက် သော ဃာ ဇိ၊ ကာ အကြည်နှင့်၊ နှစ်လီဘာဝ၊ ဟဒယက၊ ဇီဝအာယု၊ ရုပ် ၉-ခုမှာ၊ ကမ္မဇာတည်၊ နှစ်ဖြာဝိညတ်၊ စိတ်ဖြစ်မှတ်လော့၊ သဒ္ဒတစ်ခု၊ စိတ်ဥတုဖြစ်၊ တလစ်ဝိကာ၊ ရုပ်သုံးဖြာမူ၊ သြဇာဥတု၊ စိတ်ဖြင့် ရှုလော့။

လေးခုဘူတ၊ ဝဏ္ဏ ဂန္ဓ၊ ရသ သြဇာ၊ အာကာသဓာတ်၊ ၉-ရုပ်ရုပ်ပေါင်း၊ အကြောင်းလေးပါး၊ ဖြစ်တတ်ငြား၏။

လေးပါးလက္ခဏ၊ အလွတ်ကျရှင့်၊ မဟာဘူတ၊ဝဏ္ဏ ဂန္ဓ၊ရသ သြဇာ ရုပ် ရှစ်ဖြာကား၊ မကွာမကွဲ၊ အမြဲတူကွ၊ ဖြစ်ပျက်မျှသည်၊ အဋ္ဌကလာပ်၊

ခေါ်ပညတ်၏။

ကလာပ်ရုပ်ခဲ၊ ရှစ်ခုထဲတွင်၊ ဇီဝယှဉ်က၊ ဇီဝိတ နဝ၊ ခေါ်ဆိုရ၏။ နဝထိုမှာ၊ စက်,သော,ယာနှင့်၊ ဇိ,ကာ,ပဉ္စ၊ ဘာဝ ၂ ခု၊ ဝတ္ထုဟဒယ၊ လောင်းပြန်ကလျှင်၊ဒသကလာပ်၊ ရှစ်ရပ်ပွားတိုး၊ ကလာပ်ကိုးမှာ၊ကမ္မဇာတည်း။

ရှစ်ဖြာမူလ၊ အဋ္ဌကတွင်၊ သဒ္ဒတရပ်၊ ဝိညတ်နှစ်ဖြာ၊ ဝိကာရသုံး၊ ဖွဲ့စည်းရုံးက၊ စိတ္တဇကလာပ်၊ ရှစ်စည်းမှတ်လော့၊ ကလာပ်မူလ၊ အဋ္ဌကနှင့်၊ သဒ္ဒနဝ၊ ဝိကာရတေး၊ ကလာပ်လေးမူ၊ ဥတုယူလော့၊ မူလအဋ္ဌ၊ ဝိကာရပွား၊ နှစ်စည်းအားမှာ၊ အာဟာရဇ၊ ကလာပတည်း၊ ပေါင်းထနှစ်ဆယ်၊ သုံးစည်း ကယ်သည်---အကျယ်ရုပ်စု ရုပ်ခဲတည်း။

## အဓိပ္ပာယ်သရုပ်

မဟာဘုတ်လေးပါး၊ဝဏ္ဏ၊ဂန္ဓ,ရသ၊ဩဇာ = ဤရုပ်ရှစ်ခုအပေါင်းသည် မကွာမကွဲ အစဉ်မြဲသော ရုပ်ခဲရှစ်စုဖြစ်၍ အဋ္ဌကလာပ် မည်၏။ အကြောင်း လေးပါးနှင့် ဆက်ဆံသော မူလကလာပ်ရင်းတည်း။ ။ကမ္မဇကလာပ် ၉-စည်းကား ---၎င်းမူလအဋ္ဌကလာပ်တွင် ဇီဝိတရုပ်ကို ထည့်၍ ဇီဝိတနဝက ကလာပ် တစ်စည်းရ၏။ ၎င်းနဝက ကလာပ်တွင် စက္ခု,သောတ စသည်တို့ကို တစ်ခုစီထည့်၍ စက္ခုဒသက ကလာပ်,သောတ ဒသက ကလာပ်,ဃာနဒသက ကလာပ်, ဇိဝှာဒသက ကလာပ်,ကာယဒသက ကလာပ်,ဣတ္ထိဘာဝဒသက ကလာပ်, ပုမ္ဘာဝ ဒသက ကလာပ်, ဟဒယဝတ္ထုဒသက ကလာပ်ဟူ၍ ဒသက ရှစ်စည်းရ၏။ ပေါင်း ကမ္မဇကလာပ် ကိုးစည်းဖြစ်၏။

စိတ္တဇကလာပ် ရှစ်စည်းကား---မူလလေးစည်း,အပွား လေးစည်း။ မူလလေးစည်းကား - အဋ္ဌကလာပ်တစ်စည်း။ ၎င်းတွင် သဒ္ဒထည့်၍ သဒ္ဒ နဝက ကလာပ်တစ်စည်း။ ကာယဝိညတ်ထည့်၍ ကာယဝိညတ် နဝက ကလာပ်တစ်စည်း။ သဒ္ဒနှင့် ဝစီဝိညတ်ထည့်၍ သဒ္ဒဝစီဝိညတ်ဒသက ကလာပ်တစ်စည်း။ အပွားလေးစည်းကား-မူလလေးစည်းတွင် ဝိကာရရုပ် ၃-ခုစီလောင်း၍ ဧကာဒသက ကလာပ်တစ်စည်း၊ ဒွါဒသက ကလာပ်နှစ်စည်း၊ တေရသက ကလာပ်တစ်စည်း ပေါင်း အပွားလေးစည်း။

ဥတုဇကလာပ်လေးစည်းကား --- မူလနှစ်စည်း, အပွားနှစ်စည်း။ မူလနှစ်စည်းကား-အဋ္ဌကလာပ်တစ်စည်း၊ သဒ္ဒနဝကကလာပ်တစ်စည်း။ ။ အပွားနှစ်စည်းကား-မူလနှစ်စည်းတွင် ဝိကာရရုပ် ၃-ခုစီလောင်း၍ ကောဒသက ကလာပ်တစ်စည်း၊ ဒွါဒသက ကလာပ်တစ်စည်း။

အာဟာရဇကလာပ် နှစ်စည်းကား---မူလ အဋ္ဌကလာပ်တစ်စည်း။ ကောဒသ ဝိကာရအပွားတစ်စည်း။ ။ကလာပ်ပေါင်း ၂၃-စည်း။ သတ္တဝါတို့၏ ကိုယ်သဏ္ဍာန်မှာ ထို ၂၃-စည်းလုံးကို ထိုက်သည်အားလျော်စွာ ရထိုက်၏။ အသက်မရှိကြသော အဝိညာဏက ဝတ္ထုတို့မှာ-ဥတုဇအဋ္ဌကလာပ်တစ်စည်း။ ဥတုဇ သဒ္ဒနဝက ကလာပ်တစ်စည်း၊ ဤဥတုဇ မူလ နှစ်စည်းကိုသာ ရထိုက်၏။

## (ခ) ဝေဒနာက္ခန္ဓာနှင့် သညာက္ခန္ဓာ

## လင်္ကာ - ၃

ခံစား စံစား၊ စကားနှစ်ထွေ၊ တရားနေမှာ၊ ဝေဒနာဓာတ်၊ ခန္ဓာ မှတ်လော့၊ သုံးရပ်ဝေခွဲ၊ ဆင်းရဲဒုက္ခ၊ သုခချမ်းသာ၊ ဥပေက္ခာဟူ၊ လျစ်လျူ ခံစား၊ မထင်ရှားတည်း။

ငါးပါးအလို၊ တစ်ပုံဆိုသော်၊ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာဆင်းရဲ၊ လျစ်လျူခွဲလော့၊ တနဲထို့ပြင်၊ အမြင်အကြား၊ အနံ့အားနှင့်၊ စားလျက်တွေ့ထိ၊ ကြံသိ ၆-ဖြာ၊ ချမ်းသာ ဆင်းရဲ၊ လျစ်လျူခွဲငြား၊ ဆယ့်ရှစ်ပါးတည်း၊ သုံးပါးကာလ၊ ပွားထတုံသေး၊ ငါးဆယ့်လေးတည်း၊ တရေးသဏ္ဍာန်၊ နှစ်ပွားပြန်က၊ တစ်ရာ့ရှစ်ပင်၊ အကျယ်မြင်လော့။

ထို့ပြင်သညာ၊ ခန္ဓာမှာကား၊ လိမ္မာတတ်သိ၊ ခေါ်ကြဘိရှင့်၊ လူ၏ဘောင်မှာ၊ လူတကာနဲ့၊ လိမ္မာမြဲမူ၊ မှတ်ကုံဖြာဖြာ၊ ဤသညာပင်၊ နတ်မှာ နတ်ချောက်၊ လိမ္မာမြောက်၏။ အောက်အပါယ်သား၊ ကျွဲနွားမြင်းဆင်၊ မြင်မြင်သမျှ၊ အနန္တလည်း၊ ဘဝပဘာဝ၊ သိတော်ကြ၏။ လောကအလုံး၊ မျော်မဆုံးလျှင်၊ အသုံးတွင်စွာ၊ အလိမ္မာပဲ၊ အချာအချုပ်၊ ခေါ်သမုတ်၏။

မုဆိုးတံငါ၊ သူ့အရာ၌၊ လိမ္မာကျွမ်းကျင်၊ သညာပင်တည်း၊ သို့စဉ်နည်းပြ၊ သိကုန်ကြလော့၊ ရူပသညာ၊ စသည်ဖြာသား၊ သညာအပြား၊ အကျဉ်းအားဖြင့်၊ ခြောက်ပါးလာရှိ၊ ပွားပြန်ဘိမူ၊ မြေသိ,ရေသိ၊ နေလသိက၊ စသည်သွယ်သွယ်၊ မဆုံးဖွယ်သည်---အကျယ် သညာကွန္ဓာတည်း။

## အဓိပ္ပာယ်သရုပ်

ခံစားမှု စံစားမှုသည် ဝေဒနာက္ခန္ဓာ မည်၏။ ထိုဝေဒနာက္ခန္ဓာသည် သုခ ဝေဒနာ, ဒုက္ခ ဝေဒနာ, ဥပေက္ခာ ဝေဒနာဟူ၍ ၃-ပါးရှိ၏။ ကိုယ်၏ ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်း, ကိုယ်၏ ဆင်းရဲခြင်း, စိတ်၏ ဆင်းရဲခြင်း, လျစ်လျူရှုခြင်းဟူ၍ ဣန္ဒြိယ ဘေဒအားဖြင့် ငါးပါးရှိ၏။ ။မျက်စိ အတွေ့၌ ခံစားခြင်း, နားအတွေ့၌ ခံစားခြင်း, နှာခေါင်းအတွေ့၌ ခံစားခြင်း, လျှာအတွေ့၌ ခံစားခြင်း, ကိုယ်အတွေ့၌ ခံစားခြင်း, စိတ်မနောအတွေ့၌ ခံစားခြင်းဟူ၍ ဒွါရဖဿအဲပြားအားဖြင့် ၆-ပါးရှိ၏။ ထို ၆-ပါးတွင် စက္ခု အတွေ့၌ ခံစားခြင်းမှာ အမြင်ချမ်းသာခြင်း, အမြင်မချမ်းသာခြင်း, အမြင် လျစ်လျူရှုခြင်းဟူ၍ ၃-ပါး ပြားပြန်၏။ထိုနည်းအတူ နားအတွေ့၌ခံစားခြင်း စသည်တို့မှာလည်း ၃-ပါး ၃-ပါးစီ ပြားပြန်ရကား ဝေဒနာက္ခန္ဓာအပြား တစ်ဆယ့် ရှစ်ပါး ဖြစ်၏။ ရှေး၌လည်း ခံစားခဲ့လုပြီ၊ နောက်၌လည်း ခံစားလတ္တံ့၊ ယခု လည်း ခံစားတုန်း ခံစားဆဲဟူသောကာလ ၃-ပါးနှင့် မြှောက်ပွားသော် ဝေဒနာက္ခန္ဓာအပြား ၅၄-ဖြစ်၏။ သူခံစားမှု-၅၄၊ငါခံစားမှု ၅၄-ဟူ၍ ပုဂ္ဂိုလ် သန္တာန် ၂-ပါးနှင့် မြှောက်ပွားသော် ဝေဒနာက္ခန္ဓာအပြား ၁၀၈-ပါး ဖြစ်၏။

သညာဆိုသည်ကား---လောက၌ တတ်သိလိမ္မာခြင်း, သိကြား လိမ္မာခြင်း, ကျွမ်းကျင်လိမ္မာခြင်းကို ဆိုသတည်း။ ထိုကျွမ်းကျင် လိမ္မာ ခြင်းဟူသော အလိမ္မာမျိုးသည် ကုသိုလ်အရာ အကုသိုလ်အရာ နှစ်ပါး၌ပင် ဆို၏။ မုဆိုး အလုပ်မျိုးမှာ မုဆိုးသည် ကျွမ်းကျင်လိမ္မာ၏။ တံငါအလုပ်မျိုးမှာ တံငါသည် ကျွမ်းကျင်လိမ္မာ၏။ လူသတ်မှုမှာ သူသတ်ယောကျ်ားသည် ကျွမ်းကျင်လိမ္မာ၏။ ကြောင်အမှုမှာ ကြောင်, ကျားအမှုမှာ ကျား, ကျီးအမှုမှာ

ကျီးသည် ကျွမ်းကျင်လိမ္မာ၏ စသည်ဖြင့် သညာကန္ဒာနယ် ကြီးကျယ်ပုံကို လည်းကောင်း၊ သတ္တဝါ၏ အရေးအရာတွင် သညာက္ခန္ဓာ အလိမ္မာသည် အချာအချုပ်ကြီး ဖြစ်နေပုံကိုလည်းကောင်း၊ အကုန်မြော်မြင်ကြလေ။ ရူပသညာ, သဒ္ဒသညာ, ဂန္ဓသညာ, ရသသညာ, ဖောဋ္ဌဗ္ဗသညာ, ဓမ္မသညာဟူ၍ အာရုံအပြားအားဖြင့် ၆-ပါးပြား၏။

## (ဂ) သင်္ခါရက္ခန္ဓာ

လင်္ကာ - ၄

ကာယဝစီ၊ မနောပြီသည်၊ သုံးလီကမ္မ၊ သင်္ခါရမူ၊ ဓမ္မထင်ရှားငါးဆယ်ပြား၏၊ တွေ့ငြား ဖဿ၊ ဆော်ထစေတနာ၊ ဧကဂ္ဂါမူ၊ တည်ကြည်ဟူ၏၊ သက်မူဇီဝိ၊ မနသိကား၊ နှလုံးထားတည့်၊ ငါးပါး ဓမ္မ၊ စိတ်တိုင်းရ၏။

တက္ကကြံခြင်း၊ ဖွဲ့ရစ်ခြင်းမှာ၊ ဝိစာရမှတ်၊ ဆုံးဖြတ်မိမောက္ခ၊ ဝီရိယနှင့်၊ ဆန္ဒပီတိ၊ ထင်းရှားဘိ၏။ ။

မသိမလင်း၊ မထိုးထွင်းချက်၊ မောဟနက်တည့်၊ ရှက်ကြောက်မရှိ၊ အဟိရိက၊ နောတ္တပ္ပမည်၊ မတည်ကြည်က၊ ဥဒ္ဓစ္စမူ၊ ဤလေးခုကား၊ အကုသိုလ်တွင်၊ စိတ်တိုင်းယှဉ်၏။

လိုချင်လောဘ၊ မာနထောင့်လွှား၊ မြင်မှား ဒိဋ္ဌိ၊ ကြမ်းဘိဒေါသ၊ မစ္ဆေရဝန်တို၊ မနာလိုဣဿာ၊ တဖြာကုက္ကုစ္စ၊ နောင်တပူပင်၊ မရွှင်မကြည်၊ ထိုင်းမှိုင်းသည်မှာ၊ နှစ်မည်ထိမိဒ်၊ စိတ်ထဲဒွိဟ၊ နှစ်ခွနေဘိ၊ ဝိစိကိစ္ဆာ။

သဒ္ဓါကြည်လေ့၊ မမေ့သတိ၊ ရှက်ကြောက်ဘိမှာ၊ ဟိရီသြတ္တပ်၊ မကပ်မငြိ၊ မကြမ်းဘိနှင့်၊ အသိတရား၊ ဟိတ်သုံးပါးဟူ၊ လျစ်လျူနေလတ်၊ တတြမဇ္ဈတ္တတာ၊ နှစ်ဖြာပဿဒ္ဓိ၊ ငြိမ်းဘိကိုယ်စိတ်၊ ပေါ့ရိပ်လဟု၊ မုဒုနူးညံ့၊ ကြမ်းခံ့ကမ္မဉ်၊ ကျွမ်းကျင်ပါဂုဉ်၊ ဖြောင့်တုံဥဇု။ နှုတ်ဒု, ကာဒု၊ ကြဉ်မှုသုံးဖြာ၊ ဝါစာကမ္မန္တ၊ အာဇီဝနှင့်၊ သတ္တအများ၊ သနားသမှု၊ ဝမ်းမြောက်မှုဟု၊ ကရုမုဒိ၊ ငါးဆယ်ရှိ၏။ သုစရိတ၊ ဒုစ္စရိတ၊ ဒါန,သီလ,ဘာဝနာ၊ စသည်ဖြာသား၊ ဝေါဟာသွယ်သွယ်၊ မဆုံးဖွယ်သည်---အကျယ် သင်္ခါရက္ခန္ဓာတည်း။

## အဓိပ္ပာယ်သရုပ်

သင်္ခါရက္ခန္ဓာသည် အကျဉ်းအားဖြင့် ကိုယ်အမှု၊နှုတ်အမှု၊စိတ်အမှုတို့ကို ပြုပြင်ခြင်းပေတည်း။ တရားကိုယ် သရုပ်အကျယ်အားဖြင့် ၅၀-ရှိ၏။

ဖဿ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတ,မနသိကာရ ဟူ၍ သဗ္ဗစိတ္တသာဓာရဏ ငါးပါး။ ။ ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ, ဆန္ဒဟူ၍ ပကိဏ်း ၆-ပါး။ ။မောဟ, အဟိရိက,အနောတ္တပ္ပ, ဥဒ္ဓစ္စ, လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, ဝိစိကိစ္ဆာဟူ၍ အကုသိုလ်စေတသိက် ၁၄-ပါး။ ။ သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, အလောဘ, အဒေါသ, အမောဟ, တတြမဇ္ဈတ္တတာ, ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ကာယလဟုတာ, စိတ္တလဟုတာ, ကာယမုဒုတာ, စိတ္တမုဒုတာ, ကာယကမ္မညတာ, စိတ္တကမ္မညတာ, ကာယပါဂုညတာ, စိတ္တပါဂုညတာ, ကာယုဇုကတာ, စိတ္တုဇုကတာဟူ၍ သောဘဏစေတသိက်-၂၀။ ။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူ၍ ဝိရတီစေတသိက် သုံးပါး။ ။ ကရုဏာ,မုဒိတာဟူ၍ အပ္ပမညာ စေတသိက် နှစ်ပါး။ ။ ဤကားတရားကိုယ်အပြား ၅၀-တည်း။ ။သုစရိုက် ဆယ်ပါး၊ ဒုစရိုက် ဆယ်ပါး၊ ဒါန, သီလ, ဘာဝနာစသော ပုညကြိယာဝတ္ထု ဆယ်ပါး၊ ပါရမီ ဆယ်ပါး စသည်တို့သည်လည်း သင်္ခါရက္ခန္ဓာတို့ပေတည်း။

## (ဃ) ဝိညာဏက္ခန္ဓာ

လင်္ကာ - ၅

အာရုံယူဘိ၊ အသိသဘော၊ စိတ်မနောကို၊ ဝိညာဏ်ဆို၏။ ထိုဝိညာဏ်ကား၊ မြင်, ကြား, နံ, လျက်၊ ထိ, သိ ချက်ဟု၊ ၆-ခုအကျဉ်း၊ အကျယ်ခင်းက၊ ကာမ,ရူပ၊ အရူပနှင့်၊ လောကုတ္တရာ၊ စိတ်လေးဖြာတည်း။

ကာမခေါ်ရေး၊ ငါးဆယ့်လေးခု၊ သောဥယျဉ်ဒွိက်၊ ဒိဋ္ဌိယှဉ် မယှဉ်၊ သင် ရှိမရှိ၊ ဒွိစတုရုစ်၊ လောမူဖြစ်၏၊ နှစ်ဒေါမူလ၊ ပဋိဃယှဉ်၊ သင် ရှိမရှိ၊ မောမူဒွိမှာ၊ ဝိစိဥဒ္ဓစ်၊ ဥယျဉ်လစ်သည်၊ ဆယ့်နှစ်အကုသိုလ်၊

ထို့ပြင်အဟိတ်၊ စိတ်ဆယ့်ရှစ်ခု၊ စက္ခုသောတ၊ ဃာနဇိဂှာ၊ ကာယ ဝိညာဏ်၊ သမ္ပဋိစ္ဆိ၊ နှစ်ခုစီတည့်၊ သန္တီရဏ၊ သုံးခုရ၏။ ပေါင်းထဆယ့်ငါး၊ ဝိပါက်ပြားရှင့်၊ ငါးပါးဒွါရာ၊ မနောဒွါဟု၊ အာဝဇ္ဇန်းဒွိ၊ ဟသိတုပ္ပါဒ်၊ သုံးရပ်ကြိယာ၊ ဆယ့်ရှစ်ဖြာတည့်၊

ကာမာဝစရ၊ ကုသလစု၊ သောဥနှစ်တန်၊ ဉာဏ်ယှဉ် မယှဉ်၊ သင် ရှိမရှိ၊ ရှစ်ပါးသိလော့၊ ဝိပါက်မဟာ၊ ကြိယာလည်း၊ ထိုနည်းရှစ်စီ၊ သုံးလီ ပေါင်းထွေး၊ ၂၄–တည်း၊ ရှေးတစ်ဆယ့်နှစ်၊ တစ်ဆယ့်ရှစ်နှင့်၊ ပေါင်းလစ်တုံက၊ အကျယ်ရသည်–––ကာမငါးဆယ့်လေးလျှင်တည်း။

## လင်္ကာ – ၆

ဈာန်စိတ်ရူပ၊ ဆယ့်ငါးမျှတည့်၊ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန်၊ ငါးတန်အပြား၊ ဈာန်ငါးပါးနှင့်၊ ယှဉ်ငြားအလို၊ ကုသိုလ်စိတ်ငါး၊ ဝိပါက်ငါးနှင့်၊ ငါးပါးကြိယာ၊ ဆယ့်ငါးဖြာကား၊ ဗြဟ္မာရူပ၊ ဈာန်စိတ်ရတည်း။

အာကာသာနဉ္စာယတနဈာန်၊ ဝိညာဏဉ္စာယတနဈာန်၊ အာကိဉ္စညာ–ယတနဈာန်၊ နေဝသညာနာသညာယတနဈာန်၊ လေးတန်အပြား၊ ဈာန် လေးပါးနှင့်၊ ယှဉ်ငြား အလို၊ ကုသိုလ်စိတ်လေး၊ ဝိပါက်လေးနှင့်၊ လေးပါး ကြိယာ၊ ဆယ့်နှစ်ဖြာကား၊ ဗြဟ္မာအရူပ၊ ဈာန်စိတ်ရတည်း။

သောတာပတ္တိမဂ္ဂ၊ သကဒါဂါမိမဂ္ဂ၊ အနာဂါမိမဂ္ဂ၊ အရဟတ္တမဂ္ဂ၊ အင်္ဂါကြီ၊ မဂ္ဂအပြား၊ မဂ်လေးပါးနှင့်၊ ယှဉ်ငြားအလို၊ ကုသိုလ်စိတ်လေး၊ ဖိုလ်စိတ်လေးဟု၊ ရှစ်ခုလောကုတ်၊ အကျဉ်း ချုပ်၏။

လောကုတ်အကျယ်၊ လေးဆယ်အရ၊ သရုပ်ပြမူ၊ ပထမဈာန် သောတာပတ္တိ မဂ်စိတ်တစ်ပါး၊ ဒုတိယဈာန် သောတာပတ္တိ မဂ်စိတ်တစ်ပါး၊ တတိယဈာန် သောတာပတ္တိ မဂ်စိတ်တစ်ပါး၊ စတုတ္ထဈာန် သောတာပတ္တိ မဂ်စိတ်တစ်ပါး၊ ပဉ္စမဈာန် သောတာပတ္တိ မဂ်စိတ်တစ်ပါးဟူ၍ သောတာပတ္တိ မဂ်စိတ်အပြား ငါးပါး၊ ဤနည်းအားဖြင့်၊ ရှစ်ပါးအကုန်၊ ဈာန်ပွားတုံက၊ လေးဆယ် ရ၏၊ တစ်ရာ့နှစ်ဆယ်၊ တစ်ပါးကယ်သည် – – – အကျယ် ဝိညာဏက္ခန္ဓာတည်း။

## အခပ်ပွားယ်သရုပ်

ဤလင်္ကာ ၂-ပိုဒ်တွင် ပထမလင်္ကာ၌ မြင်-ဆိုသည်ကား စက္ခုဝိညာဏ်စိတ်တည်း၊ ကြား-သောတဝိညာဏ်စိတ်၊ နံ-ဃာနဝိညာဏ်စိတ်၊ လျက်-ဇိဝှါဝိညာဏ်စိတ်၊ ထိ-ကာယဝိညာဏ်စိတ်၊ သိ-ဆိုသည်ကား မနောဝိညာဏ်စိတ်။ ။အကျယ်နည်း၌ သော၊ဥယှဉ် ဒိုက် ဆိုသည်ကား-သောမနဿဝေဒနာနှင့်ယှဉ်သော စိတ်တစ်ပါး၊ ဥပေက္ခာဝေဒနာနှင့်ယှဉ်သော စိတ်တစ်ပါး ဟူ၍ လောဘမူစိတ် ၂-ပါး ဖြစ်၏။ ။ ဒိဋ္ဌိ ယှဉ်မယှဉ် ဆိုသည်ကား ထိုနှစ်ပါးတို့တွင် တစ်ပါးပါးသည် ဒိဋ္ဌိနှင့်ယှဉ်သည်တစ်ပါး၊ ဒိဋ္ဌိနှင့် မယှဉ်သည် တစ်ပါး ဟူ၍ လောဘမူစိတ် လေးပါးဖြစ်၏။ ။သင်ရှိမရှိ ဆိုသည်ကား-ထိုလေးပါးတို့တွင် တစ်ပါးပါးသည် သင်္ခါရ ရှိသည်တစ်ပါး၊ သင်္ခါရ မရှိသည်တစ်ပါး ဟူ၍ လောဘမူစိတ် ရှစ်ပါးဖြစ်၏။ သင်္ခါရ ဆိုသည်ကား-တိုက်တွန်းမှုကို ဆိုသတည်း။ ။ ဒေါသမူစိတ် ၂-ပါးကား-ဒေါမနဿ ဝေဒနာ, ဒေါသ= ပဋိဃတို့နှင့် အမြဲယှဉ်၍ သင်္ခါရ ရှိသည်တစ်ပါး၊ သင်္ခါရ မရှိသည်တစ်ပါး။ မောဟမူစိတ် ၂-ပါးကား-ဥပေက္ခာဝေဒနာ အမြဲရှိ၍ ဝိစိကိစ္ဆာနှင့်ယှဉ်သည်တစ်ပါး၊ ဥဒ္ဓစ္စနှင့်ယှဉ်သည်တစ်ပါး ပေါင်း အကုသိုလ် စိတ် ၁၂-ပါး ဖြစ်၏။

အဟိတ်စိတ် ၁၈-ပါး၌ စက္ခု သောတ ဃာန ဇိဝှာ ကာယဝိညာဏ် ဆိုသည်ကား-စက္ခုဝိညာဏ်တစ်ပါး၊ သောတဝိညာဏ်တစ်ပါး၊ ဃာနဝိညာဏ်တစ်ပါး၊ ဇိဝှာဝိညာဏ်တစ်ပါး၊ ကာယဝိညာဏ်တစ်ပါး။ ။သမ္ပဋိစ္ဆိုကား-သမ္ပဋိစ္ဆိုင်းကို ဆိုသည်။ ။ နှစ်ခုစီဆိုသည်ကား-အကုသလဝိပါက် စက္ခုဝိညာဏ်တစ်ပါး၊ ကုသလဝိပါက်စက္ခုဝိညာဏ် တစ်ပါး စသည်ဖြင့် ၂-ခုစီ ယူလေ။ ။ သန္တီရဏ သုံးခုဆိုသည်ကား-အကုသလဝိပါက် ဥပေက္ခာသန္တီရဏ စိတ်တစ်ပါး၊ ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် တစ်ပါး၊ ကုသလဝိပါက် သောမနဿ သန္တီရဏစိတ် တစ်ပါး၊ အဟိတ်ဝိပါက်စိတ် ၁၅-ပါး။ ။ ၅-ပါး ဒွါရာ၊ မနောဒွါဟု၊ အာဝဇ္ဇန်းဒွိ ဆိုသည်ကား-ပဉ္စဒွါရာဝဇ္ဇန်းစိတ် တစ်ပါး၊ မနောဒွါရာဝဇ္ဇန်းစိတ် တစ်ပါး ဆိုလိုသည်။ ။ဟသိတုပ္ပါဒ်စိတ်သည် ဘုရား ရဟန္တာများ ပြုံးရိက်ဘည်း။ ။ ကာမာဝစရကုသိုလ်စိတ်

ရှစ်ပါးကား-သောမနဿနှင့်ယှဉ်သော ကုသိုလ်စိတ်တစ်ပါး၊ ဥပေက္ခာနှင့်ယှဉ်သော ကုသိုလ်စိတ် တစ်ပါး၊ ထိုနှစ်ပါးသည် ဉာဏ်နှင့်ယှဉ်မယှဉ်အားဖြင့် ၂-ပါး ၂-ပါးစီ ပြားပြန်၏။ ထို ၄-ပါးသည် သင်္ခါရ ရှိမရှိအားဖြင့် ၂-ပါး ၂-ပါးစီ ပြားပြန် ၏။ ကာမကုသိုလ်စိတ် ရှစ်ပါးဖြစ်၏။ မဟာကုသိုလ်စိတ် ရှစ်ပါးလည်း ခေါ်၏။ (မဟာဝိပါက်စိတ် ရှစ်ပါး၊ မဟာကြိယာစိတ် ရှစ်ပါး၊ ထိုနည်းတူ)။ ကာမသောဘဏစိတ် ၂၄-ပါး ဖြစ်၏။ ။အကုသိုလ်စိတ် ၁၂-ပါး၊ အဟိတ် စိတ် ၁၈-ပါး၊ ကာမသောဘဏစိတ် ၂၄-ပါး၊ ပေါင်း ကာမစိတ် ၅၄-ပါး ဖြစ်၏။ ။ရူပါဝစရဈာန်စိတ် ၁၅-ပါး၊အရူပါဝစရဈာန်စိတ် ၁၂-ပါး၊ လောကုတ္တရာအကျဉ်း မဂ်စိတ် ၄-ပါး၊ ဖိုလ်စိတ် ၄-ပါး၊ လောကုတ္တရာအကျယ် မဂ်စိတ်-၂၀၊ ဖိုလ်စိတ်-၂၀။ စိတ်ဝိညာဏ် အပြား ၁၂၁-ပါး။

## (င) ခန္ဓာငါးပါး

လင်္ကာ -ရ

သဗ္ဗစိတ္တသာဓာရဏ၊ သဗ္ဗာကုသလ စိတ္တသာဓာရဏ၊ သဗ္ဗသောဘဏ စိတ္တသာဓာရဏ၊ ဆက်ဆံယှဉ်ဖက်၊ အနက်သာဓာရဏ၊ ထိုသုံးဝတွင်၊ မောဟ စသည်၊ စေလေးမည်မှာ၊ သဗ္ဗာကုသလ၊ အမည်ရ၏။အမောဟကြဉ်၊ ဆယ့်ကိုးလျှင်မူ၊ မှတ်ယူသဗ္ဗ၊ သောဘဏတည်း၊ သဗ္ဗစိတ္တ၊ ပကိဏ်းဆကို၊ အညသမာန်း၊ ခေါ်ရိုးတမ်းတည်း။ ။

သမာန်းအည၊ တေရသနှင့်၊ အကုသလ၊ ဓမ္မဆယ့်လေး၊ ပေါင်းထွေး တုံပြန်၊ နှစ်ဆယ့်ခွန်ကား၊ ဝိညာဏ်ဆယ့်နှစ်၊ အကုညစ်ဒွ၊ ဖြစ်ပျက်တူကွ၊ ယှဉ်ကုန်ကြ၏။ ။

ဆန္ဒကြဉ်လစ်၊ အဉ်ဆယ့်နှစ်မူ၊ ဆယ့်ရှစ်အဟိတ်၊ ဝိညာဏ်စိတ်မှာ၊ ဖြစ်သည်သာတည်း။ ။ တစ်ဖြာအည၊ တေရသနှင့်၊ သောဘဏအပြား၊ နှစ်ဆယ့်ငါးကား၊ ကြွင်းငြားကာမ၊ သောဘဏနှင့်၊ ရူပရူပါ၊ လောကုတ်မှာလျှင်၊ အကုန်ယှဉ်၏။ ။

ထိုတွင်ထွေလာ၊ ယထာရဟာ၊ သင်္ဂဟမှာ၊ ကျမ်း၌လာပြီး၊ ပါယ်ရှာ လေးရပ်၊ လူနတ်ခုနစ်၊ ဆယ့်တစ်ဌာန၊ ဘုံကာမနှင့်၊ ရုပပြဟ္မာ၊ ဆယ့်ငါး ရှာ၌၊ ခန္ဓာငါး၀၊ အစုံရ၏။ အရူပပြဟ္မာ၊ လေးဘုံမှာမူ၊ ခန္ဓာလေးအင်၊ အသညသတ်၊ ဘုံတစ်ရပ်မှာ၊ ရုပ်ခန္ဓာပေ။ ။

မြေ, ရေ, တော, တောင်၊ ဘုံဆောင်ပြာသာဒ်၊ ဇရပ်ကျောင်းအိမ်၊ ကြိုးကြိမ်သစ်ဝါး၊ ဝတ်စားတန်ဆာ၊ ရတနာရွှေငွေ၊ သေပြီးအလောင်း၊ သက်မဲ့ပေါင်းမှာ၊ ရုပ်ခန္ဓာတည်း။ ။

ပမာရေမြှုပ်၊ ရုပ်နှင့်ယှဉ်ဖက်၊ ရေပွက်ဝေဒနာ၊ သညာတံလျှပ်၊ တရပ်သင်္ခါရ၊ ငှက်ပျောကျ၏။ ဓမ္မဝိညာဉ်၊ မျက်လှည့်ယှဉ်သည်---ငါးအင် နှစ်မဲ့ ခန္ဓာတည်း။

## အဓိပ္ပာယ်

သာတရဏသဒ္ဒါသည် အတူတကွ ဖြစ်ဖက် ပျက်ဖက် ယှဉ်ဖက် တွဲဖက် ဆက်ဆံကြခြင်းအနက်ကို ဟောသည်။ ။ သဗ္ဗစိတ္တ သာတရဏ တစ်ပါး၊ သဗ္ဗာကုသလ စိတ္တသာတရဏ တစ်ပါး၊ သဗ္ဗသောဘဏ စိတ္တ သာတရဏ တစ်ပါးဟူ၍ သာတရဏအပြား သုံးပါးရှိ၏။ ။ ဖဿ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတ, မနသိကာရ ဟူသော သင်္ခါရက္ခန္ဓာတရား ငါးပါး။ ဝေဒနာတစ်ပါး, သညာတစ်ပါး ဤစေတသိက်တရား ၇-ပါးသည် စိတ်အလုံးစုံတို့နှင့် ဆက်ဆံသောကြောင့် သဗ္ဗစိတ္တသာတရဏ မည်၏။ စိတ်အကျဉ်း ၈၉-ခု၊ အကျယ် ၁၂၁-ခုတို့တွင် ဘယ်စိတ်မှာမဆို ထို(၇)ပါး အမြဲပါရှိ၏။ ။

ထိနိုက်ရှနာ၍ ခြေဖဝါးအပြင်၌ ကျင်နာခြင်းဖြစ်ရာ ဌာနမှာ ကာယဝိညာဏ်စိတ် ဖြစ်ပေါ်သောအခါ ထိုစေတသိက်(၇)ပါး ပါရှိ၏။ ခန္ဓာလေးပါးရ၏။ ကျင်နာရာဌာနရှိ ရူပက္ခန္ဓာနှင့် ပေါင်းသည်ရှိသော် ကျင်နာဆဲ အခါ၌ ခြေဖဝါးအပြင်မှာ ခန္ဓာငါးပါးရှိနေ၏။ ကျင်နာခြင်း ပျောက်ကင်းသောအခါ၌ နာမ်ခန္ဓာ ၄-ပါး ချုပ်ဆုံး၏။ ရူပက္ခန္ဓာသာ ကျန်၏။ ။ မျက်လုံးအိမ်တွင်းမှာ မြင်မှု ဖြစ်ပေါ်ဆဲအခါ၌လည်း မျက်လုံး

မှာ ခန္ဓာငါးပါး ရှိနေ၏။ နာခေါင်းတွင်း လျှာအပြင်တို့၌လည်း ထို့အတူ တည်း။ ။မောဟ,အဟိရိက,အနောတ္တပ္ပ,ဥဒ္ဓစ္စ ဤလေးပါးသည် အကုသိုလ်စိတ် ၁၂–ခုလုံးမှာ အမြဲပါသောကြောင့် သဗ္ဗာကုသလ စိတ္တသာဓာရဏ မည်၏။ ။

အမောဟကိုကြည့်၍ သဒ္ဒါအစ စိတ္တုဇ္ဇုကတာ အဆုံးရှိသော စေတသိက် ၁၉–ပါးတို့သည် ကာမသောဘဏစိတ် ၂၄–ပါး၊ ရူပစိတ် ၁၅–ပါး၊ အရူပစိတ် ၁၂–ပါး၊ လောကုတ္တရာစိတ် အကျဉ်း ရှစ်ပါး၊ အကျယ်လေးဆယ်တို့နှင့် အကုန်ယှဉ်သောကြောင့် သဗ္ဗသောဘဏစိတ္တ သာဓာရဏ မည်ကုန်၏။ ။ သဗ္ဗစိတ္တသာဓာရဏစေတသိတ် ၇–ပါးနှင့် ပကိဏ်းစေတသိက် ၆–ပါး = ဤ ၁၃–ပါးကို အညသမာန်း စေတသိက် ခေါ်၏။ ထိုအညသမာန်းစေတသိက် ၁၃–ပါး, အကုသိုလ် စေတသိက် ၁၄–ပါး = ဤ ၂၇–ပါးတို့သည် အကုသိုလ်စိတ် ၁၂–ပါး၌ ထိုက်သည်အားလျော်စွာ ယှဉ်ကြကုန်၏။ ။

ဆန္ဒကြဉ်သော အညသမာန်း ၁၂–ပါးတို့သည် အဟိတ်စိတ် ၁၈–ပါးတို့၌ ထိုက်သည်အားလျော်စွာ ယှဉ်ကြကုန်၏။ ။ အညသမာန်း ၁၃–ပါး, သောဘဏစေတသိက် ၂၅–ပါး = ဤ ၃၈–ပါးတို့သည် အလုံးစုံသော သောဘဏစိတ်အကျဉ်း ၅၉–ပါး, အကျယ် ၉၁–ပါးတို့၌ ထိုက်သည်အားလျော်စွာ ယှဉ်ကြကုန်၏။ ။

ထိုတွင် ထွေလာ၊ ယထာရဟာ၊ သင်္ဂဟ ဆိုသည်ကား–အကုသိုလ်စိတ် ၁၂–ပါးတို့၌ စေတသိက် ၂၇–ပါး ရသည်ဆိုသော်လည်း ထို ၂၇–ပါးတို့တွင် အချို့သော စေတသိက်တို့သည် အချို့သော အကုသိုလ်စိတ်၌ ယှဉ်ကြကုန်၏။ ။ ဝိစိကိစ္ဆာ စေတသိက်သည် ဝိစိကိစ္ဆာ သမ္ပယုတ်စိတ် တစ်ခု၌သာ ယှဉ်၏။ ။ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ဤလေးခုတို့သည် ဒေါသမူစိတ် ၂–ခုတို့၌သာ ယှဉ်ကုန်၏။ ။ ဒိဋ္ဌိစေတသိက်သည် လောဘမူ ဒိဋ္ဌိသမ္ပယုတ်စိတ် ၄–ခု၌သာ ယှဉ်၏။ ။ မာနစေတသိက်သည် လောဘမူ ဒိဋ္ဌိဝိပ္ပယုတ်စိတ် ၄–ခု၌သာ ယှဉ်၏။ ။ ထိနမိဒ္ဓစေတသိက် ၂–ပါးသည် သသင်္ခါရိကစိတ် ငါးခု၌သာ ယှဉ်၏။ ။ လောဘစေတသိက်သည် လောဘမူစိတ် ၈–ခုတို့၌သာ ယှဉ်၏။

ဆန္ဒကြဉ်သော အညသမာန်း ၁၂–ခုသည် အဟိတ်စိတ် ၁၈–ခုတို့၌ ယှဉ်သည်ဆိုသော်လည်း ထို ၁၂–ခုတို့တွင် ပီတိစေတသိက်သည် သောမနဿသန္တီရဏစိတ်, ဟသိတုပ္ပါဒ်စိတ်တို့၌သာ ယှဉ်၏။ ။ ဝီရိယစေတသိက်သည် မနောဒွါရာဝဇ္ဇန်းစိတ်, ဟသိတုပ္ပါဒ်စိတ်တို့၌သာ ယှဉ်၏။ ။ ဝိတက်, ဝိစာရ, အဓိမောက္ခတို့သည် ဒွေပဉ္စဝိညာဏ် ၁၀–တို့၌ မယှဉ်ကုန်။ ကြွင်းသောအဟိတ်စိတ် ၈–ခုတို့၌သာ ယှဉ်ကုန်၏။ ။

အညသမာန်း ၁၃–ခု, သောဘဏစေတသိက် ၂၅–ခု = ဤ ၃၈–တို့သည် သောဘဏစိတ် အကျဉ်း ၅၉–ခု၊ အကျယ် ၉၁–ခုတို့၌ ယှဉ်သည်ဆိုပြီးသော်လည်း ထို ၃၈–တို့တွင် ဝိတက်သည် ကာမသောဘဏစိတ်နှင့် ပဌမဈာန်စိတ်တို့၌သာ ရ၏။ ။ဝိစာရသည် ကာမသောဘဏစိတ်နှင့် မဌမဈာန်စိတ် ဒုတိယဈာန်စိတ်တို့၌သာ ရ၏။ ။ပီတိသည် ကာမသောမနဿစိတ်နှင့် ပဌမဈာန်စိတ် ဒုတိယဈာန်စိတ် တတိယဈာန်စိတ်တို့၌သာ ရ၏။ ။ အမောဟစေတသိက်သည် ကာမ သောဘဏ ဉာဏသမ္ပယုတ်စိတ် ၁၂–ခုနှင့် ရူပ အရူပလောကုတ္တရာစိတ် ဝို့၌သာ ရ၏။ ။ ဝိရတီ သုံးခု သည် မဟာကုသိုလ်စိတ် ၈–ခုနှင့် မဟာကုတ္တရာစိတ်တို့၌သာ ရ၏။ ။ အပ္ပမညာ ၂–ခုသည် မဟာကုသိုလ် မဟာကြိယာတို့နှင့် ရူပါဝစရ ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်စိတ်ဝို့၌သာ ရ၏။ ။ ဤသို့ အစီအစဉ်ဖြင့် ထွေထွေလာလာ ယထာရဟာ ဝေဖန်ရန် သမ္ပယောဂနည်း သင်္ဂဟနည်း အများ ရှိသည်ကို အဘိဓမ္မာ ကျမ်းဂန်များမှာ လာရှိတိုင်း မှတ်ယူကြလေ ဆိုလိုသည်။

၃၁–ဘုံတွင်---အသညသတ်ဘုံမှာ ရူပက္ခန္ဓာတစ်ပါးသာ ရ၏။ အရူပ လေးဘုံတို့မှာ ရူပက္ခန္ဓာကို မရ။ နာမက္ခန္ဓာ ၄–ပါးကိုသာ ရ၏။ ။ ကြွင်းသော ၂၆–ဘုံတို့မှာ ခန္ဓာငါးပါးလုံးကို ရ၏။ ။ သက်မဲ့ ဝတ္ထုမျိုးတို့မှာ ဥတုဇရုပ် ခန္ဓာ တစ်ပါးသာ ရ၏။ ။ ခန္ဓာ ငါးပါးတို့တွင် ရူပက္ခန္ဓာသည် ရေမြှုပ်နှင့်တူ၏။ ဝေဒနာက္ခန္ဓာသည် ရေပွက်နှင့်တူ၏။ သညာက္ခန္ဓာသည် တံလျှပ်နှင့် တူ၏။ လင်းလျှပ်လည်း ခေါ်၏။ သင်္ခါရက္ခန္ဓာ သည် ငှက်ပျောတုံးနှင့် တူ၏။ ဝိညာဏက္ခန္ဓာသည် မျက်လှည့်နှင့် တူ၏။

# (စ) အာယတနခန်း

လင်္ကာ – ၁

ထွေသွေလာလာ၊ များတကာတို့၊ တည်ရာစုရာ၊ သက်ရောက်ရာကို၊ အာယတန၊ ခေါ်ဆိုကြ၏။ ဌာနကာရဏာ၊ စသည်အနက်၊ အများလွှက်၏။ စက္ခုသောတ၊ ဃာနဇိဝှာ၊ ကာယာမနော၊ သဘောတရား၊ ဤ ၆–ပါးမူ၊ ကိုယ်တွင်းဟူဘိ၊ အဇ္ဈတ္တိက၊ အမည်ရ၏။ ။ရူပသဒ္ဒါ၊ ဂန္ဓာရသာ၊ ဖောဋ္ဌဗ္ဗနှင့်၊ ဓမ္မဟူသည်၊ဤ ၆–မည်ကား၊ ဗာဟိရာယတန၊ အမည်ရ၏။ မနမှာမူ၊ ၆–ဖြာဝိညာဉ်၊ ဓမ္မတွင်မူ၊ အစဉ်ပါလစ်၊ ရှေ့ဆယ့်တစ်မှ၊ ကျန်သမျှတည်း။ ။

အာဒိတ္တသုတ်၊ ဖော်ပြထုတ်မူ။ ။ စက္ခု ဘိက္ခဝေ အာဒိတ္တံ၊ ကေန အာဒိတ္တံ၊ ရာဂဂ္ဂိနာ အာဒိတ္တံ၊ ဒေါသဂ္ဂိနာ အာဒိတ္တံ၊ မောဟဂ္ဂိနာ အာဒိတ္တံ၊ ဇာတိယာ ဇရာယ မရဏေန သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသေဟိ အာဒိတ္တန္တိ ဝဒါမိ။ သောတံ အာဒိတ္တံ၊ ဃာနံ အာဒိတ္တံ၊ ဇိဝှါအာဒိတ္တာ၊ ကာယောအာဒိတ္တော၊ မနောအာဒိတ္တော။ ။ ရူပါအာဒိတ္တာ၊ သဒ္ဒါ အာဒိတ္တာ၊ ဂန္ဓာ အာဒိတ္တာ၊ ရသာ အာဒိတ္တာ၊ ဖောဋ္ဌဗ္ဗာ အာဒိတ္တာ၊ ဓမ္မာ အာဒိတ္တာ၊ ကေနအာဒိတ္တာ၊ ရာဂဂ္ဂိနာ အာဒိတ္တာ၊ ဒေါသဂ္ဂိနာ အာဒိတ္တာ၊ မောဟဂ္ဂိနာ အာဒိတ္တာ၊ ဇာတိယာဇရာယ မရဏေန သောက ပရိဒေဝ ဒုက္ခ ဒေါမဿု–ပါယာသေဟိ အာဒိတ္တန္တိ ဝဒါမိ၊

ပါဠိတော်လှစ်၊ မီးဆယ့်တစ်ကို၊ ဆယ့်နှစ်အာယတန၊ မြှောက်ပွားကမူ၊ တစ်ရာ့သုံးဆယ်၊ နှစ်ပါးကယ်သား၊ အကျယ်မီးပေါင်း၊ ပေါင်းတုံ့ရှောင်းသည်–––ထောင်းထောင်း တောက်လောင်မစဲတည်း။

## အဓိပ္ပာယ်သရုပ်

အာယတနဆိုသည်ကား–လူအများတို့ သက်ရောက်ရာလှေဆိပ်ကြီး သင်္ဘောဆိပ်ကြီး ဈေးရုံကြီး ဇာတ်ရုံကြီးများကဲ့သို့ တစ်ယောက်သောသူ၏ ကိုယ်ခန္ဓာမှာ ဆိုင်ရာဆိုင်ရာ အာရုံတရား အာရုံယူသောတရားတို့၏တည်ရာ စုဝေးရာ သက်ရောက်ရာဖြစ်သော အနက်ကို ဆိုသည်။ ။ ထို အာယတန

သဒ္ဒါသည် တည်ရာဌာနအနက်, အကြောင်း ကာရဏအနက် စသည်ဖြင့် များသောအနက်ရှိ၏။ ။စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှာယတန, ကာယာယတန, မနာယတနဟူ၍ အဇ္ဈတ္တိက အာယတန ၆-ပါး။ သတ္တဝါတို့၏ သန္တာန်၌သာ ရကောင်းသောကြောင့် အဇ္ဈတ္တိက ခေါ်သည်။ ။ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာ-ယတန, ဓမ္မာယတနဟူ၍ ဗာဟိရာယတန ၆-ပါး။ ။အဇ္ဈတ္တိကာယတနတို့မှ အပ ဖြစ်သောကြောင့် ဗာဟိရ ခေါ်သည်။ ။ စက္ခုပြသာဒရုပ် စသည်သည် စက္ခာယတန စသည် မည်၏။ ရူပက္ခန္ဓာအကျယ်မှာ လာရှိခဲ့ပြီ။ ။ ဝိညာဏက္ခန္ဓာ ကြီးကို မနာယတန ဆိုသည်။ ။ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာစုနှင့် အာပေါဓာတ် တစ်ခု၊ ဘာဝရုပ် ၂-ခု၊ ဟဒယဝတ္ထုရုပ်တစ်ခု၊ ဇီဝိတရုပ် တစ်ခု၊ အာဟာရရုပ် တစ်ခု၊ အာကာသဓာတ် တစ်ခု၊ ဝိညတ်ရုပ် ၂-ခု၊ ဝိကာရရုပ် ၃-ခု၊ လက္ခဏရုပ် ၄-ခု ဟူသော သုခုမရုပ် ၁၆-ခု၊ အသင်္ခတ မဟာနိဗ္ဗာန်ကြီး = ဤတရားစုကို ဓမ္မာယတန ဆိုသည်။ ။ရာဂမီး, ဒေါသမီး, မောဟမီး, ဇာတိမီး, ဇရာမီး, မရဏမီး, သောကမီး, ပရိဒေဝ မီး, ဒုက္ခမီး, ဒေါမနဿမီး, ဥပါယာသမီး = ဤကား မီး ၁၁-ပါးတည်း။ လောကီအာယတန ၁၂-ပါးတို့တွင် တစ်ပါး တစ်ပါးမှာ မီး ၁၁-ပါး ၁၁-ပါးစီ တောက်လောင်လျက် ရှိ၏။ တစ်ပါး တစ်ပါးမှ မီး ၁၁-ပါး ၁၁-ပါးစီ ထွက်နိုင်၏။ အာဒိတ္တသုတ်ပါဠိတော်ကြီး အတိုင်း မှတ်လေ။

# (ဆ) ဓာတ်ခန်း

## လင်္ကာ – ၉

သတ္တဝါအလို၊ ပုဂ္ဂိုလ်အကြိုက်၊ မလိုက်မစား၊ မငဲ့ငြားဘဲ၊ ကြောင်းအား လျော်စွာ၊ သူ့ခြင်းရာနှင့်၊ သူ့ သဘာဝ၊ သူ့ကိစ္စကို၊ ဆောင်ကြသမှု၊ အကြောင်းပြု၍၊ ဓာတ်ဟုသညာ၊ အစဉ်လာ၏။ ။မနာယတန၊ တစ်ခုမျှကို၊ သတ္တဝိညာဏဓာတ်၊ ဝေဖန်လတ်က၊ ဓာတ်၏အချက်၊ ဆယ့်ရှစ်ထွက်၏၊

စက္ခုဝိညာဏ်ဓာတ်၊ သောတဝိညာဏ်ဓာတ်၊ ဃာနဝိညာဏ်ဓာတ်၊ ဇိဝှာဝိညာဏ်ဓာတ်၊ ကာယဝိညာဏ်ဓာတ်၊ မနောဓာတ်၊ မနောဝိညာဏ်ဓာတ်၊ ခုနစ်ရပ်တွင်၊ ပဉ္စဝိဇ္ဇာန်၊ သမ္ပဋိစ်ဆွေး၊ ပေါင်းရေးသုံးရပ်၊ မနောဓာတ်တည့်၊ ကြွင်းလတ်သဘော၊ မနောဝိညာဏ်၊ ခုနစ်ဆယ်ခြောက်၊ ရတုံမြောက်၏။ အလျောက်ဘာဝ၊ ပြင်ဓာတ်ကျ၍၊ သတ္တဇီဝ၊ အတ္တမဟုတ်၊ ရုပ်ဓာတ်နာမ်ဓာတ်၊ ပေါင်းစပ်ပူးတွဲ၊ အခဲအစု၊ ဝတ္ထုကြီးငယ်၊ အထယ်အလိပ်၊ နိမိတ်သဏ္ဍာန်၊ ဟန်ပန်လုံးစုံ၊ ကင်းဆိတ်တုံ၍၊

"စက္ခုဉ္စပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံသင်္ဂတိဖဿော ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏသောက ပရိဒေဝဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ ။သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတ ဝိညာဏံ။လ။ ဃာနဉ္စ ပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ။လ။ ဇိဝှာဉ္စပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံ၊ ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော။လ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ။"

ပါဠိအထွက်၊ ဓာတ်ဆောင်ချက်ကို၊ နက်နက် နယ်နယ်၊ သိရန် ချယ်သည်---အကျယ် ဓာတုကထာတည်း။

## အခါပွားယ်သရုပ်

အာယတန ၁၂-ပါးတို့တွင် မနာယတန တစ်ပါးကို ဓာတ်အားဖြင့် ဝေဖန်သော် ဝိညာဏဓာတ် ၇-ပါး ပွားသည်ဖြစ်၍ ဓာတ် ၁၈-ပါးဖြစ်၏။ စက္ခုဓာတ်, သောတဓာတ်, ဃာနဓာတ်, ဇိဝှာဓာတ်, ကာယဓာတ်, ရူပဓာတ်, သဒ္ဒဓာတ်, ဂန္ဓဓာတ်, ရသဓာတ်, ဖောဋ္ဌဗ္ဗဓာတ်, စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်, ဃာနဝိညာဏဓာတ်, ဇိဝှာဝိညာဏဓာတ်, ကာယဝိညာဏဓာတ်, မနောဓာတ်, မနောဝိညာဏဓာတ်, ဓမ္မဓာတ်တည်း။ ။ထို ၁၈-ပါးတို့တွင် မနောဓာတ်ဆိုသည်ကား-ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် သမ္ပဋိစ္ဆိုင်း ဒွေး = ဤ ၃-ပါးကို ခေါ်သတည်း။ ကြွင်းသော မနောဝိညာဏ်စိတ် ၇၆-ပါးကို မနောဝိညာဏဓာတ် ဆိုသည်။ ။ ပုဂ္ဂိုလ်မဟုတ် သတ္တဝါ မဟုတ် အတ္တမဟုတ် ဇီဝမဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါ၏ အလိုသို့လည်းမလိုက်၊ အသီးသီး သူ့အခြင်းအရာနှင့် သူ့သဘာဝ၊ သူ့ကိစ္စကိုသာ ရွက်ဆောင်ကြသောကြောင့် ဓာတ်မည်၏။ မြေဓာတ်သည် ခက်မာသော အခြင်းအရာနှင့် တစ်ပါးသော ရုပ်ဓာတ်တို့၏ တည်ရာ မှီရာ ကိစ္စကိုသာ ရွက်ဆောင်သောကြောင့် ဓာတ်မည်၏။ ရေဓာတ်သည် ဖွဲ့စည်းသောအခြင်းအရာနှင့် တစ်ပါးသော ရုပ်ဓာတ်တို့၏ ပေါင်းစုထွေးခဲခြင်း ကိစ္စကိုသာ ရွက်ဆောင်သောကြောင့် ဓာတ်မည်၏။ ဤသို့ စသည်ဖြင့် ပြဆိုဖွယ် ကျယ်ဝန်း၏။ စက္ခုဥ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ အစရှိသည်ဖြင့် ဟောတော်မူသော ပါဠိတော်၏ အထွက် အနက်သဘောသည်လည်း ဓာတ်တို့၏ ဆောင်မှုပင် တည်း။

# (၉) သစ္စာခန်း

## လင်္ကာ - ၁၀

အခွန့်ရှည်စွာ၊ ဘယ်မျှကြာလည်း၊ တစ်ခါတစ်ဖန်၊ မဖောက်ပြန်ဘဲ၊ အစဉ်မြဲကို၊ သစ္စာဆို၏။ ထိုသစ္စာကား၊ လေးထွေပြား၏။ လေးပါးသရုပ်၊ အမှန်ထုတ်သော်၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ ။

ခန္ဓာငါးလီ၊ ဘုံလောကီကို၊ ဒုက္ခဆိုလော့။ ။ ထိုဒုက္ခပေါင်း၊ ပွားကြောင်းအမှု၊ လောဘစုမှာ၊ သမုဒယ၊ အမည်ရ၏။ ။လောဘခပင်း၊ အကြွင်းမရှိ၊ ချုပ်ငြိမ်းဘိသည်၊ သန္တိသဘော၊ အစဉ်ချောကို။ နိရောဓဟူ။ ။

ရှစ်ဆူသီးသီး၊ မဂ္ဂင်ကြီးကို၊မဂ္ဂင်ဆို၏။ ထိုမဂ္ဂင်မှာ“သမ္မာဒိဋ္ဌိ = ကောင်းမြတ်သော အမြင်ကိုသာ မြင်ခြင်းတစ်ပါး။ သမ္မာသင်္ကပ္ပေါ = ကောင်းမြတ်သော အကြံကိုသာ ကြံခြင်းတစ်ပါး၊ သမ္မာဝါစာ = ကောင်းမြတ် သော စကားကိုသာ ပြောဆိုခြင်းတစ်ပါး။ သမ္မာကမ္မန္တော = ကောင်းမြတ်သော အမှုကိုသာ ပြုလုပ်ခြင်းတစ်ပါး။ သမ္မာအာဇီဝေါ = ကောင်းမြတ်သော အသက်မွေးမှုဖြင့်သာ အသက်မွေးခြင်းတစ်ပါး။ သမ္မာဝါယာမော = ကောင်းမြတ်သောအလုပ်ကိုသာ အားထုတ်ခြင်းတစ်ပါး။ သမ္မာသတိ = ကောင်းမြတ်သော တရားတို့၌ မမေ့မလျော့ခြင်း တစ်ပါး။ သမ္မာသမာဓိ = ကောင်းမြတ်သော အာရုံတို့၌ စိတ်၏တည်ကြည်ခြင်း တစ်ပါး။ ဤရှစ်ပါးတွင်၊ ဖောက်ပြားမရှိ၊ ဖြောင့်မှန်ဘိမှ၊ အရိယသစ္စာ၊ ခေါ်ထိုက်စွာ၏။ ။

သစ္စာအနက်၊ ၄-ချက်စီတည့်၊ ဆယ့်ခြောက်ရှိ၏။ ။“ပီဠနဋ္ဌော= အကျဉ်းအကြပ် နှိပ်စက်တတ်သော ဒုက္ခသဘော၊ သင်္ခတဋ္ဌော=အမြဲမပြတ် ပြုပြင်အပ်သော ဒုက္ခသဘော၊ သန္တာပဋ္ဌော =ကြောင့်ကြစိုက်ရေး၊ လွန်ရှုပ်ထွေး၍၊ အေးခွင့်မရ၊ ပူပန်ရသော ဒုက္ခသဘော၊ ဝိပရိဏာမဋ္ဌော = နိစ္စမြင့်ရှည်၊ အတည်မမြဲ၊ ဖောက်လဲဖောက်ပြန် ဖြစ်တတ်သော ဒုက္ခသဘော၊ အာယူဟနဋ္ဌော =ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုတို့ကိုသာ၊ အမြဲစုဆောင်းထားတတ်သော သမုဒယသဘော။ နိဒါနဋ္ဌော = ဒုက္ခလက်စ၊ မပြတ်ရအောင်၊ အမြဲဆောင်နှင်း

တတ်သော သမုဒယသဘော။ သံယောဂဋ္ဌော = ဒုက္ခစက်မှ မထွက်ရအောင် အမြဲဖွဲ့နှောင်တတ်သော သမုဒယသဘော၊ ပလိဗောဓဋ္ဌော = ဒုက္ခစက်မှ မထွက်ရအောင် နှောက်ယှက်တတ်သော သမုဒယသဘော၊ နိဿရဏဋ္ဌော= ဒုက္ခစက်မှ ထွက် မြောက် ကျွတ် လွတ် ခြင်း ဟူ သော နိရောဓ သဘော။ ဝိဝေကဋ္ဌော = တောဘုမ္မက၊ ဒုက္ခအသင်း၊ နှောက်ယှက်ခြင်းမှ၊ ဆိတ်ကင်းခြင်း ဟူသော နိရောဓသဘော။ အသင်္ခတဋ္ဌော = သင်္ခါရဒုက္ခဝပင်းမှ ကင်းလွတ်ခြင်း ဟူသော နိရောဓသဘော။ အမတဋ္ဌော = အဖန်ဖန် သေကြေပျက်ဆုံးခြင်းမှ ကင်းလွတ်ခြင်းဟူသော နိရောဓသဘော။ ။နိယျာနဋ္ဌော=ဒုက္ခဘက်မှ ဆန်တက် ထွက်မြောက်ကြောင်းဟူသော မဂ္ဂသဘော။ ဟေတွဋ္ဌော = လောကုတ္တရာ ဂုဏ်ကျက်သရေအပေါင်းတို့ ကောင်းစွာတည်ရာ၏ အဖြစ်ဟူသော မဂ္ဂသဘော။ ဒဿနဋ္ဌော = သစ္စာလေးအင် နိဗ္ဗာန်လွင်ကို အမြင်ပေါက်ရောက်ခြင်းဟူသော မဂ္ဂသဘော။ အဓိပတေယျဋ္ဌော = တဏှာ၏ကျွန်အဖြစ်မှ စင်စစ် လွတ်ပြီး ကြီးမြတ်ခြင်းဟူသော မဂ္ဂသဘော"။ ။ သစ္စလေးချက်၊ အနက်သဘော၊ ဟောရန်သွယ်သွယ်၊ မဆုံးဖွယ်သည်--- အကျယ်သစ္စ ကထာတည်း။

## အဓိပ္ပာယ်

သစ္စာဆိုသည်ကား---ဘဝကမ္ဘာ အသင်္ချေကြာသော်လည်း တခါတံမျှ မဖောက်မပြန် မှန်ကန်သောသဘောကို ဆိုသည်။ ။ ခန္ဓာငါးပါးသည် ပီဠနဋ္ဌ၊ သင်္ခတဋ္ဌ၊ သန္တာပဋ္ဌ၊ ဝိပရိဏာမဋ္ဌဟူသော မငြိမ်းချမ်းမှုအချက် အနက်လေးပါးတို့နှင့် အမြဲယှဉ်သည်ဖြစ်၍ အနမတဂ္ဂ သံသရာတွင် ဘယ်အခါမှာမှ ဒုက္ခဟူသော ပညတ်အချက် ပျက်ကွက်ခြင်းမရှိဘဲ အစဉ်မြဲလေသောကြောင့် ဒုက္ခမည်၏။ ။ တဏှာသည် အာယူဟနဋ္ဌ, နိဒါနဋ္ဌ, သံယောဂဋ္ဌ, ပလိဗောဓဋ္ဌဟူသော ဒုက္ခပွားများကြောင်းအချက် အနက်လေးပါးတို့နှင့် အမြဲပြည့်စုံသည်ဖြစ်၍ အနမတဂ္ဂသံသရာတွင် ဘယ်အခါမှာမှ ဒုက္ခသမုဒယဟူသော ပညတ်အချက် ပျက်ကွက်ခြင်းမရှိဘဲ အစဉ်မြဲလေသောကြောင့် သမုဒယသစ္စာမည်၏။ ။ နိဗ္ဗာန်သည် နိဿရဏဋ္ဌ, ဝိဝေကဋ္ဌ,

အသင်္ခတဓမ္မ, အမတဓမ္မဟူသော ဒုက္ခခပ်သိမ်း ငြိမ်းရန်အချက် အနက်လေးပါးတို့နှင့် အမြဲပြည့်စုံသည်ဖြစ်၍ အနမတဂ္ဂ သံသရာတွင် ဘယ်အခါမှာမှ ဒုက္ခနိရောဓဟူသော ပညတ်အချက် ပျက်ကွက်ခြင်းမရှိဘဲ အစဉ်မြဲလေသောကြောင့် နိရောဓသစ္စာ မည်၏။ ။ မဂ္ဂင်ရှစ်ပါးသည် နိယျာနဋ္ဌ,ဟေတွဋ္ဌ, ဒဿနဋ္ဌ, အဓိပတေယျဋ္ဌဟူသော နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း လမ်းမှန် အချက် အနက် လေးပါးတို့နှင့် ပြည့်စုံလေခြင်းကြောင့် အနမတဂ္ဂ သံသရာတွင် ဘယ်အခါမှာမှ မဂ္ဂဟူသော ပညတ်အချက် ပျက်ကွက်ခြင်း မရှိဘဲ အစဉ် မြဲလေသောကြောင့် မဂ္ဂသစ္စာမည်၏။ ။ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာများသည် အစဉ် မြဲသည်မဟုတ်၊ ပျက်စီးခြင်းအဆုံး ရှိနေသောကြောင့် ဖောက်လဲဖောက်ပြန် ဖြစ်တတ်သော ချမ်းသာမျိုး ဖြစ်ချေ၍ သုခသစ္စာ မဟုတ်၊ ဒုက္ခသစ္စာသာ ဖြစ်၏။ ထိုချမ်းသာများကို ပေးတတ်သော ကုသိုလ်ကံစုသည်လည်း ဒုက္ခသစ္စာကို ဖြစ်စေတတ်သော ကံမျိုး ဖြစ်ချေ၍ ဒုက္ခသစ္စာမျိုး ဖြစ်၏။ ။ ပိဠနဋ္ဌ အစရှိသော သစ္စာအနက် ၁၆-ချက်တို့၏ အကျယ်ကို သိလိုမူကား ငါတို့ စီရင်သော သစ္စတ္ထဒီပနီမှာ ယူကြလေ။

ခန္ဓာ, အာယတန, ဓာတ်, သစ္စာ လင်္ကာကျမ်း ပြီး၏။

---

[illegible]

## သာသနာတော် ထွန်းကား ပြန့်ပွားရေးသို့

- ဗုဒ္ဓမြတ်စွာ ဘုရားသခင်သည် အေးသည်၊ ပူသည်၊ ပင်ပန်းသည်၊ နွမ်းနယ်သည်၊ မမာမကျန်းဖြစ်သည် မဟူ (၄၅)ဝါပတ်လုံး မဟာလုံ့လ ဝီရိယတော်မြတ်ဖြင့် သာသနာပြုတော်မူ၏။

- သာသနာပြုခြင်း ကုသိုလ်ထက် မြတ်သောအရာကားမရှိပြီ။

- သာသနာပြုခြင်းဖြင့် လူ့ပြည်နတ်ရွာ အလုံးစုံသော ချမ်းသာကို ရ၏၊ အဆုံးစွန်သောဘဝ၌ နိဗ္ဗာန်ချမ်းသာကိုလည်း ရ၏။

- ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့၊ ဗုဒ္ဓဘာသာဝင် တိုးပွား များပြား ခိုင်မာလာရေးအတွက် ဆောင်ရွက်ကြပါကုန်။

- ဗုဒ္ဓသာသနဘာရော အဝဿံ ဝဟိတဗ္ဗော = ငါသည် ဗုဒ္ဓ သာသနာ့တာဝန်ကို မချွတ် ထမ်းဆောင်ရမည်။